အတ္ထုပ္ပတ္တိ နှင့်

နေရီရီစာအုပ်တိုက်

# စာရေးသူစိတ်ကြိုက်



လူထုဒေါ်အမာ
တက်တိုး
ဒဂုန်တာရာ
မောင်စိုးထင်
တိုက်စိုး
ပါရဂူ
ယူပီအိုင် ဦးဘသန်း
ခင်မျိုးချစ်
ကိုပညာ (အမရပူရ)
တင်ထွေး (ရွှေတောင်)
ရှုဝံ
သုံးဆယ်ထိ၌တင်မြင့်
ခင်လေးမောင်
ဗိုလ်ဗကို
ကျော်အောင်
မောင်နေဝင်း
အောင်လင်း
စိုးမင်း(လျှပ်စစ်)
နေသွေးနီ
သန်းအောင်နိုင်
အောင်နိုင်သို
ဆောင်းဝင်းလတ်
ခင်စောတင့်
ခင်ရည်ဝင်း
ကြည်လင်အေး

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်ခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြည်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ၊ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေရီရီစာအုပ်အမှတ်(၅၁)

# အတ္ထုပ္ပတ္တိ

နှင့်

# စာရေးသူမိတ်ကြိုက်

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၀၂၉၂၀၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၀၇၁၆၀၇၁၀ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်<br>၂၀၁၀၊ ဩဂုတ်လ |
| အုပ်ရေ | ၅၀၀ |
| ကွန်ပျူတာစာစီ | နေရီရီ |
| မျက်နှာဖုံးဒီဇိုင်း | စုရည်သန့် |
| ကာလာခွဲ | *STARS Color-Repro* |
| အတွင်းဖလင် | *AZ* |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်မြင့်မြင့်တင်<br>(မြင့်သီဂီပုံနှိပ်တိုက်)<br>၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီ)<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | ၁၀၀၀ ကျပ် |
| ဖြန့်ချိရေး | နေရီရီစာအုပ်တိုက် |

900

ကလောင်စုံ ၈၀၈. ၈၄

အတ္ထုပ္ပတ္တိနှင့် စာရေးသူစိတ်ကြိုက်

ကလောင်စုံ - ရန်ကုန်၊

နေရီရီစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၀။

၂၀၁ - စာ၊ ၁၂. ၅ X ၁၈. ၅ စင်တီ။

(၁) အတ္ထုပ္ပတ္တိနှင့် စာရေးသူစိတ်ကြိုက်

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | အတ္ထုပ္ပတ္တိ | လူထုဒေါ်အမာ | ၁ |
| ၂။ | ဝတ္ထု၏ နောင်ရေး | တက်တိုး | ၅ |
| ၃။ | နေ့စဉ်မှတ်တမ်း | ဒဂုန်တာရာ | ၁၃ |
| ၄။ | မြန်မာစာပေသမိုင်း | မောင်ထင် | ၁၈ |
| ၅။ | အတ္ထုပ္ပတ္တိ အမှားအမှန် | တိုက်စိုး | ၂၇ |
| ၆။ | ဂန္ဓီအပေါ် ဩဇာလွှမ်းသော. . . . . | ပါရဂူ | ၄၅ |
| ၇။ | ရန်ကုန်သို့ ပြည်နှင်ဒဏ် . . . . . | ယူပီအိုင် ဦးဘသန်း | ၅၀ |
| ၈။ | မြို့စားကတော် . . . . . | ခင်မျိုးချစ် | ၅၄ |
| ၉။ | မြန်မာစာပေ ရှာဖွေသူနှင့်. . . | ကိုပညာ(အမရပူရ) | ၆၀ |
| ၁၀။ | သမိုင်းမော်ကွန်း တစ်စွန်းတစ်စ | တင်ထွေး(ရွှေတောင်) | ၆၅ |
| ၁၁။ | ဘုရင်ခံ မျက်ရည်ကျသည့်နေ့ | မူဝံ | ၇၅ |
| ၁၂။ | သခင်မြနှင့် သူ၏ သခင်များ | သုံးဆယ်ထိင်ရှိတင်မြင့် | ၈၂ |

| | | |
|---|---|---|
| ၃။ စစ်ဝန်ကြီးစားပွဲပေါ်မှ ..... | ခင်လေးမောင် | ၉၄ |
| ၄။ ဆရာသက်ကျောင်းသား..... | ဗိုလ်ဗကို | ၁၀၂ |
| ၅။ ဂျပန်ခေတ်ဆေးရုံကြီး | ကျော်အောင် | ၁၁၆ |
| ၆။ ဘာတွေကို ဘာသာပြန်နေကြသလဲ | မောင်နေဝင်း | ၁၃၅ |
| ၇။ သူ့ကို သူက ဤသို့ မြင်သည် | အောင်လင်း | ၁၄၂ |
| ၈။ ဆရာပီမိုးနင်းနှင့် ..... | စိုးမင်း(လှျပ်စစ်) | ၁၅၀ |
| ၉။ ဝေဒနာက ဖတ်ကြားခြင်း | နေသွေးနီ | ၁၅၉ |
| ၂၀။ ပြောင်းလဲလာသော ..... | သန်းအောင်နိုင် | ၁၆၉ |
| ၂၁။ ယနေ့ ကျော်ဆွေနှင့် ..... | အောင်နိုင်သူ | ၁၇၇ |
| ၂၂။ တစ်ခါတုန်းက ရွှေမန်းမေ | ဆောင်းဝင်းလတ် | ၁၈၂ |
| ၂၃။ နေရာ | ခင်စောတင့် | ၁၈၇ |
| ၂၄။ ကျွန်မ၏ ချစ်သူများ | ခင်ရည်ဝင်း | ၁၉၁ |
| ၂၅။ မျက်မှောက် လူထုဆက်သွယ်ရေး မီဒီယာ | ကြည်လင်အေး | ၁၉၇ |

# အတ္ထုပ္ပတ္တိ

လူထုဒေါ်အမာ

ကျွန်မ မိတ်ဆွေတစ်ဦးက "ဒေါ်အမာရယ်၊ ဒီခေတ်ကလေးတွေကို ကြည့်ရတာ ကျွန်မဖြင့် အားမရလိုက်တာရှင်။ တစ်ယောက်ကြည့်လိုက်လည်း ခါးချည့်ကလေးပေါ်မှာ ပုဆိုးချက်ပြုတ်ကလေးဝတ်လို့။ တစ်ယောက်ကြည့်လိုက် လည်း ပိန်တာရှိုး ပုဆိုးတရှုတ်တိုက်ကလေးနဲ့။ သူတို့ ရင်ဘတ်ကလေးတွေ ကလည်း ယောကျာ်းလေး မဟုတ်သလိုပဲ။ ချပ်လို့ ကပ်လို့။ ဘယ်လိုများ ဖြစ်ကုန်ကြတာပါလိမ့်နော်" လို့ ပြောလာတော့ ကျွန်မက ပါးစပ်ထဲ ယားနေတာကြာပြီမို့ "ခန္ဓာကိုယ်သာလားရှင်။ အဆင်အပြင်လည်း ကြည့်ပါဦး။ စိတ်ရှုပ်သွားတယ် ထင်သေး။ ဗိုလ်ဆံတောက်ရှည်ကြီးက အတွန့်အကောက်အမျိုးမျိုးမှာ သန်းကျနေသေးသတဲ့။ ဝတ်စားဆင်ယင်ထားပုံကလည်း ယောကျာ်းလေးလား၊ မိန်းကလေးလား မခွဲနိုင်လို့ ကျွန်မတို့ အဘွားကြီးတွေမှာ ဒုက္ခဖြစ်ရသေးတယ်" လို့ ပြောပြီး ရယ်မိတယ်။

ဒီကလေးတွေဟာ တကယ်တော့ သနားစရာပါ။ သူတို့မှာ အမွန်အမြတ်ရယ်လို့ ယုံကြည်စရာ ဘာမျှမရှိဘဲ သူများနည်းတူ အဆန်းဆုံးကို ဝတ်နိုင်၊ စားနိုင်အောင် ဘယ်ပုံစံနဲ့ ပိုက်ဆံရအောင် ရှာရမလဲဆိုတဲ့ အာရုံတစ်ခုတည်း ထားနေရှာကြရတာကလား။ ကျွန်မတို့ ငယ်သေးတဲ့

ခေတ်တုန်းကတော့ တိုင်းပြည်မလွတ်လပ်သေးလေတော့ တစ်မျိုးသားလုံးက "သူ့ကျွန်ဘဝက လွတ်မြောက်ရမယ်"ဆိုတဲ့ နိုင်ငံခေါင်းဆောင်များရဲ့ လှုံ့ဆော်ချက်အောက်မှာ လွတ်လပ်ဖို့အတွက် တိုက်ယူရမယ်။ တိုက်နိုင်ဖို့အတွက် တစ်မျိုးသားလုံး ကြံ့ခိုင်နေရမယ်ဆိုတာ နိုင်ငံရဲ့ ယုံကြည်ချက်ကိုး။ ဘယ်သူ့ ကြည့်လိုက် ကြည့်လိုက် ဓားသွေး မနေရလို့ အားမွေးနေကြတာ။ ယောကျ်ားလေး၊ မိန်းကလေးအားလုံး တက်တက်ကြွကြွနဲ့ နိုင်ငံတော်လွတ်လပ်ဖို့အတွက် ကိုယ့်ဆီက တောင်းဆိုလာရင် အသင့်ရှိနေအောင် ကြံ့ခိုင်တဲ့ ကိုယ်လက်ရှိနေဖို့ နေ့တိုင်း အားမွေးနေကြတယ်။ ကိုယ်ကျိုးစွန့်ရမယ်၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံရမယ်။ လိုအပ်ရင် အသက်ကို ပေးဖို့အထိ အသင့်ပြင်ထား ဆိုတာကို နေ့စဉ် အရပ်ဆယ်မျက်နှာက ကြားနေအောင် ရေးသားလှုံ့ဆော် စည်းရုံးနေတယ် မဟုတ်လား။

အဲဒီတော့ လူငယ်၊ လုံမငယ်မှန်သမျှက တစ်ခုသော ယုံကြည်ချက်၊ တစ်ခုသော အမွန်အမြတ်အတွက် ကိုယ်ကျိုးအနစ်နာခံဖို့၊ ကိုယ်ကျိုးကို စွန့်လွှတ်ပြီး ပါဝင်ဆင်နွှဲနိုင်ဖို့ အသင့်အနေအထားမှာ ရှိနေခဲ့ကြတယ်။ ဒါကြောင့် ကျွန်မတို့ခေတ်က လူငယ်၊ လုံမငယ်လေးတွေကို ကြည့်လိုက်ရင် တက်တက်ကြွကြွ၊ ကြော့ကြော့မော့မော့၊ ကြံ့ကြံ့ခိုင်ခိုင်နဲ့၊ စိန်ခေါ်ဆိုရင် မိုး ဒူးနဲ့ တိုက်ရမလား၊ တိုက်မယ်လို့ မပြောပေမဲ့ ပြောနေသယောင်ပဲ။

ပေါ်လာတဲ့ သီချင်းကိုလည်း နားထောင်ကြည့်ပါဦး။ ခုခေတ်လို အချစ်ပြီးအချစ်၊ အချစ်တွေချည်း မိုးမွှန်နေတာမျိုး မဟုတ်ဘူး။ အချစ်ပါတယ် ဆိုပေမဲ့ ပါလေကာရယ်။

"စစ်သားကောင်းတို့ မိခင်၊ တော်ချင်သူရယ်၊ ဟောဟိုလူရင်အုပ်ကားကား၊ ကြွက်သားအဖု အဖု၊ ထုထုပြီး ခရာချင်စရာငယ်၊ ထွားကျိုင်းတဲ့ မြန်မာလူငယ်" တဲ့။

အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားကြံ့ခိုင်ရေးကို စည်းရုံးလှုံ့ဆော်

တဲ့ အသံတွေလေ။

ကနေ့ လူငယ်တွေကြည့်ပြီး အားမရဖြစ်နေရှာတဲ့ ကျွန်မ မိတ်ဆွေကို မကြာသေးခင်ကမှ ထွက်လာတဲ့ စာအုပ်တစ်အုပ်ကို ထိုးပေးလိုက်ရတယ်။ အဲဒါ ဖတ်စမ်းပါ။ ဒီစာအုပ်ဆုံးတော့ ရှင်ဘာသဘောပေါက်သလဲ။ ကျွန်မကို ပြောပြလို့ မှာလိုက်ပါတယ်။ ကျွန်မ ငှားလိုက်တဲ့ စာအုပ်က ကျော်မြင့်လွင်ရေးတဲ့ 'မြန်မာ့လူသန် ဇော်ဝိတ်ကြီး' ဆိုတဲ့ စာအုပ်ပါ။ ဒီစာအုပ်ကို ကျော်မြင့်လွင်က မြန်မာလူငယ်၊ လုံမငယ်တွေ အားကစား လိုက်စားလာဖို့ တစ်ခေတ်တစ်ခါတုန်းက အစွမ်းကုန် လှုံ့ဆော်စည်းရုံးခဲ့တဲ့ အားကစား စည်းရုံးရေးမှူးကြီး ဦးဇော်ဝိတ်ကြီး၊ မြန်မာ့အားကစားနဲ့ သူ့ကျွန်ဘဝမှာကိုပဲ ကမ္ဘာကိုထွက်ပြီး ဒါ မြန်မာကွလို့ ဟစ်ကြွေးခဲ့တဲ့ ဦးဇော်ဝိတ်ကြီး၊ အားကစားကို တစ်သက်လုံး လုပ်၊ အားကစားနဲ့ တစ်သက်လုံး ဖက်နေ၊ အားကစားကလွဲလို့ ကိုယ်ကျိုး ကိုယ့်စီးပွားဘာကိုမျှ ပြန်မကြည့်ဘဲ စိုက်လိုက်မတ်တတ် ရှက်ဆောင်သွားတဲ့ ဦးဇော်ဝိတ်ကြီးအကြောင်းကို ခိုင်လုံတဲ့ အကိုးအကားတွေကို တပင်တပန်းရှာဖွေပြီး ရေးသားတင်ပြထားတာ ဖြစ်ပါတယ်။

ကျော်မြင့်လွင်ရဲ့ ကြိုးပန်းချက်၊ အပင်ပန်းခံမှု၊ စေတနာထားမှုက အောင်မြင်ပါတယ်။ ဒီစာအုပ်မှာ ဦးဇော်ဝိတ်ကြီးရဲ့ ရုပ်လုံးပီပြင်တယ်။ ပီပြင်ရုံသာမက ဦးဇော်ဝိတ်ရယ်လို့ ပေါ်ထွန်းလာရတဲ့ ခေတ်ကာလ အခြေအနေကိုပါ အုံကြွလာအောင် ရေးဖွဲ့နိုင်စွမ်း ရှိတာကိုလည်းတွေ့ရလို့ ဦးဇော်ဝိတ်ကြီးကို သူ့ခေတ်သူ့ကာလက လှုပ်ရှား ဦးဆောင်တဲ့ ပုံကား အပြည့်အစုံ ပြန်မြင်ရပါတယ်။ မြန်မာ့လူသန် ဇော်ဝိတ်ကြီးကို စာပေဗိမာန်က ပြည်သူ့လက်စွဲစာစဉ်အဖြစ်နဲ့ ထုတ်ဝေပေးတာလည်း တော်တော် နေရာကျပါတယ်။ တခြားက ထုတ်ဝေရင် အုပ်ရေ ၁၇,၀၀၀ ဆိုတဲ့ ဒီအရေအတွက်မျိုးလည်း မထုတ်ဝေနိုင်ပေဘူး။ ဒီဈေးနှုန်းမျိုးဖြစ်တဲ့ ရှစ်ကျပ် တစ်မတ်နဲ့လည်း မရောင်းချနိုင်ဘူး။ ဒီအထဲပါတဲ့ ပုံတွေမျိုးလည်း

ထည့်ပေးနိုင်မှာ မဟုတ်ဘူး။

ဒီစာအုပ်မျိုးကို ဒီထက်ပိုပြီး ကျယ်ပြန့်အောင် လုပ်ဆောင်နိုင်ရင် ကောင်းလေရဲ့လို့ စိတ်ထဲ တမ်းတမိသေးတယ်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် လွတ်လပ်ရေးအတွက် ဦးဇော်ဝိတ်တို့ ထမ်းဆောင်တဲ့ တာဝန်ကို ဒီစာအုပ်မှာ ပေါ်လွင်ထင်ရှားပါတယ်။ ဒါဟာ လူ့သမိုင်း ပါပဲ။ ဒီသမိုင်းကို လူငယ်လူရွယ်တွေအားလုံး ဖတ်သင့်မှတ်သင့်ပါတယ်။

ကျွန်မ စာအုပ်ငှားလိုက်တဲ့ အမျိုးသမီးကတော့ တော်တော်နဲ့ မပေါ်လာဘူး။ ဩော် သူ့ခမျာလည်း မအားရှာဘူး ထင်ပါရဲ့။ ဒီ ခေတ်မှာ အိမ်ရှင်မချည်း မအားတာ မဟုတ်ဘူး။ အိမ်ရှင်မ အမေ၊ အဘွားအေတွေလည်း တတ်နိုင်တဲ့ဝန်၊ တန်ရာတန်ရာမှာ ဝင်ထမ်းနေရတာပဲလေလို့ မိတ်ဆွေကို ကိုယ်ချင်းစာရင်း မျှော်နေမိတယ်။

ကျွန်မ ထင်တဲ့အတိုင်းပါပဲ။ ကျွန်မ မိတ်ဆွေက မအားဘဲကိုး။ ဒေါ်အမာရယ်၊ ဆန်ပေးလို့ ချောရ၊ ပြာရ၊ ရွေးရနဲ့ ပင်ပန်းခံလိုက်ရတာ။ ဒါတွေနဲ့ မအားတာနဲ့ စာအုပ်က တော်တော်နဲ့ မဖတ်ဖြစ်ဘူး။ ခုမှ ပြီးခဲ့တယ်။ ကျွန်မ သဘောပေါက်ပါပြီရှင်။ ဦးဇော်ဝိတ်တို့က အောင်မြင်မှာပေါ့။ နိုင်ငံရေး ပါတာကိုးရှင့်လို့ ပြောပြီး စာအုပ်ကလေး တရိုတသေ ပြန်ပေးသွားပါတယ်။

ရှမဝ

၁၉၈၇၊ မေ

# ဝတ္ထု၏ နောင်ရေး

တက်တိုး

"ဝတ္ထုဆိုတာ ကလေးတွေ ဖတ်ဖို့ပါ။ ကျုပ်တို့အဖို့ ဝတ္ထုဖတ်ချိန် ထားနေရင် အခြားအရေးကြီး အဖိုးတန်တဲ့ အလုပ်တွေ လုပ်ဖို့အချိန် ဘယ်ရှိတော့မှာလဲ"

ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို လေးနက်သော လေသံဖြင့် ပြောပြသည်။ သူသမီးအကြီးသည် ဧည့်ခန်းနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်၍ ဝတ္ထုစာအုပ် ဖတ်နေသည်။

"တခြားအရေးကြီးတဲ့ အလုပ်တွေ လုပ်ချိန်နဲ့ချည်းပဲ ခင်ဗျားရဲ့ အချိန်တွေ ကုန်ရောလားဗျာ" ဟု ကျွန်တော်က မေးလိုက်သည်။

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ၊ ကျွန်တော် ဆိုချင်တာက ဝတ္ထုဆိုတာ မန္တးမနပ်အရွယ်မှာ ဖတ်ပြီး စိတ်ကူးယဉ်ဖို့ပဲ။ တကယ်တမ်း လက်တွေ့ လုပ်ကိုင်ရတဲ့ အရွယ်ကျတော့ ဝတ္ထုဖတ်ပြီး စိတ်ကူးယဉ်နေဖို့ အချိန်မရတော့ဘူး။ လူ့ဘဝမှာ လက်တွေ့က အရေးကြီးတာ။ စိတ်ကူးယဉ်သမားတွေက ဘဝအခြေအနေကို တည်ဆောက်တာ မဟုတ်ဘူးဗျ။ ခင်ဗျားကတော့ ဝတ္ထုရေးဆရာ၊ စာရေးဆရာဆိုတော့ ဒီလိုပြောတာ ဘယ်ကြိုက်မလဲ။ အခုခေတ်ဟာ အနုမြူခေတ်က လွန်လာပြီး အာကာသ

ခေတ် ရောက်နေပြီမို့ သိပ္ပံပညာကိုသာ လေးလေးနက်နက် အာရုံစိုက်ကြမယ်။ ဝတ္ထုတို့၊ ကဗျာတို့ကို ဖတ်ပြီး စိတ်ကူးယဉ်နေလို့တော့ မဖြစ်ဘူး"

ကျွန်တော်သည် သူ့ကိုကြည့်၍ ပြုံးနေမိသည်။ စကားအရှိန်ရတုန်း ပြောပါစေလေ။

ကျွန်တော်တို့တစ်တွေထဲမှာ ရောယောင်နောက်လိုက်များ မြောက်မြားလှစွာ၏။ သိပ္ပံပညာကို အားပေးရမည်ဟု ဆိုသံကြားလျှင် ရောယောင်ပြီးလျှင် သိပ္ပံပညာအရေးကြီးပုံကို လေကန်ကြလေသည်။ သိပ္ပံပညာ အရေးကြီးပုံကို တကယ်တမ်း မဖော်ပြတတ်သည့်အလျောက် ဝတ္ထုကဗျာ စသည့် ရသစာပေကို စိတ်ကူးယဉ်တွေချည်းပဲဟု တာဝန်မဲ့ဆိုကာ သိပ္ပံပညာကို ထောက်ခံသည့်အနေဖြင့် အာကျယ်ကြကုန်၏။

ဝတ္ထု၊ ကဗျာ၊ ပြဇာတ်စသည့် ရသစာပေများတွင် ကဗျာနှင့် ပြဇာတ်ထက် ဝတ္ထုက နဂိုကတည်းကပင် လူဖတ်များနေသဖြင့် ဝတ္ထုကို အထူးသဖြင့် ဦးတည်၍ တိုက်ခိုက်ကြသည်။ ဝတ္ထုများများထွက်ဖို့ မလိုကြောင်းပြောသံကို မကြာခဏ ကြားရသည်။ တစ်ခါက မိတ်ဆွေတစ်ဦးက "ဆရာ. . . အခုရှိနေတဲ့ မဂ္ဂဇင်းတွေထဲမှာ ဝတ္ထုက တစ်ဝက်ကျော်ကျော်ပါနေတယ်။ အလကားပဲ ဆရာ၊ အဲဒီအစား ဗဟုသုတရှိမယ့် ဆောင်းပါးတွေ ထည့်ဖို့ မကောင်းပေဘူးလား" ဟု ဆိုလေသည်။

အခြားနိုင်ငံများ၌လည်း ဝတ္ထုကို အပျော်ဖတ် သဘောထားသော ပရိသတ်သည် အတော်ကြီးလှ၏။ ဝတ္ထုကို လေးလေးနက်နက် သဘောထားပြီးလျှင် လေးလေးနက်နက် ဝတ္ထုဖတ်သည့် ပရိသတ်မှာ သေးငယ်လှချေသည်။ အပျော်ဖတ်ရသော ဝတ္ထုများသည် တိုင်းပြည်တိုင်း၌ မြောက်မြားလှစွာ၏။ သို့သော် ဘဝကို အနုပညာနည်းဖြင့် သရုပ်ဖော်သော စာပေအရာဝင်သည့် ဝတ္ထုများလည်း တိုင်းပြည်၏ စာပေအခြေအနေ၊ အဆင့်အတန်းအလိုက် အတော်အသင့် ထွက်ပေါ်လာကြပေသေးသည်။

ဝတ္ထု၏ နောင်ရေးကို စာပေသုတေသီများစွာတို့သည် အလေးအနက် ပြု၍ စဉ်းစားကြသည်။ ဝတ္ထု၏ ခေတ်ကုန်လေတော့မည်လောဟူသော စိုးရိမ်ချက်မေးခွန်းကို မေးကြကုန်၏။ အချို့က ဝတ္ထု၏ နောင်ရေးသည် မတောက်ပလှဟု မှတ်ယူကြသည်။ အချို့က ဝတ္ထု၏ နောင်ရေးသည် ပို၍ပင် တောက်ပလာသည်ဟု ထင်မြင်ကြ၏။

ဝတ္ထုကို အပျော်ဖတ် စာပေအဖြစ် သဘောထားသော ပုဂ္ဂိုလ်များစွာက ဝတ္ထုနှင့် ဖက်ပြိုင်နေသည့် ရုပ်ရှင်၊ တယ်လီဗေးရှင်း၊ ရေဒီယိုစသည်တို့၏ ဩဇာသည် တစ်နေ့တခြား ပြန့်ကျယ်လာပြီ ဖြစ်သဖြင့် စာဖတ်ချိန် တစ်နေ့တခြား နည်းပါးလာသည့်အလျောက် ဝတ္ထု၏ ဩဇာသည် တစ်နေ့တခြား ကျုံ့၍ကျုံ့၍သာ လာသည်ဟု ဆိုကြသည်။

ရုပ်ရှင်၊ တယ်လီဗေးရှင်း၊ ရေဒီယိုတို့၏ နယ်ပယ်သည် တဖြည်းဖြည်း ပို၍ ကျယ်ဝန်းလာသည် မှန်ပါ၏။ ရုပ်ရှင်နှင့် ရေဒီယိုတို့သည် ယခုခေတ်တွင် လူထုနှင့် အနီးစပ်ဆုံး ဖြစ်နေလေပြီ။ (တယ်လီဗေးရှင်းမှာ ငွေကုန် ကြေးကျများရုံသာမက တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ခြင်း မရှိလှသေးပေ) လူထုသည် ဝတ္ထုကို မဖတ်တော့ဘဲ ရုပ်ရှင်ကိုသာ ကြည့်ကြသည်ကများ၏။ ရေဒီယိုကိုနားထောင်ခြင်းဖြင့်လည်း ဖြေဖျော်မှု ရလေသည်။

အခြားအကြောင်းတစ်ရပ်မှာ ယခုခေတ်၌ သိပ္ပံပညာ ထွန်းကားသည်ထက် ထွန်းကားလာသည့်အလျောက် လက်တွေ့သဘောတရားတို့၏ ဩဇာသည် တစ်နေ့တခြား ကြီးမားလာလေသည်။ များစွာသော ပုဂ္ဂိုလ်တို့သည် လက်တွေ့ပညာကိုသာ ဆည်းပူးလိုလား၍ စိတ်ကူးယဉ်စာပေကို ပစ်ပယ်ချင်ကြသည်။ ဝတ္ထုကို စိတ်ကူးယဉ် စာပေဟူ၍ မှတ်ယူထားကြသည့် အားလျော်စွာ ယခုလက်တွေ့ခေတ်မျိုးတွင် ဝတ္ထု၏နေရာသည် ရှိပင်ရှိပြားလည်း သေးသိမ်ကျဉ်းမြောင်းသွားပေတော့မည် ဟု ယူဆကြသည်။

လက်တွေ့သဘောတရား၏ ဩဇာပျံ့နှံ့ကျယ်ဝန်းခြင်း၏ အကျိုး

ဆက်ကြောင့် စာပေတွင်လည်း ဝတ္ထုမဟုတ်သော စာအုပ်များကို အဖတ်များကြသည်။ တကယ့်အဖြစ်အပျက် လက်တွေ့ကိုယ်တွေ့ အကြောင်းခြင်းရာတို့၌ ပို၍ စိတ်ဝင်စားမှု ရှိလာကြသည်။ ထို့ကြောင့်လည်း ဝတ္ထု၏ ဩဇာသည် တရှိန်ရှိန် တိုးတက်ပြောင်းလဲလာသော ဝတ္ထုမဟုတ် စာပေ၏ ဩဇာနှင့်ယှဉ်လိုက်လျှင် တဖြည်းဖြည်း ညှိုးမှိန်လာပြီဟု မြင်ကြသည်။

ဝတ္ထုမဟုတ်သော စာပေများ၏နယ်သည် ကျယ်ဝန်းပျံ့နှံ့လာသည် ဟူသော အချက်သည် ထင်ရှားလှသော အချက်တစ်ရပ် ဖြစ်ပေသည်။ သို့ရာတွင် ဝတ္ထု၏ နယ်ပယ်သည်လည်း ကျုံ့၍ သွားသည်ဟု မဆိုသာပေ။ ဝတ္ထုကို ဖတ်ချိန် များစွာ မပေးချင်သော သဘောထားနှင့် မပေးနိုင်သော အခြေအနေတို့သည် တိုးပွား၍ လာချေသည်။ သို့သော် ဝတ္ထုဟူသော အမြဲတေသဘာဝသည် ညှိုးမှိန်သွားပြီဟု မဆိုသာပေ။ တစ်ဖက်က တက်လာသော ဝတ္ထုမဟုတ်စာပေ၌ ဝတ္ထု၏ အမြဲတေ သဘာဝသည် စိမ့်ဝင်လျက်ရှိ၏။ လူပြိန်းတို့ပင် မြင်တတ်သော အချက်ကလေး တစ်ရပ်ကို သတိမူကြစေချင်သည်။ "သည်စာအုပ် ဖတ်ရတာ သိပ်စိတ်ဝင်စားစရာကောင်းတာပဲ။ ရေးထားတာက ဝတ္ထုလေးလိုပဲ" ဟု ဆိုတတ်ကြသည်။

အတ္ထုပ္ပတ္တိပင် ဖြစ်စေ၊ ခြင်းရာစာတမ်းပင် ဖြစ်စေ၊ အများဖတ် သိပ္ပံကျမ်းပင် ဖြစ်စေ၊ မည်သည့် ဝတ္ထုမဟုတ်စာပေ ဖြစ်စေကာမူလည်း အရေးအသားတွင် ရသသဘာဝ ဝင်နေမှသာလျှင် ဖတ်ချင်ကြပေမည်။ တစ်နည်းဆိုသော် 'ဝတ္ထုလေးလိုပဲ' ဖြစ်နေမှသာလျှင် စိတ်ဝင်စားမှု ရှိပေမည်။ ဖုန်မှုန့်ကဲ့သို့ ခြောက်သွေ့နေသော ကျမ်းစာအုပ်များကို သုတေသီများက တာဝန်ဝတ္တရားအရ ဖတ်ရှုလေ့လာကြသည်မှအပ မည်သူကမျှ အရေးယူ ဂရုစိုက်ကြမည် မဟုတ်ပေ။

ထို့ပြင်လည်း ဝတ္ထုပရိသတ်သည် နည်းပါးသွားလိမ့်မည်ဟူသော ပြောဆိုချက်မှာ စင်စစ်အားဖြင့် မမှန်ကန်လှပေ။ မိမိကိုယ်တိုင်က ဝတ္ထု၌

စိတ်မဝင်စားတော့သော ပုဂ္ဂိုလ်အချို့၏ စိတ်ကူးဗေဒင်တွက်ခြင်းမျှသာ ဖြစ်သည်။ အနိုင်နိုင်ငံ၏ မျက်မှောက်ခေတ် စာပေအခြေအနေကို လေ့လာလျှင် ဝတ္ထု၏နယ်ပယ်သည် ကျဉ်းမြောင်းသွားခြင်းမရှိဘဲ ကျယ်ပြန့်သည့် အစိတ်အပိုင်းများနှင့် လေးနက်သည့် အစိတ်အပိုင်းများကို တွေ့နိုင်ပေသည်။

ဖြေဖျော်မှုတွင် ရုပ်ရှင်လောက်ဝတ္ထုက မပျံ့နှံ့ဟု ဆိုချင်ဆိုနိုင်၏။ သို့သော် ဝတ္ထုသဘောတရား မသက်ဝင်သော ရုပ်ရှင်ဇာတ်ကားဟူ၍ မရှိနိုင် ဟူသော အချက်ကို သတိမူကြရပေမည်။ ရုပ်ရှင်သည် ဝတ္ထုကို အမှီပြုရ၏။ ဝတ္ထုကောင်းများကို ကျွမ်းကျင်စွာ ရိုက်ကူးနိုင်မှသာလျှင် ရုပ်ရှင်ကောင်းများ ဖြစ်လာနိုင်ပေမည်။ ဝတ္ထုဆိတ်သုဉ်းသည့်နေ့တွင် ရုပ်ရှင်သည် ပျက်ပြုန်းရချေမည်သာတည်း။

"ဝတ္ထုတွေ များလွန်းတယ်၊ ပညာပေးဆောင်းပါးတွေ ခပ်များများကို နေရာပေးသင့်တယ်" ဟူသော အဆိုကို မကန့်ကွက်လိုငြားလည်း ဖြည့်စွက် ပြုပြင်ဖို့ လိုပေသည်။ "ဝတ္ထုကောင်းတွေ နည်းလွန်းနေတယ်၊ ဝတ္ထုကောင်းတွေကို ပညာပေးဆောင်းပါးများနှင့်အတူ ခပ်များများ နေရာပေးသင့်တယ်" ဟူ၍ အဆိုပြုရပေမည်။

အကြောင်းမထူး အကျိုးမရှိသော ဝတ္ထုများကို ပေါင်းသင်ပစ်ဖို့ သင့်ပါ၏။ သို့သော် ဝတ္ထုတွေအားလုံးကို သိမ်းကျုံးပစ်ပယ်လျှင် ဘဝ၏ သာယာမှုသည် ပျက်ပြားဖွယ်သာ ရှိတော့သည်။

ဝတ္ထုသည် လူ့အကြောင်းကို သရုပ်ဖော်သော စာပေ ဖြစ်သည်။ သရုပ်ဖော်ရာ၌လည်း နည်းလမ်းပုံစံများသည် အမျိုးမျိုးရှိ၏။ ဝတ္ထု၏ ဘောင်သည် ကျယ်ပြန့်လှသည်။ လူထုနှင့် အနီးစပ်ဆုံး အရေးအသားမျိုး ဖြစ်ပေသည်၊ ကဗျာပြဇာတ် စသည့် စာပေမျိုးကဲ့သို့ မဟုတ်ဘဲ ဝတ္ထု၏ ပုံစံသည် အမျိုးမျိုး ဖြစ်နိုင်သည့်အလျောက် ပညာအဆင့်အတန်း မရွေး စာတတ် လူထုအားလုံး ဖတ်နိုင်သည်။

ဝတ္ထုသည် နိုင်ငံ၏သမိုင်းကို အခြေခံ၍ လူမျိုး၏ အတွေး

အခေါ် အပြုအမူတို့ကို ထင်ဟပ်စေသောကြောင့် အမျိုးသားစာပေတွင် အရေးပါ အရာရောက်ဆုံး ဖြစ်သည်။ ဝတ္ထုသည် လူ့သဘာဝ လူ့စရိုက်များကို ခေတ်၏ ဩဇာကြောင့် ဖြစ်ပေါ်ပြောင်းလဲလှုပ်ရှားနေသည့် အချက်များဖြင့် ကွပ်ကဲ၍ သရုပ်သဏ္ဌာန်ဖော်ထားသော စာပေဖြစ်သဖြင့် စာပေ မဆိတ်သုဉ်းသမျှ ဝတ္ထုပျက်ပြုန်းနိုင်ဖွယ် အကြောင်းမရှိပေ။

အချို့က ဆိုကြသည်။ ဝတ္ထုတွေ မှိုလိုပေါက် ဖြစ်နေသောကြောင့် ဟုံ၍ ပျက်ပြုန်းသွားဖွယ် ရှိသည်ဟူ၏။ ထိုအဆိုသည် မှန်လေယောင်ရှိသော်လည်း စင်စစ်အားဖြင့် မမှန်ချေ။ ဝတ္ထုတွေ မှိုလိုပေါက်သည် မှန်သော်လည်း ဝတ္ထုကို ဖတ်လိုသော ပရိသတ်၏ဆန္ဒမှာ ထက်မြက်မြဲသာ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ပရိသတ်သည် တသွင်သွင်စီးဆင်းနေသော ရေအလျဉ် ကဲ့သို့ပင် တစ်ခေတ်ပြီးတစ်ခေတ် ဆက်ခံလျက် ရှိသောကြောင့်ပင်။ မိမိတို့ခေတ်တွင် နှစ်သက်စွာ ဖတ်လာခဲ့သော ဝတ္ထုများသည် ခေတ်နှင့်အတူ သမိုင်း၏ အတိတ်ကာလ နောက်ပိုင်းစင်များပေါ်သို့ ရောက်ကုန်ကြသော်လည်း မိမိ၏ သားသမီးများခေတ်၌ သူတို့၏ ဆန္ဒကို ဖြည့်ဆည်းရန် ဝတ္ထုသစ်များပေါ်ပေါက်လာကြပေသည်။ ယင်းသို့လျှင် ခေတ်အဆက်ဆက်၌ ခေတ်သူခေတ်သားတို့၏ဆန္ဒကို ဖြည့်ဆည်းရန် ဝတ္ထုများ အသီးသီးပေါ်ပေါက်လာပေသည်။ လူတို့၏ ပင်ကို သဘာဝဖြစ်သော အကြောင်းအကျိုး သိလိုသော ဆန္ဒ မပျောက်ကွယ်မချင်း ဝတ္ထုပုံပြင်တို့သည် ပျောက်ကွယ်ဆိတ်သုဉ်းမည် မဟုတ်ပေ။

ဝတ္ထု၏ နောင်ရေး မလှ ဟု ဆိုသံများကို ကြားရလေသောကြောင့် စိတ်မချမ်းမြေ့မှု ဖြစ်နေသော ပုဂ္ဂိုလ်များစွာတို့တွင် ၁၉၆၅ ခုနှစ်၊ နိုဗယ်စာပေဆုရ ရုရှားစာရေးဆရာကြီး မိခေးလ်ရှိုးလိုကော့ဗ်လည်း ပါဝင်လေသည်။ နိုဗယ်ကမ္ဘာ့စာပေဆုကြီးဖြင့် ချီးမြှင့်ခြင်းခံရသည်ဟူသော သတင်းထွက်ပေါ်လာစတွင် သတင်းထောက်က ရှိုလိုကော့ဗ်ကို တွေ့ဆုံမေးမြန်းရာတွင် ရှိုလိုကော့ဗ်က အခြားစကားများအနက် အောက်ပါစကား

ရပ်ကို ပြောကြားလေသည်။

"ကျွန်ုပ်မှာ ဆုရသဖြင့် ကျေနပ်သည့် အချက်တစ်ရပ်ရှိပေသေးသည်။ ထိုအချက်မှာ အချို့သော စာရေးဆရာများက ယခုခေတ် အခြေအနေအရ ဝတ္ထုစာပေ အမျိုးအစားသည် တည်ရှိနေဖို့ အခွင့်အရေး မရရှိနိုင်တော့ဟု ယုံကြည်နေသောအချက်မှာ မဟုတ်မှန်ကြောင်း ထင်ရှားစေခြင်း ပင်ဖြစ်သည်။ ဝတ္ထုစာပေ အမျိုးအစား၌ တည်နေရန် အခွင့်အရေးရှိသည်ဟူသော အချက်သည် နိုဗယ်စာပေဆုဖြင့် ကျွန်ုပ်၏ဝတ္ထုကို ချီးမြှင့်လိုက်ခြင်းကြောင့် ခိုင်မာသွားသည်ဟု ယူဆရပေမည်။ စာအုပ်ကောင်းသည် ကာလရှည်ကြာစွာ ထင်ရှားနိုင်ပေသည်။ စာပေ၌ အသက်ဝင်နေသော စာကို လုံလောက်သော အကြောင်းမရှိဘဲနှင့် ဖျက်ဆီးပစ်ဖို့ မဖြစ်နိုင်ပေ"

ဝတ္ထုသည် ဆိုခဲ့သည့်အတိုင်းပင် လူထု၏ ဘဝကြေးမုံ ဖြစ်သည့် အလျောက် အသက်ရှင်လျက်ရှိ၏။ လူ မဆိတ်သုဉ်းသမျှ ကာလပတ်လုံး လူ၏ လှုပ်ရှားမှုတို့သည် အစဉ်အဆက် ရှိနေကြမည်သာတည်း။ လူတို့၏ (စိတ်နှင့်ကိုယ်)လှုပ်ရှားမှုများကို သရုပ်ဖော်လျက်ရှိသော ဝတ္ထုသည်လည်း အသက်ရှင်နေခွင့် ရှိမြဲရှိနေရမည်ပင်။ ယင်းသို့ ဖြစ်ပါလျက်နှင့် အရှင်လတ်လတ် ရိုက်သတ်ပါမူ သမိုင်း၏ အပြစ်ဒဏ်ကို ခံယူကြရပေလိမ့်မည်။ ရိုက်သတ်စေကာမူလည်း သတ်၍ မသေ ဖြစ်နေသော ဝတ္ထုစာပေသည် တစ်နည်းနည်းဖြင့် ရှန်းကန်တိုက်ခိုက်ရင်းပင် တည်မြဲမှုကို ကြိုးပမ်းနေပေလိမ့်မည်။

ရေဒီယို၊ တယ်လီဗီးရှင်း၊ ရုပ်ရှင်တို့သည် ဝတ္ထု၌ မြစ်ဖျားခံကြရသည့် အလျောက် ဝတ္ထုကို ယင်းတို့က သတ်မပစ်နိုင်ပေ။ သတ်ပစ်လိုက်လျှင်လည်း ယင်းတို့ပင်လျှင် ဝတ္ထုနှင့်အတူ သေကြေပျက်စီးကြမည်သာ။ သိပ္ပံပညာထွန်းကားလာသည့်အလျောက် သိပ္ပံပညာကို အရေးပေးနေကြစေကာမူလည်း လူ၏ သဘာဝ၊ လူ၏လှုပ်ရှားမှု အသွယ်သွယ်တို့သည်

လူရှိနေသမျှ ရှိနေကြမည် ဖြစ်သောကြောင့် ယင်းတို့၏ သရုပ်ကို ဖော်လျက်ရှိသော ဝတ္ထုစာပေသည်လည်း အရိပ်သဖွယ် အမြဲပင် လိုက်ပါနေမည်သာ။ ။

မြဝတီ
၁၉၆၆၊ ဇွန်

# နေ့စဉ်မှတ်တမ်း

ဒဂုန်တာရာ

**ပထမမျိုးဆက်၏ သင်းရနံ့**

ပထမမျိုးဆက်၏ ရနံ့၊ ညနေစောင်းတွင် စာပေမိတ်ဆွေများနှင့် စကားပြောနေခိုက် တူမဖြစ်သူက ဦးလေး ဧည့်သည်လာတယ်ဟု ပြောလိုက်သည်။

ကျွန်တော်က ကုလားထိုင်မှ ထကာ တံခါးဝသို့ လာလိုက်သည်။ မည်သူမှန်းတော့ မသိ။

"ကျွန်တော်က ဦးသိန်းဖေမြင့်သားပါ။ ခွန်သာပါ" ဟု အသံကြား လိုက်ရာ ကျွန်တော် စိတ်လှုပ်ရှားသွားသည်။ သူနှင့်အတူ ဇနီးသည် မသီတာ လည်း ပါလာသည်။ သူတို့သည် ကျွန်တော်ရှိရာသို့ ရောက်လာသည်။

"ကလော ရောက်နေတုန်း ဦးလေးရှိမယ်သိလို့ လာတာပါ"ဟု ပြော လိုက်သည်။ "ကျွန်တော်တို့ ခြံကိစ္စနဲ့ ရောက်လာတာပါ" ဟု ပြောသံကြား ရသည်။ သူတို့ညွှန်းသော ခြံမှာ ကျွန်တော် ၁၉၇၇ လောက်က နေခဲ့ဖူးသော ကောလိပ်ဂျင်နေဝင်း၏ ညီ ကိုအောင်စိုး ခြံနှင့် ကပ်လျက်ရှိ သည်။ ကျွန်တော် မှန်း၍ ကြည့်မိသည်။ ကျွန်တော် စိတ်လှုပ်ရှားရသည်။

အကြောင်းကတော့ ကိုသိန်းဖေနှင့် ကျွန်တော်တို့ မတွေ့တာ အတော်ကြာသွားသည်။ ကျွန်တော် ၁၉၈၀ လောက်ကစ၍ မဲဇာသို့ သွားနေသောအခါ ပို၍ အတွေ့နည်းသွားသည်။ သူ့မိခင် ခင်ကြည်ကြည် အကြောင်း မေးလိုက်သည်။

ခင်ကြည်ကြည် နေကောင်းရဲ့လားဟု မေးလိုက်သည်။ ခင်ကြည်ကြည်နှင့် ကျွန်တော်တို့မှာ တစ်နှစ်တည်းလောက် ကျွန်တော်တို့ တက္ကသိုလ်သို့ ရောက်ခဲ့ခြင်း ဖြစ်သည်။ သူက ဖျာပုံ၊ ကျွန်တော်က ကျိုက်လတ်၊ တစ်နယ်တည်းသားချင်း၊ သို့သော် စစ်ပြီးခေတ်မှ ခင်မင်ရင်းနှီးလာခဲ့ရသည်။ ကိုသိန်းဖေသည် စစ်အပြီး ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေစဉ် ကွန်မြူနစ်ပါတီမှ ခင်ကြည်ကြည်နှင့် လက်ထပ်ခဲ့ခြင်းကို ကျွန်တော် ကျေနပ်ဝမ်းသာခဲ့ရသည်။

သူမကို စတင်တွေ့ရှိသည်ကတော့ ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်ဝန်ကြီးရုံးခန်းတွင် ဖြစ်သည်။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခန်းချင်းကပ်နေသည်။ ထို့နောက် ဖက်စစ်တော်လှန်ရေးအတွက် ပြင်ဆင်နေသောအခါ အမျိုးသမီးတပ်မတော် ဟူသော တပ်မတော်ခွဲ တစ်ခု ထူထောင်သည်။ ယင်းတပ်မတော်တွင် ခင်ကြည်ကြည် ပါနေသည်ကို တွေ့ရသည်၊ သူမကလည်း စစ်ဗိုလ်မ။ စစ်ဝန်ကြီးရုံးက အရာရှိများမှာ ကျွန်တော်နှင့် ကျောင်းနေဖက်များ။ ထိုအခါက ကျွန်တော့်ကို ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူးအဖြစ် ခန့်ထား၍ မလွဲမရှောင်သာ စစ်ဝန်ကြီးရုံးသို့ ရောက်သည်။ ဒုတိယစစ်ဝန်ကြီးက "ရုံးလေး ဘာလေး သွားလိုက်ဦးဗျ၊ ခင်ဗျား အလုပ်မဝင်သေးလည်း ရပါတယ်။" ဒုတိယ စစ်ဝန်ကြီးရုံးသို့ မကြာခဏ ရောက်တတ်သည်။ ခင်ကြည်ကြည် မှတ်မိနေပါလိမ့်မည်။ ၁၉၇၀ ဝန်းကျင်တွင်တော့ ကျွန်တော်၊ ကိုသိန်းဖေနှင့် အနေချင်းနီးသည်။ ထိုအခါက ကျွန်တော်သည် ကုတ္တိုင်းရိပ်သာတွင်နေ၍ ကိုသိန်းဖေက လမ်းကျော်လိုက်လျှင်ရောက်သော ဟာမစ်တစ်ဟုခေါ်သော

သာသနာ့ရိပ်သာလမ်းရှိ အိမ်တွင် ရောက်နေသည်။ ကျွန်တော် ရောက်တတ်သည်။ သူ့အိမ်တွင် စန္ဒရားရှိသည်။ ကျွန်တော် တီးဖြစ်သည်။ တစ်ခါက အာရှစာရေးဆရာညီလာခံ ပြင်ဆင်နေကြစဉ် သူ ထမင်းစားဖိတ်၍ ကျွန်တော် ရောက်သွားသည်။ ဂီတလုလင်မောင်ကိုကို၊ မောင်ထင် (ဦးထင်ဖတ်)၊ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးထွန်းဖေတို့လည်း ပါသည်။ ထိုအခါကတော့ ကိုခွန်သာမြင့်မှာ ငယ်ငယ်လေး။ ကျွန်တော်က နာမည်လောက်သာ သိသည်။ ကလေးငယ်လေးသာ။ ထိုအခါက မောင်ကိုကိုအား တင့်လှပေဟန်ရတုကို အသံသွင်း ကြည့်ပါလားဟု ပြောလိုက်သည်။

မောင်ကိုကိုနှင့်ကား ဂျပန်ခေတ်ကတည်းက တွေ့ဖူးသည်။ ထိုအခါက သူသည် စန္ဒရားပင် မတီးသေး။ ကိုသိန်းဖေ၏ သီတာပြုံး ဝတ္ထုကို ရုပ်ရှင်ရိုက်ပြီးသောအခါ ယင်းဇာတ်ကားတွင် ပါဝင်သူ ခင်သန်းနုတို့ သားအဖကို ဖိတ်၍ ကျွန်တော့်ကိုပါ ဖိတ်လိုက်သည်။ ယင်း သီတာပြုံး ဝတ္ထုထဲမှ ဇာတ်ဆောင် စာရေးဆရာက ကျွန်တော် ၁၉၄၀ က ရေးခဲ့သော 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' အမည်ရှိ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကိုပင် ပြောထားသည်ကို ကျွန်တော် မှတ်မိနေသည်။ ထိုဇာတ်ကားရိုက်သော အခါလည်း ကျွန်တော်သည် ရိုက်ကွင်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

လမ်းတစ်ဖက်ကူးရုံနှင့် ကိုသိန်းဖေ အိမ်သို့ ရောက်တတ်၍ ကျွန်တော် ကိုသိန်းဖေထံ ဝင်သွားတတ်သည်။

တစ်ခါတစ်ရံ ဝရန်တာဘက်တွင်ထွက်၍ ကိုယ်လက်လှုပ်ရှားနေသည်ကို မြင်ရသည်။ သူ့အိမ်လေးမှာ ကုန်းမြင့်တစောင်းတွင်ရှိ၍ လေကောင်းလေသန့်ရသည်။ ခင်ကြည်ကြည်ကိုတော့ စန္ဒရားတီးခိုင်းသည်။ တစ်ခါက ကျွန်တော့်ကို တီးခိုင်းသည်။ နိုင်ငံရေးသမားထဲတွင် ယဉ်ကျေးမှု အနုပညာအရ ခင်မင်ရင်းနှီး ဆက်ဆံခဲ့သည်မှာ သူ တစ်ယောက်သာ လျှင် ဖြစ်သည်ဟု ဆိုရပေမည်။

ကျွန်တော် ကျောင်းသားဘဝတည်းက သူနှင့် သိသည်။ သိသည်မှာ

နိုင်ငံရေးကြောင့်တော့ မဟုတ်။ စာပေရေးရာကြောင့်တော့ ဖြစ်မည်။ ပဒုမ္မာလမ်းတွင်နေသော သူ့အိမ်သို့ တက္ကသိုလ်ထင်ကြီးနှင့် သွားလည်ရင်း ခင်မင်ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ကျွန်တော်က သူတို့မိသားစုအကြောင်း မေးဖြစ်သည်။

ကျွန်တော်က ခွန်သာမြင့်အား ယင်းသို့မေးရင်း သူတို့အမေ ခင်ကြည်ကြည်နှင့် ပတ်သက်သော ရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်သည်။

သားဖြစ်သူသည် ငေး၍ နားထောင်နေသည်။ "အဲသည်တုန်းကတော့ ဖက်ဆစ်တော်လှန်ရေးက ခင်ကြည်ကြည်တို့ အမျိုးသမီးတပ်မတော်က အခု အင်လျားကန်နားက အဆောက်အအုံတစ်ခုကို ရောက်ခဲ့သေးတယ်။ ခင်ကြည်ကြည်တို့ကတော့ ဖက်ဆစ်တော်လှန်ရေး အင်အားစုအဖြစ်နဲ့ တည်ထောင်လိုက်တဲ့တပ်ပေါ့" ဟု ပြောလိုက်သည်။ ကျွန်တော်သည် ပထမမျိုးဆက်ခေတ်က မိတ်ဆွေများကို သွား၍ သတိရမိသည်။ ခင်ကြည်ကြည်က ကျွန်တော့်ထက် ၂ နှစ်လောက် ငယ်မည်လား မသိ။ ကိုသိန်းဖေကကျတော့ ကျွန်တော့်ထက် ၅ နှစ် ကြီးသည်။ ဗိုလ်အောင်ဆန်းက ကျွန်တော့်ထက် ၄ နှစ်ကြီးသည်။

ကျွန်တော်က ဟန်ဂေရီပြည်သို့ ဆိုဗီယက်တပ်များ ကျူးကျော်သည်ကို မနှစ်မြို့။ ကျွန်တော်က ငြိမ်းချမ်းရေးသမား။ ကျွန်တော်တို့သည် စာရေးဆရာအသင်းတွင် အတူလုပ်ခဲ့ကြသည်။ ၁၉၅၆၊ နယူးဒေလီတွင် ကျင်းပသော ညီလာခံ (အာရှစာရေးဆရာ)သို့ အတူသွားခဲ့ကြသည်။ ကိုသိန်းဖေက မြန်မာစာရေးဆရာ အဖွဲ့ခေါင်းဆောင်၊ ကျွန်တော်က အဖွဲ့၏အတွင်းရေးမှူး။

ဦးသိန်းဖေမြင့်နှင့် ဗန်းမော်တင်အောင်တို့ တစ်နှစ်ခြားစီ သေဆုံးကြသည်ကို မှတ်မိနေသည်။ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော မိတ်ဆွေများကို သွား၍သတိရမိသည်။ ကိုကြီးနု၊ ကိုအောင်ဆန်း၊

ကိုဘဆွေ၊ ကိုကျော်ငြိမ်း၊ သူတို့ ယခု မရှိကြတော့ပြီ။

မသီတာမှာ သူ၏ သမီး ခင်ခင်သာသည် အဘိုး၏စာများကို အကုန်ဖတ်သည်။ မျက်မှန်က အထူကြီး။ သူမသည် သတင်းစာ အတတ်ပညာနှင့် စာပေကို စိတ်ဝင်စားကြောင်း ပြောပြ၍ ကျွန်တော် ကျေနပ်ရသည်။

အဘိုး၏ အမွေကောင်းကို ဆက်ခံရမည်။ မြေးက ဆက်ခံရမည်သာ။ သမိုင်းကြောင်းနှင့် သမိုင်းခေတ်၏ အစဉ်အလာကို ဆက်ခံရစမြဲ။

သူတို့နှစ်ယောက်သည် ကျွန်တော့်ကို ကန်တော့ကာ ပြန်သွားကြသည်။ ကျွန်တော်ကတော့ ပထမမျိုးဆက်ကိုသွား၍ သတိရမိသည်။ ပထမမျိုးဆက် ခေတ်၏ရနံ့သည် မွှေးပျံ့နေဆဲပါတကား။

# မြန်မာ စာပေသမိုင်း

မောင်ထင်

ခေတ်ဟောင်းမြန်မာစာပေတို့တွင် မြန်မာစာပေသမိုင်းကို တပေါင်းတည်း၊ တစ်ခုတည်း ပြုစုထားသည်ဟု မတွေ့ဖူးပါ။ သက်ဆိုင်ရာ စာဆိုတို့၏ အကြောင်း၊ ထိုစာဆိုတို့ ပြုစုသော အဖွဲ့အနွဲ့များအကြောင်း၊ စာပေကျမ်းဂန်တို့၏ ဇာစ်မြစ်အကြောင်း၊ မြန်မာ့ဝါဟာရတို့၏ မူလနှင့် ဆင်းသက်ပုံအကြောင်း၊ မြန်မာသဒ္ဒါအကြောင်း စသည်တို့သည် ရှေးစာဆိုများ၏ မှတ်ချက်များအနေဖြင့် ထိုနေရာ၊ ဤနေရာ နေရာအမျိုးမျိုးတို့တွင် ဖတ်ရှုကြရသည်။ သမိုင်းကြောင်းကို သိလိုလျှင် ယင်းစာဆိုတော်ကြီးများ၏ စာစုကို လိုက်လံရှာဖွေ ၍ သုတေသန ပြုနိုင်ကြသည်။ သို့သော် တစ်လုံးတစ်စည်းတည်းကို တစ်ထိုင်တည်းနှင့် လေ့လာနိုင်ခြင်း မရှိချေ။

ထို့ကြောင့် ကျွန်တော်တို့ခေတ်က သုတေသီများသည် သမိုင်းကြောင်းကို ရှေးဦးစွာ မလေ့လာနိုင်ဘဲ စာဆိုတို့၏ စာပေလုပ်ငန်းများကို တောက်လျှောက် လေ့လာခဲ့ကြရသည်။ ထို့နောက်မှာမှ မည်သည့်ခေတ်က မည်သူ့စာဟူသော အကြောင်းအရာတို့ကို ဆက်စပ်၍ သမိုင်းကြောင်း

ဖော်သည်။ စာသင်သားတို့အဖို့ လက်ကိုင်ပြုစရာ စာအုပ်မရှိ၍ အတန်ငယ် ကသိအအောက် ဖြစ်ရသည်ဟု ဆိုနိုင်ပါ၏။ သို့သော် စာသင်သားတို့သည် မိမိတို့၏ လုံ့လဝီရိယဖြင့် ရှာဖွေသုတေသနပြုကြသဖြင့် တစ်နည်းအားဖြင့် ကျမ်းကျေသည် ဟုလည်း ဆိုနိုင်ပါသည်။

ဤအတွင်း ရန်ကုန်တက္ကသိုလ် မြန်မာစာနှင့် စာပေဌာနက မြန်မာစာပေသမိုင်းကို ပြုစုနေသည်ဟု ကြားသိရသည်။ ဤသို့ ကြားသိရပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဌာန ဝန်ကြီး အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သူ ဦးထွန်းဖေသည် သူရိယသတင်းစာ အယ်ဒီတာအဖွဲ့တွင် အမှုထမ်းနေစဉ် 'မြန်မာစာနိဒါန်း'ဟူသော ကျမ်းတစ်စောင်ကို ပြုစုရေးသား၍ ထုတ်ဝေခဲ့လေသည်။ ဦးထွန်းဖေကား ကွယ်လွန်ခဲ့ပြီ။ သို့ရာတွင် စာပေသမိုင်းမှတ်တိုင်တွင် ဦးထွန်းဖေသည် သူ၏ ကျမ်းဖြင့် စာရေးဆရာ၊ ကျမ်းပြုဆရာ စာရင်းထဲ ဝင်လာခဲ့သည်။ ဦးထွန်းဖေကား မူလက သတင်းစာဆရာ ဖြစ်သည့် အားလျော်စွာ သမိုင်းကို သတင်းစာဆရာမျက်စိဖြင့် ကြည့်၍ သုံးသပ်သည် ဟု ဆိုရလိမ့်မည်။ သို့သော် ရေးပုံသားပုံ အစီအစဉ်များမှာကား သမိုင်းကို သင်ကြားပို့ချသော ဆရာတစ်ဦးကဲ့သို့ ကျွမ်းကျင် ပိုင်နိုင်လှပေသည်။ အထူးသဖြင့် သူ၏ ရေးဟန်မှာ သူရေးသောစာကို စာဖတ်သူက ဆက်ပြီး စဉ်းစားရအောင် 'ဒ့က်ဖဲ့' ချန်ထားသောရေးဟန် ဖြစ်သောကြောင့် စုံထောက်ဝတ္ထုလိုလို ဘာလိုလို။ သို့သော် ဤအချက်သည်ပင်လျှင် စာဖတ်သူ၏ သုတေသန ဉာဏ်ကို ရင့်သန်စေပါသည်။

များမကြာမီ တက္ကသိုလ် မြန်မာစာပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်သည် 'မြန်မာစာပေသမိုင်း' ကို ပုံနှိပ်ထုတ်ဝေလေသည်။ လက်တွေ့အားဖြင့် မြန်မာစာပေကို ပို့ချနေသော ဆရာတစ်ဦး အဖြစ်ဖြင့် ရေးသားစီစဉ်ပုံမှာ သင်ရိုးညွှန်းတမ်း အလို့ငှာ အလွန်သင့်မြတ် လျော်ကန်လှပေသည်။

ဤမြန်မာစာနိဒါန်းနှင့် မြန်မာစာပေသမိုင်း ကျမ်းနှစ်အုပ် ရှေ့ဆင့်

နောက်ဆင့် ထွက်လာသော အချိန်ကာလ၌ ကျွန်တော်ကား တက္ကသိုလ်မှာ မရှိတော့ပြီ။ ဘွဲ့ရပြီးနောက် ထုံးစံအတိုင်း ပညာတတ် အလုပ်လက်မဲ့ဘဝ တွင် ကျင်လည်ခဲ့ရသေးသည်။ ဤအတွင်း ဝါသနာအလျောက် ယင်းကျမ်း နှစ်စောင်ကို လေ့လာဖတ်ရှုရသောအခါ မြန်မာစာပေနှင့် စပ်လျဉ်း၍ များစွာ ဗဟုသုတ တိုးပါသည်။ အထူးသဖြင့် စာပေကို သမိုင်းအမြင်ဖြင့် ကြည့်တတ်လာပါသည်။

ဤအတွင်း ကမ္ဘာ့စစ်မီးသည် မြန်မာနိုင်ငံကို ကူးစက်သည်။ ဤစစ် မီး မတောက်လောင်မီခေတ်က မြန်မာစာပေ၏ အရှိန်သည် ခေတ်အလျောက် တိုးတက်ခဲ့သည်။ ကျွန်တော်ကား တက္ကသိုလ်နှင့် ၆ နှစ်ကျော် ၇ နှစ် မျှ ဝေးခဲ့ပြီ ဖြစ်သော်လည်း ဝါသနာ၏ လှုံ့ဆော်ချက်ကြောင့် ခေတ်ဟောင်း ခေတ်သစ် စာရေးဆရာများနှင့် စာချင်းသော် လည်းကောင်း၊ စိတ်ချင်း သော် လည်းကောင်း၊ လူချင်းသော် လည်းကောင်း ဆက်သွယ်မြဲ ဆက်သွယ် လျက်ရှိရာ မြန်မာစာပေအတွက် အလွန်အားတက်မိသည်။ သို့သော် စစ်ဒဏ်ကို ခံရသောအခါ စာပေအကြောင်းကို စိတ်မကူးနိုင်တော့ပါ။ ကိုယ့်အသက် ကိုယ်မွေးဖို့ရာ တောင်ပြေးမြောက်ပြေးနှင့် ကံတရားက ဖန်တီးပေးသော ထိုလုပ်ငန်း၊ ဤလုပ်ငန်းတို့တွင် ပတ်ချာလည်ခဲ့ရပါ သည်။

စစ်ကြီးပြီးသောအခါ အလင်းရောင်ကလေး ပေါ်လာပါသည်။ ထို အလင်းရောင်ကလေးကို အကြောင်းပြု၍ စာပေနယ်ထဲမှာပင် ပျော်မွေ့ တော့မည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ပါ၏။ ထို့ကြောင့် စာပေရေးရာ၌ နောက် တစ်ဆက် တက်လာကြမည့် ညီအရွယ် လူငယ်များကို အားကိုး အားထား ပြုခဲ့ပါသည်၊ သို့ရာတွင် စစ်ပြီးခေတ်၌ ပေါ်လာသော မြန်မာစာပေမှာ အနုပညာသဘောအရ အတွေ့အကြုံ၊ အတွေးအခေါ်၊ အဖွဲ့အနွဲ့တို့၌ တစ်မူ ဆန်းသစ်လာပါသော်ငြားလည်း အခြေခံဖြစ်သော စာပေသမိုင်း အမြင်မှာ ခိုင်မာသည်ဟု မဆိုနိုင်ပါ။ မြန်မာစာနိဒါန်းနှင့် မြန်မာစာ

ပေသမိုင်းတို့၏ ဩဇာသည် ခေတ်လူငယ်တို့ အပေါ်တွင် အတော်အသင့် ညောင်းလာပြီမှန်ပါသည်။ သို့သော် ထိုခေတ်လူငယ်တို့မှာ ပြေးရင်းလွှားရင်းနှင့် ဗဟုသုတရှာရသူများ ဖြစ်ရကား မိမိတို့၏ ရိုးရာစာပေယဉ်ကျေးမှု၌ တစ်စုံတစ်ခုကို ခိုင်ခိုင်မာမာ လက်ဆုပ်လက်ကိုင် မပြုနိုင်ကြပါ။ တစ်နည်းဆိုရသော် မိမိတို့၏ စာပေဇာတိကို အခိုင်အမာ စွဲကိုင်နိုင်ခြင်း မရှိသေးချေ။ သို့သော် စစ်အပြီးတွင် ကမ္ဘာ့ယဉ်ကျေးမှု၏ အရိပ်အာဝါသတို့သည် လွတ်မြောက်စ နိုင်ငံအပေါ်၌ လွှမ်းမိုးလာကြလေပြီ။ အထူးသဖြင့် ဆိုရှယ်လစ်အတွေးအခေါ်တို့သည် လူငယ်တို့၏ စိတ်ထဲ၌ ပေါက်ပွားလာကြလေပြီ၊ မိမိဇာတိ၌ ခိုင်မာပြီးနောက် သူတစ်ပါး၏ ယဉ်ကျေးမှုကို စိစစ်လက်ခံလာကြလျှင် ယဉ်ကျေးမှု ကူးယှက်ခြင်းသဘောတရားသည် အလွန်အကျိုးပေးကောင်းမည် ဖြစ်ပါသည်။ သို့သော် ဇာတိခိုင်မာခြင်း မရှိသေးမီ ပြည်ပ အတွေးအခေါ်တို့ကို ဆန်းစစ် မကြည့်တတ်သေးဘဲ ကော်ပီကူးယူသကဲ့သို့ ကူးယူလာကြသောအခါ သောင်းကျန်းမှုမျိုးစုံ ပေါ်ပေါက်နေသော ခေတ်သမယတွင် အတွေးအခေါ် အယူအဆ အမျိုးမျိုးကလည်း ထွေပြားလွန်းလှ၍ တစ်မျိုးသားလုံး၏ တူညီသော ဆန္ဒကို ရရှိရန် ခဲယဉ်းလာခဲ့ပါသည်။

ထို့ကြောင့် ဝိဝါဒ အမျိုးမျိုးပေါ်ပေါက်ခဲ့ရာ ဗဟိုမဏ္ဍိုင်ကို ရှာမတွေ့နိုင် ဖြစ်ခဲ့ရသည်။ ချိန်ခွင်လျှာ မတည့်သော ကာလ၌ လက်ဝဲဘက်ကို စောင်းသောအခါ သူက တစ်ဒီဂရီ၊ ငါက ၁၀ ဒီဂရီ၊ သူက ဒီဂရီ ၂၀၊ ငါက ဒီဂရီ ၃၀ စောင်းသည် စသည်ဖြင့် အငြင်းပွားကြသည်။ လက်ယာဘက်ကို စောင်းရာမှာလည်း ထိုနည်းတူပင်။ ဘယ်နှဒီဂရီ စောင်းမှ ကောင်းမည် ဆိုသော အချက်ကို ငြင်းချက်ထုတ်ကြရင်းနှင့် စီးပွားရေးရည်မှန်းချက်များ သူတစ်မျိုး ငါတစ်ဖုံ ဖြစ်လာကြသည်။ စင်စစ် ဤသို့ဖြစ်ရသည်မှာ မိမိတို့၏ ကိုယ်ပိုင်ချိန်ခွင် မရှိခြင်းကြောင့် ဖြစ်သည်။ မိမိဇာတိက ပိဿာလေးနှင့် ချိန်တွယ်နေစဉ် ပေါင်နှင့် ချိန်လိုသူ၊

ကီလိုဂရမ်နှင့် ချိန်လိုသူ အမျိုးမျိုး ပေါ်လာ၍ တစ်ပိဿာမှာ ပေါင်ချိန် ဘယ်လောက် ဆိုသည်ကို အပ်ကျမပ်ကျ တွက်မကြည့်ကြသေးသော ကာလတွင် သူ့အလေးချိန် မှန်သည်၊ ငါ့အလေးချိန် မှန်သည်ဟူသော အငြင်းစကားများနှင့်သာ ဆယ်နှစ် ဆယ်မိုးမက အချိန်ကုန်ခဲ့ရသည်။

ထို့ကြောင့် တစ်ခုစဉ်းစားမိသည်။ မြန်မာစာ နိဒါန်းနှင့် မြန်မာစာပေသမိုင်းဆိုသည်မှာ အလွန် သင့်မြတ်လျော်ကန်လှပါ၏။ သို့သော် ယင်းတို့သည် ကုန်းဘောင်ခေတ်အထိသာ ဗဟုသုတ ပေးနိုင်သည်။ တစ်ခါတစ်ရံ မန္တလေးခေတ်အထိ ရောက်လာပါပြီဟု ဆိုနိုင်သော်လည်း မျက်မှောက်ခေတ်ကို အထောက်အပံ့ပြုနိုင်သော အချက်အလက် အသစ်အသစ်တို့ မပါရှိခဲ့ချေ။ ထို့ကြောင့် လူငယ်တို့က 'အိတ်ဇစ္စတင်ရှယ်လစ်ဇင်း' (Existentialism) ဟု လျှာမခေါက်အောင် ကြိုးစားပြောနေကြသော ခေတ်သမယထဲတွင် နတ်သျှင်နောင်၏ အချစ်တေးတို့ကို မူတည်၍ အဟောင်းကို အသစ် လုပ်နေကြရသည်။ အကယ်၍ မိမိတို့၏ စာပေဇာတိကို အခိုင်အမာ တည်ဆောက်ထားခဲ့ပါလျှင် အတွေးသစ် အမြင်သစ်တို့ကို တရားနည်းလမ်းကျအောင် မိမိဇာတိထဲသို့ သိမ်းသွင်းနိုင်လိမ့်မည်။ ထိုအခါ မြန်မာစာပေသမိုင်းကို မျက်မှောက်ခေတ်နှင့် နီးစပ်အောင် ဆောင်ကြဉ်းလာဖို့ ကိစ္စသည် အရေးကြီးပါသည် ဟူသော အသိတရားများ ပေါက်ဖွားခဲ့လာကြသည်။ ဤကား တိုးတက်ရေး၏လမ်းစ ဖြစ်ပေသည်။

စာရေးဆရာဟူသည် စာပေသင်ကြားပို့ချရေး၌ အထောက်အကူပစ္စည်းတစ်ရပ် ဖြစ်ချင်ဖြစ်မည်။ သို့သော် သူသည် စာပေသင်ကြားပို့ချနေသူ ဆရာ တစ်ဆူကား မဟုတ်ချေ။ ထို့ကြောင့် လိုအပ်ချက်ကို ပြည့်မြောက်အောင် ဆောင်ကြဉ်းလိုပါလျှင် သင်ကြားရေးလောကတွင် ရှိနေကြသော သင်ဆရာများကိုသာ ကျွန်ုပ်တို့ အားကိုးရလိမ့်မည်။ သို့သော် ပညာသင်ကြားရေးဆိုသည်မှာ နေ့ချင်းပြီးကိစ္စမျိုး မဟုတ်ချေ။ သင်ကြားပေးရမည့် ဆရာသည် အဆင့်ဆင့် တပည့်ခံ၍ သင်ယူခဲ့ဖူးသူ ဖြစ်ရမည်။

ဤအချိန်အတိုင်းဆိုလျှင် သင်ရိုးတစ်ခု စနစ်တကျဖို့ရာ ၅ နှစ်၊ ၁၀ နှစ်၊ အနှစ် ၂၀ စသည်ဖြင့် စောင့်ရပေဦးမည်။

သမိုင်းဆိုသည်မှာ မနုဿလူသားတို့ လျှောက်ခဲ့သော ခရီးလမ်းကြောင်းကို ထုတ်ဖော်ခြင်း ဖြစ်သည်။ မနုဿလူသားဆိုသည်မှာလည်း တစ်နေ့လျှင် ပျမ်းမျှ ၂၈ မိုင်မျှကိုသာ ခြေကျင်လျှောက်နိုင်သည်။ မီးရထား၊ မော်တော် ကား၊ လေယာဉ်ပျံတို့ တစ်နာရီလျှင် မိုင်ပေါင်းများစွာ ပြေးနိုင်သော်လည်း လူ့ခြေထောက်မှာ အလွန်ဆုံး တစ်နာရီ ၅ မိုင်သာ ခရီးပေါက်မည်။ ထိုမျှ လောက်သာ ခရီးပေါက်နိုင်သော ခြေကျင်သမားတို့ကို သမိုင်းခရီးတွင်အောင် အပြေးကလေး လျှောက်ရမည်ဟု ကျွန်ုပ်တို့က အမိန့်မပေးနိုင်။ သူ့စံချိန် အတိုင်းသာ သူသွားလိမ့်မည်။

ထို့ကြောင့် ကျွန်တော် နောက်ထပ် စောင့်မျှော်မိသော စာပေသမိုင်းသည် ရုတ်တရက် ချက်ချင်း ထွက်ပေါ်မလာနိုင်ခဲ့ချေ။

သို့သော် သင်ကြားရေးဆိုင်ရာ ဆရာတို့သည်လည်း အလကား မနေခဲ့ကြပါ။ အနာဂတ်ကို မြော်မြင်တတ်သော ဆရာ ဆရာမတို့သည် သူတို့ ပြုစုရန်ရှိနေသော တာဝန်ကို အကြွေးမထားခဲ့ကြချေ။ တက္ကသိုလ်များ၏ ပတ်ဝန်းကျင်တွင် ကျင်လည်ကျက်စားနေကြသော ပုဂ္ဂိုလ်ကြီးငယ်၊ ကျား မ မရွေး အားလုံးသော သူတို့သည် စာပေသမိုင်းကို မျက်မှန်းတမ်း၍ စာပေပို့ချခြင်း၊ စာပေသုတေသနပြုခြင်း၊ စာတမ်းဖတ်ကြား ပြုစုခြင်းစသော စာပေလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့် ယနေ့ဆိုလျှင် အခြေခံပညာ အထက်တန်းစာသင်သားများအတွက် ပညာရေးဝန်ကြီးဌာန ကျောင်းသုံးစာအုပ် ကော်မတီက စိတ်ကြိုက် မြန်မာစာကို ယူကြသော ကျောင်းသူကျောင်းသားများအတွက် 'မြန်မာစာပေသမိုင်း' ဟူသော ကျောင်းသုံးစာအုပ်ကို ပြုစုစီရင်၍ ပြဋ္ဌာန်းလိုက်ပေသည်။ ဤစာအုပ်မျိုး ပေါ်ထွက်ဖို့ရာ နှီးဆော်ရင်း မျှော်လင့်ခဲ့ရသော ကျွန်တော်မှာ သက်ဆိုင်ရာ ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ

ပုဂ္ဂိုလ်များကို အလွန်တရာ ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်မှာ ကျောင်းသုံးစာအုပ်ဖြစ်ခြင်းကြောင့် သမိုင်းကျမ်းကြီး တစ်စောင်ကို မျှော်လင့်တောင့်တနေကြသူ အချို့သူတို့မှာ အားမလို အားမရဖြစ် နေကြမည်လော။ သို့ရာတွင် မူလအစ တီထွင်ရာတွင် အရိုးခံ အကျဉ်းချုပ် စီမံချက်သည် အလွန်အရေးပါသည်။ စာသင်သားတို့ကို ပထမအခြေခံ၍ သင်ကြားပေးခြင်းသည် အဓိကကျပါသည်။ စာသင်သား တို့သည် မြန်မာ စာပေ ဇာတိ၌ ခိုင်မာလာကြသောအခါ ယင်းတို့သည် ဝါသနာအလျောက် ဆက်လက်၍ စာပေတာဝန်ကို ထမ်းသွားကြပါဦး မည်။ ဤအတောအတွင်း ယခု အရိုးခံ အချက်အလက်တို့ကို မူတည်၍ စာပေပညာရှင်တို့ကလည်း မိမိတို့ နှစ်သက်ရာ စာပေခေတ်အကြောင်းကို ပြုစုသွားကြဦးမည်ဟု မျှော်လင့်ပါသည်။ အုတ်မြစ်ချသော အဆင့်တွင် ကျွန်ုပ်တို့သည် စုလစ်မွန်းချွန် တို့ကို မူလဟု သဘောမထားနိုင်သေး။ အုတ်မြစ်ကြီး ခိုင်မာလာသောအခါ စာပေတည်းဟူသော ပြာသာဒ်ကြီး သည် တင့်တင့်တယ်တယ်နှင့် ပေါ်ထွန်းလာဖွယ်ရာ အကြောင်း ရှိပါ သည်။ ထို့ကြောင့်လည်း ကျောင်းသုံးစာအုပ်ဆိုသည်နှင့် သာမညဟု မထင်မြင်ကြဘဲ ကျောင်းသားမဟုတ်သူ စာပေလိုက်စားသော အပြင် လူတို့ပင်လျှင် လေ့လာအပ်သည်ဟု ကျွန်တော် ယူဆပါသည်။ ဤသို့ လေ့လာအပ်သည်ဟု ထင်မြင်သောကြောင့် ဤဆောင်းပါးဖြင့် တိုက်တွန်းလိုက်ခြင်း ဖြစ်ပါသည်။

ဤကျောင်းသုံးစာအုပ်၏ အမှာစာတွင် မြန်မာစာ သင်ကြားပေး ခြင်း၏ ရည်ရွယ်ချက်တို့သည် မြန်မာစာပေ တိုးတက်မှုအစဉ်ကို သိစေရန် လည်းကောင်း၊ စကားပြေ ကဗျာတို့ကို ဝေဖန်အကဲခတ်နိုင်စေရန် လည်း ကောင်း၊ အရေးအသား ကျွမ်းကျင်တတ်မြောက်စေရန် လည်းကောင်း၊ မြန်မာ့ဝေါဟာရတို့ကို ပိုင်နိုင်စွာ သုံးစွဲတတ်စေရန် လည်းကောင်း၊ မြန်မာ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အလေးထားတတ်စေရန် လည်းကောင်းဟု

ဖော်ပြပါရှိသည်။ ဤရည်မှန်းချက်သည် ဂရုမပြုရမည့် ရည်မှန်းချက် ဖြစ်သည်။ စာပေကို လေ့လာလျှင် စာပေ၏ အရသာကို သိကြရမည်။ အရသာကို သိမှ အကျိုးအကြောင်း အဆိုး အကောင်းကို ခန့်မှန်းနိုင်ကြ လိမ့်မည်။ ဤသို့ ခန့်မှန်းနိုင်သောအခါ အကောင်းက ဘယ်သို့၊ အဆိုးက ဘယ်ပုံဟူ၍ ပိုင်းခြားလာတတ်မည်။ ဤကား ဝေဖန်ခြင်းဆိုင်ရာ သဘော တရားပေတည်း။ တပည့်ကို ဆရာက အရသာခံတတ်အောင် သင်ကြား ပေးသည်။ တပည့်သည် အရသာ၏ အကောင်းအဆိုးကို နားလည်သော အခါ ဝေဖန်ပိုင်းခြားလာတတ်သည်။ ဤစာပေသဘောကို လောက သဘောနှင့်ယှဉ်၍ ကြည့်ကြပါ။ လောက ဆိုသည်မှာ အကောင်းအဆိုင်း ပြိုးပြွမ်းနေသော ဌာနကြီး ဖြစ်သည်။ ကျွန်ုပ်တို့၏ ဥပမိရုပ်ကြီးသည် သုခ ဒုက္ခနှစ်ဝတို့၏ တည်ရာ ဖြစ်သည်။ ဤတည်ရာဌာနကြီးရှိသော သုခတို့သည် အရသာရှိသည်ဟု ဆိုရမည်။ ဒုက္ခကား အရသာဖျက်သော အရသာကင်းမဲ့သော သဘောရှိသည်။ ဤ သဘောတရား နှစ်ခု၏ အခြေပိုင်ပြီဟု ဆိုလျှင် မနုဿလူသားသည် ကောင်းခြင်းကို ကောင်းခြင်း ဟူ၍ သိပြီးလျှင် မကောင်းခြင်းကို မကောင်းခြင်းဟု နားလည်လာ၍ အကောင်းနှင့် အဆိုး၌ အကောင်းကိုသာ ရွေးချယ်မိပေလိမ့်မည်။ အကောင်းအဆိုးကို ပိုင်းခြားကြည့်ပြီးနောက် အကောင်းကိုသာ လက်ခံလာ ကြသောအခါ ဤလူ့ဘောင်သည် စည်းကမ်း ကလနားနှင့်တကွ နေချင် သဖွယ် လူ့ဘောင်ကြီး ဖြစ်လာပေမည်။ ထို့ကြောင့် စာပေဝေဖန်ရေး အရေးကြီးပုံကို ကျွန်ုပ်တို့ သဘောပေါက်သင့်ကြသည်။ ဝေဖန်ရေး အရည်အသွေး တိုးတက်ကောင်းမွန်သည် နှင့်အမျှ စာဆိုတို့၏ စကားပြေ ကဗျာဟူသော ဝတ္ထုပစ္စည်းတို့သည် အရည်အသွေး တောက်ပလာ လိမ့်မည်။ ကျောင်းစာသင်ခန်းမှ အစပြု၍ မြန်မာစာပေ မြှင့်တင်ရေးကို ဆောင်ရွက်ခြင်းသည် နည်းစနစ်အားဖြင့် မှန်ကန်ကောင်းမွန်သည်ဟု ယူဆပါသည်။ စင်စစ် စာရေးဆရာကို ပိုင်သူမှာ စာဖတ်သူ ဖြစ်သည်။

စာဖတ်သူ၏ ဝေဖန်မှု အဆင့်အတန်း မြင့်လာလျှင် စာရေးဆရာဆိုသူသည် လောကကို ကောင်းကျိုးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ရေးချင်ရာရေးမည်ဟု မကြံစည်နိုင်တော့ချေ။ အဆင့်အတန်း မြင့်သော စာပေပရိသတ်၏ အလိုကိုလိုက်ပြီးလျှင် စာကောင်း ပေကောင်းတို့ကို ပြုစုလာကြပါလိမ့်မည်။

ချယ်ရီ
၁၉၈၅၊ နှစ်

# အတ္ထုပ္ပတ္တိ အမှားအမှန်

တိုက်စိုး

*"မောင်းထောင် ဆရာတော်သည် လေးကြိမ်မြောက် အဝတည်မင်း၏ မိဖုရားခေါင် ရှင်မင်းနုကို အသမ္မိန္န ခတ္တိယအနွယ် ဖြစ်တော်မူသော ရှင်မိဖုရားခေါင်ကြီးသည်ဟု နိဂုံးအုပ် သမိုင်းထိုးရချေသည်။ စင်စစ်ကား ထိုရှင်မိဖုရားသည် တပယင်းကျေး ဖလံကုန်းရွာသူသမီး ဖြစ်သည်။ ထို့ကြောင့် မင်းဆရာ အဖြစ် အပြစ်များသည်"*

ဤသည်မှာ ရွှေဘိုမင်းတရားလက်ထက် ၁၈၃၇ ခုနှစ်၌ ရှင်ဝိန္ဒာသဘ ပြုစုသော **သီလဝိသောဓနီကျမ်း** မှ ကောက်နုတ်ချက် ဖြစ်သည်။ ရှင်ဝိန္ဒာသဘ ရည်ညွှန်းသော အရေးအသားမှာလည်း ဘကြီးတော်မင်းတရားလက်ထက် ၁၈၁၃ ခုနှစ်၌ မောင်းထောင်ဆရာတော် လူထွက်မဟာဓမ္မသင်္ကြံ အမတ်ကြီး ပြုစုသော **သာသနာလင်္ကာရစာတမ်း** တွင် ပါခဲ့ပါလေသည်။ ထိုအရေးအသားကြောင့် လူ့သမိုင်း ဝါ အတ္ထုပ္ပတ္တိ အရေးအသားတွင် **အမှားအမှန် ငြင်းခုံမှု** ဖြစ်ရပေတော့သည်။

အတ္ထုပ္ပတ္တိဆိုသည်မှာ အဘယ်ကဲ့သို့ အရာပေနည်း။ ဦးထွန်းမြင့်၏ **ပါဠိသက် ဝေါဟာရ အဘိဓာန်တွင် . . .**

အဋ္ဌုပ္ပတ္တိ - အဋ္ဌုပ္ပတ်နှင့် အတူတူ။

အဋ္ဌုပ္ပတ် - အကြောင်းအရာဖြစ်စဉ် ဟု အနက်ကျဉ်းကျဉ်း ပေးပါ၏။

J.A. Stewart (ဂျေအေစတူးဝပ်)နှင့် C.W.Dunn (စီဒဗလျူဒန်း) တို့ နှစ်ဦး ပြုစုသော A Burmese English Dictionary (မြန်မာ-အင်္ဂလိပ်အဘိဓာန်) အပိုင်း ၃ တွင်လည်း. . .

အဋ္ဌုပ္ပတ် - အတ္ထုပ္ပတ္တိ - Narration of events, biography
- အကြောင်းအရာ၊ အဖြစ်အပျက်ဟု အနက်ကျဉ်းကျဉ်း ပင် ပေးပါ၏။

Concise Oxford Dictionary (အောက်စဖို့ အဘိဓာန်အကျဉ်း) တွင်မူ အတ္ထုပ္ပတ္တိပုဒ်၏ အင်္ဂလိပ်ဘာသာပြန် Biography ပုဒ်ကို . . .

Branch of literature dealing with people's lives (လူတို့ ဘဝနှင့် ဆိုင်သော အနုစာပေ) ဟု အနက်ကျယ်ကျယ် ပေးပါ၏။

တစ်ဖန် အိုဟိုင်ယို ပြည်နယ်တက္ကသိုလ်မှ အင်္ဂလိပ်စာပေ ပါမောက္ခ Paul Murray Kendall (ပေါမာရေးကင်းဒေါ)၏ *The Art of Biography* (အတ္ထုပ္ပတ္တိရေးရာ အတတ်ပညာစာအုပ်)တွင်. . .

The simulation in words, of a man's life, from all that is known about that man.

(လူတစ်ဦးတစ်ယောက်၏ ဘဝကို သိနိုင်ရာရာတို့မှ ယူ၍ စကားလုံးဖြင့် သရုပ်သကန်ဖော်မှု)ဟု အကျယ်ဝိတ္ထာရ ဖွင့်လိုက်ပါ၏။

အင်္ဂလိပ်အဘိဓာန်နှင့် ပါမောက္ခကင်းဒေါတို့ တင်ပြသော အတ္ထုပ္ပတ္တိ အနက်သဘောကို စာပေကဝိတို့က လက်ခံထားကြသည်ဖြစ်ရာ ထို အနက် သဘောနှင့်အညီ မြန်မာအတ္ထုပ္ပတ္တိ အရေးအသားကို လေ့လာ

တင်ပြလိုပေသည်။ ဤတွင် အတ္ထုပ္ပတ္တိ မည်သည် . . .

(က) ပုဂ္ဂိုလ် တစ်စုံတစ်ယောက်အကြောင်း ဖြစ်ခြင်း။

(ခ) ထိုအရေးအသားသည် ရသစာပေဝင်ဖြစ် ခြင်း။

ဟူ၍ နှစ်ပိုင်းနှစ်ကဏ္ဍခွဲကာ သုံးသပ်ရပေလိမ့်မည်။

က - အပိုင်းနှင့်စပ်၍ အရေးကြီးသည့်အချက်မှာ အခြားမဟုတ်။ စိတ်ကူးဉာဏ်မှ ထွက်လာသည့် လူမဟုတ်။ တကယ့်လူ၊ ရုပ်နှင့် နာမ်နှင့် လူ ဖြစ်သည့်အားလျော်စွာ ထိုပုဂ္ဂိုလ် ပြုမူဆောင်ရွက်သမျှ အမှုကိစ္စတို့ကိုလည်း ဖြစ်စဉ်အတိုင်း ရေးရမည် ဖြစ်လေသည်။ သို့တည်းမဟုတ် တကယ့်ဖြစ်ရပ် သဘောဆောင်စေရမည် ဖြစ်လေသည်။

တကယ်တွင်ကား ပုဂ္ဂိုလ်၏ အကြောင်းခြင်းရာနှင့် စပ်၍ အထက်က အမှားအမှန် ငြင်းခုံခဲ့သည်ကို မြင်ခဲ့ရလေပြီ။ ထပ်၍ ဖြည့်ပါဦးမည်။ ပုဂ္ဂိုလ် ရေးရာနှင့်စပ်၍ သူ မဖြစ်ခဲ့၊ သူ မလုပ်ခဲ့သည်ကို သူ ဖြစ်ခဲ့၊ သူ လုပ်ခဲ့သယောင် လွဲမှားမှုသည် လည်းကောင်း၊ သူ ဖြစ်ခဲ့၊ သူ လုပ်ခဲ့သည်ကို သူ မဖြစ်ခဲ့၊ သူ မလုပ်ခဲ့သယောင် လွဲမှားမှုသည် လည်းကောင်း၊ အတ္ထုပ္ပတ္တိ အရေးအသားတွင် တွေ့ရတတ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင် (ဝ့ါ) လွတ်လပ်ရေး ဗိသုကာ ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်အကြောင်းကို ရေးသားကြရာတွင် ထိုပုဂ္ဂိုလ်၏ အရည်အသွေးကို လိုသည်ထက် ပိုမိုချဲ့ကား၍ တင်ပြသော အခြင်းအရာများ ရှိခဲ့လေသည်။

ထိုအကြောင်းနှင့်စပ်၍ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့ထုတ် အိုးဝေဂျာနယ်တွင် ဆောင်းပါးတစ်ပုဒ် ပါလေသည်။ ဆောင်းပါး၏ အမည်မှာ **အနိုင်မခံ အရှုံးမပေး အိုးဝေအယ်ဒီတာတစ်ဦး** ဟူ၍ ဖြစ်ပါ၏။ ထိုဆောင်းပါး ကို ကောက်နုတ်ရသော် . . .

*'၁၉၃၅-၃၆ ခုနှစ်က ဖြစ်၏။ သူကား အိုးဝေမဂ္ဂဇင်း၏ အယ်ဒီတာ တစ်ယောက် ဖြစ်သည်။ အနိုင်မခံ အရှုံးမပေးလိုသည့် စိတ်ထားကား*

*ထိုစဉ်ကပင် ပေါ်လွင်နေ၏။ သူက ဆိုခဲ့၏။ 'လောကဓံတရား၏ လက်ခုပ်တွင်းသို့ ဘယ်လိုပင် ကျရောက်နေသော်လည်း ငါကား မတုန်လှုပ်၊ မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့် ငါ၏ ဦးခေါင်းတို့သည် သွေးသံ ရဲရဲတို့ဖြင့် နီ၏။ ညွတ်ကားမညွတ်. . .'*

*သူက ဤနှယ်ဖွင့်ဆိုခဲ့၏။. . . သူသည် အနိစ္စတရားကိုလည်း ကြောက်သူ မဟုတ်။ 'ဤလောဘ ဒေါသတို့၏ ကြီးစိုးရာ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မတတ်ဖွယ်ရာ ငံ့လင့်လျက် ရှိ၏။ သို့ပင်မူ ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရအံ့'။. . . သူကား အိုးဝေမဂ္ဂဇင်း အယ်ဒီတာ တစ်ယောက် လည်း ဖြစ်သည့် အောင်ဆန်းတည်း"*

ဖြစ်ပုံမှာ ၁၉၃၆ ခုနှစ်ထုတ် တက္ကသိုလ်ကျောင်းသား သမဂ္ဂစာစောင်တည်း ဟူသော အိုးဝေမဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် **'အနိုင်မခံ'** ခေါင်းစည်း တပ်ခါ အထက်ပါ မျက်တောင်အတွင်း၌ ကောက်နုတ်ဖော်ပြထားသော စာတစ်ပုဒ် ပါခဲ့လေသည်။ ထိုစာသည် စကားလုံးလည်း ပြောင်၏။ ရဲရဲတောက်သဘောလည်း ပါ၏။ သို့ရာတွင် ရေးသူအမည်မပါ။ မပါသော်လည်း (ဗိုလ်ချုပ်) အောင်ဆန်းမှာ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ လုပ်ဖူးသည့်အတိုင်း (ဗိုလ်ချုပ်) အောင်ဆန်းပင် ရေးသားသည်ဟု အများက ယုံကြည်ပြောဆို ရေးသားကြလေသည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၃၅ ခုနှစ်အတွက် အိုးဝေမဂ္ဂဇင်းတွင်သာ အယ်ဒီတာ လုပ်ဖူးပါ၏။ ၁၉၃၆ ခုနှစ်အတွက် မဂ္ဂဇင်းအယ်ဒီတာမှာမူ ညိုမြ ဖြစ်လေသည်။ တစ်ဖန် ထိုစာသည်လည်း အင်္ဂလိပ်ကဗျာစာဆို W.E.Henley (ဒဗလျူအီးဟင်န်လေး)၏ 'Out of the night that covers me' အစချီ ကဗျာ (ဘာသာပြန်) ဖြစ်လေသည်။ ထိုစာဆိုသည် အီဒင်ဘာရာရှိ ဆေးရုံ၌ လူနာအဖြစ် တက်၍ ဒုက္ခဝေဒနာကို ကြံ့ကြံ့ခံရင်း ထိုကဗျာကို ရေးခဲ့ရာ စာပေလောကတွင် ကျော်ကြားသွားခဲ့လေသည်။ ထိုကဗျာကို အိုးဝေမဂ္ဂဇင်း အယ်ဒီတာညိုမြက အကြမ်းဘာသာပြန်၍

စာဆိုမင်းသုဝဏ်က အချောကိုင်ပေးခဲ့လေသည်။ ပုဂ္ဂိုလ်စွဲကြောင့် ဗိုလ်ချုပ်အောင်ဆန်း မလုပ်ခဲ့သည်ကို လုပ်ခဲ့သယောင် မှားယွင်းမှုသည် အထက်ပါသာကေပါပေတည်း။

မှော်ဘီဆရာသိန်းသည် စာပေသမားများ အရိုသေခံရသော မြန်မာပညာရှိ ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်နှင့်စပ်၍ ဆောင်းပါးရှင်တစ်ဦးက ၁၉၆၉ ခုနှစ်၊ ဇွန်လ၊ ၉ ရက်နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်တွင် **စီပီ မဂ္ဂဇင်း** ဟု ခေါင်းစီးတပ်ကာ ဆောင်းပါးရေးခဲ့လေသည်။ ထိုဆောင်းပါး လာအချက်တစ်ခုမှာ ၁၉၁၇ ခု၊ ဇူလိုင်လ၊ ၁၅ ရက်နေ့ထုတ် စီပီမဂ္ဂဇင်း ပထမတွဲ၊ နံပါတ် (၁) တွင် မှော်ဘီဆရာသိန်းရေးသည့် ဂျော့ဘုရင်မင်းမြတ်နှင့် မေရီမိဖုရားကြီး၏ ဘုန်းတော်ဘွဲ့ ရတုပိုဒ်စုံနှင့် လေးချိုးကြီး ပါရှိပါသည် ဟူ၍ ဖြစ်လေသည်။ ထိုဆောင်းပါးကို ချေပသည့်သဘောဖြင့် ၁၉၆၉ ခုနှစ်၊ ဇွန်လ၊ ၂၁ ရက်နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်တွင် **မှော်ဘီဆရာသိန်းနှင့် ဘုန်းတော်ဘွဲ့ရတု** ဟု ခေါင်းစီးတပ်ကာ ဆောင်းပါးတစ်ပုဒ် ပါလာပြန်လေသည်။ ဒုတိယဆောင်းပါးရှင်က မှော်ဘီဆရာသိန်းသည် မြန်မာ့ရိုးရာအစဉ်အလာကို မြတ်နိုးသူ၊ မျိုးချစ်စိတ်ရှိသူဖြစ်ကြောင်း သက်သေအထောက်အထားများ တင်ပြကာ . . .

*"စီပီမဂ္ဂဇင်းတွင် ဖော်ပြသော ဘုန်းတော်ဘွဲ့ရတုမှာ ဆရာသိန်းကြီး စပ်ဆိုခြင်း မပြုသည်မှာ ထင်လင်းသိသာနိုင်ပေပြီ။ သို့သော် စောဒနာတက်စရာ အကြောင်းရှိ၏။ ဆရာသိန်းကြီး၏ အမည်ဖြင့် ဘုန်းတော်ဘွဲ့မှာ မဂ္ဂဇင်း၌ ပုံနှိပ်ထားပါလျက် အဘယ်ကြောင့် ဆရာကြီးစာ မဖြစ်နိုင်ပါသနည်း။ ပုံနှိပ်လောက၏အမှား ထုတ်ဝေသူတို့၏ ကျင့်ကြံတတ်သော အမှားမျိုးတွင် သက်ဝင်လိမ့်မည်ဟုသာ ဆိုလိုက်ချင်ပါသည်"*

ဟု ဆောင်းပါးအဆုံးသတ်လိုက်လေသည်။ အမှန်စင်စစ် မှော်ဘီ ဆရာသိန်းမှာ မြန်မာ့ဓလေ့ထုံးစံကို လေးစားမှု အလွန်ကြီးပါ၏။ စာဟောင်းပေဟောင်းများကို တကူးတကန့် ဒုက္ခခံရှာဖွေ စုဆောင်းတတ်သဖြင့်

မြန်မာမှုတွင် မှီခို လဲလျောင်းရသူလည်း ဖြစ်လေသည်။ သို့ရာတွင် သူ့ခေတ်က အချို့ပညာရှိနည်းတူ တိုင်းတစ်ပါးမင်း၏ ဘုန်းတော်ဘွဲ့ ရေးသားရာတွင်လည်း ပါဝင်ခဲ့ပါ လေသည်။

မှော်ဘီဆရာသိန်းသည် . . .

ဘုန်းရောင်ပြန့်ကျယ်၊ ပြုန်းအောင်ခန့်ရွယ်၊ ပုန်းယှောင်လန့်ကွယ် ချီ ဘုန်းတော်ဘွဲ့ရတုနှင့်

"အံ့ဘို့သာ ထွန်းတော့တယ်၊ ကျွန်းကျွန်းရှိ နိုင်ငံကို၊ ပိုင်ပိုင်းစံအုပ်စိုးတဲ့၊ တန်ခိုးတော်အရှိန်တင့်ပါဘိ သိန်မြင့်ဟုန်" စသော ဘုန်းတော်ဘွဲ့ လေးချိုးကြီးတို့ကိုသာ ရေးစပ်ခဲ့သည် မဟုတ်ဘဲ. . .

အင်းစိန်မြို့တွင် (မြန်မာ) သက္ကရာဇ် ၁၂၇၃ ခု၊ နတ်တော်လ ပြည့်ကျော် ၂ ရက်၊ ကြာသာပတေးနေ့ ဇေယျာဘိသေက မင်္ဂလာသဘင် ကျင်းပရာ ဇာတ်သဘင်သည်တို့ဆိုရန် . . .

"အောင်ဩဘာ ခြိမ့်ခြိမ့်မွန်းပါလို့ အောင်စေသွန်း၊

အောင်ဇေယျာအောင်ပန်းတော် အောင်မင်္ဂလာပ၊

အောင်သမ္ဘာ အောင်စည်နှိုးတယ် ဘုန်းတော်ထိပ်မိုး"

စသော ဂျော့ဘုရင်မင်းမြတ် ဘုန်းတော်ဘွဲ့ စည်တော်သံလည်း စီကုံး ရေးသားခဲ့သည်ကို ဦးကျော်ထွန်းတည်းသော မြန်မာစာညွန့်ပေါင်းကျမ်း စတုတ္ထတွဲတွင် တွေ့နိုင်လေသည်။

ထို့ကြောင့် စာများအရ ပေါ်လွင်နေသည်မှာ လူတစ်ဦးတစ်ယောက်၏ အတွင်းသန္တာန်၌ အကောင်းသက်သက် သော်လည်းကောင်း၊ အဆိုး သက်သက် သော်လည်းကောင်း မရှိ။ လူတစ်ဦးတစ်ယောက်သည် အမြဲတစ်သမတ်တည်း အားမာန်ရှိမနေ။ အမြဲတစ်သမတ်တည်းလည်း မပျော့ညံ့။ အကောင်းနှင့်အဆိုး မာကွက်နှင့် ပျော့ကွက် ရောပြွမ်းလျက်သာ ရှိတတ်လေသည်။ အကောင်းများရာကိုလိုက်၍ မာကွက်များရာကို လိုက်၍ ကောင်းသည် ကြံ့ခိုင်သည် ဆိုရလေသည်။

အထက်ပါ သာဓကတွင် လုပ်သားပြည်သူ နေ့စဉ်မှ ဒုတိယဆောင်းပါး ရှင်သည် ပုဂ္ဂိုလ်စွဲကြောင့်၊ ပုံသေမှတ်ယူချက်ကြောင့် မှော်ပီဆရာသိန်း လုပ်ခဲ့သည်ကို မလုပ်ခဲ့သယောင် မှားယွင်းခြင်း ဖြစ်ခဲ့ရလေသည်။

အတ္ထုပ္ပတ္တိ အရေးအသားတွင် အချက်အလက် မှန်ရမည်မှာ. . . (က)ပိုင်းအရ လိုအပ်ချက် ဖြစ်လေသည်။ (ခ)ပိုင်းမှာမူ ရသစာပေတွင် အကျုံးဝင်လေသည်။ (ခ)ပိုင်းကို သုံးသပ်ပါဦးအံ့။

အတ္ထုပ္ပတ္တိအရေးအသားတွင် အချက်အလက် မှန်သည်၊ အကြောင်း ခြင်းရာ အမှန်တင်ပြသည် ဆိုရုံဖြင့်မပြီး။ ငယ်ရွယ်စဉ်ကာလမှ အရွယ် ကြီးပြင်းလာသည့်အထိ ကြီးရာမှ သေသည်အထိ ဖြစ်စဉ် သက်သက် တင်ပြရုံဖြင့် မလုံလောက်။

ကာလဒေသနောက်ခံ ခင်းကျင်း၍ ပုဂ္ဂိုလ်၏ ကိုယ်အမူအရာ၊ နှုတ် အမူအရာ၊ စိတ်နှလုံးအမူအရာ (အကောင်းအဆိုး)ကို မျှမျှတတ တင်ပြ နိုင်မှသာ ရုပ်လုံးပေါ်သည်။ အလုံးအရပ် ထွက်သည်။ စာဖတ်သူ ဘဝင် ခိုက်သည်။ ယထာဘူတ ကျသည်။ ထိုအင်္ဂါရပ်များ ပြည့်စုံသော အတ္ထုပ္ပတ္တိသာလျှင် အတ္ထုပ္ပတ္တိပီ၍ ရသဘောင် ဝင်သည်ဟု သတ်မှတ်ကြ လေသည်။ ထိုအခါ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအဖို့ မထောင်းတာလှ။ သူတစ်ပါးအကြောင်း ရေးမည်ဆိုလျှင်ကား ထိုသူကို အစင်းသိ ဖြစ်နေရန် လိုလေသည်။ ဤသည်မှာ ခဲယဉ်းသော အလုပ်ပါပေ။ သူတစ်ပါးကို သိသည်မှန်၏။ သူ့စိတ်သန္တာန်အတွင်း မဝင်နိုင်။ ရံခါ သူ ဘာလုပ်သည် ကို မမြင်။ ရံခါ သူ ဘာပြောသည်ကို မကြား။ သိကြားသည် မှန်စေဦး လိပ်ပတ်လည်အောင် နားလည်ခွင့်မရ။ သို့တည်းမဟုတ် စာအရေးအဖွဲ့ တွင် အံဝင်ခွင်ကျ ထည့်နိုင်ရအောင် သိရခဲ ကြားရခဲသည်။

တစ်ဖန် မိမိရေးရမည့် အတ္ထုပ္ပတ္တိရှင်၏ ဘဝဖြစ်စဉ်သည် နှစ်ကာလ ကြာပြီ ဆိုပါစို့။ ကာလတာ ကွာဝေးလေလေ မျက်မြင်ကိုယ်တွေ့ စာ အထောက်အထား၊ တစ်ဆင့်ခံ စာအထောက်အထား၊ လူပြောသူပြော

အထောက်အထားသည် ရှားပါးလေလေ ဖြစ်သည်။ ဘဝဖြစ်စဉ်တွင် ကြားလပ်မှုတွေ များလေလေ ဖြစ်သည်။

ထိုအခါ အတ္ထုပ္ပတ္တိ ရေးသူသည် စိတ်ကူးဉာဏ်သုံးရန် အရေးပေါ်လာတော့သည်။ တစ်ခုရှိ၏။ အတ္ထုပ္ပတ္တိရှင်သည် ဝတ္ထုထဲက ဇာတ်ဆောင် မဟုတ်၍ အတ္ထုပ္ပတ္တိရေးသူအဖို့ သူ့လူကို ကိုင်ချင်တိုင်းကိုင်၍၊ ရွှေ့၍မရ e biographer is an artist upon oath ဟု အင်္ဂလိပ်စာပေ ဝေဖန်ရေး ပညာရှင် ဒက်စမွန်မက်ကားသီး(Desmond Mc.Carthy)က ဆိုခဲ့သည့်အတိုင်း အမှန်တရားကို ဦးထိပ်ပန်၍ ဖန်တီးရလေသည်။ ဖန်တီးရာ၌ ကာလဒေသအဖွဲ့၊ အတ္ထုပ္ပတ္တိရှင်၏ စရိုက်သဘာဝအဖွဲ့ စသည်ကို မတိမ်းမစောင်းရအောင် စီမံရလေသည်။ တစ်နည်းဆိုသော် အထောက်အထားလာ စကားပြောခန်း ကျဉ်းကျဉ်းကို စည်းမလွတ်စေဘဲ ချဲ့ရတတ်သည်။ ကာလဒေသ အခင်းအကျင်းကို အသင့်ယုတ္တိပါအောင် ထည့်ပေးရတတ်သည်။ လူ့အမူအရာကို အသေးစိတ် မွမ်းမံရတတ်သည်။

သူရိယ ဦးသိမ်းမောင်သည် **မဟာဗန္ဓုလ** အတ္ထုပ္ပတ္တိကို ပြုစုခဲ့ပါ၏။ ထိုစာအုပ်၌ အမေရိကန်နှစ်ခြင်း သာသနာပြုဆရာ ဒေါက်တာဂျပ်ဆင်နှင့် တကွ အခြားအင်္ဂလိပ်၊ အမေရိကန်သား သုံးလေးယောက်သည် မြန်မာ အင်္ဂလိပ် စစ်အတောအတွင်း အဖမ်းခံရသဖြင့် ဒေါက်တာဂျပ်ဆင်၏ မိန်းမ အန်ဂျပ်ဆင်က မင်းကြီး မဟာဗန္ဓုလထံ သွားရောက်တွေ့ဆုံ၍ အကျဉ်းသားများကို လွှတ်ပေးရန် တောင်းပန်ပုံအခန်း ပါလေသည်။ ပါပုံမှာ. . .

တစ်နေ့သောအခါ စစ်သူကြီး မဟာဗန္ဓုလ၏ အိမ်တော်သို့ မျက်နှာဖြူ အမျိုးသမီးတစ်ယောက်သည် နို့စို့အရွယ်ကလေးငယ်ကို ပွေ့ပိုက်ကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဝင်လာသည်ကို အတွင်းဝန်တစ်ဦးက မြင်၍ ဆီးကြို မေးမြန်းပြီး စစ်သူကြီး ဗန္ဓုလအား ဆက်သရန် ထုတ်ပေးသော စာလွှာကို ယူ၍ ဗန္ဓုလရှေ့ဝယ် အများကြားနိုင်လောက်အောင်ပင်

ဖတ်ပြ၏။ အကျိုးအကြောင်းကို သိရလျှင် စစ်သူကြီး မဟာဗန္ဓုလသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော မျက်နှာဖြူအမျိုးသမီးအား ခေါင်းညိတ်၍ ခေါ်ပြီးလျှင်. . .

"ကျွန်ုပ် - အင်္ဂလိပ်နှင့် တိုက်ရန် ဧည့်ဝတီကြောင်းချီရာ ခေတ္တဆင်ဖြူကျွန်းမှာ တပ်စခန်းချရပ်နေစဉ်က ကျွန်ုပ်တပ်မှ ကင်းများ စစ်ဆေးခြင်းခံရတဲ့ ဆရာကတော်ပဲ မဟုတ်လား" ဟု မေးလေ၏။

**ဆရာကတော်။ ။** မှန်ပါတယ်။ ကျွန်တော်မနှင့် ကျွန်တော်မ ယောကျ်ား မစ္စတာဂျပ်ဆင် (Mr.Judson) တို့ကို အရှင်၏ တပ်မှ စစ်ဆေးခြင်းခံရပါသည်။ ဘုရင်မင်းမြတ် အမိန့်စာကိုပြမှ ဆက်လက်သွားခွင့်ပြုကြလို့ အဝနေပြည်တော်ကို အနှောင့်အယှက်မရှိဘဲ ရောက်ရပါတယ်။ ယခု မစ္စတာဂျပ်ဆင် အကျဉ်းခံရနေတဲ့ ကိစ္စအတွက် လာပါတယ်။ လျှောက်လွှာထဲမှာလည်း ထိုအကြောင်းပါရှိပါတယ်။

**ဗန္ဓုလ။** ။ သူလျှိုရယ်လို့ မသင်္ကာတဲ့အတွက် အဖမ်းခံရတဲ့ အခြားကုလားဖြူများက ဘာလူမျိုးတွေလဲ၊ အမည်ဘယ်လိုခေါ် သလဲ။

**ဆရာကတော်။ ။** ဂေးဂျား(Gouger) ဆိုသူရယ်၊ လဲယပ်(Laird) ဆိုသူရယ်၊ ရောဂျား(Roger) ဆိုသူရယ်၊ ဒေါက်တာပရိုက်စ် (Dr.Price) ဆိုသူရယ် ပေါင်း ၅ ယောက် ဖြစ်ပါတယ်။ ပထမသုံးယောက်က အင်္ဂလိပ်လူမျိုးများ ဖြစ်ပါတယ်။ နောက်နှစ်ယောက်က အမေရိကန်လူမျိုးများ ဖြစ်ပါတယ်။ အကျဉ်းမှလွှတ်ရန် စစ်သူကြီးမင်း၏ အကူအညီကို မျှော်လင့်အားထားပြီး လာပါတယ်။

**ဗန္ဓုလ။** ။ ကလေးငယ်နဲ့မို့ ဆရာကတော်ကို သာပြီးသနားလာတယ်။ အကူအညီလည်း ပေးလိုပါတယ်။ သို့ပေမယ့် ဆရာကတော် သိတဲ့အတိုင်း အင်္ဂလိပ်နဲ့ စစ်ဖြစ်နေတဲ့ အတွင်းမှာ သူလျှိုရယ်လို့ မသင်္ကာလို့ ချုပ်နှောင်ထားသူကို လွှတ်ဖို့ရာ ခဲယဉ်းနေတယ်။

**ဆရာကတော်။ ။** အင်္ဂလိပ်နဲ့ စစ်ဖြစ်နေလို့ အင်္ဂလိပ်အကျဉ်းသမားများ

အတွက် မကူညီနိုင်စေကာမူ အင်္ဂလိပ်နဲ့ မဆိုင်တဲ့ အမေရိကန်လူမျိုးများကို လွှတ်ဖို့ရာ ဖြစ်နိုင်လိမ့်လို့ မျှော်လင့်ပါတယ်။ တရားဟော သာသနာပြုဆရာများဖြစ်လို့လည်း စစ်မှုရေးရာနဲ့ မဆိုင်လို့ စစ်သူကြီးမင်းက အကူအညီပေးရန် ခဲယဉ်းလိမ့်မယ်လို့ မထင်ပါ။

**ဗန္ဓုလ။** ။ စစ်မှုရေးရာနဲ့ မဆိုင်ဘူးလို့ဆိုတာ ဆရာကတော်ပြောတဲ့စကားမျှ ဖြစ်တယ်။ ကျွန်ုပ်တို့ ယခုအခါ ကိုယ့်အမျိုးသား မြန်မာလူမျိုးက လွှဲလျှင် ဘယ်သူ့ကိုမျှ မယုံကြည်နိုင်သောအခါ ဖြစ်နေတယ်။ နောက်ပြီး အင်္ဂလိပ် အမေရိကန်ဆိုတာ လူမျိုးကွဲတယ်သာဆိုရတယ် ဘာသာ၊ အယူဝါဒ၊ ပြောဆိုတဲ့စကား၊ ရေးတဲ့စာနှင့် အဝတ်အစားမှစ၍ အားလုံး အတူတူပဲ ဖြစ်တယ်။ အမေရိကန်ဆိုတာလည်း စင်စစ်တော့ တစ်နိုင်ငံမှာ သွားနေကြတဲ့ အင်္ဂလိပ် အဆက်အနွယ်တွေပဲလို့ ကြားဖူးတယ်။

**ဆရာကတော်။** ။ နို့ပေမယ့် ကျွန်တော်မတို့မှာ ဒီအရေးကိစ္စမှာ ဘာမျှ အဆက်အသွယ် မရှိကြောင်း အမှန်ပါ။

**ဗန္ဓုလ။** ။ အဆက်အသွယ် ကင်းတယ်ဆိုတာ ယုံရမှာက ဆရာယုဒသန်ကို ဖမ်းဆီးပြီးနောက် ဆရာကတော်တို့အိမ်ကို ဝင်ရောက်ရှာဖွေစဉ်က စာတွေ ဆုတ်ဖွဲ့ပြီး မီးရှို့ထားတာ တွေ့ရတယ်လို့ ကျွန်ုပ် နေပြည်တော်ကို ပြန်ရောက်စက ရွှေမြို့တော်ထံမှ အစီရင်ခံလွှာမှာ ပါလာတာ တွေ့မြင်ဖတ်ရှုရတယ်။ ဒါကို ဘယ်လိုချေဆိုဦးမလဲ။ ဆရာကတော်မှာ မိန်းမသားဖြစ်ပြီး ကလေးကလည်း ငယ်ငယ်နှောင်းနှောင်းမို့ အကျဉ်းချမထားတာကို ညှာတာခြင်းလို့ ယူဆရမယ်။ သို့သော်လည်း ဆရာယုဒသန်ကို လက်မလွှန်ရအောင် ကျွန်ုပ် သတိပြုလိုက်မယ်။ လွှတ်ဖို့ မလွှတ်ဖို့ကိစ္စမှာ ကျွန်ုပ် ရန်ကုန်က အင်္ဂလိပ်ရန်ကို တွန်းလှန်ပြီး ပြန်လာမှ အပြစ်ရှိမရှိ စစ်ဆေးပြီး စဉ်းစားနိုင်မယ်။ ဒါပါပဲ. . . ဆရာကတော် ပြန်နိုင်ပါပြီ. . .

ဟူ၍ ဖြစ်လေသည်။

ထိုအခန်းသည် အန်ဂျပ်ဆင်၏ မှတ်တမ်း Memoir of Mrs.

Judson ကို မှိုင်ငြမ်းပြုထားခြင်း ဖြစ်ပါ၏။ ထိုမှတ်တမ်းလာ အဓိက စာကိုးမှာ အောက်ပါအတိုင်းပင်။

With fear and trembling I approached him, while surrounded by a crowd of flatterers; and one of his secretaries took the petition and read it aloud. After hearing it, he spoke to me in an obliging manner - asked several questions relative to the teachers said he would think of the subject and bade me come again.

(နောက်လိုက်များ ခြံရံလျက်ရှိသော မဟာဗန္ဓုလအနီးသို့ ကျွန်မ တုန်တုန်ခိုက်ခိုက် ချဉ်းကပ်ပါသည်။ ထိုအခါ အတွင်းဝန်စာရေးတစ်ဦးက လျှောက်လွှာကိုယူ၍ ကျယ်လောင်စွာ ဖတ်ပြပါသည်။

ပြီးသော် မဟာဗန္ဓုလသည် ကျွန်မကို လိုက်လိုက်လျောလျော စကား ပြောပါသည်။ ဆရာများအကြောင်းနှင့်စပ်၍ များစွာ မေးပါသည်။ ထို့နောက် သူ စဉ်းစားပါမည်။ ပြန်လာပါဦး ဟု မှာပါသည်)

ဤတွင် **မဟာဗန္ဓုလ** အတ္ထုပ္ပတ္တိစာအုပ်လာ စကားပြောခန်း၌. . .

(က) စောစောက ဆင်ဖြူကျွန်း တပ်စခန်းဝယ် ဒေါက်တာ ဂျပ်ဆင် တို့ကို ဗန္ဓုလ၏ ကင်းတပ်က စစ်ဆေးဖူးသည့် ကိစ္စပါ ပါ၏။

(ခ) အကျဉ်းခံရသူ အင်္ဂလိပ် သုံးယောက်၊ အမေရိကန် နှစ်ယောက် ကိစ္စပါ ပါ၏။

(ဂ) အမေရိကန်နှင့် အင်္ဂလိပ်တို့ လူမျိုးချင်း မတူသည့် ကိစ္စပါ ပါ၏။

(ဃ) ဒေါက်တာဂျပ်ဆင်ကို ဖမ်းပြီးနောက် အိမ်ကို ရှာဖွေစဉ်က စာတွေ ဆုတ်ဖဲ့ ဖျက်ဆီးထားသည့် ကိစ္စပါ ပါ၏။

(င) အကျဉ်းသားများ လွတ်ရေးကို မဟာဗန္ဓုလ စဉ်းစားကြည့်မည့် ကိစ္စပါ ပါ၏။

ထိုကိစ္စအားလုံးသည်လည်း အန်ဂျပ်ဆင်၏ မှတ်တမ်းနေရာ အသီးသီးတွင် တိတိလင်းလင်း ဖြစ်စေ၊ ရိုးတိုးရိပ်တိတ်ဖြစ်စေ ပါပြီးသား

ဖြစ်လေသည်။ ထို့ကြောင့် ဦးသိမ်းမောင်၏ စာအုပ်မှ အန်ဂျပ်ဆင်နှင့် မဟာဗန္ဓုလ စကားပြောခန်းတွင် အထက်ပါကိစ္စများပါ ပါဟန် စပ်ဟပ် ဖွဲ့စည်း ထားသည်မှာ လက်ခံနိုင်ကောင်းစရာ ရှိ၏ဟု ယူဆမိပေသည်။

ဒေါ်အမာ၏ **ပြည်သူချစ်သော အနုပညာသည်များ** စာအုပ်တွင် ဇာတ်မင်းသမီး မထွေးလေးအကြောင်း ပါလေသည်။ မထွေးလေး အကြောင်းတွင် ပဏ္ဍာစာရီရှူးခန်း သရုပ်ဆောင် ကောင်းလှကြောင်းကို အောက်ပါအတိုင်း ဖွဲ့နွဲ့ခဲ့လေသည်။ မထွေးလေးခင်းသည့် ပဏ္ဍာဇတ်၌ သားနှစ်ယောက်လုံးကလည်း သေ၊ လင်သည်ကလည်း မြွေပေါက်သဖြင့် ဆုံးပြန်သောကြောင့် သားသေလင်ဆုံး လူလုံးမလှမပဖြင့် မိဘရပ်ဌာန် ပြန်၍လာသည်။ မိဘတို့၏ မြို့အဝင်၌ ရပ်ရွာထဲမှ အသိ အဘိုးကြီး နှစ်ဦးနှင့် လမ်းတွင်တွေ့သည်။ တွေ့သည့်အခါ ပဏ္ဍာက . . .

"ဘကြီးတို့ ဘယ်ကလာကြသတုန်း၊ အမေတို့ အဖေတို့ နေကောင်းကြရဲ့ မှတ်လား" ဟု မေးသည်။ အသိများက. . .

"ဟဲ့. . . အမယ်၊ နင် ပဏ္ဍာ မဟုတ်လား၊ နင် ဘာမှမသိဘူးပ နော်. . ."

"မသိပါဘူး ဘကြီးရဲ့။ အမေတို့ အဖေတို့ နေကောင်းကြရဲ့မှတ်လား တော့"

"ဩော်. . . ပဏ္ဍာ. . . ပဏ္ဍာ တို့ အခု အသုဘက မီးသဂြိုဟ်ပြီး ပြန်လာခဲ့တာ။ မနေ့ညက လေကြီးမိုးကြီးကျလို့ တိုက်ပြိုတာနဲ့ နင့်အမေရော၊ နင့်အဖေရော၊ နင့်မောင်ကလေးရော သုံးယောက်စလုံး တိုက်ပိသေရှာကြတယ်။ ဟော. . . ဟိုက မီးခိုးဟာ သူတို့သုံးယောက်ကို မီးသဂြိုဟ်တဲ့ မီးခိုးပဲကွဲ့"

"ဘယ့်နှယ်. . . ဘာဖြစ်တယ် ဘကြီး" ဟု ပဏ္ဍာစာရီ မထွေးလေးက မေးရုံသာ မေးပြီးတော့ မီးခိုးဆီသို့ ကြည့်လိုက် အဘိုးကြီးနှစ်ဦး မျက်နှာကို ကြည့်လိုက်နှင့် လုပ်ရင်း အလုံးဆို့လာသလို မျက်လုံးက ပြူး၍ ပြူး၍ လာသည်။ ထို့နောက် မျက်ရည်တွေ တကယ်တမ်း အပေါက်အပေါက်

ကျလာသည်။ ဤတွင် တစ်ပွဲလုံးက မထွေးလေးကိုကြည့်၍ ငိုရတော့သည်။ အဘိုးကြီးနှစ်ဦးက "ဟဲ့. . . ပဉ္စာ သတိထားပါကွယ်" ဟု အဆိုလိုက်တွင် "ဘာတုန်း" ဟု ပဉ္စာက မျက်ရည်တန်းလန်းနှင့် ပြုံးစေ့စေ့လုပ်လာပြီး စိတ်ဖောက်ပြန်စ ပြုလာသည်။ ထိုနောက်တွင်ကား အဘိုးကြီးနှစ်ဦးကို တို့လားဆိတ်လားနှင့် သစ္စာထားလိုထား၊ ပေါက်ကရ အရူးသီချင်းတွေဆို၍ ကလိုက။ လူပြက်တွေကို ပုဆိုး လိုက်ချွတ်လိုချွတ်။ နှပ်နှင့်ပက်လိုပက်။ သွက်သွက်ခါအောင် ရူးတော့သည်။ မထွေးလေး၏ ရူးခန်းအမူရာမှာ ကောင်းလွန်းလှ၍ ဘယ်လိုလူမျိုးမှ မခံနိုင်ဘဲ ရင်ထုမနာဖြစ်ကာ ငိုကြရသည်။

ရူးနေရာက အဘိုးကြီးတွေ ဖျောင်းဖျ၍ ချော့မော့သည့်အခါ "ကျွန်မသတိရပါတယ်ရှင်"ဟုဆိုကာ ကျကျနန ငိုချင်းများဆို၍ အဟုတ်ငိုပြန်သည်။ မထွေးလေး၏ ရူးလိုက် ငိုလိုက်အခန်းသည် တစ်ပွဲလုံး သိမ့်သိမ့်ခါမျှ ခံစားရသော အခန်းဖြစ်သည်။

ဒေါ်အမာသည် ဇာတ်မင်းသမီး မထွေးလေးကို မမီလိုက်။ သို့ရာတွင် မထွေးလေးကို မီလိုက်သူများထံမှ ပဉ္စာဇာတ်ခင်းပုံကို တစ်စွန်းတစ်စနားထောင်ရလေသည်။ ထိုတစ်စွန်းတစ်စ အမှတ်အသားကိုပင် ချဲ့ထွင်၍ဤစာအုပ်တွင် ပုံဖော်ထားသည်ဖြစ်ရာ 'မထွေးလေး သည်လိုပဲ ရူးပေလိမ့်မည်' ဟု စာဖတ်သူက ယုံကြည်နိုင်လေသည်။ အသင့်ယုတ္တိရှိသော အဖွဲ့ပါပေ။

ဤသည်မှာ စိတ်ကူးဉာဏ်သုံး၍ အတ္ထုပ္ပတ္တိ အသက်ဝင်လာအောင် ကြိုးပမ်းချက်များ ဖြစ်သည်။ သို့ရာတွင် စိတ်ကူးဉာဏ်ဆိုသည်မှာ အတိုင်းအရှည်နှင့် သုံးရသည်။ စိတ်ကူးရှိတိုင်း လွှတ်ပေးလိုက်ပါက တစ်ဖက်စွန်းသို့ ရောက်သွားပေလိမ့်မည်။ ထိုအခါ အတ္ထုပ္ပတ္တိရှင်ဟာ ဤအတိုင်းဖြစ်မှဖြစ်ကဲ့လားဟူသော သံသယမျိုး စာဖတ်သူ၌ ဝင်လာနိုင်လေသည်။ လူ့စရိုက်သဘာဝ ကာလဒေသစသည်တို့ အဆက်အစပ် မမှန်၍ အသင့်

ယုတ္တိ ကင်းမဲ့သွားနိုင်လေသည်။ ရလဒ်ကား အတ္တုပ္ပတ္တိကို ဖတ်၍ ယထာဘူတကျအောင် မကြည့်နိုင်၊ မမြင်နိုင်ခြင်း ဖြစ်တော့သည်။

ကာလဒေသနှင့် စပ်၍ ယထာဘူတ မကျပုံ သာဓကဆောင်ရဦးမည်။ ၁၈၇၁ ခုနှစ်ကာလသည် မြန်မာနိုင်ငံ အလယ်ပိုင်း တောကျောင်းသရက် အထိ အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းပိုက်ပြီးနောက် နှစ်ပေါင်း၂၀ ခန့် အကြာ ကာလ ဖြစ်လေသည်။ အင်္ဂလိပ်ပိုင် မြန်မာနိုင်ငံကိုလည်း မဟာဝန်ရှင် တော် မင်းကြီးက အုပ်စိုးနေလေသည်။ ထိုနှစ်တွင် ရွှေတိဂုံစေတီတော်၌ ထီးသစ်တင်ပွဲ လုပ်လေသည်။ ထီးသစ်တင်သူမှာလည်း အထက်မြန်မာ နိုင်ငံမှ မင်းတုန်းမင်း ဖြစ်လေသည်။ ထီးတင်ပွဲကား ကြက်ပျံမကျ စည်ကား လှပေ၏။

ဤတွင် သခင်ဘမောင်၏ **ဆရာကြီးသခင်ကိုယ်တော်မှိုင်း တင်စား ပြောကြားခဲ့သည့် ပုံပြင်များ** စာအုပ်အဆိုအရ ထီးတင်ပွဲကျင်းပသည့် နေ့မှာပင် အိန္ဒိယဘုရင်ခံချုပ်သည် သင်္ဘောဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာလေသည်။ ထိုအခါ ဘုရင်ခံချုပ်အား မဟာဝန်ရှင်တော် မင်းကြီး အိမ်ဝင်းအတွင်းတွင် လည်းကောင်း၊ ရွှေတိဂုံစေတီတော်ကြီးနှင့် မလှမ်းမကမ်းရှိ ကန်တော်ကြီးတွင် လည်းကောင်း၊ ကုန်းပွဲရေပွဲများဖြင့် ကြိုဆိုဧည့်ခံကြလေသည်။ သို့ရာတွင် ဧည့်ခံပွဲလာ ပရိသတ် အခြေအနေ မှာ ထီးတင်ပွဲလာ ရှင်လူပရိသတ်၏ ၅၀ ပုံ တစ်ပုံမျှပင် မရှိ။ ကြက်ပွဲ ငှက်ပွဲ ပမာဏသာ ရှိလေသည်။ ထိုပမာဏ ရှိရသည့် အကြောင်းမှာ ဘုရင်ခံချုပ် ကြိုဆိုဧည့်ခံပွဲ တက်ရောက်သူများသည် မရှောင်သာသည့် မှုထမ်းရာထမ်း၊ မရှောင်သာသည့် မြို့သူမြို့သားများ ဖြစ်နေသောကြောင့် ပင်။ ဤသည်နှင့် ဆန့်ကျင်ဘက်ကား ရွှေတိဂုံစေတီတော် ထီးတော်တင်ပွဲ တွင် ရှင်ရောလူပါ တိုးမပေါက်အောင် စည်ကားလှခြင်း ဖြစ်လေသည်။ ဘုရင်ခံချုပ်သည်လည်း အရှက်ရ၍ မကြာမီ ရန်ကုန်မှ ပြန်လေသည်။ စာအုပ်အဆိုကို ကြည့်လျှင် ထိုအဖြစ်အပျက် ထိုရှုခင်းသည် မြန်မာများ

အဖို့ ဂုဏ်ယူစရာ ဇာတိမာန်တက်စရာ ဖြစ်ကြောင်း တွေ့ရလေသည်။ သို့ရာတွင် ယထာဘူတ မကျချေ။ အကြောင်းမှာ ထီးတင်ပွဲလုပ်သည့်နေ့များသည် ခိုင်လုံသော အထောက်အထားအရ ၁၈၇၁ ခု၊ နိုဝင်ဘာလ၊ ၂၁၊ ၂၂၊ ၂၃ရက်နေ့များဖြစ်၍ ရန်ကုန်သို့ ဘုရင်ခံချုပ် ရောက်သောနေ့သည် ခိုင်လုံသော အထောက်အထားအရ ၁၈၇၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက်နေ့ ဖြစ်လေသောကြောင့်တည်း။

သာဓကတစ်ခု ထပ်၍ ပြရဦးမည်။

သိန်းဖေမြင့်ရေးသားသော **ဆရာလွန်း၏** အတ္ထုပ္ပတ္တိ စာအုပ်တွင် ကလေးအရွယ်မောင်လွန်းကို ဖခင်ဖြစ်သူ ဦးစံဒွန်းက စာသင်ပေး သီချင်းသင်ပေးပုံ၊ သူ စာရ၍ ဦးစံဒွန်းက သရက်သီးမှည့်နှစ်လုံး ဆုချပုံ၊ ထိုအတောအတွင်း သူတောင်းစားတစ်ယောက် ရောက်လာတောင်းလေသဖြင့် မောင်လွန်းက သရက်သီးတစ်လုံးနှင့် ဆန်တစ်စလယ် ပေးစွန့်လိုက်ပုံ ပါလေသည်။

ထိုအရေးနှင့် စပ်၍ စဉ်းစားစရာများ ပေါ်လာ၏။ မြန်မာ့ရိုးရာဓလေ့ထုံးစံတွင် သားသမီးကို မိဘက ဓားမဦးချ စာစသင်ပေးတတ်လေသည်။ ထို့ကြောင့် မောင်လွန်းကို စာသင်ပေးခြင်း၊ သီချင်းသင်ပေးခြင်းအမှုသည် စာရေးသူ က အတ္ထုပ္ပတ္တိရှင်ထံမှ ကြားခဲ့ရသည် ဖြစ်စေ၊ ယေဘုယျကျင့်လေ့ ရှိသောကြောင့် ဖြစ်စေ မဟုတ်ဘူး၊ မဖြစ်ဘူးဟူ၍ သံသယဝင်ဖွယ် မရှိ။ ဤတွင် ဖခင်ဖြစ်သူက သားကို သရက်သီးမှည့် ဆုချပုံ၊ တစ်ဖန် သားမောင်လွန်းက သူတောင်းစားကို သရက်သီးထက်ဝက်နှင့် ဆန်တစ်စလယ် ထည့်လိုက်ပုံ တို့မှာမူ စိတ်ကူးဉာဏ်မှ ထွက်လာသည့် အချက်များ ဖြစ်ပါသည်ဟု စာရေးသူ သိန်းဖေမြင့်က ဝန်ခံလေသည်။ ထို့ပြင် သူတောင်းစားအား မောင်လွန်းက သရက်သီးမှည့် ပေးစွန့်သည့် တီထွင်မှုအတွက် ဤသို့ အကြောင်းပြလေသည်။ ၁၉၃၅ - ၁၉၃၆ ခုနှစ် တစ်ဝိုက် ဆရာလွန်းနှင့် သူ ခရီးထွက်ပြီး ကျောက်ပန်းတောင်း ခေါက်ဆွဲ

ဆိုင်၌ ကြာဖံကြော်စားကြစဉ် ဘေးက တောင်းသူ သက်ကြီးရွယ်အို တစ်ယောက်ကို ဆရာလွန်းက ကရုဏာ စေတနာဖြင့် ကြာဆံကြော် တစ်ဝက် ကျော်ကျော် ပေးခဲ့ဖူးသည်။ ထို့ကြောင့် ငယ်စဉ်ကတည်းကပင် ဆရာလွန်း၌ ကရုဏာစိတ် အပြည့်ရှိမည် သူ တွက်သည် ဟူ၏။

ဆိုသင့်ဆိုထိုက်ရာကို ဆိုရဦးမည်။ ဆရာလွန်း၏ ဘဝတစ်လျှောက် ပြည်သူလူထုအပေါ် ချစ်မြတ်နိုးသော အပြုအမူများကို လူအများမြင်တွေ့ နေခဲ့ကြမှာ မှန်ပေ၏။ သို့ရာတွင် ဆရာလွန်း၏ ကရုဏာစေတနာသည် ငယ်စဉ်ကတည်းကပင် ပြည့်စုံပြီးသား ဖွံ့ဖြိုးပြီးသားအဖြစ် စာရေးသူက ရေးဖွဲ့ခြင်းကား ကျိန်းသေ (အတိအကျ) လုပ်ထားသကဲ့သို့ ရှိလေသည်။ လူမည်သည် အကျင့်တစ်သမတ်တည်း မရှိတတ်။ လူ့အကျင့်စရိုက်သည် ဘဝအတွေ့အကြုံမှို၍ တစ်စတစ်စ တိုးတက်လာရလေသည်။ သို့တည်း မဟုတ် ဆိုးရာမှ ကောင်း၊ ကောင်းရာမှ ဆိုးတတ်လေသည်။ **ဆရာလွန်း၏ အတ္ထုပ္ပတ္တိ** တွင် အတ္ထုပ္ပတ္တိရှင်ကို စင်းလုံးချော သဘောပြည့်ပြီးသား ဖန်တီးမှုသည် လူ့စရိုက် သဘာဝနှင့် မညီ၊ ယထာဘူတမကျ၊ မိမိဆန္ဒ အလိုသို့ လိုက်လွန်းရာရောက်ပေသည်။

အချုပ်အားဖြင့် ဤစာတမ်းတွင် တင်ပြတိုက်တွန်းလိုသည်မှာ. . .

(က) အတ္ထုပ္ပတ္တိအရေးအသားတွင် အချက်အလက် မှန်အောင် ကြိုးပမ်းကြစေလိုပါသည်။

(ခ) ဂုဏ်ရသမြောက်အောင်လည်း ဖန်တီးကြစေလိုပါသည်။

(ဂ) ဖန်တီးရာတွင် အတ္ထုပ္ပတ္တိ ပီသရအောင် သတိသမ္ပဇဉ်နှင့်ယှဉ်၍ စိတ်ကူးဉာဏ် သုံးကြစေလိုပါသည်။

(ဃ) သို့မှသာ စာဖတ်သူ၌ ယထာဘူတကျ အမြင်မှန် အသိမှန် ရနိုင်စရာရှိသည်ဟူ၍ ဖြစ်လေသည်။

**စာအကိုးအကား**

**ကျော်ထွန်း၊ ဦး ။** မြန်မာစာညွှန့်ပေါင်းကျမ်း။ စတုတ္ထတွဲ။ ရန်ကုန်။

အစိုးရပုံနှိပ်တိုက်။ ၁၉၃၁။
**ဘမောင်၊ သခင်** ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တင်စား ပြောကြားခဲ့သည့် ပုံပြင်များ။ ရန်ကုန်၊ ဝင်းမော်ဦး စာပေဖြန့်ချိရေး။ ၁၉၆၇။
**မဟာမဓမ္မသင်္ကြံ** ။ သာသနာလင်္ကာရစာတမ်း။ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆။
**မင်းမွန်မွန်** ။ 'စီပီ မဂ္ဂဇင်း' လုပ်သားပြည်သူ့ နေ့စဉ်။ ဇွန်၊ ၉၊ ၁၉၆၉၊ စာ-၆။
**မြင့်ဆွေ၊ ဦး** ။ မြန်မာစာအုပ်သမိုင်းဦးနှင့် သမိုင်းအတွေ့အကြုံ။ ရန်ကုန်၊ မာယစာပေထုတ်ဝေရေး၊ ၁၉၇၂။
**လှဋ္ဌေး** ။ 'မှော်ပီဆရာသိန်းနှင့် ဘုန်းတော်ဘွဲ့ရတု' လုပ်သားပြည်သူ့ နေ့စဉ် ဇွန်၊ ၂၁၊ ၁၉၆၉။ စာ - ၅။
**ဝိနန္ဒာသဘာမထေရ်** ။ သီလဝိသောဓနီကျမ်း။ ရန်ကုန်၊ ဟံသာဝတီ သတင်းစာ ပုံနှိပ်တိုက်၊ မြန်မာ ၁၂၆၉။
**သိန်းဖေမြင့်** ။ သခင်ကိုယ်မှိုင်းအမည်ခံ ဆရာလွန်းအတ္ထုပ္ပတ္တိ။ တည်းဖြတ်သူ မြို့မဆရာဟိန်၊ ရန်ကုန်၊ ဂျိုးဖြူစာပုံနှိပ်တိုက်၊ ၁၉၅၃။
**သိမ်းမောင်၊ ဦး** ။ ဗန္ဓုလ စတုတ္ထအကြိမ်ပုံနှိပ်ခြင်း။ ရန်ကုန်၊ သံတော်ဆင့် ၁၉၄၈။
**အမာ၊ ဒေါ်** ။ ပြည်သူချစ်သော အနုပညာသည်များ။ ဒုတိယနှိပ်ခြင်း။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၄။
**အောင်ဘုန်း** ။ 'အနိုင်မခံ အရှုံးမပေး အိုးဝေအယ်ဒီတာတစ်ဦး'၊ အိုးဝေဂျာနယ်၊ အမှတ် ၂၃ (ဇူလိုင်၊ ၁၅၊ ၁၉၆၉)။ စာ - ၁၈။
**အတ္ထုပ္ပတ္တိစာပေ** ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။
Bowen, Catherine Drinker. *Biography: the Craft and the Calling*. Bostion; Little, Brown & Co., (c 1969).
Kendall, Paul Murray. *The Art of Biography*. N.Y;

Norton & Co., 1967.

Kennan, George F. "History as Literature." *American Journal,* vol I., no. 1 (June, 1961), pp 42-49.

Knowles, James D. *Memoir of Mrs. Ann H. Judson, Late Missionary to Burmah. Boston;* Lincoln & Edmonds, 1829.

Palgrave, Francis Turner, comp. *The Golden Treasury of the Best Songs and Lyrical Poems in the English Language.* London: O.U.P., 1950.

(၂-၄-၇၇ နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံသုတေသနအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် ဖတ်ကြားသော ဥက္ကဋ္ဌ ဦးသန်းထွတ်(ဆရာတိုက်စိုး)၏ မိန့်ခွန်းကို ဆရာကိုယ်တိုင် ပြန်လည် တည်းဖြတ်ပေးပါသည်)

# ဂန္ဓီအပေါ် ကြီးဇာလွှမ်းသော စာအုပ်များ

ပါရဂူ

အိန္ဒိယ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီသည် အဟိံသာနှင့် သစ္စာတရားကို အခြေခံလျက် လူမှုရေးနှင့် နိုင်ငံရေးများကို ဆောင်ရွက်လုပ်ကိုင်သွားခဲ့လေသည်။ အဟိံသာနှင့် သစ္စာတရားကို အခြေခံထားသော ဂန္ဓီ၏ အယူအဆ အတွေးအခေါ်များသည် ဂန္ဓီဝါဒ အဖြစ်ဖြင့် ကမ္ဘာ့နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားနေပေသည်။ ဂန္ဓီဝါဒသည် အိန္ဒိယနိုင်ငံအား နယ်ချဲ့လက်အောက်မှ လွတ်မြောက်စေခဲ့သည့် ဝါဒလည်း ဖြစ်ပေသည်။

အတွေးအခေါ် အယူအဆ တစ်ခုကို တွေးခေါ်ရာ၌ လည်းကောင်း၊ အလုပ်တစ်ခုခုကို လုပ်ကိုင်ရာ၌ လည်းကောင်း၊ ထိုတွေးခေါ်သူ၊ ထိုလုပ်ကိုင်သူသည် အခြားပယောဂ သို့မဟုတ် လှုံ့ဆော်မှုတစ်ခုနှင့် မကင်းတတ်ပေ။ ဂန္ဓီဝါဒ ဖြစ်ပွားပေါ်ပေါက်လာရာတွင်လည်း ထိုဝါဒ ဖြစ်ပေါ်လာအောင် ဂန္ဓီအား လှုံ့ဆော်အားပေးသည့် အရာများ ရှိပေသည်။ အဟိံသာနှင့် သစ္စာကို အခြေခံသည့် ဂန္ဓီဝါဒ ဖြစ်ပေါ်လာအောင် လှုံ့ဆော်အားပေးသည့် အရာများကား ဘာသာတရားများ၊ ဘာသာရေးကျမ်းဂန်များ၊ ပညာရှင်တို့၏ အရေးအသား အဆိုအမိန့်များ ဖြစ်လေသည်။

ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာတို့၌ ရှိသော အဟိံသာနှင့် သစ္စာအယူအဆများသည် ဂန္ဓီ၏အပေါ်၌ ဩဇာလွှမ်းမိုးခဲ့လေသည်။ 'နဟိဝေရေနဝေရာနိ' ရန်ကို ရန်ဖြင့် မတုံ့ပြန်နှင့်ဟူသော ဗုဒ္ဓ၏ မိန့်ဆိုချက်နှင့် 'အဟိံသာပရမောဓမ္မော' ဟူသော ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာတို့၏ မိန့်ဆိုချက်များသည် ဂန္ဓီ၏ အကြမ်းမဖက်ရေး လမ်းစဉ်အတွက် မူလမြစ်ဖျားခံရာများ ဖြစ်ကြပေသည်။ ဓမ္မပဒနှင့် ဘဝဂတ်ဂီတာတို့သည် ဂန္ဓီ၏အပေါ်တွင် ဩဇာသက်ရောက်မှု ရှိခဲ့လေသည်။

သမ္မာကျမ်းစာလည်း ဂန္ဓီအား လှုံ့ဆော်ခဲ့သည့် အရာတစ်ခု ဖြစ်သည်။ သမ္မာကျမ်းစာ၌ပါသည့် 'တောင်ထိပ်တရား' သည် ဂန္ဓီဝါဒကို မွေးထုတ်ပေးသည့် အရာတစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ တစ်ခါတုန်းက ဂန္ဓီ၏ အတ္ထုပ္ပတ္တိရေးသူတစ်ဦးက မေးမြန်းသည်ဖြစ်၍ ဂန္ဓီက ဤသို့ ပြန်ကြားဖြေဆိုဖူးသည်။

"အကြမ်းမဖက်သည့် တော်လှန်ရေး အတွေးအခေါ် အယူအဆကို ကျုပ် ပထမဦးဆုံး ဂူဂျရာတီ ကဗျာတစ်ပုဒ်က 'အကယ်၍ တစ်စုံတစ်ယောက်က သင့်ကို ရေတိုက်လို့ သင်က သူ့ကို ရေပြန်တိုက်တာမျိုးကတော့ ဘာမှ တန်ဖိုးမရှိဘူး။ ကျေးဇူးမဲ့ ပြုခြင်းရဲ့အစား ကျေးဇူးပြန်ပြုမှသာ ထူးခြားမှု ရှိတယ်" လို့ ဆိုထားတယ်။ ပြီးတော့ ကျုပ် သမ္မာကျမ်းစာထဲက 'တောင်ထိပ်တရား' အပိုင်းကို ဖတ်ရတယ်။ 'ရန်သူကို တုံ့ပြန်ခြင်း မပြုပါနှင့်၊ သင့်ညာဖက်ပါးကို ရိုက်လျှင် ဘယ်ဖက်ပါးကိုလည်း လှည့်ပေးလိုက်ပါ။ မိမိရန်သူအား မေတ္တာစိတ်ထားပါ' ဆိုတဲ့ အဆုံးအမမျိုးကို 'တောင်ထိပ်တရား' ထဲမှာ တွေ့ရတော့ ကျုပ် အထူးပီတိ ဖြစ်မိတယ်"

ဂန္ဓီ၏အပေါ်တွင် ဂျွန်ရပ်စကင်း၏ ဩဇာလည်း လွှမ်းမိုးခဲ့သည်။ ထိုအကြောင်းကို ဂန္ဓီကိုယ်တိုင်က သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၌ ထည့်သွင်းရေးသားထားလေသည်။ ၁၈၉၆ ခုနှစ်၌ ဂန္ဓီသည် နေတာသို့ အသွား လမ်းခရီးတွင် မိတ်ဆွေတစ်ဦးပေးလိုက်သည့် ဂျွန်ရပ်စကင်း၏

'အန်တူးသစ်စ်လာ့စ်တ်' အမည်ရှိ စာအုပ်ကို စိတ်ပါဝင်စားစွာဖြင့် ဖတ်လေသည်။ ထိုစာအုပ်ကို အလွန်တရာ နှစ်သက် သဘောကျသွားသည် ဖြစ်၍ သူသည် ဂူဂျရာတီ ဘာသာဖြင့်ပင် ဘာသာပြန်ဆိုခဲ့လေသည်။ ထိုစာအုပ်မှ အချက် ၃ ချက်ကို ဂန္ဓီက မှတ်သားထားလေ၏။

(၁)ပုဂ္ဂိုလ်တစ်ဦး၏ အကျိုးစီးပွားသည် ပုဂ္ဂိုလ်အားလုံး၏ အကျိုးစီးပွား၌ တည်ရှိနေသည်။

(၂) ရှေ့နေအလုပ်နှင့် ဆတ္တာသည် အလုပ်သည် အတူတူပင်ဖြစ်၏။ အကြောင်းမူကား လူတိုင်းလူတိုင်း ကိုယ့်အလုပ်ဖြင့် ကိုယ်အသက်မွေးဝမ်းကျောင်းနိုင်ခွင့် ရှိကြသောကြောင့် ဖြစ်ပေ၏။

(၃) ကာယလုပ်အားဖြင့် အလုပ်လုပ်ကြသည့် လယ်သမားနှင့် အလုပ်သမားတို့၏ ဘဝသည်သာလျှင် ဘဝမှန် ဖြစ်လေသည်။

ဂန္ဓီသည် အသိပညာထက် အကျင့်စာရိတ္တကို ဦးစားပေးလေ၏။ စက်ယန္တရား တီထွင်ခြင်းများကို ဆန့်ကျင်လေ၏။ ကာယဗလထက် စိတ္တဗလကို အလေးထားလေ၏။ နိုင်ငံရေးနှင့် စီးပွားရေး၌လည်း ဘာသာတရားကို အသားပေးထားလေ၏။ အရင်းရှင်များအား အလုပ်သမားများကို ဖခင်သဖွယ် စောင့်ရှောက်ရန် မျှော်လင့်ချက် ထားလေ၏။ ယင်းအယူအဆများ၏ အပေါ်တွင် ရပ်စကင်းသည် ဩဇာလွှမ်းမိုးနေလေသည်။

ဂန္ဓီ၏အပေါ်တွင် အမေရိကန် မင်းမဲ့ဝါဒီပညာရှင် ဟင်နရီ ဒေးဗစ်သော်ရိုးကလည်း ဩဇာလွှမ်းမိုးမှု ရှိလေသည်။ သော်ရိုးသည် ၁၈၄၉ ခုနှစ်တွင် သူ၏ မိန့်ခွန်းတစ်ခု၌ အာဏာဖီဆန်ရေး ဟူသော စကားလုံးကို စတင် သုံးစွဲခဲ့လေသည်။ သူ၏ အယူအဆကား မကောင်းမှုလုပ်သည့် လူများ၊ အဖွဲ့အစည်းများကို ကူညီရိုင်းပင်းမှု မပြုသင့် ဟူသော အယူအဆ ဖြစ်လေသည်။ သော်ရိုး၏ 'အာဏာဖီဆန်ရေး၏ တာဝန်ဝတ္တရားအကြောင်း' အမည်ရှိစာအုပ်သည် ဂန္ဓီအပေါ်၌ ဩဇာ သက်ရောက်မှု ရှိခဲ့လေ၏။ ဂန္ဓီသည် သော်ရိုး၏ အယူအဆများကို ပြင်ဆင်ပြီးလျှင်

ကျယ်ပြန့်အောင် ပြုလုပ်ခဲ့လေ၏။ ကျေးကျွန်စနစ် ကဲ့သို့သော လူမဆန်သည့် အပြုအမူများကို ဆန့်ကျင်ရန်အတွက် အခွန်ထမ်း ဥပဒေကို ချိုးဖောက်ပြီး အစိုးရ၏ အာဏာကို ဖီဆန်သင့်၏ ဟု သော်ရိုးက အယူရှိလေသည်။ ယင်းသို့ ပြုလုပ်ရာ၌ သော်ရိုး၏ အလိုအရ အဟိံသာတရားကို လိုက်နာနေရန် မလိုပေ။ အကြမ်းမဖက်မှုကို စောင့်စည်း ထိန်းသိမ်းနေရန် မလိုပေ။ ဂန္ဒီကမူ အဟိံသာတရားကို လက်ကိုင်ထားပြီး အစိုးရ၏ လူမဆန်သည့် မည်သည့် ဥပဒေမျိုးကိုမဆို ချိုးဖောက်ရန် ညွှန်ကြားလေ၏။

ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်း၏ စာအုပ်များလည်း ဂန္ဒီအပေါ်တွင် ဩဇာသက်ရောက်မှု ရှိလေသည်။ ယင်းစာအုပ်များကား 'သတင်းကောင်း အကျဉ်းချုပ်'၊ 'ဘာလုပ်မလဲ'၊ 'သင့်ကိုယ်တွင်းမှာ ဘုရားသခင့် နိုင်ငံရှိသည်. . .' အမည်ရှိသည့် စာအုပ်များ ဖြစ်ကြလေ၏။

'သင့်ကိုယ်တွင်းမှာ ဘုရားသခင့်နိုင်ငံရှိသည်' ဟူသော စာအုပ်နှင့် ပတ်သက်၍ 'ယင်းစာအုပ်သည် ကျွန်ုပ်၏ အပေါ်၌ ထာဝစဉ် ဩဇာလွှမ်းမိုးမှု ရှိနေသည်' ဟု ဂန္ဒီကိုယ်တိုင်က သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၌ ရေးသားဖော်ပြထားပေ၏။ ယင်းစာအုပ်ကို မဖတ်ရခင်က ဂန္ဒီသည် အဟိံသာတရားနှင့် ပတ်သက်ပြီး ဇဝေဇဝါ ဖြစ်နေတုန်းရှိသေးသည် ဟု အဆိုရှိ၏။ အတိအကျ ဆုံးဖြတ်ချက် မကျသေးပေ။ ယင်းချီတုံချတုံ ဖြစ်နေမှုကို တော်လ်စတွိုင်း၏ စာအုပ်က ဖယ်ရှားပစ်လိုက်လေ၏။ ယင်းစာအုပ်ကို ဖတ်ပြီးသည့်အချိန်မှစ၍ ဂန္ဒီသည် အဟိံသာတရားကို စွဲစွဲမြဲမြဲ ယုံကြည်သူ ဖြစ်လာလေ၏။

ဂန္ဒီသည် 'တော်လ်စတွိုင်းကဲ့သို့ပင် သစ္စာတရားကို ထာဝစဉ် ရှာမှီးနေသူ ဖြစ်သည်။ ခေတ်ယဉ်ကျေးမှုများကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသူ ဖြစ်သည်။ ခေတ်ယဉ်ကျေးမှုကို အကြမ်းဖက်မှုနှင့် ခေါင်းပုံဖြတ်မှုပေါ်၌ အခြေခံထားသည့် လူ့ကျင့်ဝတ်မဆန်သည့် အရာများဟု ထင်မှတ်ယူဆနေသူ ဖြစ်သည်။ အကြမ်းဖက်သည့်

နည်းလမ်းများကို ဆန့်ကျင်သူ ဖြစ်သည်။ စိတ်နှလုံး၏ သန့်ရှင်းစင်ကြယ်မှု၊ ရိုးရိုးသားသား နေထိုင်စားသောက်မှု၊ ကာယလုပ်အားပေးမှု၊ ဗြဟ္မစရိယ အကျင့် ကျင့်သုံးမှုတို့ကို အလေးထားသူ ဖြစ်သည်။

ယင်းသို့အားဖြင့် ဂန္ဒီသည် သူ၏ဝါဒကို ကြံဆတီထွင်ရာ၌ ဘာသာတရား ကျမ်းဂန်များ၏ အဆိုအမိန့်များ၊ ပညာရှင်များ၏ ရေးသားချက်များကို အခြေခံခဲ့လေသည်။ ယင်းတို့ကို အခြေခံလျက် နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်တို့၌ လက်တွေ့ကြုံတွေ့ရသည့် ပြဿနာ အရပ်ရပ်တို့ကို သုံးသပ်ပြီးလျှင် 'ဂန္ဒီဝါဒ' ကို တီထွင်ကြံဆခဲ့လေသည်။ ယင်းဝါဒသည် အိန္ဒိယနိုင်ငံအား ကျွန်ဘဝမှ လွတ်မြောက်စေခဲ့သည့် ဝါဒတစ်ခု ဖြစ်ရုံမျှမက အဟိံသာနှင့် သစ္စာတရားကို အရင်းခံထားသောကြောင့် ကမ္ဘာ့နိုင်ငံရေးဝါဒ အမျိုးမျိုး ရှိသည့်အနက်က ထင်ရှားသော ထူးခြားသော နိုင်ငံရေးဝါဒတစ်ရပ်လည်း ဖြစ်နေပေသည်။

1. Sermon on The Mount
2. John Ruskin
3. Unto This Last
4. Henry David Thoreau
5. On the Duty of Civil Disobedience
6. Gospel in Brief
7. What to do
8. The Kingdom of God is within you

စန္ဒာ
၁၉၆၉၊ အောက်တိုဘာ

# ရန်ကုန်မြို့သို့ ပြည်နှင်ဒဏ်ပို့ခံရသော ဗဟားဒျှားဘုရင်

**ယူပီအိုင် ဦးဘသန်း**

၁၈၈၅ ခုနှစ်၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ အပြီးတွင် မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့ သိမ်းယူခဲ့သည်။ သီပေါဘုရင်နှင့် မိဖုရားတို့အား အိန္ဒိယပြည် ဘုံဘိုင်မြို့အနီး ရတနာဂီရိမြို့သို့ ပြည်နှင်ဒဏ်ပို့ခဲ့သည်။ ယင်းသို့ နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှု၊ မတရား နယ်ချဲ့သိမ်းယူမှု၊ သက်ဆိုင်ရာ နိုင်ငံ၏ အကြီးအကဲတို့ကို ပြည်နှင်ဒဏ်ပေးမှုစသော အဓမ္မမှု၊ မတရားမှုတို့ သည် မြန်မာ့သမိုင်းတွင်သာ ရှိနေသည် မဟုတ်။ အိန္ဒိယနိုင်ငံ၏ မဂိုဘုရင်တို့၏ သမိုင်းစဉ်တွင်လည်း အထင်အရှား ရှိနေသည်။

နယ်ချဲ့ဗြိတိသျှအစိုးရသည် အိန္ဒိယပြည် တစ်ဝန်းလုံး သိမ်းယူနိုင်ရေး အစီအစဉ်ကို ၁၈ ရာစုနှစ်မှစ၍ ဆောင်ရွက်ခဲ့သည်။ နည်းအမျိုးမျိုး အကြောင်းအမျိုးမျိုးပြကာ မတရား သိမ်းယူလာခဲ့ကြသည်။ ၁၉ ရာစုနှစ်အလယ်ပိုင်းတွင် သမိုင်းကြောင်း၌ ထင်ရှားကျော်ကြားခဲ့သော အက်ဂ်ဘာ မဂိုဘုရင်၏ အိန္ဒိယ အင်ပါယာနိုင်ငံကြီးသည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့သည်။ ပြည်နယ်အချို့သာ မဂိုဘုရင်၏ လက်ဝယ် ကျန်ရှိ

ခဲ့သည်။ ထိုအချိန်က အိန္ဒိယပြည် ၏ မဂိုဘုရင်သည် 'ဘဟာဒူးရှားဇာဖါ (Bahadur Shah Zafar)' ဖြစ်သည်။ ပန်ဂျပ်ပြည် ဒေလီမြို့၌ စိုးစံခဲ့၏။ ၁၈၅၇ ခုနှစ်၊ မေလ၊ ၁၀ ရက် နေ့တွင် ဘာသာရေးကိစ္စကို အကြောင်းပြု၍ အိန္ဒိယပြည်မြောက်ပိုင်း၌ တပ်စွဲထားသည့် အိန္ဒိယအမျိုးသား စီးပွိုင့် စစ်ပါရီတပ်သားများနှင့် ပြည်သူလူထုတို့ ပေါင်းစည်းကာ နယ်ချဲ့ဗြိတိသျှ အစိုးရကို ပထမဆုံးအကြိမ် တော်လှန်ရေး တိုက်ပွဲဝင်ခဲ့ကြသည်။ ယင်း တော်လှန်ရေးတွင် နယ်ချဲ့အစိုးရတို့က ဘဟာဒူးရှားဇာဖါသည် အိန္ဒိယ အမျိုးသား စစ်ပါရီနှင့် ပြည်သူလူထုဖက်မှ အကူအညီပေးသည်ဟု ယူဆ ကာ ရန်ကုန်မြို့သို့ ပြည်နှင်ဒဏ် ပို့ခဲ့သည်။ ဘဟာဒူးရှားဇာဖါ (ဘဟာဒူး ဇဖါးရှား) ဘုရင်အား ရန်ကုန်မြို့သို့ ပြည်နှင်ဒဏ်ပေးမှုနှင့် ပတ်သက်၍ အိန္ဒိယသမိုင်း မှတ်တမ်းများ၌ ရေးသားထုတ်ဖော်ခဲ့သည်။

မှတ်တမ်းတစ်ခု၏ အဆိုအရ အိန္ဒိယအမျိုးသား စစ်ပါရီနှင့် ပြည်သူ လူထုတို့၏ တော်လှန်ရေးတိုက်ပွဲကို အကြောင်းပြု၍ ဗြိတိသျှအာဏာပိုင် တို့သည် ဇဖါးရှားဘုရင်အား ရုံးတင် စစ်ဆေးခဲ့သည်။ ၃၁ ရက်ခန့် ရုံးတင် စစ်ဆေးပြီးနောက် ထိုအချိန်က ဗြိတိသျှလက်အောက်ခံ ဖြစ်နေသော ရန်ကုန်မြို့သို့ ပြည်နှင်ဒဏ်ပို့ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ယင်းဆုံးဖြတ် ချက်နှင့်အညီ ၁၈၅၈ ခုနှစ်၊ အောက်တိုဘာလ၊ ၇ ရက်နေ့တွင် ဘုရင်၊ မိဖုရားနှင့် သားသမီးများအား ကာလကတ္တားမြို့သို့ ထွက်ခွာသွားရန် ပန်ဂျပ်ပြည်နယ် အင်္ဂလိပ် မင်းကြီးချုပ်က အမိန့်ထုတ်ခဲ့သည်။ ဇဖားရှား ဘုရင်နှင့် မိသားစုတို့ ဒေလီမြို့မှ ထွက်ခွာလာသောအခါ ဗြိတိသျှ အစောင့်တပ်သားများ ထူထပ်စွာ ချထားစောင့်ရှောက်စေခဲ့သည်။ လမ်း တစ်လျှောက်လုံးတွင် ဘုရင်နှင့် မိဖုရားတို့ကို နောက်ဆုံး ရှုမြင်လိုသော လူထုကြီးသည် အပြည့်အနှက် ဖြစ်နေသည်။ ယင်းလူထုကြီး တစ်ရပ် လုံးသည် ဘုရင်နှင့် မိဖုရား ပြည်နှင်ဒဏ် ခံရသည့်အတွက် ဝမ်းနည်းပူဆွေး ငိုကြွေးကာ နှမြောတသ ဖြစ်ကြသည်။ ဘုရင်နှင့် မိဖုရားတို့ကလည်း

ဝမ်းနည်းပူဆွေးလျက် မျက်ရည်များကျကာ ပြည်သူတို့အား လက်မြှောက်နှုတ်ဆက်ခဲ့ကြသည်။ ဆုတောင်းမေတ္တာ ပို့ခဲ့ကြသည်။

ဇဖားရှားဘုရင်နှင့် မိသားစုတို့သည် ကာလကတ္တားမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ၁၈၅၈ ခုနှစ် ကုန်ခါနီး၌ ရောက်ရှိခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ မြင်းပြိုင်ကွင်းဟောင်းအနီး ဗွိုင်လမ်း (ယခု ဦးဝိစာရလမ်း) ရှိ ပျဉ်ထောင်အိမ်တစ်လုံးတွင် ဘုရင်နှင့် မိဖုရားတို့ကို ထားရှိသည်။ စစ်တပ်နှင့် အစောင့်အရှောက် အမြဲချထားခဲ့၏။ ယင်းပျဉ်ထောင်အိမ်၌ ဘဟာဒူးဇဖားရှားဘုရင် မိသားစုတို့သည် ဆင်းရဲငြိုငြင်စွာ နေထိုင်ရရှာသည်။ ဗြိတိသျှအစိုးရက ထောက်ပံ့ကြေးငွေအဖြစ် တစ်လလျှင် ငွေ ၆၀၀ ကျပ်သာ ပေးခဲ့သည်။ ဇဖားရှားဘုရင်သည် ယင်းငွေကြေးဖြင့် မိသားစုအတွက် မလုံလောက်သော်လည်း ဗြိတိသျှအစိုးရထံ ငွေပိုပေးရန် မတောင်းခံခဲ့။ မိဖုရားကြီး၏ လက်ဝတ်ရတနာများကိုသာ ထုခွဲရောင်းချသုံးစွဲသည်။ ဇဖားရှားဘုရင်သည် အိမ်တွင်း၌သာ အနေများသည်။ အပြင်သို့ ထွက်လေ့မရှိ။ တရားကျမ်းစာများ ရွတ်ဖတ်ခြင်း၊ ဆေးတံသောက်ခြင်း၊ သားတော် ဘတ်ခ်မင်းသားနှင့်အတူ နေပြည်တော် အလွမ်းတေးများ ရွတ်ဆိုခြင်း၊ ဘုရားသခင်ထံ ဆုမွန်ကောင်း တောင်းခြင်းတို့ဖြင့်သာ အချိန်ကုန်စေခဲ့သည်။

၁၈၆၂ ခုနှစ်၊ နိုဝင်ဘာလ၊ ၇ ရက်နေ့တွင် ယင်းနေအိမ်၌ပင် ဇဖားရှားဘုရင် နတ်ရွာစံခဲ့သည်။ ထိုအချိန်၌ မိဖုရားကြီး ဇိနတ်မဟာလ်၊ ဂျဝမ်ဘတ်ခ် မင်းသားနှင့် ဇနီး၊ မြေးမိန်းကလေးတို့သည် ဇဖားရှားဘုရင်၏ အနီးတွင် ရှိနေခဲ့ကြသည်။ ဇဖားရှားဘုရင်၏ ရုပ်ကလာပ်ကို ဗြိတိသျှအစိုးရ၏ ခွင့်ပြုချက်ဖြင့် စံအိမ်တော်ဝင်းအတွင်း၌ပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ ဇဖားရှားဘုရင် နတ်ရွာစံပြီးနောက် ၅ နှစ်အကြာတွင် ဇိနတ်မဟာလ် မိဖုရားကြီးကို အခြား အိမ်တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ ၁၈၈၆ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက် နေ့တွင် ဇိနတ်မဟာလ်

မိဖုရားကြီး နတ်ရွာစံခဲ့ပြန်သည်။ မိဖုရားကြီး၏ ရုပ်ကလာပ်ကို ယခင်နေထိုင်ခဲ့သော အိမ်ဝင်းအတွင်းရှိ ဘုရင်ကြီး၏ ဂူအနီး၌ပင် မြှုပ်နှံခဲ့သည်။ ၎င်းနောက် သားတော် ဂျဝမ်ဘတ်ခ်မင်းသားသည် မော်လမြိုင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဇဖားရှားဘုရင် မိဖုရားတို့၏ အလောင်းများ မြှုပ်နှံခဲ့သည့် အိမ်ဝင်းကို ဥရောပတိုက်သား မိသားစုအား ငှားရမ်းခဲ့သည်။ ထိုအချိန်မှစ၍ ဇဖားရှားဘုရင်၏ သင်္ချိုင်းနေရာသည် လုံးဝပျောက်ကွယ်တိမ်မြုပ်လုနီးပါး ဖြစ်ခဲ့ရသည်။ ၂၀ ရာစုနှစ် နှစ်ဦးပိုင်းတွင်းမှ အပ္ပဒူဆလမ်းဆိုသူ၏ ကြိုးပမ်းမှုကြောင့် ဇဖားရှားဘုရင်၏ သင်္ချိုင်းနေရာကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းနေရာများကို မှတ်တိုင်များ စိုက်ထူထားပေးခဲ့သည်။ ၎င်းနောက် မြန်မာပြည်တွင် နေထိုင်ကြသော မွတ်စလင်အမျိုးသားတို့သည် ဗြိတိသျှအစိုးရထံမှ ခွင့်ပြုချက် တောင်းယူကာ ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းအကြားရှိ ရှေးအခေါ် သီရေတာလမ်း၊ (ယခုအခေါ် ဇဖားရှားလမ်း)၌ ဇဖားရှားဘုရင်နှင့် မိဖုရားတို့၏ အုတ်ဂူများကို ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ကြသည်။ ယင်းအုတ်ဂူများကို ဇဖားရှားလမ်းတွင် ယခုတိုင် အထင်အရှားတွေ့နိုင်သည်။

ယင်းအချက်အလက်များကား နယ်ချဲ့တို့၏ မတရားမှုကြောင့် ပြည်နှင်ဒဏ်ခံရကာ ဘဝဇာတ်သိမ်း မကောင်းခဲ့ရရှာသော မဂိုဘုရင် ဇဖားရှားနှင့် ပတ်သက်သော လေ့လာမိသမျှ အထောက်အထားများ ဖြစ်ပါသည်။ မဂိုဘုရင် ဇဖားရှားနှင့် မိဖုရားတို့၏ ပြည်နှင်ဒဏ်ခံရမှု အဖြစ်ဆိုးသည် မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရားတို့ ရတနာဂီရိသို့ ပြည်နှင်ဒဏ်ပေးခံရသော အဖြစ်ဆိုးထက် နှစ်ပေါင်း ၂၈ နှစ် စောခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယင်းဖြစ်ရပ်နှစ်ခုသည် နယ်ချဲ့တို့၏ မတရား စိုးမိုးချယ်လှယ်မှု၊ အခမ့်မှု စနစ်ဆိုးတို့ကို ရုပ်လုံးဖော်သော သမိုင်းဖြစ်ရပ်ဟု ဆိုရပေမည်။

ငွေတာရီ၊ ၁၉၇၇၊ ဒီဇင်ဘာ

# မြို့စားကတော်

**တစ်ကမ္ဘာလုံး ချောက်ချားစေသော လူပျိုဘုရင်ဟောင်း၏ အချစ်ဇာတ်လမ်းသည် မင်္ဂလာအခမ်းအနားဖြင့် အဆုံးသတ်ခဲ့ခြင်း**

**ခင်မျိုးချစ်**

တစ်ရံခါသော် ဒွေက် ဘုရင်ဟောင်းနှင့် မစ္စစ်ဆင်ပဆင်တို့သည် လန်ဒန် ပျော်ပွဲစားရုံတစ်ရုံသို့ ညစာစားမည်ဟု ဝင်ကြရာ မိမိတို့ စားပွဲ၌ မြို့စားလင်မယားတစ်စုံကို မြင်လျှင် မစ္စစ်ဆင်ပဆင်က ဒွေက်အား "လာ နေရာရွှေ့ရအောင်၊ ဟန်ကြီး ပန်ကြီးလုပ်တဲ့ လူတွေအနား မနေချင်ပါဘူး" ဟု ပြော၍ အခြား ဝေးဝေးစားပွဲသို့ ရွှေ့ကြလေ၏။ မင်းနားတစ်ထောင် ဆိုဘိသကဲ့သို့ အများနားပေါက်ကြား၍ မင်းပိုင်းစိုးပိုင်းက မစ္စစ်ဆင်ပဆင်ကို အမုန်းပိုကြ၏။

နှစ်ဦးစလုံးပင် အခမ်းအနား (ဟန်)လုပ်ရသည်ကို နည်းနည်းမှ သဘောမကျ အပိုရှုပ်သည်ဟု အယူရှိခြင်း၌ အလွန် စိတ်ချင်းတူညီကြလေသည်။

**နေရီရီစာအုပ်တိုက်**

ဘာလ်မိုရယ်နန်းတော်၌ ဘုရင်၏ သီးခြားထားသော ညှော်ဆောင်တွင် မိန်းမညှော်သည်တစ်ယောက်လာရာ ဒွေက်ဘုရင်ဟောင်းနှင့် မစ္စစ်ဆင်ပဆင်တို့ မီးလင်းဖိုနားတွင် ထိုင်နေသည်ကို တွေ့ရလေ၏။ ထိုညှော်သည်မိန်းမသည် ဘုရင့်ရှေ့တွင် ထုံးစံအတိုင်း ဒူးညွှတ်လေရာ မစ္စစ်ဆင်ပဆင်က "သိပ်ညွှတ် မနေပါနဲ့၊ ဒါ မင်းခမ်းမင်းနားပွဲလည်း မဟုတ်ပါဘူး၊ နည်းနည်းလေး ညွှတ်လိုက်ရင် ပြီးတာပဲ" ဟု ပြောသည်ကို ထိုမိန်းမ ဘယ်တော့မှ မကျေချမ်းနိုင်ပေ။

မစ္စစ်ဆင်ပဆင်သည် အကြံပေး ကူညီသည့်အပြင် ဒွေက်ဘုရင်အပေါ်တွင် အမိကောင်း၊ နှမသဖွယ် ဘုရင်၏ ကြီးလေးသော တာဝန်ကို ဆောင်ရွက်ရာ၌ ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်သည့်အခါ တောဘက်ဆိတ်ငြိမ် သာယာသော နေရာများကို သွားရောက်ဖြစ်အောင် ပြောခဲ့၏။

တောင်ပိုင်းဝေလနယ် အလုပ်လက်မဲ့ ကိစ္စများအတွက် သွားရောက်ကြည့်ရှုသည်မှာလည်း မစ္စစ်ဆင်ပဆင်၏ အကြံပေးချက်အတိုင်းပင်ဖြစ်လေသည်။ ဘုရင်လုပ်သရွေ့ အလုပ်တိုင်းလိုလိုပင် နောက်ပိုင်းက အမေရိကန်သူ၏ ဩဇာပါနေသည်ကို မှူးမတ်အရာကြီးများက နည်းနည်းမှ မကျေနပ်နိုင်ကြပေ။

ဒွေက်ဘုရင်သည် မိမိကိုယ်ကို ဂရုမစိုက်၊ သေသေရှင်ရှင် ပစ်စလက်ခတ် နေတတ် လုပ်တတ်သည်ကို မည်သူမှ တောင်းပန်လို့ ပြောလို့မရသော်လည်း မစ္စစ်ဆင်ပဆင်၏ စကားကိုကား နာယူသဖြင့် အချို့သူများက တစ်နည်း တစ်လမ်း "မယ်မင်းကြီးမ ပြောမှ ရပေတော့" ဟူသည့် သဘောနှင့် ကျေးဇူးတင်မိကြလေသည်။

ဝေလနယ် ခရီးထွက်စဉ်က ဒွေက်ဘုရင်သည် မီးရထားမှနေ၍ တယ်လီဖုန်းနှင့် လှမ်းခေါ်ရာ မစ္စစ်ဆင်ပဆင်က နက်ဖြန်ကာ သွားလာဆောင်ရွက်ရမည့် ကိစ္စများ မမောမပန်းလုပ်နိုင်ရန် ရေနွေးနှင့် ခြေဆေးပေးဟု ပြောသည့်အတိုင်း ဘုရင် လိုက်နာခဲ့လေသည်။

ဝေလမင်းသားဘဝက ဥယျာဉ်ပန်းမန် စိုက်ပျိုးရာ၌ ဝါသနာပါသည့်အတိုင်း ဖွဲ့ဗလ်ဗီဒီယားအား၌ ပန်းပင်စိုက်ပျိုးရန် စီမံနေစဉ် မစ္စစ်ဆင်ပဆင်နှင့် တွေ့၍ မြင်းစီးခြင်းနှင့် စကွပ်ရှ်ကစားခြင်းအစား ဥယျာဉ်ပြုပြင်ခြင်းသည် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သည့်ပြင် ကိုယ်စိတ်နှစ်ပါး လန်းဆန်းစေသည် ဟု ပြောသည်ကို ယုံကြည်စွာ လိုက်နာခဲ့လေသည်။

ဒွေက်ဘုရင်ဟောင်းမှာ အမိကဲ့သို့ ယုယကြင်နာတတ်၍ အဆွေခင်ပွန်းပမာ အစစ တိုင်ပင်တတ်ရသော မစ္စစ်ဆင်ပဆင်ကို လေးစား မြတ်နိုးချစ်ခင်သည့်အတိုင်း ၎င်း၏ ကိုယ်တစ်ပိုင်း ရုပ်ပုံကလေးမှာ ဘတ်ကင်ဟာန် နန်းတော်ရှိ စက်ရာ အဆောင်တော်ခန်းထဲတွင် အမြဲချိတ်ထားသည့်အပြင် သွားလေရာ ယူဆောင်၍ မိမိအိပ်ရာနားတွင် ထားလေသည်။

တစ်ရံခါသော် မစ္စစ်ဆင်ပဆင်သည် အလိုစမ်းလိုသောအားဖြင့် ဒွေက်ဘုရင်နှင့် အလွန်လှပချောမောသော အပျိုတစ်ဦးနှင့် မိမိအိမ်တွင် ဆုံပေးဖူးရာ ဘုရင်မှာ ရုပ်ပါရုံညွတ်ကွင်းထဲတွင် မလွတ်နိုင်အောင် ငြိမည်ဝေးစွ၊ ထိုအလှကလေးကို ရှိသည် ဟူ၍မှ အသိအမှတ် မပြုပေ။

မစ္စစ်ဆင်ပဆင်ကား 'ရိုးရှာသည့်ခလေ့နှင့် ပကတေ့ယဉ်ပြန်၊ မျက်လုံးတော်တမူသစ်တာက၊ ဇမ္ဗူရာဇ်သိန်းမကတန်၊ ရွှေနန်းသူချောဟန်ငယ် သောတာပန် မိသူဌေးကဲ့သို့၊ မြေးရှစ်ကျိတ်ရအောင်ဝယ် ရှေးကထက်ငယ်၊ လေးဆယ်ပြည့် ဇရာလယ်တောင် ကညာမယ်သာဘူး ပလေး' ဟူသကဲ့သို့ နဂိုယဉ် ရိုးရိုးကလေးကိုသာ ဒွေက်ဘုရင် စွဲခဲ့လေသည်။

မစ္စစ်ဆင်ပဆင်ကား ကိုယ်လုံးကိုယ်ထည် ပြေပြစ်သေးသွယ်၍ အရပ် ၅ ပေ ၄ လက်မမြင့်ရာ 'ဆင်မ၏ သွားခြင်း' ဟူသော စာဆိုအတိုင်း မျက်နှာမှာ ပါးရိုးမြင့်သဖြင့် ထင်းထင်းပေါ်လွင် အချိုးကျန ကျယ်ပြန့်သော နဖူး၊ ကြည်လင်တောက်ပသော မျက်လုံးနှင့် ဖြူဖွေးသော အသားတို့ဖြင့် အပြစ်ဆိုစရာမရှိ ပြေပြစ်၏။

ဆံပင်မှာ ပိတုန်းရောင် တောက်ပြောင်၍ အလည်တည့်တည့်မှ

ခွဲ ကာ၊ နောက်တွင် ဆံထုံးထုံးထားလေသည်။ အသံမှာ တည်ကြည်ပြတ်သား၍ တစ်ခါကြားက နောင်မမေ့နိုင်သော အသံမျိုးပင်။

ထို့ပြင် မစွစ်ဆင်ပဆင်သည် အဝတ်အစား ဝတ်ရာ၌ အလွန်သပ်ရပ်၍ မိမိကိုယ်ကို လှအောင် ဝတ်တတ်လေသည်။ ကိုယ်ဟန် အနေအထား တတ်ခြင်းနှင့် အပြင်အဆင် တတ်ခြင်းသည် မစွစ်ဆင်ပဆင်အား မျက်စိပသာဒ ရှုချင်ဖွယ် ဖြစ်လေသည်။ ဒွေက်ဘုရင် စွဲမက်သည်ဆိုလျှင်လည်း စွဲမက်စရာပင်။

ထီးနန်းမစွန့်မီ ၄ လလောက်က မစွစ်ဆင်ပဆင်သည် ပဲရစ်မြို့တော်သို့ အဝတ်အစားဝယ်ရန် လေယာဉ်ပျံနှင့်သွားရာ ရောက်၍မကြာမီ ဒွေက်ဘုရင်ထံမှ တယ်လီဖုန်းလာတော့၏။ မိမိတစ်ကိုယ်တည်း အလွန် ငြီးငွေ့လှပြီဟု ညည်းညူကာ ခုပဲ ပြန်ခဲ့ပါတော့ဟု ဆိုလျှင်၊ မဖြစ်နိုင်ဟု ပြန်ပြောရာ ဒါဖြင့် ဒီည ဘာလုပ်နေရမှာလဲဟု တစ်ဖက်က ပြန်မေးလိုက်လေ၏။

မစွစ်ဆင်ပဆင်က "ဖို့ဘယ်လ်ဗီဒီယားတစ်ခုသော အခန်းချောင်ထဲကတွေ့တဲ့ ရှေးဟောင်းအရုပ်ကားတွေ ပြင်ချိတ်ပါလား" ဟု အကြံညာဏ်ပေးသော်လည်း ဒွေက်ဘုရင်မှာ စနေနေ့ညတွင် ဤကဲ့သို့ အလုပ်လုပ်ရမည်ကို သဘော မကျနိုင်သော်လည်း ဆိုးသည် ကောင်းသည် မပြောဘဲ "နက်ဖြန်ကျတော့ကော" ဟု ထပ်မေးရာ၊ "တော်ဘုရားကို သာသနာ့ ဒါယကာလို့ ခေါ်ကြရတယ် မဟုတ်လား" ဟု ပြုံးစနဲ့နဲ့နှင့် ပြန်မေးလိုက်လေ၏။ "ဒါဘာ ဖြစ်သလဲ" ဟု ဘုရင်က ပြန်မေးမှ "ဘုရားရှိခိုးကျောင်း သွားပေါ့" ဟူသော အဖြေကို ပေးသည့်အတိုင်း နောက်တစ်နေ့တွင် ဘုရားရှိခိုးကျောင်း မတက်စဖူး တက်သဖြင့် အများက အံ့ဩကြရလေသည်။

မစွစ်ဆင်ပဆင်ကို မလိုလားဘဲ အတိုက်အခံပြောကြသော သာသနာပိုင်ကြီးများသည် သာသနာ့ဒါယကာ ဒွေက်ဘုရင်မင်းမြတ်သည် ထိုထူးခြားလှသော တနင်္ဂနွေနေ့တစ်နေ့ မည်သူ့စကား နားထောင်၍သာ ငြီးငွေ့ပျင်းရိဖွယ်ကောင်းသော တရားရှည်ကြီး လာရောက်ကြားနာသည်ကို

သိရက အလွန် အံ့ဩကြပေလိမ့်မည်။

ဒွေးက်ဘုရင်သည် မစ္စစ်ဆင်ပဆင်၏ ဓာတ်ပုံကို ထီးနန်းစွန့်သည့် အချိန်တိုင်အောင် မိမိ၏ စက်ရာတိုက်ခန်း၌ ချိတ်ထားသည့်အပြင် အခြားခေါင်းပုံ ဓာတ်ပုံတစ်ခုမှာ သွားလေရာ ယူဆောင်သွားလေသည်။

၁၉၃၅ ခု လောက်တွင် မစ္စစ်ဆင်ပဆင်သည် ဝေလမင်းသား၏ ရင်းနှီးသော မိတ်ဆွေတစ်စုတွင် အပါအဝင်ဖြစ်ကာ အတူသွားလာ လည်ပတခြင်း ထမင်းစားပွဲစသော ပါတီပွဲများ၌ အတူ အမြဲလိုလို တွေ့ရလေသည်။

၁၉၃၄ ခုက ရွှက်သဘော်နှင့် အပျော်ခရီးထွက်စဉ်ကလည်း ဧည့်သည်များအထဲတွင် မစ္စစ်ဆင်ပဆင် ပါခဲ့လေသည်။

ပြင်သစ်ပြည် ပဲရစ်မြို့၊ မာဆေးမြို့ ကပွဲသဘင်တို့၌လည်း အတူတွေ့မြင်ရသည့်အပြင် ၁၉၃၅ ခု၊ ဖေဖော်ဝါရီလတွင် ဩစတေးလျသို့ နှစ်ဦးသွားရောက်၍ ဆောင်းရာသီ ကစားပွဲအမျိုးမျိုး ကစားပျော်ပါးကြလေသည်။

၁၉၃၆ ခုနှစ် ထီးနန်းသိမ်းပိုက်ရလေသော ဇန်နဝါရီလ၊ ၂၁ ရက်နေ့၊ ၁၉၃၆ ခုနှစ်တွင် ပဉ္စမမြောက် ဂျော့ဘုရင် နတ်ရွာစံပြီ ဖြစ်၍ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ ဝေလမင်းသည် အဌမမြောက် ဒွေးက်ဘုရင် အမည်ဖြင့် အဖရိုက်ရာဖြစ်သော ထီးနန်းသိမ်းပိုက် စိုးစံလေရာ ဝေလမင်းသားဘဝက ပြည်သူတို့၏ မျက်ရှုကြေးမုံသဖွယ် အလွန် ချစ်ခင်လေးစားခြင်း ခံခဲ့သူမှာ လူပျိုဘုရင်ဟု ထင်ရှားခဲ့ပြန်လေ၏။

နတ်ရွာစံခမည်းတော် ဘုရင်မင်းမြတ်နှင့် စိတ်သဘောချင်း မတိုက်ဆိုင်၍ သားနှင့် အဖ ခပ်ခွာခွာ နေခဲ့ကြရာ ဒွေးက်ဘုရင်သည် ယခုအခါ ကြီးလေးသော တိုင်းပြည်၏ တာဝန်သည် မိမိ ဦးခေါင်းပေါ်သို့ ရောက်သည်သာမက ဖခမည်းတော်အတွက် ပူးဆွေးဝမ်းနည်းသော ဒုက္ခဝန်ကို မစ္စစ်ဆင်ပဆင်က အလိုက်သိ လိမ္မာရေးခြား စကားချေင်စွာ ပြောဆိုနှစ်သိမ့်၍ သက်သာစေ၏။

၁၉၃၆ ခု၊ အောက်တိုဘာလ၊ ၂၇ ရက်နေ့တွင် အစ်ပ်စဝစ်ချ်

(Ipswich) မြို့ တရားရုံးတော်၌ သတင်းထောက် နိုင်ငံခြား သတင်းစ ဆရာများ၊ သတင်းရုပ်ရှင်ကား ရိုက်သူများတို့ဖြင့် ပြည့်၍ အချို့ဓာတ်ပုံ ဆရာများမှာ အိမ်ခေါင်မိုးပေါ်မှာပင် တက်နေသည်ကို တွေ့မြင်ရပေ၏၊ ပုလိပ်များမှာ လူထုပရိသတ်ထိန်းရန် အလွန်ခဲယဉ်းလှ၏။

မစ္စစ်ဆင်ပဆင်က မိမိ၏ ခင်ပွန်းသည်သည် ၁၉၃၄ ခုနှစ်ကစ၍ အခြား မိန်းမတစ်ယောက်နှင့် ဖောက်ပြန်နေကြောင်း ကျမ်းသစ္စာ ကြိမ်ဆို ၍ ကွာလို့မှုလျှောက်ထားရာ သက်သေများကို စစ်ဆေးပြီးနောက် တရား သူကြီးက ဒီဂရီနာစီ အမိန့်ချလိုက်၏။

နောက် ၆ လအတွင်း ကန့်ကွက်သူမရှိက မစ္စစ်ဆင်ပဆင်သည် လွတ်လပ်ပြီဖြစ်၍ မိမိနှစ်သက်ရာ လက်ထပ်နိုင်ပြီ။ တိုင်းပြည်ဆူစ ပြုရပြီ၊ အမေရိကန်သတင်းစာများက ဒွေက်ဘုရင်နှင့် အမေရိကန်သူ ဝဲလစ်တို့ အကြောင်းကို အတိအလင်း ရေးကြပြီ။ အင်္ဂလိပ်သတင်းစာများကား မြဲနေခဲ့၏။

နိုဝင်ဘာလကုန် ဒီဇင်ဘာလလောက်မှ ဒွေက်ဘုရင်သည် မစ္စစ် ဆင်ပဆင်ကို လက်ထပ်ရန် ရည်ရွယ်ကြောင်း အတိအလင်း သိရမှ ဘော်လ်ဒွင် အမှူးရှိသော ပါလီမန်အမတ်များ ခေါင်းချင်းရိုက်ကြ၍. . .

နောက်ဆုံး ဒီဇင်ဘာလ၊ ၁၀ ရက်နေ့တွင် အဌမမြောက် ဒွေက် ဘုရင်သည် လောကအထွတ်အမြတ် ဖြစ်သော ချမ်းသာရိပ်ငြိမ် မင်း စည်းစိမ်ကို စွန့်ခဲ့၍ မိဘဆွေမျိုးများနှင့်တကွ ချက်မြှုပ်ရာဒေသ အင်္ဂလန် နန်းမြေမှ တိုင်းတစ်ပါးသို့ ထွက်ခွာသွားတော့၏။

ဇွန်လ၊ ၃ ရက်နေ့တိုင်အောင် စောင့်စားမျှော်လင့်ပြီးမှ ရင်းနှီးသော မိတ်ဆွေများရှေ့တွင် လက်ထပ်ထိမ်းမြားခဲ့၏။ မည်သည့် ဆွေတော် မျိုးတော်မှ မလာရောက်ကြပေ။ ဒွေက်ဘုရင်ဟောင်းကား သာမန် ဝင်ဆာမြို့စားဘဝနှင့်သာ ချစ်သူနှင့် ပျော်ပိုက်လေတော့၏။

အားမားဂျာနယ်၊ ၁၉၃၇၊ ဩဂုတ်၊ ၂၈

နေရီရီစာအုပ်တိုက်

# မြန်မာစာပေ ရှာဖွေသူနှင့် မြန်မာစာ မြှင့်ချင်သူ

ကိုပညာ (အမရပူရ)

တိမ်မြုပ် ပျောက်ကွယ်နေသည့် ရှေးဟောင်းစာပေ အမွေအနှစ်တို့ကို ရှာဖွေ ဖော်ထုတ်ခဲ့သော စာပေရှင်နှစ်ဦး ပေါ်ပေါက်ခဲ့ပေသည်။

ထိုပညာရှင်နှစ်ဦးကား မောင်သုတ အမည်ခံ ဗိုလ်မှူးဘသောင်းနှင့် အသျှင်ဝါသဝတို့ ဖြစ်ကြသည်။ သူတို့သည် မြန်မာစာပေ မြှင့်တင်ရေးအတွက် ရှားပါးလှသည့် ရှေးဟောင်းစာပေတို့ကို မနားမနေ ရှာဖွေခဲ့ကြသည်။ ဖော်ထုတ်ခဲ့ကြသည်။ ရရှိသည့် စာပေတို့ကို ကိုးကားထောက်ထား၍ မြန်မာစာပေကို မြှင့်တင်ခဲ့ကြသည်။ ယနေ့ မြန်မာစာပေသည် သူတို့ကျေးဇူးကြောင့် မြင့်တန်သရွေ့ မြင့်တက်ခဲ့ပေသည်။

ယခုအခါတွင် ထိုပညာရှင်နှစ်ဦးစလုံး ကွယ်လွန်သွားကြလေပြီ။ ကွယ်ပျောက်နေသည့် အဖိုးတန် ရှေးဟောင်းစာပေများကဲ့သို့ သူတို့လည်း မြန်မာစာပေလောကမှ ကွယ်ပျောက်သွားကြလေပြီ။

လွန်ခဲ့သော ၈ နှစ်ခန့်က ဖြစ်၏။ ဆရာတော် အရှင်ဝါသဝသည် မန်းတက္ကသိုလ် ကထိကဦးမောင်မောင်တင်နှင့်အတူ ဖြူဖြူဖွေးဖွေး

ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းသော လူကြီးတစ်ယောက်နှင့် ရောက်လာသည်။ သူတို့လက်ထဲမှာလည်း ပေစာတွေ တစ်ပွေ့ကြီး ပါလာကြ၏။ ဆရာတော်သည် 'မေမြို့စစ်တက္ကသိုလ်မှ ဗိုလ်ကြီးဘသောင်း (မောင်သုတ)' ဟု ဆရာနှင့် မိတ်ဆက်ပေးသည်။ လက်ထဲမှ ပေစာတို့ကိုလည်း တစ်ဆင့်ကူးပေးရန် မေတ္တာရပ်ခံကြ၏။ ငှားလာရသည့် ပေပုရပိုက်စာများကို စာရေးသူသည် ဆရာနှင့် တွေ့ကတည်းက ဆရာ့စိတ်ကြိုက် ကူးယူပေးခဲ့ရသည်။

တစ်ခါတစ်ရံ သူတို့နှင့် စာပေရှာဖွေရာသို့ လိုက်ရ၏။ စာပေရှာဖွေရသည်မှာ မလွယ်ကူလှကြောင်း ကိုယ်တွေ့ဖြင့် သိရသည်။ သို့ရာတွင် ဆရာတော်နှင့် ဆရာမောင်သုတတို့သည် "ပေရှာသွားရလျှင် အဖျားပျောက်သည်" ဟုပင် ဆိုကြသေးသည်။

သူတို့နှစ်ဦးကား စာပေရှာဖွေရာတွင် ရှားမှရှားသည့် ပညာရှင်များ ဖြစ်ကြပေသည်။ နေထိုင်မကောင်း ဖျားနာနေပါက 'စာပေရှာဖွေခြင်း' ဆေးကို သောက်၍ ပျောက်ကြသူတွေ ဖြစ်ပေသည်။

စာပေလောက၊ ကျယ်ပြောလှ၏
သူကတစ်ဖြာ၊ ငါကတစ်ဖုံ
ထုံတတ်သည်မှာ၊ ဓမ္မတာတည့်။
ငါ့ဉာဏ်ငါယူ၊ သူနှင့်မညီ
ဖီတတ်သည်မှာ၊ ဓမ္မတာတည့်။
အထုံအဖီ၊ စုံညီအတွဲ
ရှိစမြဲတည့်။
ငါစွဲမသို၊ ကိုယ်စွဲမထား
စာပေအားသာ၊ ပွားပါစေချင်
ကြီးစေချင်သည်၊
ငါ့တွင် ဆန္ဒကြီးနိုင်မှ။

နေရီရီစာအုပ်တိုက်

အထက်ပါ ဆရာဇော်ဂျီ၏ ကဗျာကို မောင်သုတသည် အသျှင်ဝါသဝအားပြ၍ ဖတ်ကြည့်ရန် လျှောက်၏။ ဆရာတော်သည် သံနေသံထားနှင့် ဖတ်ပြသည်။ ကဗျာဆုံးသောအခါတွင် ဆရာမောင်သုတသည် "ဆရာဇော်ဂျီကတော့ တပည့်တော်တို့ကို ကဗျာနဲ့ သတိပေးနေပြီ" ဟု မျက်နှာထား ခပ်ပြုံးပြုံးနှင့် လျှောက်ပြန်၏။ ထိုအချိန်အခါက ဆရာမောင်သုတနှင့် ဦးဖိုးလတ်တို့သည် 'ဆုံးဖြတ်' နှင့် 'ဆုန်းဖြတ်' ကို အပြန်အလှန် ဆောင်းပါးများရေး၍ သူတစ်ဖြာ ငါတစ်ဖုံ လုပ်နေကြ၏။ မောင်သုတသည် 'ဆုံးဖြတ်' သေးသေးတင်နှင့်သာလျှင် မှန်ကန်ကြောင်း အထောက်အထား အကိုးအကား စုံလင်စွာနှင့် ဆုံးဖြတ်၏။ ဦးဖိုးလတ်ကလည်း 'ဆုန်းဖြတ်' နငယ်သတ်၍ ကျောက်စာအထောက်အထား ပြကာ ဆုံးဖြတ်နေသည်။

'မြန်မာစာ မြင့်ချင်လွန်းလို့' အခန်းမှ သေးသေးတင်နှင့် 'ဆုံးဖြတ်' ကို ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ပျို့လင်္ကာတို့မှ အကိုးအထောက်စုံလင်စွာနှင့် သုံးပတ်မျှ ဆက်လက်ကာ ဆုံးဖြတ်နေသော ဆရာသည် မြဝတီမဂ္ဂဇင်းမှ "ဆက်မရေးတော့ပါရန်၊ ဆရာ၏ ရေးလက်စ သတ်ပုံများကိုသာ ရေးပေးပါရန်" တောင်းပန်စာရောက်မှ အရေးရပ်တော့သည်။ ထိုတောင်းပန်စာကို ဆရာတော်နှင့် စာရေးသူအားပြ၍ ဦးဖိုးလတ် မရေးလျှင် ဆက်မရေးတော့ကြောင်း ပြောပြသည်။ ဆရာသည် စာရေးရာတွင် အောက်ကနေ၍သာ ခွပ်လိုကြောင်းကိုလည်း ပြောသေးသည်။ စာပေနှင့်ပတ်သက်လျှင် ဆရာသည် ခေါင်းမာလှ၏။ သို့သော်လည်း မှားလျှင် ဝန်ခံ၍ ပြုပြင်တတ်သည်။

မြန်မာစာပေတွင် 'လက်ဝဲသုန္ဒရ' နှင့် 'လက်ဝဲနော်ရထာ' ဟူ၍ စာဆိုတော်နှစ်ဦးရှိကြောင်း ပြောပြ၏။ ဆရာသည် တော်တော်နှင့် လက်မခံ။ လက်ဝဲနော်ရထာ၏ 'ရာဇနီတိပျို့'၊ လက်ဝဲနော်ရထာစု 'ရတုပေါင်းချုပ်' စသော အထောက်အထားများနှင့် ပညာရှင်များ၏ ထောက်

ထားချက်များကို ရှာဖွေပြမှ လက်ခံပေသည်။ သို့သော်လည်း 'စာဆိုတော်များ အတ္ထုပ္ပတ္တိ' ပထမရိုက်တွင် 'လက်ဝဲသုန္ဒရ' 'လက်ဝဲနော်ရထာ' စာဆိုတော်တစ်ဦးတည်းဖြစ်ကြောင်း ရေးပြီးသားဖြစ်နေ၍ မပြင်လိုက်နိုင်တော့ဘဲ ဒုတိယအကြိမ်မှသာ ပြင်ဆင်နိုင်တော့သည်။

မေမြို့စစ်တက္ကသိုလ်တွင် အမှုထမ်းနေစဉ် ဆရာသည် စစ်ပျို့တစ်ပျို့ဖြစ်သော 'နန္ဒိသေနပျို့' ကို အသျှင်ဝါသဝ တိုက်တွန်းချက် အရ အသျှင်ဝါသဝ ရှာဖွေပေးသောပေမူကို အဓိကထား၍ တည်းဖြတ်ထုတ်ဝေခဲ့၏။ စာတည်းဖြတ်ရာတွင် တိတိကျကျ ရှိလှ၏။ မူအမျိုးမျိုးကို ရှာဖွေ၏။ အလွဲအမှားနည်းပါးအောင် အထပ်ထပ်ကြည့်ရှု၏။ 'နန္ဒိသေနပျို့' ကို မူ ၆ မူနှင့် တိုက်ဆိုင်ညှိနှိုင်းကာ တည်းဖြတ်ခဲ့ပေသည်။ ဆရာသည် စာပေကို ရှာဖွေ၍ ရရှိသည့် စာပေများကိုလည်း စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

၁၉၆၂ ခုနှစ်လောက်တွင် စာပေရှာဖွေမှု၊ ထုတ်ဝေမှုနှင့် စာပေဝန်ကို အားသွန်ခွန်စိုက် ထမ်းရွက်မှုတို့ကြောင့် ကျန်းမာရေးချို့တဲ့ ကာ အိပ်ရာထဲ လဲတော့၏။ ရောဂါပြင်းသဖြင့် ဆေးရုံတက်ကုသမှ ပျောက်ကင်း၏။ ထို့နောက် ခွင့်ယူရ၏။ အနားယူရ၏။ ဆရာ အနားယူခြင်းသည် စာအုပ်တွေ တသီကြီးထမ်းကာ မန္တလေးသို့လာ၍ စာဖတ်၊ စာရေးခြင်း ဖြစ်ပေသည်။ စာကို ဖတ်ရုံမျှသာမဟုတ်။ ကျက်လည်း ကျက်ခဲ့သည်။ တံဆိပ်ဝန် ဦးရွှေခြည်၏ 'စန္ဒကိန္နရီ' ပျို့ကို အလွတ်ရဖူးသည်၊ 'ဂါထာခြောက်ဆယ်' ပျို့နှင့် 'မဃဒေဝ လင်္ကာသစ်' ကိုလည်း အချို့ အဝက် ကျက်ဖူး ရဖူးသည်ဟု ဆရာပြောသဖြင့် သိရသည်။

ဆရာသည် ဓီးကရက် အလွန်ကြိုက်၏။ ဓီးကရက် လက်မှမချဘဲ စာဖတ်၏။ စာရေး၏။ စကားပြောဆို ဆွေးနွေးရာ၌လည်း ဓီးကရက် ကို အမြဲသောက်၏။ အရက်ကိုလည်း မပြတ်မှီဝဲသည်။ ကျန်းမာရေးချို့တဲ့နေသော်လည်း ဓီးကရက်နှင့် အရက်ကို ဆရာမဖြတ်နိုင်။ ဤဓီးကရက်

နှင့် အရက်ကပင် ဆရာ့အသက်ကို အန္တရာယ်ပြုခြင်း ဖြစ်ပေမည်။

၁၉၆၃ ခုနှစ်လောက်တွင် ဆရာ့ကျန်းမာရေး ပြန်ကောင်းလာ၏။ သို့သော်လည်း ရှေးကလို စာပေရှာဖွေခြင်း မလုပ်နိုင်တော့။ 'မသေသေးလျှင် စာရေးရသေးတာပေါ့' ဟု ပြောကာ စာဆက်ရေးနေသည်။ နောက်ထပ် စာတစ်အုပ်ရေးရန် စာအုပ်ဟောင်း၊ မဂ္ဂဇင်းဟောင်းများကို ရှာဖွေပေးရ၏။ ထိုစာအုပ်ကို 'ဗမာ့စိတ်ဓာတ်သမိုင်း' ဟု အမည်ပေးသည်။ နောက်မှ 'ဗမာ့တော်လှန်ရေးသမိုင်း' ဟု အမည်ပြောင်းသည်။

၆၃ ခုနှစ် ကုန်ခါနီးလောက်တွင် ဆရာ ရန်ကုန် ပြောင်းရသည်။ မကြာမီ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်တွင် အတွင်းရေးမှူးအဖြစ် အမှုထမ်းရကြောင်း သိရသည်။

ဆရာ ရန်ကုန်ပြောင်းသွားသဖြင့် ဆရာနှင့် အဆက်ပြတ်သလိုဖြစ်သွားသည်။ စာပေအတွက် အလုပ်မအားလှသော ဆရာ့ထံသို့လည်း စာတစ်စောင် နှစ်စောင်လောက်သာ ရေးမိ၏။ ရှာဖွေရသမျှ စာပေများကိုမူ ဆရာ့ထံ မိတ္တူကူး၍ ပို့ပေးသည်။ လိုသည့်စာအုပ်များကိုလည်း ဆရာက ပို့ပေးသည်။ ဆရာ၏ နောက်ဆုံးလက်ရာဖြစ်သည့် 'ဗမာ့တော်လှန်ရေးသမိုင်း' စာအုပ်ကိုလည်း ပို့ပေးသည်။ စာအုပ်ထဲတွင် 'ထာဝစဉ်ခင်မင်လေးစားစွာဖြင့်' ဘသောင်းဗိုလ်မှူးဟု ရက်စွဲနှင့်တကွ အမြဲလက်မှတ်ရေးထိုးလေ့ရှိသည်။

ခရီးသွားနည်းပါးလှသော စာရေးသူသည် ဆရာ့ကျန်းမာရေးအခြေအနေကို လူကြုံဖြင့်သာ သိရတော့သည်။ စီးကရက်နှင့် အရက်သောက်နေသည်။ ကျန်းမာရေးသိပ်မကောင်းလှဟု ကြားရသဖြင့် အဝေးကသာ စိုးရိမ်ရတော့သည်။

မြဝတီမဂ္ဂဇင်း 'မြန်မာစာ မြင့်ချင်လွန်းလို့' အခန်းကို ကြည့်၍လည်း ဆရာ့ကျန်းမာရေးကို ခန့်မှန်းရသည်။ သို့သော်လည်း ၆၇ ခုနှစ်၊

အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းထဲတွင် 'အလုပ်တွေများရတဲ့ကြားထဲမှာ ပြုဂုတ်လ တစ်လလုံးဟာ မိုးအဆက်မပြတ်ရွာနေတော့ ဖျားလိုက်၊ နာလိုက်၊ နှာစီးလိုက်၊ ချောင်းဆိုးလိုက်နဲ့ နေလို့ထိုင်လို့မကောင်းဖြစ်ရပါတယ်' ဟူ၍ ကျန်းမာရေးအခြေအနေကို ဆရာကိုယ်တိုင် ရေးထားသဖြင့် စိုးရိမ်မိပြန်သည်။ နိုဝင်ဘာလမဂ္ဂဇင်းတွင် ဆရာ့ဆောင်းပါးပါသေးသဖြင့် စိတ်အေးရပြန်၏။ သို့ရာတွင် ထိုလထဲမှာပင် "ဆရာမောင်သုတတစ်ယောက် ဆေးရုံတက်နေသည်။ ဒီတောင်မှ ကျော်နိုင်ပါ့မလား" ဟူသော သတင်းဆိုးကို ကြားရတော့သည်။ ဒီဇင်ဘာ၊ ဇန်နဝါရီလထုတ် မဂ္ဂဇင်းထဲတွင်လည်း ဆရာ့ဆောင်းပါး မပါလာတော့။ ထို့နောက်တွင်မူ ကြေးမုံသတင်းစာ၌ ဆရာကွယ်လွန်ကြောင်း သတင်းပါလာတော့သည်။

ဆရာမောင်သုတသည် မင်္ဂလာဒုံ စစ်ဆေးရုံ၌ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် ည ၇ နာရီအချိန်တွင် ကွယ်လွန်သွားခဲ့လေပြီ။

ဆရာတော် အသျှင်ဝါသဝသည် ၁၉၆၆ ခု၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် စာပေရှာဖွေရာမှအပြန် ကားမှောက် ပြန်လွန်တော်မူခဲ့၏။ ဆရာမောင်သုတအတွက် သတ်ပုံကျမ်းပေါင်း ၇၀ ကျော်နှင့် ပျို့ကဗျာများကို ရှာဖွေပေးခဲ့၏။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် များသို့လည်း ပုံမနှိပ်ဘူးသေးသည့် ရှေးဟောင်းစာပေအမြောက်အမြား ရှာဖွေပေးခဲ့သည်။ ယဉ်ကျေးမှုဌာနသို့လည်း မြန်မာ့ယဉ်ကျေးမှု အနုပညာစာပေများကို ပေးပို့ကူညီခဲ့သည်။ ဝန်ကြီးပဒေသရာဇ်၏ 'ကုမ္မာဘယ' ပျို့ကိုလည်း တည်းဖြတ်ထုတ်ဝေခဲ့သည်။

ဆရာမောင်သုတသည် စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာမြင့်ချင်လွန်းလို့၊ စာပေအရသာ၊ စာပေလက်ဆောင်၊ သူတို့လက် ဆောင်၊ တစ်ကျွန်းသို့၊ ဤလည်း တစ်ဒုက္ခနှင့် ဝတ္ထုတိုများ၊ ဇာနည်သွေး၊ မမေ့တဲ့နိုင်၊ ဗမာ့တော်လှန်ရေးသမိုင်းတို့ကို ရေးခဲ့၍ သေနင်္ဂဗျူဟာပျို့၊ ဗျူဟာစက္ကိ

ပျို့၊ နန္ဒီသေနပျို့တို့ကို တည်းဖြတ်ခဲ့သည်။

ဆရာတော်သည် "တက်ညီလက်ညီနှင့် ပျောက်ကွယ်လုလုဖြစ်နေတဲ့ ရှေးဟောင်းစာပေတွေကို ရှာဖွေကြမည်ဆိုလျှင် ပြည့်ပြည့်စုံစုံ ပြန်လည်ရရှိဖို့ လက်တစ်ကမ်းမျှသာ လိုတော့သည်" ဟု မိန့်ကြားသွားခဲ့လေသည်။

ဆရာမောင်သုတကတော့မူ "မသေသေးလျှင် စာရေးရသေးတာပေါ့။ မြန်မာစာပေကို စာရေး၍ ကျေးဇူးဆပ်မည်။ မြန်မာစာပေ မြှင့်တင်မည်" ဟု ပြောသွားခဲ့လေသည်။

သူတို့၏ ပြောစကားသံများကို ယနေ့တိုင် မမေ့နိုင်အောင် ကြားယောင်နေသည်။

ယခုအခါတွင် ထိုပညာရှင်နှစ်ဦးသည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို တစ်နှစ်သာခြား၍ စာပေဝန်ကို ထမ်းဆောင်ရင်း ကွယ်လွန်သွားကြလေပြီ။

အစားထိုးမရနိုင်သော ထိုပညာရှင်နှစ်ဦး ကွယ်လွန်သွားကြခြင်းသည် မြန်မာစာပေလောကအတွက် နှမြောတသ ဝမ်းနည်းဖွယ်ရာကောင်းလှပေသည်။

ငွေတာရီ အမှတ် ၉၉၊
၁၉၆၈၊ စက်တင်ဘာ

# သမိုင်းမော်ကွန်း တစ်စွန်းတစ်စ

တင်ထွေး(ရွှေတောင်)

ခွလည်း ခွကျသည်။

ဘုလည်း ဘုကျသည်။

ဘောက်လည်း ဘောက်ကျသည်။

ဤသို့သော ဝိသေသများဖြင့် လူသိများ ဇွတ်တရွတ်နိုင်လှသည့် နိုင်ငံရေး သုခမိန် သခင်ဗစိန်မှာ ကျွန်တော်နှင့် အစ်ကိုရင်းချာ တစ်ဦးပမာ အကျွမ်းတဝင် ရှိလှသူဖြစ်၏။

ပူးပြင်းသော နွေဥတု အလွန်အိုက်သည့် နေ့တစ်နေ့၌ အိမ်ရှေ့ စားပွဲ တွင် ကျောင်းစာမေးပွဲအတွက် စာကျက်နေစဉ် ဖြစ်သည်။ ကျက်စာ၊ မှတ်စာများကလည်း ပြီးပြည်စုံနိုင်သည်မရှိ။ အတိုင်းမသိ များပြားလှ သဖြင့် ညဥ့်ဦးပေါက် စာကျက်ခဲ့ရသောကြောင့် ငိုက်မြည်းသွားခိုက်. . .

"ဟော့. . . အပါ"

ဟု ခေါ်သံနှင့်အတူ ချွေးနံ့တထောင်းထောင်းနှင့် ဟောင်းနွမ်းသော အပေါ်ပင်နီအင်္ကျီကို မျက်နှာပေါ်သို့ ပစ်ချလိုက်ခြင်းကြောင့် မှေးခနဲ အိပ်ပျော် ရာမှ လန့်နိုးသွား၏။

သခင်ဗစိန်သည် ကျွန်တော် ဖတ်နေသော စာအုပ်ကို ဆတ်ခနဲ ဆွဲယူ ကြည့်ပြီး. . .

"အောင်မယ်. . . မင်းက နိုင်ငံရေးသမိုင်းတွေ ဘာတွေ ဖတ်လို့ ပါလား"

"စာမေးပွဲအတွက် စာကျက်နေတာပါ"

"ဟေ့. . . ဒီမှာ မင်း အိုင်စီအက်(စ်)။ ဘီစီအက်(စ်) မှန်းမနေနဲ့။ ဝန်ထောက်တို့၊ အရေးပိုင်တို့၊ အတွင်းဝန်တို့ လုပ်ချင်မနေနဲ့၊ အလကား ဟာတွေ။ ဒါတွေ ခေတ်ကုန်ပြီ၊ ခေတ်မရှိတော့ဘူးကွ၊ အင်္ဂလိပ် ပြေးရ တော့မယ်။ သွား. . . လက်ဖက်ရည်ယူချေ၊ စားစရာလည်း ယူခဲ့ကွာ" ဟု ပြောပြောဆိုဆို စာအုပ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်ပါသည်။

"ဩော်. . . သခင်ဗစိန်၊ အရှေ့ နေဝန်းထွက်သည့်ပမာ တို့ခေတ်ကို တော့ ရောက်ရမည်မှာ မလွဲပါ"ဆိုသည်ကို မမှိတ်မသုန် ယုံကြည်သူ။ တို့ခေတ်ကို ရောက်ဖို့အတွက် လာမည့်ဘေး ပြေးတွေ့ဖို့ ဦးမလေးသူ။ ထောင်နှုတ်ခမ်းကို လျှောက်ပြေးဝံ့သူ။ ထောင်ဘူးဝကို ခွတ်တိုးသူ။ ထောင်အကြိမ် အများဆုံး ကျခံရသူ။ ထောင်အကြိမ်ကြိမ် ကျပေမဲ့ သူ ဘယ်သောအခါမျှ ဒူးမတုန်၊ ရင်မခုန်။

ကျွန်တော်၏ မိခင်ဖြစ်သူက လက်ဖက်ရည်နှင့် စားစရာများကို ယူလာပြီး သခင်ဗစိန်ရှေ့တွင် ချပေးသည်။ မရီးဖြစ်သူ (ကွယ်လွန်သူ သခင်အေး၏ ဇနီး)က လက်ဖက်ပန်းကန်ပြင်၍ ယူလာ၏။ တူမကလေး ကလည်း ရွှေတောင်ပဲလှော်နှင့် ထန်းလျက် ယူလာပေးသည်။ မိသားစု အိမ်သားအားလုံးသည် သခင်များ အပေါ် အတော်သံယောဇဉ် ရှိကြ သည်။ အနွံအတာကို အမြဲလိုပင်ခံ။ ဘယ်အခါမှ ငြိုငြိုငြင်ငြင်မရှိ။ သခင်များကလည်း ကျွန်တော်တို့ အိမ်ကို 'တို့အိမ်မှတ်ကြသည်'၊ 'တို့ရွာ မှတ်ကြသည်'။ သခင်များ တောရောမြို့ပါ အဝင်အထွက်များခဲ့၏။ ဆုံမိကြလျှင် လက်သီးလက်မောင်းတန်း၍ ငြင်းကြ၊ ခုံကြ၊ ပြောကြ၊ ဆိုကြ။

အိမ်တွင် စာပုံနှိပ်စက် ထောင်ထားသဖြင့် တို့ဗမာအစည်းအရုံး၏ ကြေညာချက် စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲကြေညာချက်များအပြင် ညနေထုတ် ၂ ပြားသတင်းစာ၊ သခင်နေ့စဉ် သတင်းစာကြီးများကို ပုံနှိပ်ပေးရသည်။ ပုံနှိပ်စက်ထောင်သူ အစ်ကိုကြီး (သခင်အေး) မှာ နိုင်ငံရေးစိတ်ထက်သန်သူ ဖြစ်သဖြင့် အပေါင်းအသင်း သခင်များ၏ ပြန်ဆပ်လေ့မရှိသော အကြွေးစနစ်ကို အဖန်တလဲလဲ လက်ခံဆောင်ရွက်ပေးခဲ့၏။ တစ်ခါတစ်ရံ မိခင်ကြီးက "ဟော့. . . ကိုရွှေအေး ပုံနှိပ်ခတွေကော ရရဲ့လား" ဟု မေးသည့်အခါတွင် တိုင်းပြည်အတွက် အလုပ်လုပ်နေကြတာပါ။ ရမှရစေ သဘောမထားပါဘူးဟု အရင်းခံသဘော ပြောကြသည်ကို ကြားဖူးခဲ့သည်။

**ဂျွန်အစစ် သခင်ထွန်းဆိုင်**

တစ်ခါကလည်း သခင်ဗစိန်သည် နိုင်ငံရေးတရားကို ပြတ်သားစွာ ဟောနေစဉ်၊ 'တို့ဗမာဟော့. . . တို့ဗမာ၊ သခင်မျိုးဟော့. . . တို့ဗမာ' ဟု အော်သံကြား၍ လှမ်းကြည့်ရာ အသံဝါဝါ၊ မာန်ပါပါ ဟစ်လာသူမှာ လယ်သမားကြီး သခင်ထွန်းဆိုင်။ သူသည် ဆွေစဉ်မျိုးဆက် လယ်လုပ်တောင်သူဖြစ်၏။ ရေးဝံသာနုခေတ်ကတည်းကပင် နိုင်ငံရေးကို လိုက်စားဆောင်ရွက်ခဲ့သည်။ ဝံသာနုသမ္မတဟောင်း ဦးစိုးသိမ်း (အရှင်စိုးသိမ်း) ၏ တပည့်ရင်း ဖြစ်သည်။ သခင်ဗစိန်ကို ကြည်ညိုလေးစား အားထားသူလည်း ဖြစ်သည်။ သူနေထိုင်ရာ ကိုင်းတောစုရွာသို့ သခင်ဗစိန် ရောက်တိုင်း ထမ်းပိုးကျည်းသားဖြင့် ထမင်းကျွေးလေ့ရှိသည်။ ထမ်းပိုးကျည်းသားဆိုသည်မှာ ထမ်းပိုးနှင့် ရိုက်၍ အမွေးနုတ် ချက်ပြုတ်သည့် ကြက်သားဟင်းဖြစ်၏။ သခင်ဗစိန် အတွက်ဆိုလျှင် သခင်ထွန်းဆိုင်သည် အသက်ပင်သေသေ ဖြစ်လိုရာဖြစ်စေ ဆောင်ရွက်မည့်သူ။

မှတ်မိပါသေးသည်။ သခင်ဗစိန်၏ သားတပည့် သခင်လှထွန်းက

သခင်ထွန်းဆိုင်ကို လူပုံအလယ်တွင် မတ်တတ်ရပ်၊ ပုဆိုးခါးတောင်းမြောင်အောင် ကြိုက်စေပြီး ခါးမှ ဒူးအောက်အထိ အပြည့်ထိုးထားသော ထိုးကွင်းနှင့် သာယာဝတီ ဆရာစံဂျူန်ထစဉ်က ဆေးမင်ရည် စုတ်ထိုးထားသည်များကို ပြကာ. . .

"ကြည့်ပါဦးခင်ဗျာ၊ ကျွန်တော်တို့ လယ်သမားကြီး သခင်ထွန်းဆိုင်မှ တကယ့် ဂျူန်အစစ်၊ ရေမရောဘူး"

ဟုပြောရာ လူအများ၏ ဩဘာလက်ခုပ်သံများ ဆူညံသွား၏။ သခင်ထွန်းဆိုင်မှာ သာယာဝတီ ဂျူန်ဆရာစံ အရေးတော်ပုံအတွင်းက ထောင်ကျခံခဲ့ရသူ မျိုးချစ်သူပုန်ကြီးတစ်ဦး ဖြစ်၏။ သခင်ဗစိန်သည် တကယ့် ဂျူန်အစစ်က ဆရာတင်ခံရသူ ဖြစ်ကြောင်း သခင်လှထွန်း ပြောသည်များကို နိုင်ငံရေးသမားဟောင်းကြီး တော်တော်များများက သဘောပေါက် သဘောကျ၏။ သခင်လှထွန်းသည် သခင်ဗစိန်အပေါ်တွင် သံယောဇဉ်ကြီးခဲ့သည်နှင့်အမျှ သခင်ထွန်းဆိုင်မှာလည်း သူတို့နှစ်ဦးအပေါ် နောက်ဆုံး ထွက်သက်တိုင် သမုဒယ မဖြတ်နိုင်ရှာခဲ့။

**နိုင်ငံရေးသုခမိန်**

သခင်ဗစိန်ထက် အသက်အရွယ်ကြီးပြီး အခါမရွေး၊ နေရာမရွေး "ဟေ့ ဗစိန်"၊ "မင်း"၊ "ငါ"၊"အေးလေကွာ" စသည်ဖြင့် မှင်သေသေဖြင့် ပြတ်ပြတ်သားသား ခေါ်ဝေါ်သုံးနှုန်း ပြောဆိုလေ့ရှိသူမှာ လူပြန်တော် ပညာရှိ သခင်ကျော်ရင် ဖြစ်၏။ 'အိုးဝေ. . . အိုးဝေ. . .' အစချီ ဂါထာကို ရွတ်ဆို၍ အိုးဝေ တရားဟောကြားခဲ့သည့် ဓမ္မကထိက အကျော်အမော်တစ်ဦးပင်။ သခင်ဗစိန် သဘောကို အမြဲလိုက်လျောသူ။ ကြည်ညိုအထင်ကြီးသူ။ သခင်ဗစိန်ကို 'နိုင်ငံရေးသုခမိန်' ဟူ၍ အစဉ် သိဒ္ဓိတင်ပေးလေ့ရှိသူ။ တစ်ခါတွင် သခင်ကိုယ်တော်မှိုင်းကြီးက သခင်ကျော်ရင်အား "ဟေ့. . . ကျော်ရင်၊ မင်းတို့ သုခမိန်ကို ရေပူရေချမ်းကမ်းပြီး

ပလားကွ" ဟု ရယ်သွမ်းသွေးခဲ့ကြောင်းကို ကြားလိုက်ရဖူးပါသည်။ သခင်ကျော်ရင်မှာ သခင်ဗစိန်နှင့် အစဉ်လက်တွဲခဲ့သည့် သွေးသောက်တစ်ဦးဖြစ်ပြီး နောက်ဆုံး သခင်ဗစိန် အသက်နှင့် ခန္ဓာကွာတော့မှ သူ ခွဲခွာလိုက်ရသည်။

**ကိုသိန်းဖေနှင့် ချိဇာကိတ်**

ဦးသိန်းဖေမြင့် ကိုသိန်းဖေဘဝတုန်းက အညာမုံရွာ မိဘရပ်ထံ ပြန်ရာ ဝယ် ရန်ကုန်ဘူတာကြီးသို့ အဆင်းတွင် သခင်ဗစိန်နှင့် သခင်ညီတို့ မန္တလေးရထားဆိုက်ရာသို့ သွားရောက်ပို့ဆောင် နှုတ်ဆက်ကြသည်။ ရထားမထွက်မီ စကားပြောနေကြခိုက် သခင်ဗစိန်က "လက်ဖက်ရည်တိုက်စမ်းကွာ"ဟု ပြောရာ ကိုသိန်းဖေက "လက်ဖက်ရည်မသောက်ပါနဲ့ဗျာ၊ မုန့်စားပါ" ဟု ပြောပြော ဆိုဆို မိဘကန်တော့ရန် ကွန်တီနင်တယ် မုန့်တိုက် (ယခု ပြည်သူ့မုန့်တိုက်) မှ ဝယ်လာသည့် ချိဇာကိတ်မုန့်ကို ချကျွေး၏။ ဤမျှ ချစ်ခင်ကြည်ညို လေးစားခြင်း ခံရသည့် သခင်ဗစိန်ပင်။

**မထိတထိ ခပ်ရိရိ**

မှတ်မှတ်ရရရှိလှသည့် ဖြစ်ရပ်တစ်ခုမှာ တစ်ခါက သခင်ဗစိန်သည် လက်ဖက်ပန်းကန်န္ဒိုက်ရင်း. . .

"မင်း. . . ကံယုံသလား"

"ယုံတာပေါ့ဗျာ၊ ဗုဒ္ဓဘာသာပဲ"

"မင်းလုပ်ပြီ။ မင်း ထိမထိုးဘူးလား"

"အာ. . . ထိုးတာပေါ့၊ အပတ်စဉ်ထိုးတယ်"

"နို့ မင်း ထိမပေါက်ဖူးလား"

"မပေါက်ပါဘူးဗျာ"

"မင်း ဘာဖြစ်လို့ ထိမပေါက်လဲ သိလား"

"ကံမရှိလို့ မပေါက်တာပေါ့ဗျာ"

"မင်း အတော်ညံ့သေးတယ်၊ ကံတွေ ဘာတွေ လုပ်မနေနဲ့ကွ မဟုတ်ဘူး"

အနီးတွင် ထိုင်နေသည့် အဘိုးဖြစ်သူက ငေါက်ခနဲ ထပြီး. . .

"ကံမဟုတ်ရင် ဘာကြောင့်လဲ၊ ပြောပါဦး" ဟု ဝင်ထောက်လိုက်၏။ အဘိုးမှာ ဘာသာရေးလိုက်စားသည့် တရားဓမ္မ ရင့်ကျက်သော ငှက်ကြီး ဖြစ်၏။ (ငှက်ဆိုသည်မှာ ငှက်တွင်းဂိုဏ်းဝင် ပုဂ္ဂိုလ်ကို ခေါ်ခြင်းဖြစ်သည်) သခင်ဗစိန်က ပြုံးပြုံး ပြုံးပြုံးနှင့် . . . . . . .

"အပါ. . . မှတ်ထားကွ၊ ထီမပေါက်တာ မင်းထိုးတဲ့ ထီလက်မှတ်ဂဏန်းနဲ့ ထီဖွင့်တဲ့ ကလေးမလေးတွေ နှိုက်ပေးတဲ့ ဂေါ်လီဂဏန်းနဲ့ မကိုက်လို့ မပေါက်တာ"

အဘိုးဖြစ်သူက အတော်ခံပြင်းပြီး

"ဒီအသိမျိုးတော့ ကလေးတောင် သိတယ်"

ပြောပြောဆိုဆို စိတ်ပေါက်ပေါက်နှင့် ထသွားရာ သခင်ဗစိန် တစ်ယောက် ပြုံးပြုံးကြီး ကျေနပ်ကျေနပ်ရစ်ခဲ့၏။ တစ်ဖက်သား မခံချင်အောင် မထိတထိ ခပ်ရိရိ ပြောတတ် လုပ်တတ်သည်မှာ သူ့ဝါသနာ။

**ယူမယ်စိန်**

စစ်ပြီးခေတ် အင်္ဂလိပ် ပြန်ဝင်လာပြီးနောက် မြန်မာပြည်ဘုရင်ခံ၏ အတိုင်ပင်ခံ ဆာပေါ်ထွန်း အစိုးရအဖွဲ့နှင့် အုပ်ချုပ်လာရာမှ အင်အားကြီးမားသော ဖဆပလအဖွဲ့ကို အစိုးရအဖွဲ့ထဲ ပါဝင်ရန် သိမ်းသွင်းနေခိုက် သတင်းစာဆရာများသည် သခင်ဗစိန်နှင့် တွေ့၍ တိုင်းပြည်အခြေအနေနှင့် သခင်ဗစိန်၏ သဘောထားကို မေးမြန်းကြသည်။ မေးခွန်းတစ်ခုမှာ. . .

"သခင်ဗစိန်ခင်ဗျား၊ ယခုနေ ဘုရင်ခံက ရာထူးခေါ်ပေးရင် ယူမလား"

သခင်ဗစိန်က နှုတ်မဆိုင်းဘဲ

"ယူမယ်၊ ယူမယ်" ဟု ဖြေခဲ့၏။

ထိုအဖြေကို အဖျားဆွတ်၍ နောက်တစ်နေ့ထုတ် သတင်းစာများတွင် ဧရာမ စာလုံးကြီးများနှင့် 'ယူမယ်စိန်' ဟု ခေါင်းတပ်ကာ သခင်ဗစိန်ကို တစ်ဖက်စောင်းနင်း ရေးသားဖော်ပြကြသည်။ သခင်များက ခံပြင်းကြသော်လည်း သခင်ဗစိန်မှာမူ ပြုံးလျက်ဖြင့် လာလာသမျှကို ယနေ့ ထုတ် သတင်းစာဖတ်ပြီးပြီပလားဟု အားရရွှင်လန်းမျက်နှာပန်းနှင့် အမေး မပျက်ခဲ့။

မကြာမီပင် ဘုရင်ခံ၏ အတိုင်ပင်ခံ ဆာပေါ်ထွန်း အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့လိုက်၏။ နောက်ထပ် ဖွဲ့စည်းသော ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့တွင် သခင်ဗစိန်သည် ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်လာ၏။

**ဒီမိုကရက်တစ်ပါတီနှင့် သခင်ဗစိန်**

တိုင်းပြည်အတွက် လွတ်လပ်ရေးသာမက လယ်လုပ်တောင်သူကြီးပွားရာလမ်းကိုမြင်ပြီး ဆင်းရဲတဲ့ တို့မြန်မာတွေ ချမ်းသာရာလမ်းကို ထွင်သော သခင်ဗစိန်သည် 'ဒီမိုကရက်တစ်ပါတီ' ကို ထူထောင်၊ ဒီမိုကရေစီကို အလေးထားကာ ကွန်မြူနစ် ဆန့်ကျင်ရေးကို စတင်တော့သည်။ ဒီမိုကရက်တစ်ပါတီ၏ မူဝါဒလမ်းစဉ်ကို သတင်းစာရှင်းလင်းပွဲလုပ်၏။ သတင်းစာများက မေးခွန်းမေး၍ ဖြေကြားရာတွင်. . .

"အမေရိကန်နဲ့ပေါင်းမယ်၊ အမေရိကန်နဲ့ပေါင်းမှ ဖြစ်မယ်၊ အမေရိကန် အကူအညီရယူမယ်"

ဟု ပွင့်ပွင့်လင်းလင်း ပြောသည်။ တိတိပပ ကြေညာသည်။ ယင်းသတင်းစာ ဆွေးနွေးပွဲမလုပ်မီ ပါတီအလုပ်အမှုဆောင်များက အင်္ဂလိပ် အမေရိကန် အရင်းရှင်ဝါဒ ရွံမုန်းနေဆဲမို့ နှုတ်ပိတ်နေရန်

ကြိုတင် ပြောကြားထားသည့်ကြားက အမေရိကန် အကြောင်းကို အားပါး တရ ပြောဆိုလိုက်၏။ တမင်ဇွတ်ပြောခြင်းပင်။ သူရှင်းပြသည့် အကြောင်းအချက်အလက်တို့ ကို မည်သူမျှ ငြင်းချက် မထုတ်နိုင်။ မိမိ ယုံကြည်ချက်ကို စွဲစွဲမြဲမြဲ၊ ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုရန် ဘယ်သောအခါမှ ဝန်မလေးသူ ဖြစ်သည်။ ပြောဆိုရာတွင် လည်း စိတ်လိုက်မာန်ပါ ဒေါနှင့် မောနှင့် နားထောင်သူအပေါင်း ကြက်သီး ထအောင် ပြောဆိုနိုင်၏။ ဆောင်ရွက်လုပ်ကိုင်ရာတွင်လည်း မကြောက် မရွံ့၊ နောက်မတွန့်။ ထို့ကြောင့် တချို့သော နိုင်ငံရေးသမားတို့က သခင်ဗစိန်ကို ရွံ့သည်ထက် ရွံ့ကြခြင်းပင်။

**ဤသို့ကြားလိုက်ရ၏။ ဤသို့ မှတ်လိုက်ရ၏။**

သူရှိစဉ် မကြာခဏ ခြယ်မှုန်းပြလေ့ရှိသည့် လောကီဝိမုတ္တိရသ ဖော်ကျူးသော စကားစုကို ယနေ့တိုင် ကျွန်တော် ကြားယောင်ဆဲ. . .

"Work according to your ability and get according to your need."

သင့်အစွမ်းရှိသရွေ့ အလုပ်လုပ်ပါ။ လိုအပ်သမျှလောက်သာ ရယူပါ"

ယခု သူမရှိတော့။

ကွယ်လွန်သည်မှာ ၂၃ သုံးနှစ် တိုင်ခဲ့ပြီ။

"Work according to your ability and get according to your need."

# ဘုရင်ခံမျက်ရည်ကျသည့်နေ့

မိုဝံ

(၁)

ကျွန်တော် ကုသိုလ်ကံ ခေခဲ့သည်။

သူ့ကျွန်ဘဝတွင် လူဖြစ်လာခဲ့ရပြီး သူ့ကျွန်ကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရခြင်းသည် ကုသိုလ်ကံခေခြင်းပင် မဟုတ်တုံလော။

(၂)

လူမှန်းသိတတ်သည့်အရွယ်သို့ ရောက်ရှိလာသည်အထိ သခင်ဘဝ ဆိုသည်မှာ ဖြူသလား၊ မည်းသလား ကျွန်တော် မသိ။ သခင်ဘဝ၏ အနှစ်သာရကိုလည်း နားမလည်သေး။ ကျွန်ဘဝ၏ အနိဋ္ဌာရုံများကိုပင် ဣဋ္ဌာရုံဟု မှတ်ထင်ခဲ့သည်။

သခင်ဘဝမှ ကျွန်ဘဝသို့ သက်ဆင်းလျှောကျခဲ့ကြရသည့် မျိုးချစ် စာဆိုတော်ကြီးများ နာကြည်းစွာဖြင့် ရေးစပ်ဖွဲ့ဆိုခဲ့ကြသည့် စာပေနှင့်ကဗျာများကို ဖတ်ရှုလေ့လာခွင့်ရသည့်အခါတွင်မှ ကျွန်ဘဝတွင် လူဖြစ်လာရသည်ကို တွေးမိတိုင်း နာကြည်းရမှန်းသိလာသည်။

'မြန်မာတွေ စည်းကမ်းဖောက်၊ ထီးနန်းလည်းပျောက်ပြီ၊ မှိုးညမ်း

ထောက် အသစ်မှီသည်၊ ညစ်ပလီလူမျိုးကို၊ 'မိ'ပစ်လို့ 'ဖ'သွေရှောင်သည် 'ခွ'ကောင်တွေ ခွေးဖြစ်ပေ့ါမျိုး'

အစချီသည့် အချုပ်တန်းဆရာဘော ရင်နာနာနှင့်ရေးစပ်ခဲ့သော တေးထပ်ကို ကြားယောင်မိသည့်အခါတိုင်း ခံပြင်းသည့်စိတ်များ ဖြစ်ပေါ် လာခဲ့သည်။ သခင်ဘဝကို တက်လှမ်းနိုင်အောင် ရုန်းထွက်ဖို့လည်း စိတ်ဆန္ဒ ပြင်းပြလာခဲ့သည်။

ပြင်းပြသည့်အလျောက် လူမှန်းသိတတ်သည့် အရွယ်မှစ၍ ဝိုင်အမ်ဘီအေခေတ်၊ ဂျီစီဘီအေခေတ်၊ ခွဲရေးတွဲရေးခေတ်၊ ၉၁ ဌာန ခေတ် မှသည် ဖက်ဆစ်ခေတ်သို့တိုင်အောင် ခေတ်အဆက်ဆက် လွတ်လပ်ရေး ကြိုးပမ်းမှုများကို အားတက်သရော ကြိုဆိုခဲ့သည်။ အလေးအနက် ထောက်ခံခဲ့သည်။ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လွတ်လပ်ရေးတိုက်ပွဲ အဆင့်ဆင့်တွင် ပါဝင်ဆင်နွှဲခဲ့သည်။

(၃)

အသက် ၄၀ အရွယ်တွင် ကျွန်တော်၏ဆန္ဒ ပြည့်ဝခဲ့သည်။

မြန်မာ့လွတ်လပ်ရေးဗိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ မရမနေ ကြိုးပမ်းမှုကြောင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ ကျင်းပကာ ဗြိတိသျှနယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့သော တောင်ပေါ်နှင့် မြေပြန့်တစ်သားတည်း စည်းလုံးညီညွတ်မှု ရရှိခဲ့သည်။

တစ်နည်းအားဖြင့်ဆိုရသော် တောင်တန်းဒေသများရှိ တိုင်းရင်းသားများသည် မြေပြန့်တိုင်းရင်းသားများနှင့် အေးအတူ ပူအမျှ အတူတကွ လက်တွဲပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ထောင်သွားရန် တညီတညွတ်တည်း ပြဌာန်းခဲ့ကြသည်။ ထိုပြဌာန်းချက်မှာ လွတ်လပ်ရေး၏ အခြေခံအုတ်မြစ် ဖြစ်လာသည်။

ယင်းသို့ အုတ်မြစ်ချခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်

သည့် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးသည် 'တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်' ဟူသော ကြွေးကြော်သံဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တစ်နိုင်ငံလုံး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

'တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်' ဟူသော ကြွေးကြော်သံနှင့်အညီ တစ်နှစ်မပြည့်မီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်နေ့၊ နံနက် ၄နာရီ မိနစ် ၂၀ အချိန်တွင် ဗြိတိသျှအလံကို တိုင်ထိပ်မှ ဖြုတ်ချပြီး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏အလံကို တိုင်ထိပ်သို့ လွှင့်တင်ကာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာမြေကြီး တုန်ဟည်းမတတ် ကမ္ဘာသို့ ဝင့်ကြွားစွာ ကြေညာနိုင်ခဲ့သည်။

သူ့ကျွန်ဘဝတွင် လူဖြစ်လာခဲ့ရပြီး သူ့ကျွန်အဖြစ် ကြီးပြင်းလာခဲ့ရသော ကျွန်တော့်အဖို့ လွတ်လပ်ရေး ကြေညာစာတမ်း ဖတ်ကြားသည်ကို နားနှင့် ဆတ်ဆတ်ကြားနာရသည့် တစ်ခဏတွင် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွားသည်အထိ ပီတိတွေ လျှမ်းခဲ့ရပါတော့သည်။

## (၄)

ကုသိုလ်ကံ ထူးသည်ဟု ဆိုရမည်လားမသိ။

လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကို အစမှအဆုံးတိုင်အောင် ဓာတ်ပုံ၊ ရုပ်ရှင်တို့ဖြင့် မှတ်တမ်းတင်ခွင့်ရခဲ့သည်။

ထိုစဉ်အခါက ကျွန်တော့်မှာ နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်နှင့် ပြဇာတ်ဌာနတွင် ဒုတိယ ညွှန်ကြားရေးဝန်အဖြစ် တာဝန်ထမ်းရွက်ခဲ့ရပြီး မြန်မာ့လွတ်လပ်ရေးကြေညာသည့်အခမ်းအနားကို အကွက်စေ့စေ့ မှတ်တမ်းတင်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

မြန်မာ့လွတ်လပ်ရေးကြေညာသည့်အခမ်းအနားသတင်းကို ကမ္ဘာသို့ ဖြန့်ချိရန်အတွက် ကမ္ဘာ့ကြေးနန်းသတင်းကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ဓာတ်ပုံဆရာများ၊ သတင်းစာဆရာများ တဖွဲဖွဲရောက်ရှိလာကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်မှာ ပူပူနွေးနွေးပင်ရှိနေသေးသဖြင့် လွတ်လပ်ရေးကြေညာမည့် လွှတ်တော်အဆောက်အအုံတည်ရှိရာ အတွင်းဝန်များရုံးကို လုံခြုံရေးအတွက် လက်နက်ကိုင်အစောင့်များချထားပြီး အဝင်အထွက်ကို တင်းတင်းကျပ်ကျပ် စစ်ဆေးလျက်ရှိသဖြင့် နိုင်ငံခြားသတင်းစာဆရာများနှင့် ဓာတ်ပုံဆရာများ၏ လုံခြုံရေးနှင့် သတင်းယူရာတွင် လွယ်ကူစေရေးအတွက် ပူးတွဲတာဝန်ယူခဲ့ရပြန်သည်။

(၅)

လွတ်လပ်ရေးနေ့ အကြိုဖြစ်သော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် နေ့တွင် တစ်နေ့လုံး ကျွန်တော် အနားယူခွင့်မရ။ ထိုနေ့ညတွင်လည်း တစ်ညလုံး တစ်မှေးမျှ မအိပ်ခဲ့ရ။

ဇန်နဝါရီလ၊ ၄ ရက်နေ့၊ နံနက် ၄နာရီ မိနစ် ၂၀အချိန် လွှတ်တော်ရှေ့တွင် လွှင့်ထူထားသော ဗြိတိသျှအလံကို တိုင်ထိပ်မှ အောက်သို့ချပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်သည့် အခမ်းအနားမှအစ လွှတ်တော်မှတစ်ဆင့် ကမ္ဘာသို့ လွတ်လပ်ရေးကြေညာစာတမ်း ဖတ်ကြားသည့်အခမ်းအနား၊ ထိုမှ တစ်ဆင့် ဗြိတိသျှဘုရင်ခံ၏ အိမ်တော်ရှေ့တွင် လွှင့်ထူထားသော ဗြိတိသျှအလံကို တိုင်အောက်သို့ချပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို တိုင်ထိပ်သို့လွှင့်တင်ကာ ဗြိတိသျှ ဘုရင်ခံထံမှ အာဏာလွှဲပြောင်းယူခဲ့သည့် အခမ်းအနားအထိ အစမှအဆုံး အကွက်စေ့စေ့ ရုပ်ရှင်ရိုက်ကူး

နိုင်စေရန် တစ်ညလုံး အစီအစဉ်များ ရေးဆွဲ ခဲ့ရသည်။

နံနက် ၄ နာရီမတိုင်မီ ဓာတ်ပုံဆရာများအား နေရာချထားရေးနှင့် ဓာတ်ပုံနှင့် ရုပ်ရှင်ရိုက်ကူးရေး အစီအစဉ်များ ရေးဆွဲပြီးစီးခဲ့သည်။

ဓာတ်ပုံဆရာ ပြည့်ပြည့်စုံစုံမရှိ၊ ရုပ်ရှင်ကင်မရာနှင့် ဖလင်မှာလည်း လွယ်လွယ်နှင့် ဝယ်၍မရ။ ရှိသမျှ ပစ္စည်းကိရိယာများ စုဆောင်းပြီး ရှိသမျှ ဓာတ်ပုံဆရာအင်အားဖြင့် လွတ်လပ်ရေးအခမ်းအနားကို မှတ်တမ်းတင်ခဲ့ရသည်။ ဓာတ်ပုံဆရာ အင်အားချို့တဲ့သဖြင့် တစ်ကြောင်း၊ ဝါသနာအလျောက် တစ်ကြောင်း ကျွန်တော် ကိုယ်တိုင်ပါဝင်၍ ရိုက်ကူးခဲ့သည်။

လွှတ်တော်ရှေ့တွင် အလံတော် အတင်အချပြုလုပ်ပြီး လွှတ်တော်မှ တစ်ဆင့် မြန်မာ့လွတ်လပ်ရေး ကြေညာပြီးချိန်တွင် ဘုရင်ခံ အိမ်တော်သို့ အပြေးအလွှားလာခဲ့ရသည်။ ထို့နောက် ဘုရင်ခံအိမ်တော်ရှေ့တွင် လွှင့်ထူထားသော ဗြိတိသျှအလံကို တိုင်အောက်သို့ချ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို တိုင်ထိပ်သို့ လွှင့်တင်ကာ ဗြိတိသျှဘုရင်ခံထံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတက အာဏာလွှဲပြောင်းယူသည့် အခမ်းအနားကို အနီးကပ် အသေးစိတ် ရိုက်ကူးယူခဲ့သည်။

ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်မှာ မြန်မာနိုင်ငံအပေါ် ကိုယ်ချင်းစာနာစိတ်ရှိသော ရိုးသားသည့် စစ်သည်တော်ကြီး ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကိုလည်း အကူအညီပေးခဲ့သူ ဖြစ်သည်။

သို့တစေ. . .

ဗြိတိသျှအလံကို တိုင်အောက်သို့လျှောချပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အလံကို တိုင်ထိပ်သို့လွှင့်တင်ကာ နိုင်ငံတော် အလံကိုအလေးပြုခဲ့ကြပြီးနောက် မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာသွားရန် မော်တော်ကားပေါ်သို့ အတက် မြန်မာ့မိတ်ဆွေများအား နှုတ်ဆက်ချိန်တွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် မျက်ရည်ကျခဲ့သည်ကို နီးနီးကပ်ကပ် တွေ့မြင်မှတ်သားခဲ့ရသည်။ ရုပ်ရှင်ဖြင့်လည်း မှတ်တမ်းတင်ခွင့်ရခဲ့သည်။

(၆)

တစ်နေ့နှင့် တစ်ည ကာလပတ်လုံး တစ်ခဏမျှ အနားယူခွင့်မရ၊ တစ်မှေးမျှပင် အိပ်ချိန်မရအောင် အစီအစဉ်များ ပြုလုပ်ခဲ့ရသော်လည်း ပင်ပန်းရမှန်းမသိ။ လွတ်လပ်ရေး ဆာလောင်မွတ်သိပ်နေသော ပြည်သူ လူထုကြီးအား 'ငါတို့ လွတ်လပ်ပြီ' ဟု လက်ပမ်းပေါက်ခတ်နိုင်ကြစေရန် ရည်သန်၍ လွတ်လပ်ရေးနေ့တွင် တစ်မှေးမျှမအိပ်ဘဲ ကျွန်တော်နှင့်အတူ ရုပ်ရှင်ရိုက်ကူးခဲ့ကြသော ဓာတ်ပုံဆရာများ စုဝေးပြီး ရိုက်ကူးလာခဲ့သည့် ဖလင်များကို တစ်နေကုန် တည်းဖြတ်ခဲ့ကြသည်။ ညနေပိုင်းတွင် အချော သတ်နိုင်သဖြင့် ချက်ချင်းပင် ပေ့ါစတစ်ဖလင် လေးကော်ပီကူးခဲ့သည်။

ထိုနေ့ည သမ္မတအိမ်တော်တွင် တည်ခင်းခဲ့သော လွတ်လပ်ရေး နေ့ ညစာစားပွဲနှင့် ဧည့်ခံပွဲသို့တက်ရောက်လာကြသည့် နိုင်ငံခြား သံတမန် များ၊ ဧည့်သည်တော်များ၊ သတင်းစာဆရာများနှင့် ဓာတ်ပုံဆရာများအား ထိုနေ့နံနက်က ရိုက်ကူးခဲ့သည့် လွတ်လပ်ရေး မော်ကွန်းတင် ရုပ်ရှင်ကား ကို ပြသခဲ့ရာ တအံ့တသြ ကြည့်ရှုကြသည်။ ထိုရုပ်ရှင်ကားကို သမ္မတ အိမ်တော်တွင် သုံးကြိမ်တိုင်တိုင် ဆက်တိုက်ပြသခဲ့ရသည်။ ရန်ကုန်မြို့ ရပ်ကွက်အသီးသီးတွင်လည်း အဆိုပါ လွတ်လပ်ရေး မော်ကွန်းတင် ရုပ်ရှင် ကားကို ညလုံးပေါက် လှည့်လည်ပြသခဲ့သည်။

ပစ္စည်းအင်အား၊ လူအင်အား ချို့တဲ့သည့်ကြားမှ မဖြစ်မနေ ကြိုးပမ်းခဲ့မှုကြောင့် လွတ်လပ်ရေး မော်ကွန်းတင် ရုပ်ရှင်ကားကို ညတွင်းချင်း ပြသနိုင်သည့်အတွက် ကျွန်တော်တို့တစ်ဖွဲ့လုံး ဝမ်းသာဂုဏ်ယူ၍ မဆုံး။

(၇)

ကျွန်တော် လူဖြစ်ကျိုးနပ်ပြီဟု ဆိုနိုင်သည်။

အကြောင်းမူကား. . .

သူ့ကျွန်ဘဝတွင် လူဖြစ်လာကာ သူ့ကျွန်တစ်ယောက်အဖြစ်

ညှိုးငယ်စွာ နေလာခဲ့ရသလောက် သခင်ဘဝ၏ အစပထမဖြစ်သော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်နေ့နံနက် လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကို မှတ်တမ်းတင်ခွင့်ရခဲ့ခြင်းကြောင့် ဖြစ်ပေသတည်း။ ။

မြဝတီ၊
၁၉၈၇၊ ဇန်နဝါရီ

# သခင်မြနှင့် သူ၏ သခင်များ

သုံးဆယ် ထိပ်ငံ့တင်မြင့်

လွန်ခဲ့သည့်လက ကျွန်တော်တို့ မိတ်ဆွေတစ်စုသည် နတ်တလင်းမြို့သို့ အလည်အပတ် သွားရောက်ရာမှ သရက်ပင်ကန်ရွာသို့ ရောက်သွားသည်။ သရက်ပင်ကန်ရွာမှာ နတ်တလင်းနှင့် ၉ မိုင်ခန့်ဝေးသည်။ ထိုရွာတွင် ကျွန်တော်တို့နှင့် အတူပါလာသူ မိတ်ဆွေ ဆရာကိုသိန်းမော်၏ ဘကြီး ဦးဖိုးသင်(ခေါ်)သခင်ဖိုးသင် ရှိသည်။ သခင်ဖိုးသင်မှာ ရှေးခေတ်က သခင်ခေါင်းဆောင်တစ်ဦး ဖြစ်သဖြင့် သူနှင့် တွေ့ဆုံရသည်ကို ကျွန်တော်တို့မှာ ဝမ်းသာ၍မဆုံး ဖြစ်ကြသည်။

"ဦးနဲ့ မမျှော်လင့်ဘဲ ခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ ဦးရယ်" ကျွန်တော်က စ၍ နှုတ်ဆက်လိုက်ပါသည်။

"မောင်တို့နဲ့ တွေ့ရတာလည်း ဦးက ဝမ်းသာပါတယ်။ အေးအေးဆေးဆေး စကားစမြည် ပြောကြတာပေါ့ကွယ်" သခင်ဖိုးသင်ကြီးသည် သူ၏ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကိုဖွာလျက် လေသံခပ်အေးအေးဖြင့် ပြောလိုက်သည်။

"ဒါနဲ့ ဦးရယ်၊ ဦးလည်း သခင်အသင်းတွေမှာ လုပ်ခဲ့တယ်လို့ ကြားဖူးတယ်။ ဟုတ်ပါသလား ခင်ဗျာ။ ဒါ တခြားလူပြောတာတော့ မဟုတ်ဘူး။ ကိုသိန်းမော် ပြောတာပါ။ လာလာချင်း ဆောက်နဲ့ထွင်းလို့ လည်း မမှတ်လိုက်ပါနဲ့ ဦးရယ်" ကျွန်တော်က ကောက်ကာငင်ကာ မေးလိုက်ပါသည်။

"အေး ဦးတို့ တို့ဗမာအစည်းအရုံး သခင်တွေ ခေတ်တုန်းက တော့ လုပ်ခဲ့တယ်ကွဲ့"

"ဟောဒီ ထိန်္ဒတင်မြင့်က သာယာဝတီ သခင်မြရဲ့အကြောင်း သိချင်လို့တဲ့ ဘကြီးရယ်" ကိုသိန်းမော်က စကားဝင်၍ ထောက်လိုက် သည်။

"မောင်တို့ သိချင်ရင်တော့ ဦးလည်း သိသလောက် ဖောက်သည် ချရတာပေါ့ကွယ်" သခင်ဖိုးသင်ကြီးသည် အင်္ကျီကိုယ်လုံးကျွတ်ဖြင့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဦးရယ်"

"ခုခေတ်စကားနဲ့ ပြောရရင် တို့ဟာ ဟိုတုန်းက နိုင်ငံရေးခေါင်း ဆောင်ကြီးတွေပေါ့ကွာ။ ခုတော့ မလုပ်တော့ပါဘူး။ အသက်ကလည်း ၆၀ ကျော်နေပြီကွဲ့။ ဒါနဲ့ သခင်မြ ဦးဆောင်ပြီးတော့ သာယာဝတီမှာ တို့ဗမာ အစည်းအရုံး တည်ထောင်တယ်။ နောက်တော့ တောနယ်တွေ ဆင်းပြီး အဖွဲ့ဝင်တွေ၊ ခေါင်းဆောင်တွေက လူထုကို တရားဟောကြရ တယ်။ အဲဒီတုန်းက သခင်မြတို့ နတ်တလင်းလာပြီး တရားဟောကြတယ်။ တရားပွဲကို ဦးတို့တွေ သွားရောက်နားထောင်ကြတယ်။ သူတို့ရဲ့လုပ်ငန်း စဉ်ကို သိပ် သဘောကျတာပဲကွဲ့"

"လူထုရဲ့သဘောက ဒီတုန်းက ဘယ်လိုသဘောထားကြသလဲ ခင်ဗျာ" ကျွန်တော်က မေးလိုက်သည်။

"လူထုက သိပ်သဘောကျတာပေါ့ကွဲ့။ သူတို့ရဲ့မူက သခင်တွေ

ရဲ့ ဆောင်ပုဒ်ကပေါ့ကွယ်။ "ယင်ငယ်တစ်ကောင် သောက်လောက်အောင် သွေးတစ်ပေါက်မျှ မစွန်းရ' ဆိုတဲ့နည်းနဲ့ လွတ်လပ်ရေးကိုရအောင် ကြိုးပမ်းရမယ်လို့ တရားဟောတယ်။ ဦးတို့က ဒီလမ်းစဉ်မှန်တယ်၊ တို့ ဗမာတွေဟာ လွတ်လပ်ဖို့ ကြိုးစားရမယ်လို့ သဘောပေါက်ကြတယ်"

"ဩော် လူထုကလည်း လက်ခံကြတာကိုး"

"ဟာ လူမျိုးရဲ့ လွတ်လပ်ခွင့်ပဲကွ။ စိတ်ဝင်စားကြတာပေါ့" သခင်ဖိုးသင်ကြီးသည် သခင်များ ယခင်က တရားဟောကြားသည့် ဟန်အမူအရာမျိုးဖြင့် ပြောလိုက်သည်။

"အစည်းအရုံးအဖွဲ့အသင်းတွေ ပေါ်ပေါက်လာတယ်ဆိုတော့ စိတ်ဓာတ်တွေ နိုးကြားလာကြတာ ထင်ပါတယ်"

"ဒါကြောင့် ဦးတို့လည်း သခင်မြတို့နဲ့ ပူးပေါင်းမိကြတာပေါ့။ တိုတိုပြောကြပါစို့ကွယ်။ ဦးတို့လည်း သခင်စိတ်တွေ ပေါက်ပြီး တို့ဗမာ အစည်းအရုံးမှာ ဝင်ရောက်ကြတယ်။ ဦးတို့က နတ်တလင်း အရှေ့ဘက် နယ်တွေကို တာဝန်ယူပြီး လူထုကို တရားဟောရတယ်။ ပထမတော့ သခင်မြတို့ လာပြီး ဟောကြ၊ ပြောကြတယ်။ နောက်တော့ ဦးတို့နယ်ရှိ သခင်ခေါင်းဆောင်တွေက အဖွဲ့က ချမှတ်တဲ့မူအတိုင်း ပြောရ ဟောရ တယ်"

"တပျော်တပါးကြီး နေမှာပဲနော်" ကျွန်တော်က အားကျသော လေသံဖြင့် ပြောလိုက်မိသည်။

"ဒါပေါ့ကွာ။ ဦးတို့ အိမ်မှာဆိုရင် သခင်မြတို့၊ သခင်လှဖေတို့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၊ သခင်အောင်သန်းတို့တွေဟာ ခဏ ခဏ လာကြ၊ အိပ်ကြ၊ စားကြသောက်ကြပေါ့။ ဘာမှ မဖြစ်ဘူး။ ကိုယ့်လုပ် ငန်းနဲ့ ကိုယ်ပျော်လို့၊ ရွာသူရွာသား နယ်သူနယ်သားတွေကလည်း သခင်တွေဆိုရင် သိပ်ကြည်ညိုတာပဲ"

"သခင်မြဟာ သာယာဝတီမှာ နေတယ်။ သာယာဝတီမှာပဲ ဝတ်လုံ

လုပ်တယ်ကွ။ သိပ်သဘောကောင်းတာပဲ။ စိတ်သဘောထားမှာတော့ ရှားမှ ရှားဆိုတဲ့ လူတစ်ယောက်ပဲကွာ။ ဦးတော့ သူလို ပုဂ္ဂိုလ်မျိုး သိပ်ရှိမယ် တောင် မထင်ဘူး။ ပိုပြောတာ မဟုတ်ပါဘူးကွာ။ မောင်တို့ သူနဲ့ တွဲလုပ်ဖူး တဲ့ တခြား လူတွေနဲ့တွေ့ရင် မေးကြည့်ပေါ့" သခင်ဖိုးသင်ကြီးသည် သခင်မြ၏ စိတ်နေ စိတ်ထားအကြောင်းကို နိဒါန်းချီ၍ပြောလေသည်။

"ဟုတ်ကဲ့ သခင်မြရဲ့ စိတ်ထားကောင်းပုံကို ကျွန်တော်တို့လည်း အရင်က အတန်အသင့် ကြားဖူးပါတယ်"

"သာယာဝတီမှာ တစ်လ တစ်ခါလောက် စည်းဝေးတယ်ကွ။ သခင်မြ အိမ်မှာပဲ လုပ်တယ်။ နယ်သခင်ခေါင်းဆောင်တွေ တရုံးရုံးနဲ့ပေါ့။ အတော့်ကို စိတ်ရှည်တယ်ဟေ့။ သခင်မြ တင်မဟုတ်ဘူး။ သူ့ရဲ့ဇနီး ဒေါ်လေးညွန့်ကလည်း စိတ်ရှည်တယ်။ သဘောလည်း ကောင်းတယ်။ စကားစပ်မိလို့ ပြောရဦးမယ်။ ဒေါ်လေးညွန့်ကလည်း သခင်စိတ်ပဲကွ။ အမျိုးသမီးထဲမှာတော့ သူက တော်တော် စိတ်ထက်သန်တယ်။ အမျိုးသမီး သခင်ခေါင်းဆောင်ပဲ။ ဒါကြောင့် ဟိုတုန်းက သခင်မ မလေးညွန့်လို့ ဦးတို့ ဟိုယခင်ကလူတွေက ခေါ်ကြတယ်။ သခင်မြရဲ့ ပါရမီဖြည့်ဖက်လို့ ဆိုရမှာပေါ့ကွယ်" သခင်ဖိုးသင်ကြီးသည် သခင် မလေးညွန့် အကြောင်း ကိုလည်း အားပါးတရပြောရှာသည်။

"ဦးတို့ လုပ်ငန်းစတုန်းကဆိုရင် အသင်းမှာ ငွေမရှိလှဘူး။ ကုန်စရာ ကျစရာရှိရင် သခင်မြကပဲ စိုက်ကုန်တယ်။ အစည်းအဝေး လာကြတဲ့ သခင်တွေလည်း လက်ဖက်ရည်တိုက်တယ်။ ထမင်းကျွေးတယ်။ တစ်ခါတွင် မဟုတ်ဘူးကွဲ့။ အစည်းအဝေးလုပ်တိုင်းပဲ ကျွေးမွေးတယ်။ စေတနာ သိပ်ထက်သန်တယ်။ အသင်းနဲ့ ပတ်သက်လာရင် ကုန်ကုန်ခန်းခန်း ပဲ တစ်စိမှ မတွန့်တိုဘူး။ အစည်းအဝေး လုပ်တိုင်းချည်းပဲဆိုတော့ ဦးတို့က အားနာလာတာပေါ့ကွာ။ လူလည်း တစ်ခါ အစည်းအဝေးကျင်းပရင် အနည်းဆုံး ၃၀၊ ၄၀ပဲ။ ထမင်းမကျွေးပါနဲ့။ လက်ဖက်ရည်လောက်သာ

တိုက်ရင် တော်လောက်ပါပြီလို့ ဦးတို့က ပြောတယ်။ သခင်မြက ဘာပြော လဲဆိုတော့ "ခေါင်းဆောင်လုပ်တယ်ဆိုတာ ကိုယ်တိုင်ကမှ အကုန်အကျ ခံပြီး သည်းခံပြီး မလုပ်ရင် ဒီအသင်းဟာ တာရှည်မှာ မဟုတ်ဘူး။ ကျုပ်ရှိတဲ့ပစ္စည်း ကုန်ချင်ကုန်ပါစေ။ အသင်းတာရှည်မြဲပြီး ကျုပ်တို့ရဲ့ လုပ်ငန်းစဉ် အောင်မြင်ဖို့သာ အဓိကပါ" လို့ပြောတယ်။ နောက်တော့ ဦးတို့လည်း မပြောတော့ဘူးကွ။ သူ ဝတ်လုံလိုက်လို့ ရတာလေးတွေဟာ အကုန်ချောတာနဲ့ တူပါတယ်ကွယ်'

"သခင်မြတို့ဟာ ချမ်းသာတယ်။ သူ့လယ်တွေဟာ သာယာဝတီ အရှေ့ဘက်မှာ အတော်များတယ်။ ဦးအထင် ဧက ၁၀၀ ကျော်လောက် ရှိမယ် ထင်တယ်။ ဒါပေမဲ့ ဒီလယ်ခ ရတာတွေဟာ အစည်းအရုံးမှာ သုံးတာနဲ့ ကုန်တာပဲနဲ့ တူတယ်ကွဲ့."

"ဒါနဲ့ နောက်တော့ တဖြည်းဖြည်း ဘိုင်ကျလာတာပေါ့ကွယ်။ သခင်မြ ကိုယ်တိုင်က နိုင်ငံရေးခေါင်းဆောင် လုပ်နေတော့ သူ့လယ်သမား တွေက လယ်ခပေးတဲ့လူပေး၊ မပေးတဲ့လူမပေး ဖြစ်ကုန်ရောကွဲ့."

"သခင်မြက တရားမစွဲဘူးလား ဦးရယ်"

ကျွန်တော်က ကြား ဖောက်၍ မေးလိုက်သည်။

"ဟာ တရားစွဲလို့ ဘယ်ဖြစ်မလဲ မောင်ရာ။ သူကိုယ်တိုင်က သခင်ခေါင်းဆောင်တစ်ယောက် ဖြစ်နေတာပဲ။ လယ်သမားတွေကလည်း သူ့တပည့်တွေချည်းပဲ။ တရားစွဲဖို့နေရော၊ သူ့လယ်သမားတွေလာရင် ထမင်းတောင် ဆီး ကျွေးရသေးတယ်။ ကောင်းကောင်းမွန်မွန်လည်း ဧည့်ခံပြုစုသေးတယ်။ လယ်ခပေးပါလို့လည်း မတောင်းဘူး။ ထူးရော မောင်ရာ။ ဦးတို့တော့ လက်ဖျားခါရတာပဲ။ အဲဒီအထိ လူတစ်ဖက်သား ကို လိုက်လျောတာ၊ ညှာတာ တာကွဲ့." သခင်ဖိုးသင်ကြီးသည် ယခင်က မိမိတို့ တွေ့ခဲ့ရသော သခင်မြ၏ ပြုမူပုံကို တအံ့တဩ ပြောရှာသည်။

"ပြည်သူလူထုအပေါ် မှာ ဘယ်လောက် စေတနာကောင်းထား

သလဲဆိုရင် ဦးပြောပြဦးမယ်။ ဝတ်လုံလိုက်ရတာ ပိုက်ဆံတော်တော်ရတယ်။ ဒါပေမဲ့ နောက်တော့ အမှုတစ်ခုကိုလိုက်ရင် ပိုက်ဆံမရတာက များတယ်။ အလကား လိုလိုချည်းပဲကွ။ နောက်ဆုံးကွယ်. . . ခွေးကိုက်လို့ဖြစ်တဲ့အမှုတောင်လိုက်ပြီး စိတ်ရှည်လက်ရှည် လုပ်ပေးတယ်။ ဘယ်လောက် မေတ္တာထားတယ်ဆိုတာ စဉ်းစားကြည့်ပေတော့ မောင်ရယ်။ ဆင်းရဲသား ပြည်သူလူထုဘက်က အစစအရာရာမှာ ရှေ့တန်းက အမြဲတမ်း မတ်မတ်မားမား လိုက်ရပ်လေ့ရှိတယ်"

"တိုင်းပြည်ကို သိပ်ချစ်တယ်။ လူမျိုးကလည်း သိပ်ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်ကြီးကွဲ့။ ဒါကြောင့် တို့ဗမာတွေဟာ ကျွန်မျိုး မဟုတ်ဘူး။ သခင်မျိုး ဖြစ်တယ်လို့ အညီအညွတ် ဆုံးဖြတ်ကြပြီး တို့ဗမာအစည်းအရုံးတည်ထောင်ခဲ့တာပေါ့။ ဒီအထဲပါတဲ့လူတွေဟာ အားလုံး သခင်ချည်းပဲ။ အဲဒီအချိန်ကစပြီး 'သခင်မျိုးဟေ့ တို့ဗမာ' ဆိုတဲ့ ဆောင်ပုဒ်ကို တွင်တွင်ကြီး တို့ဗမာတွေ သုံးကြတယ်၊ အော်ကြတယ်၊ ဟစ်ကြတယ်။ ခုခေတ်စကားနဲ့ ပြောရင် ဆန္ဒပြကြတယ်ပေါ့ မောင်ရယ်"

"အသင်းမှာ ခေါင်းဆောင်တဲ့ လူတွေရဲ့ နာမည်ကိုလည်း သခင်တပ်ပြီး ခေါ်ကြရတယ်။ ဒါကြောင့် သခင်စိတ်ဓာတ် ဘယ်လောက်ပြင်းထန်တယ်ဆိုတာ ပြောပြဦးမယ်။ ဘာအမှုနဲ့လည်းတော့ မပြောတတ်ဘူးကွ။ တို့အဖွဲ့ထဲက ကိုသိန်းမောင်ကို အင်္ဂလိပ်အစိုးရက ဖမ်းချုပ်ထားတယ်။ အဲဒီအမှုကို သခင်မြကပဲ ဝတ်လုံလိုက်တာပေါ့ကွယ်။ အမှုစစ်တဲ့နေ့ကျတော့ ကျုပ်တို့ကို သခင်မြလို့၊ သခင်သိန်းမောင်လို့ မခေါ်ရင် ကျုပ်တို့ အသက်အသေ ခံချင်ခံမယ်။ တရားသူကြီးမေးတာကို ဖြေမှာမဟုတ်ဘူးလို့ တရားသူကြီးနဲ့ တရားခွင်မှာ ကြေညာတယ်။ ဒါနဲ့ တရားခွင်မှာ တရားသူကြီးက ဦးမြ ဒီအမှု ဘယ်လိုလဲ။ တရားခံ ကိုသိန်းမောင်ကကော ဘယ်လိုဆိုချင်သလဲလို့ မေးတယ်။ ဒါပေမဲ့ သူတို့ကို သခင် တပ်မခေါ်လို့ တစ်ယောက်မှ တရားသူကြီး မေးတာကို ခွန်းတုံ့ မပြန်ဘူး။

ဘယ်လို မေးမေး ခေါ်ခေါ် နှစ်ယောက်စလုံး တစ်ခွန်းမှ မဟကြဘူး။ ထူးရောကွာ၊ ငုတ်တုတ်ခံနေကြတယ်။ နောက်ဆုံး တရားခံရော၊ ဝတ်လုံရော မေးမရ စမ်းမရဖြစ်နေတော့ တရားသူကြီးလည်း လက်လျှော့ပြီး အမှုကို လျှော်လိုက်ရရောကွယ်။ အမှုကလည်း ခပ်သေးသေးနဲ့ တူပါတယ်"

"ဆက်ပြောရဦးမယ်။ သခင်မြဟာ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့ စကားနဲ့ အင်မတန် ကိုက်ညီတဲ့ ပုဂ္ဂိုလ်ကွဲ့။ တို့ပြည်မြို့ညီလာခံကို သွားကြရော။ ပြည်မြို့မှာ တရားဟောမဏ္ဍပ်ကြီးကလည်း ဟိန်းနေတာပဲ။ အပင် ၂၀ မဏ္ဍပ်ကြီး။ အရပ်လေးမျက်နှာက ကြားနိုင်အောင် အသံချဲ့စက်ကြီး ၄ လုံး တပ်ထားတယ်။ ဦးတို့ သာယာဝတီက သွားကြတာက သခင်မြ၊ သခင်ခန့်၊ သုံးဆယ်ပန်းဆွဲဆရာတော် ဦးဝိလာသနဲ့ သခင်ကျော်ဒင်၊ တခြား သခင် ခေါင်းဆောင်တွေပေါ့ကွယ်။ ပထမရောက်တဲ့ညတော့ တရားပွဲ မစရသေးဘူး။ အထက်အညာကပဲ မန္တလေးကလား၊ ရွှေဘိုကလား မမှတ်မိတော့ဘူး။ သခင်ထိပ်တင်ဖြူ ဆိုတဲ့ပုဂ္ဂိုလ်ကို စောင့်နေရသေးတယ်။ နောက်တစ်နေ့ကျတော့ သင်္ဘောဆိုက်လာလို့ ဦးတို့ သွားကြိုကြတယ်။ သခင်ထိပ်တင်ဖြူနဲ့ အညာကျေးလက်က သခင်ခေါင်းဆောင်တွေ ပါလာတာပေါ့ကွယ်။ ပြည်ညီလာခံမှာ မြန်မာပြည် အရပ်ရပ်က နယ်ကိုယ်စားလှယ် သခင်ခေါင်းဆောင်တွေ ဆုံကြတယ်"

"တရားပွဲညကျတော့ ၇ နာရီခွဲလောက်ရှိတာတောင် မဏ္ဍပ်ထဲကို လူတွေ သိပ်မလာကြဘူး။ မလာဆို မဏ္ဍပ်ရဲ့ ၁၀ ပုံ တစ်ပုံတောင် မရှိဘူးကွဲ့"

"အဲဒီအချိန်မှာ ပြည်မြို့ကလူထု တရားမဏ္ဍပ်ထဲရောက်အောင် လုပ်တာက တို့ဝိုင်အမ်ဘီအေ သခင်တင်ကွဲ့။ မောင်တို့ ကြားဖူးမှာပေါ့။ သူက သီချင်း အဆိုကောင်းကွ။ အသံကလည်း ကောင်းတယ်။ သီချင်းရေးတဲ့ ဆရာလည်း ဖြစ်တယ်။ ဒါနဲ့ သခင်တင်က အသံချဲ့စက်နဲ့ သီချင်းဆိုတော့တာပဲဟေ့။ သီချင်းကလည်း သိပ်ကောင်း၊ သီချင်းသံလည်း ကြားရော ပြည်မြို့ထဲကလူတွေဟာ တကျိတ်ကျိတ်နဲ့ ထွက်လာကြတာပဲ

ကွဲ့။ မိနစ် ၂၀ လောက်သာ သခင်တင်က သီချင်းဆိုလိုက်ရတယ်။ အပင် ၂၀ မဏ္ဍပ်ကြီး ပြည့်လျှံသွားတာပဲ။ နောက် သခင်ခေါင်းဆောင်တွေ တစ်ယောက်ပြီး တစ်ယောက် ပြောဟောကြတယ်"

"သခင်တင်က စကားပြောလည်း ကောင်းကွဲ့။ သီချင်းရေးလည်း သိပ်ကောင်းတယ်။ တို့ဗမာသီချင်းကို ရေးတာ သူပေါ့။ ခုအထိများသာ အသက်ရှင်နေရင် ဘယ်လောက် တိုင်းပြည်က အားကိုးလိုက်ကြရမလဲ ဆိုတာ ဦး တွေးမိတယ်"

"သခင်မြ အကြောင်းပဲ လက်စနဲ့ ဆက်ပြောရဦးမယ်ကွာ။ သခင်မြဟာ အလွန့်အလွန်ကို သဘောထားကြီးတယ်။ စိတ်ကောင်းသိပ်ရှိတယ်။ ၁၃၀၀ ပြည့်နှစ်လောက် တို့ဗမာအစည်းအရုံးမှာ အစု နှစ်စု ကွဲသွားတယ်ကွဲ့။ သခင်မြ ခေါင်းဆောင်တဲ့ အုပ်စုနဲ့ သခင်ဗစိန်တို့၊ သခင်ထွန်းအုပ်တို့ ဦးဆောင်တဲ့ အစုရှိတယ်။ အဲဒီတုန်းက သခင်ခင်အောင် ဆိုတာရှိတယ်။ သခင်မြရဲ့ ညာလက်ရုံး တပည့်ပေါ့ကွာ။ သူ့ကို သခင်မြက ထမင်းကျွေးထားတယ်။ သခင်မြတို့အိမ်မှာပဲ သခင်ခင်အောင်နေတယ်၊ အိပ်တယ်၊ စားတယ်။ ဒါပေမဲ့ သခင်မြတို့ရဲ့ အဖွဲ့ဘက်မပါဘူး။ သခင်မြ အိမ်မှာနေပြီး တစ်ဖက်အဖွဲ့မှာ လုပ်စရာကိုင်စရာရှိရင် အမြဲ သွားလုပ်ပေးတယ်။ အဲဒါ မောင်ရာ ဦးတို့တော့ အံ့ရော။ သခင်မြရော၊ သခင်မ မလေးညွန့်ရော ဘာတစ်ခွန်းမှ မပြောဘူး။ ငြိုငြင်တဲ့ အမူအရာ အရိပ်အရောင်လည်း မပြဘူး"

"ဒါတွင်မကသေးဘူးကွဲ့။ စင်းစင်းစားစားနဲ့ နက်နက်နဲနဲ လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကိစ္စဆိုရင် သူက သိပ်နိုင်နင်းတာပဲကွဲ့။ ဒါကြောင့်မို့ တို့ဗမာပြည်မှာ သခင်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ မိုင်းပွန် စော်ဘွား စတဲ့ လူတွေနဲ့ ဝန်ကြီးအဖွဲ့ ဖွဲ့ပြီး တိုင်းပြည်အကျိုး ဆောင်ရွက်တဲ့အခါမှာ သခင်မြကို သိပ်အားကိုးရတယ်ဆိုပဲ။ အခက်အခဲ ပြဿနာတွေနဲ့ ရင်ဆိုင်ရပြီဆိုရင် သခင်မြဟာ အကြံဉာဏ် အထုတ်နိုင်ဆုံး ဆိုပဲကွဲ့"

"ပြီးတော့ သခင်မြဟာ ဗဟုသုတရှာတဲ့ နေရာနဲ့ စာပေလေ့လာတဲ့ နေရာမှာတော့ ဦးတို့အမြင် ဒီလိုပုဂ္ဂိုလ်မျိုး အတော်ရှားမယ်ထင်တယ်။ သူ့ရဲ့ ဝတ်လုံလိုက်တဲ့ကိစ္စနဲ့ အစည်းအရုံးကိစ္စတွေကို ဆောင်ရွက်နေတဲ့ အချိန်က လွဲလို့ တခြားအချိန်တွေဟာ စာကြည့်နေတာကိုပဲ တွေ့ရတယ်။ ညလည်းပဲ ၁၂ နာရီအထိ အချိန်မှန် စာကြည့်တယ်။ ဒါ ဦးတို့ အမြင်ပဲကွဲ့။ တစ်ခါတလေ အိမ်သူ မလေးညွန့်က အိမ်သူတို့သဘာဝ နည်းနည်းပါးပါး ဆူချင်တယ်ပေါ့။ ကြာတော့လည်း စိတ်က မပါပေမဲ့ တစ်ခါတစ်ရံ စိတ်ရှုပ်တာပေါ့။ ဧည့်သည်က တရုန်းရုန်း ဖြစ်နေတာကိုး။ အဲဒါလေ သခင် မလေးညွန့် ပြောဖို့ အချိန်မရဘူးကွ။ မနက်ရုံးမတက်ခင် စာဖတ်နေတယ်။ အချိန်ကျတော့ ရုံးထွက်သွားရော။ ညနေပြန်တော့ ရေချိုးစားသောက်ပြီး စာဖတ်နေပြန်ရော။ သခင် မလေးညွန့် ဘယ်ပြောဖို့ အချိန်ရတော့မလဲကွာ"

"ဒါနဲ့ ဟိုတုန်းက သခင်အောင်ဆန်းတို့ဟာ ဘယ်လောက် စိတ်အားထက်သန်တယ်။ အသင်းက အမိန့်ကို ဘယ်လောက် လေးစားတယ်ဆိုတာ ပြောရဦးမယ်။ အသင်းမှာ ဆောင်ရွက်စရာ ကိစ္စတွေ ရှိနေတယ်။ ဒီဟာ သိပ်အရေးကြီးတယ်။ မောင် မလုပ်ရင် မဖြစ်ဘူးဆိုပြီး ရန်ကုန် သခင်အောင်ဆန်းဆီကို သံကြိုးရိုက်လိုက်တယ်။ ခုလူတွေဆိုရင် ဘယ်လာချင်လိမ့်မလဲကွာ။ သူ့ခမျာ ဘီအယ်လ် စာမေးပွဲ ဖြေမယ့်ဆဲဆဲကြီး။ အဲဒါ မောင်ရေ. . . အသင်းက အမိန့်ထုတ်လိုက်တာနဲ့ ဘီအယ်လ် စာမေးပွဲကို မဖြေတော့ဘဲ အသင်းဆီကို ချက်ချင်းလိုက်လာပြီး အသင်းက ချမှတ်တဲ့ လုပ်ငန်းစဉ်တွေကို လုပ်တော့တာပဲ။ အံ့ရောကွာ။ ဟိုတုန်းက သခင်တွေရဲ့ စိတ်ဓာတ်ဟာ ဘယ်လောက် ကြံ့ခိုင်တယ်။ စေတနာ ထက်သန်တယ်ဆိုတာ မောင်တို့ ဝေဖန်သာ ကြည့်ပေတော့ကွာ။ ဒါနဲ့ စကားမစပ် မောင်တို့ သုံးဆယ်မှာ သခင်ကျော်ဒင်ကြီး တစ်ယောက် ဘာလုပ်နေသလဲကွဲ့."

"ဩော် ဆရာကြီး ဦးကျော်ဒင်လား၊ သူ အခု သာယာဝတီ

အထက်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီး လုပ်နေပါတယ် ခင်ဗျာ့"

"သခင်ကျော်ဒင်က သိပ်သတ္တိရှိတယ်။ ရဲရဲတင်းတင်း ပြောဝံ့တယ်။ ဒါကို အသင်းက ပြောရမယ်၊ ဟောရမယ်လို့ ဆုံးဖြတ်ချက်ချထားရင် ဘာပဲဖြစ်ဖြစ် ပြောတာပဲ။ ဒါပေမဲ့ သူက စကားနည်းတယ်။ သူပြောရင်လည်း တိုတိုနဲ့ လိုရင်းရောက်အောင် ပြောတယ်ကွဲ့။ အစည်းအဝေးတွေမှာ ပြောဟောဖို့ ဆုံးဖြတ်ချက်တစ်ခုချပြီဆိုရင် သူက ဘီအယ်လ် ဥပဒေသမားဆိုတော့ ဒီလိုပြောရင် ထောင်ကျလိမ့်မယ်။ ဖမ်းချုပ်ခံရလိမ့်မယ်နဲ့ အမြဲပဲ ပြောလေ့ရှိတယ်။ ဒီတော့ သခင်ခေါင်းဆောင်တွေက ဒီစကားပြောရင် ထောင် ဘယ်လောက်ကျမလဲ မေးလေ့ရှိတယ်။ သခင်ကျော်ဒင်က ဒီစကားပြောရင် ထောင် ၃ လ ကျနိုင်တယ်။ ၆ လ ကျလိမ့်မယ် စသဖြင့် ပြောတယ်။ အဲဒီအခါမှာ သခင်တွေက ဒီစကားပြောလို့၊ ဟောလို့ အသင်းရဲ့ လုပ်ငန်းစဉ် အောင်မြင်မယ်၊ တိုင်းပြည်အတွက် အကျိုးသက်ရောက်မယ်ဆိုရင် ထောင်အကျခံပြီး အင်္ဂလိပ်အစိုးရနဲ့ ဆန့်ကျင်ဘက်စကားတွေ ပိုဟောတယ်၊ ပြောတယ်။ ဒါကြောင့်မို့ပေါ့ကွ မောင်တို့ ကြားဖူးကြမယ်၊ သခင်တွေဟာ ခဏခဏ ဖမ်းအချုပ်ခံကြရတယ်။ 'သခင်ပေါက်စ ထောင် ၆ လ' လို့တောင် စာဆိုထားကြသေးတယ်"

"အပြောအဟောကောင်းတာ သခင်ခန့် ရှိသေးတယ်ကွ။ သူ့အသံက သိပ်မြည်တာပဲ။ တော်ရုံတန်ရုံ ပရိသတ်ကို အသံချဲ့စက် မပါဘဲနဲ့ တရားဟောတယ်။ တစ်ခါတလေ သခင်ခန့်ဟာ တရားပွဲမှာ ဘယ်လိုလုပ်သလဲ ဆိုရင် အသံချဲ့စက်ကို ပိတ်ထားပြီးတော့ ပရိသတ်ကို သူ့အသံကြားရလားလို့ မေးတယ်။ ကြားတယ်ဆိုရင် အသံချဲ့စက်မပါဘဲ တရားဟောတယ်ကွဲ့။ ဟောပြောတဲ့အခါလည်း သိပ်မာန်ပါတာပဲ။ လူထုကလည်း သိပ်စိတ်ဝင်စားတာပဲကွဲ့"

"နောက်ပြီး မောင်တို့ သုံးဆယ်က ပန်းဆွဲအသင်းကျောင်းဆရာတော် ဦးဝိလာသကွဲ့။ သိပ်ဇွဲနပဲကြီးတဲ့ ကိုယ်တော်ကြီး။ သူ့ကျောင်း

သွားတဲ့အခါများဆိုရင် မျက်စိကို မှိတ်မှိတ်ပြီး အသင်းရဲ့ အကြံအစည်တွေ၊ လုပ်ငန်းစဉ်တွေ၊ စီမံကိန်းတွေကို ပြောလိုက်တာ တို့တွေ ငေးပြီး နားထောင်နေရတယ်။ အသင်းနဲ့ ပတ်သက်တဲ့စာတွေ ရေးတာများဆိုရင် သန်းခေါင်သန်လွဲ ရေးချွတ်နေတာ။ များသောအားဖြင့် အသင်းကိစ္စနဲ့ စာရေးနေတာများတယ်။ ခု ဆရာတော် သက်တော်ရှည်လျက်ပဲလား။ ကျန်းမာသေးရဲ့လား"

"သက်တော်ရှည်ပါသေးတယ်။ ကျန်းမာလျက်ပါပဲ။ နိုင်ငံရေး မလုပ်တော့ပါဘူး"

"ပြီးတော့ ဗိုလ်စိန်မှန်ကွဲ့။ ဂျပန်ဝင်ခါနီး တစ်နှစ်၊ နှစ်နှစ်လောက်မှာ သခင်မြတို့နဲ့ ဆက်မိသွားပြီး တို့ဗမာအစည်းအရုံးထဲ ရောက်လာတယ်။ သူက အစက စာရေးကွ။ သတ္တိတော့ အင်မတန် ရှိတဲ့လူ။ ပြောရဲဆိုရဲပဲ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်မယ်ဆိုတဲ့လူ။ သိပ်လည်း စိတ်ပြင်းတဲ့ လူကွဲ့။ ဟိုတုန်းက သခင်စိန်မှန်လို့ ခေါ်ရတယ် ပေါ့ကွယ်။ သူ့ကြောင့်ပေါ့ကွ။ အင်္ဂလိပ် ပြေးခါနီးမှာ သခင်တွေ ဖမ်းချုပ်ပြီး ထားဖို့ စီစဉ်တာ သခင်စိန်မှန်က အင်္ဂလိပ်အစိုးရရဲ့ အကြံအစည်တွေကို ရိပ်မိလို့ တို့ဗမာအစည်းအရုံးကို အကြောင်းကြားတော့ သခင်တွေ အချိန်မီ ထွက်ပြေးတိမ်းရှောင်နိုင်တာ သခင်စိန်မှန် ကျေးဇူးပေါ့ကွယ်။ ဟိုတုန်းက သခင်တွေဟာ စည်းစည်းလုံးလုံး ရှိတယ်။ သစ္စာရှိရှိနဲ့ လူမျိုးနဲ့ တိုင်းပြည်အကျိုးကို သယ်ပိုးခဲ့ကြတာကွဲ့"

"ဒါနဲ့ကွယ်၊ တို့ဗမာအစည်းအရုံးမှာ သခင်မြ အမှူးပြုပြီး လုပ်ကိုင်နေကြတာပေါ့။ နောက်ကျတော့ဟော့၊ အစည်းအရုံးလည်း တဖြည်းဖြည်း ဘိုင်ကျလာကြရောကွ။ ရှိသမျှ ရသရွေ့နဲ့ တည်းပြီး လုပ်နေကြရတယ်။ ဒါနဲ့ ဂျပန်ဝင်ခါနီးမှာ တို့သရက်ပင်ကန်ရွာရဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ သခွပ်ပင်ရွာမှာ သခင်ထွန်းရှိန် ဆိုတာရှိတယ်။ သူက ကျေးရွာသမဝါယမငွေကို အင်္ဂလိပ်အစိုးရဆီက ထုတ်တယ်။ ငွေ

၅ဝဝိ လား မသိဘူး။ ကျေးရွာတွေ ဝေမပေးဘဲ အစည်းအရုံး သွားဝေပစ်တယ်။ လိုတာတွေ သုံးပစ်တယ်။ သခင်ထွန်းရှိန်လည်း အိမ်မပြန်တော့ဘဲ အစည်းအရုံးမှာပဲ နေတော့တယ်။ သူ့ကို အစိုးရက အရေးယူမယ် ကြံနေတုန်း ဂျပန်ဝင်လာတာနဲ့ ပြီးသွားရော ဆိုပါတော့ကွာ။ အသင်းအတွက်ဆိုရင် အဲဒီလို ရွတ်ချင်တဲ့နေရာမှာ ရွတ်ကြတယ်ကွဲ့"

"ကဲ ကဲ နေလည်း အတော်ညိုသွားပြီ။ မောင်တို့လည်း ညောင်းရော့မယ်။ ရေလေး မိုးလေး သွားချိုးချေကြဦးပေါ့ကွယ်"

သခင်ဖိုးသင်ကြီးသည် ပြောပြောဆိုဆို အိမ်နောက်ဖေးခြံထဲသို့ ခါးထောက်လျက် ခြေလှမ်းတစ်လှမ်းချင်း မှန်မှန်လျှောက်၍ သွားလေတော့သည်။

ငွေတာရီ

# စစ်ဝန်ကြီးစားပွဲပေါ်မှ စာကလေးတစ်စောင်

ခင်လေးမောင်

နေရာကား ရန်ကုန်မြို့ ဦးဝိစာရလမ်းနှင့် အောက်ဝင်ဒါမီယာ လမ်းထောင့်ရှိ စစ်ဝန်ကြီးရုံးပင် ဖြစ်ပါသည်။

အမေရိကန် 'မိုးပျံခံတပ်' ဗုံးကြဲလေယာဉ်ကြီးများ လာရောက် ဗုံးကြဲသော အချိန်မှလွဲ၍ စစ်ဝန်ကြီးရုံးမှာ အလွန်အေးချမ်းသော နေရာတစ်ခု ဖြစ်ပါသည်။ ယခင်က အရိပ်အာဝါသကောင်းလှသော ခြံကျယ်ကြီးတစ်ခုကို သိမ်းယူပြီး စစ်ဝန်ကြီးရုံးကို ဖန်တီးခဲ့ခြင်းဖြစ်ရာ အချို့ရုံးများမှာ ကုန်းမြင့်ပေါ်တွင်ရှိ၍၊ အချို့ရုံးများမှာ အနိမ့်ဘက်တွင်ရှိပြီး စစ်ဥပဒေဌာနမှလွဲ၍ ကျန်ရုံးများမှာ ယာယီသဘောမျိုး တည်ဆောက်ထားခဲ့ခြင်းဖြစ်ပေသည်။

စစ်ဥပဒေဌာနမှာ ဦးဝိစာရလမ်းနှင့် အောက်ဝင်ဒါမီယာလမ်းနှင့်ပါ နီးကပ်ဆုံးသော အနိမ့်ပိုင်းရှိ မူလရှိရင်းစွဲ နှစ်ထပ်သစ်သားအိမ်ကြီးတွင် နေရာယူထားပြီး စစ်ဝန်ကြီးနှင့် ဒုတိယ စစ်ဝန်ကြီးတို့၏ ရုံးများမှာ ယင်းအဆောက်အဦးအနီး ဦးဝိစာရလမ်းနှင့်ကပ်လျက် အသစ်တည်

ဆောက်ထားခြင်း ဖြစ်ပေသည်။

အခြားစစ်ပညာဌာန၊ စစ်စာရင်းဌာန၊ စစ်ပန်းချီဌာန စသည်တို့မှာ ကုန်းမြင့်ပေါ်တွင် တည်ရှိကြပေသည်။ (ယခုအချိန်တွင် စစ်ဥပဒေဌာန အဆောက်အအုံမှလွဲ၍ အခြားရုံး အဆောက်အအုံများမှာ ပျောက်ကွယ်ကုန်ကြပါပြီ)

ထိုစဉ်က စစ်ဦးစီးချုပ်ဖြစ်သည့် ဗိုလ်မှူးကြီးနေဝင်း၏ ရုံးမှာမူ ဘောင်ဒရီလမ်းနှင့် ဦးဝိစာရလမ်းထောင့် ကုန်းမြင့်ပေါ်တွင် တစ်ခြံသီးခြား တည်ရှိခဲ့ပါသည်။ (ယင်းအဆောက်အအုံမှာ ယနေ့တိုင် တည်ရှိနေပါသေးသည်)

စစ်ဝန်ကြီးရုံးဝင်းအတွင်းရှိ ရုံးအားလုံးအတွက် တစ်ခုတည်းသောစားမြိန်ဆောင်မှာ ကုန်းမြင့်ပေါ်တွင်ရှိလျက် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှအစ အောက်ဆုံး ရဲဘော်အထိ ယင်းစားမြိန်ဆောင်မှာပင် 'လေယာဉ်ပျံ' ပန်းကန်၊ ဇွန်း စသည်များဖြင့် တစ်မျိုးတည်းသော ထမင်း၊ ဟင်းကို အတူစားသောက်ကြရပါသည်။ ထမင်းစားသောက်နေချိန်တွင် စစ်ဝန်ကြီးပင်ဖြစ်စေ နောက်ကျရောက်လာပါက ထ၍ အထူးအရိုအသေပေးရန် မလိုအပ်ပါ။

ရန်ကုန်မြို့အား ရန်သူလေယာဉ်ပျံများ ဗုံးလာကြပြီဆိုလျှင်လည်း အသီးသီး မိမိတို့ရုံးအဆောက်အအုံနှင့်နီးရာ ဗုံးခိုကျင်းတွင် ဣန္ဒြေရရ ဝင်ရောက်ပုန်းအောင်းကြရပါသည်။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ ရုံးအနီးရှိ ဗုံးခိုကျင်းနားတွင်ရပ်ပြီး လေယာဉ်ပျံများ ဗုံးကြဲခြင်း၊ အောက်မှ ပစ်ခတ်ခြင်း၊ ဂျပန်တိုက်လေယာဉ်ပျံများတက်၍ တိုက်ခြင်း စသည်တို့ကို ငေးမော့ကြည့်နေတတ်ပါသည်။ ဗုံးခိုကျင်းထဲသို့ ဝင်သည်ဟူ၍ မတွေ့ရပါ။

လေကြောင်းအချက်ပေး ဥသြက ရှင်းလင်းကြောင်း အချက်ပေးလျှင် အသီးသီး မိမိရုံးခန်းသို့ပြန်၍ လုပ်မြဲအလုပ်ကို ဆက်လက် လုပ်ကိုင်ကြရပါသည်။

ထိုစဉ်က ကျွန်တော်မှာ စစ်ဝန်ကြီးရုံးတွင် အသစ်ဖွဲ့စည်း ဖွင့်လှစ်မည့် ပြည်သူ့ဆက်ဆံရေးဌာနကြီးကို အကောင်အထည် ဖော်ရန်အတွက် ဒုတိယစစ်ဝန်ကြီး ဗိုလ်မှူးကြီးဇေယျ၏ တာဝန်ပေးချက်အရ စီမံကိန်းရေးဆွဲနေရချိန် ဖြစ်သည်။

စင်စစ် ကျွန်တော်မှာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးဗထူးနှင့် ဆေးမှူး ဗိုလ်လှသမိန် (နိုင်ငံတော်ကောင်စီဝင် ဒေါက်တာလှဟန်)၊ ထောက်ပံ့ရေးမှူး ဗိုလ်သိန်းဝင်း (ဒု-ဗိုလ်မှူးကြီးဟောင်း/သံအမတ်) တို့၏ တာဝန်ပေးချက်အရ တပ်မတော်အတွက် ဆေးများရှာဖွေဝယ်ယူပေးခဲ့ရာတွင် ဂျပန်ငှက်ဖျားဆေးများပါ ပါဝင်သဖြင့် စစ်ကိုင်းကင်ပေတိုင်က ဖမ်းဆီးတော့မည့်ဆဲဆဲတွင် အတွင်းလူက ကြိုတင်သတင်းပေး၍ အနောက်မြောက်တိုင်း စစ်ဌာနချုပ်သို့ သတင်းပို့ရာ တိုင်းမှူး ဗိုလ်ဗထူးက တပ်ထဲတွင်ခေါ်ယူ ကွယ်ဝှက်ထားပြီး နောက်ပိုင်းတွင် အထူးစစ်ရထားဖြင့် အစောင့်အရှောက်နှင့်တကွ ရန်ကုန်ထိ ပို့ပေးသောကြောင့် ရန်ကုန်သို့ ရောက်ရှိလာပြီး ဒုတိယစစ်ဝန်ကြီး ဗိုလ်မှူးကြီးဇေယျသို့ သတင်းပို့ရာ ဗိုလ်ဇေယျက အခန့်သင့်ပင် အလုပ်တာဝန်ပေးအပ်ပြီး ကင်ပေမျက်ခြည်ပြတ်စေရန် နာမည်ပြောင်းရန် အကြံပေး၍ မျိုးခေါင်ဟု ပြောင်းလိုက်ရသည်။ ကျွန်တော့်အား ဌာနခွဲမှူးအဖြစ် မြားပြာ (ဗိုလ်ကြီးအဆင့်) ပေးထားပြီး ဗိုလ်ဇေယျအခန်းနှင့် ကပ်လျက်အပြင်ခန်းတွင် ထိုင်ရပါသည်။

ကျွန်တော်နှင့်အတူ အခြား ဌာနခွဲမှူးအဖြစ် လျာထားသည့် ကိုထွန်းလှ(တက္ကသိုလ်နေဝင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်) အပြင် အမျိုးသမီးတပ်ဖွဲ့ ဖွဲ့စည်းရန်အတွက် ခေါ်ယူထားသည့် မစောမြ (အလံနီ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)၊ ခင်ကြည်ကြည် (တက်ဘုန်းကြီးသိန်းဖေ ဇနီး)၊ မခင်လှ စသူတို့လည်း ရှိကြပါသည်။ ရုံးခန်းသီးခြား မရကြသေးသဖြင့်

ဗိုလ်ဇေယျအခန်းနားမှာပင် နေနေကြရခြင်း ဖြစ်ပါသည်။

(နောက်ပိုင်း ပြည်သူ့ဆက်ဆံရေးဌာနကြီး အကောင်အထည်ပေါ်လာသောအခါတွင် ရုံးနေရာ သီးခြားရရှိပြီး ဌာနကြီးမှူးအဖြစ် မြို့မကျောင်းမှ ဆရာကြီး ဦးအေးသွယ်အား (ဗိုလ်မှူးအဆင့်) ဖြင့် ခန့်ထားလျက် ဒုတိယဌာနကြီးမှူးအဖြစ် ဗိုလ်ဗရှင် (နောက်ဒုတိယ ဗိုလ်မှူးကြီး -ကွယ်လွန်)အား ခန့်ထား၍ ဌာနခွဲမှူးများအဖြစ် ကျွန်တော် ဗိုလ်ထွန်းလှနှင့် ဗိုလ်စိုးမောင် (ဦးစိုးမောင်၊ သာဂရစိုး၊ မြန်မာ့အလင်း အယ်ဒီတာချုပ်ဟောင်း) တို့အား ခန့်ထားခဲ့ပါသည်။ ကျွန်တော်တို့အောက်တွင် မြို့မဘုန်းကြွယ်၊ ရန်နိုင်စိန်၊ ကိုဘမြိုင်၊ ဗိုလ်တိုးလွင်၊ ဗိုလ်စန်းလှိုင် သူတို့ရှိပေသည်။ နောက်ပိုင်းတွင် တတိယပတ် ကျောင်းဆင်းပြီးစ အထူးကြပ်များဖြစ်သည့် ဗိုလ်ထွန်းစိန် (ဗိုလ်မှူးကြီးထွန်းစိန်-ကွယ်လွန်)နှင့် ဗိုလ်အေးဖေ (မီးရထားအထွေထွေမန်နေဂျာ-ကွယ်လွန်)တို့အား ကျွန်တော့် ဌာနတွင် ခေတ္တ လာရောက်တွဲဖက်ထားခဲ့ပြီး တော်လှန်ရေး ထွက်ချိန်နီးမှ တခြားသို့ ပြောင်းရွှေ့ တာဝန်ချထားခဲ့ပါသည်)

* * *

ထိုနေ့က ကျွန်တော်တို့သည် အသီးသီး မိမိတို့လုပ်ငန်းတာဝန်များကို လုပ်ဆောင်လျက်ရှိကြသည်။ ဒုတိယစစ်ဝန်ကြီး ဗိုလ်ဇေယျမှာလည်း အတွင်းခန်းတွင် အလုပ်လုပ်လျက် ရှိနေသည်။

စစ်ဝန်ကြီးရုံးခန်းနှင့် ဒုတိယ စစ်ဝန်ကြီးရုံးခန်းကြားတွင် ရုံးအုပ်အရာခံ ဗိုလ်ကြည်မောင် (ဗိုလ်မှူးချုပ်ဟောင်းမြင့်မောင်) ဦးဆောင်သော ရုံးအဖွဲ့မှာလည်း ငြိမ်သက်စွာ အလုပ်လုပ်လျက် ရှိနေသည်။

ထိုအချိန်အထိ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ ရုံးသို့ ရောက်မလာသေး။ အခြားတွင် အစည်းအဝေးတစ်ခု တက်ရောက်နေရဟန်တူပါသည်။

မကြာမီ စစ်ဝန်ကြီးရုံးကင်းတဲမှ အစောင့်ရဲဘော်၏ အလေးပြု အော်သံ ကြားရပြီး စစ်ဝန်ကြီး၏ ကားဆိုက်သံကို ကြားလိုက်ရပါသည်။ ကားတံခါးဖွင့်သံ ပိတ်သံများ ကြားရပြီး စစ်ဖိနပ်ဖြင့် ခပ်သုတ်သုတ် လမ်းလျှောက်သံနှင့် ဗိုလ်ကြည်မောင်တို့ ရုံးအဖွဲ့သားများက စစ်ဝန်ကြီးအား အလေးပြုသံ ကြားရပါသည်။

ဤကိစ္စများမှာ နေ့စဉ်လိုလိုပင် တွေ့မြင် ကြားသိနေရသော ကိစ္စများဖြစ်၍ ထူးခြားသည်ဟု မဆိုနိုင်ပါ။ သို့သော် မကြာမီ ထူးခြားမှုတစ်ခုက ပေါ်ပေါက်လာပါသည်။

စစ်ဝန်ကြီးက ရုံးအုပ် ဗိုလ်ကြည်မောင်အား လှမ်းခေါ်သံ ကြားရပါသည်။

ဗိုလ်ကြည်မောင် စစ်ဝန်ကြီးရုံးခန်း ဝင်သွားပြီးနောက် မေးသံ၊ ဖြေသံ မသဲမကွဲ ကြားရပြီး ဗိုလ်ချုပ်အောင်ဆန်း၏ "မောင်မောင်နဲ့ အောင်ကြီး သွားခေါ်စမ်း" ဟု အော်ပြောသံ ကြားရပြန်ပါသည်။

မောင်မောင်နဲ့ အောင်ကြီး ဆိုသည်မှာ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအရာရှိများ ဖြစ်ကြသည့် ဗိုလ်ကြီးမောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း၊ သံအမတ်ဟောင်း) နှင့် ဗိုလ်ကြီးအောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း) တို့ ဖြစ်ကြပါသည်။

ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့မှာ စစ်ဝန်ကြီးရုံး အဆောက်အအုံတွင် ရုံးထိုင်လေ့မရှိကြဘဲ ဗိုလ်ကြီးမောင်မောင်ကျော်ဝင်း (ဗိုလ်မှူးချုပ်ဟောင်း)နှင့် ဗိုလ်ကြီးဘစိန် (နိုင်ငံတော်ရှေ့နေချုပ်ဟောင်း) တို့ရှိရာ စစ်ဥပဒေ အဆောက်အအုံတွင် ထိုင်လေ့ရှိကြပါသည်။

ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့အား အပြေးအလွှား သွားခေါ်၍ အပြေးအလွှားပင် ရောက်ရှိလာကြပြီးနောက် မသဲမကွဲ မေးသံ၊ မြန်းသံ၊ ဖြေဆိုသံများ ကြားရပြီး ဗိုလ်ချုပ်အောင်ဆန်း၏ "ဗိုလ်ဇေယျ ခေါ်လိုက်" ဟု အမိန့်ပေးသံကြားရပါသည်။

ကျွန်တော်တို့လည်း အကျိုးအကြောင်း ဘာမှ မသိရလင့်ကစား

ဗိုလ်ချုပ်၏ မကြုံစဘူး အပြုအမူကြောင့် တစ်စုံတစ်ခုတော့ ထူးခြားနေကြောင်း တွေးမိကာ အသာနားစွင့်၍ နေကြပါသည်။

ရုံးအုပ်ဗိုလ်ကြည်မောင် မျက်စိမျက်နှာပျက်ပျက်ဖြင့် အပြေးကလေးလာ၍ ဒုတိယ စစ်ဝန်ကြီးဗိုလ်ဇေယျကို စစ်ဝန်ကြီးခေါ်ကြောင်း သတင်းပို့ပါသည်။ ဗိုလ်ဇေယျသည် ချက်ချင်းပင် စစ်ဝန်ကြီးရုံးခန်းသို့ ဝင်လိုက်သွားပါသည်။ ဗလုံးဗထွေး မသဲမကွဲနှင့် မေးမြန်း ဖြေကြားသံများ ကြားရပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဒေါသတကြီးဖြင့် "ဟေ့. . . တစ်ရုံးလုံး ခေါ်လိုက်စမ်း" ဟု အော်ဟစ်အမိန့်ပေးသံ ကြားရပါတော့သည်။

ကျွန်တော်တို့လည်း 'တစ်ရုံးလုံး' ဟူသော စကားလုံးကို ကြားရသဖြင့် တစ်စုံတစ်ဦး လာရောက်ခေါ်ငင်သည်ကိုပင် မစောင့်ဆိုင်းတော့ဘဲ တစ်ပြိုင်တည်းကိုပင် ထ၍ စစ်ဝန်ကြီးရုံးခန်းရှိရာသို့ ပြေးလွှားသွားကြပါသည်။

စစ်ဝန်ကြီးရုံးခန်း မရောက်မီမှာပင် စိတ်တိုလှပြီဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းမှာ သူ၏ အခန်းတွင်း ဝုန်းဒိုင်းနှင့် ထွက်လာပါတော့သည်။

စစ်ဝန်ကြီးရုံးခန်းနှင့် ဒု-စစ်ဝန်ကြီးရုံးခန်း နှစ်ခုကြားရှိ စင်္ကြံတွင် ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ ဆုံမိပါသည်။ ကျွန်တော်တို့အားလုံးလည်း ဗိုလ်ချုပ်အား အလေးပြုပြီး သတိအနေအထားဖြင့် ရပ်နေကြပါသည်။

ကျွန်တော်မှာ ရှေ့ဆုံးမှ ပြေးလာသူဖြစ်၍ ဗိုလ်ချုပ်နှင့် အနီးကပ်ဆုံးဖြစ်နေသဖြင့် အကျိုးအကြောင်းကို မသိသည့်အလျောက် ရင်တထိတ်ထိတ်ဖြစ်နေပါသည်။

"ဟေ့. . . ငါ့အခန်းထဲက စားပွဲပေါ်မှာ ဒီစာ ဘယ်သူလာထားသွားသလဲ"

ဗိုလ်ချုပ်က ရှုခပ်သိုးသိုးဖြင့် စာအိတ်တစ်ခုကို ထောင်ပြရင်း အော်ငေါက်၍ မေးပါသည်။ ဗိုလ်ချုပ်စိတ်ဆိုးလျှင် သူ့ထိပ်ချွန်ချွန်ကလေးမှာ ပိန်ချည်၊ ဖောင်းချည်၊ နိမ့်ချည်၊ မြင့်ချည် ဖြစ်တတ်သည်ဟု ကြားဖူးရာ

ဒီတစ်ခါမှပင် အနီးကပ် မြင်ဖူးပါသည်။

ကျွန်တော်တို့ ဘယ်သူမှ ဗိုလ်ချုပ်မေးခွန်းကို မဖြေနိုင်ပါ။ ရုံးအုပ် ဗိုလ်ကြည်မောင်ကလည်း သူ မသိကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ဗိုလ်ချုပ်အခန်းထဲဝင်သည်ကို မမြင်မိကြောင်း၊ ဆီးရွက်လောက် မျက်နှာငယ်ကလေးနှင့် ပြောပါသည်။

ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့ကလည်း ရုံး တသီးတခြားမို့ မသိကြပါ။

ဒုတိယစစ်ဝန်ကြီး ဗိုလ်ဇေယျကလည်း သူ့အခန်းမှာ အခြားတစ်ဘက်စွန်းတွင်ဖြစ်၍ စစ်ဝန်ကြီးရုံးခန်းထဲ ဘယ်သူဝင်သည်ကို မမြင်တွေ့နိုင်ပါ။

အမှန်တကယ် တွေ့မည်ဆိုပါက ရုံးအုပ် ဗိုလ်ကြည်မောင်နှင့် ရုံးအဖွဲ့သားများ တစ်ဦးဦးတွေ့မြင်ရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်မျက်နှာမှာ ရဲလျက် ရှိပါသည်။

"ဒါ စစ်ရုံးလားကွ။ စစ်ဝန်ကြီးရုံးခန်းထဲ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ ရတယ်ဆိုရင် ကောင်းပါဦးမလား။ ထားသွားတဲ့သူက ပစ်စာထားသွားလို့ တော်သေးတာပေါ့။ တိုင်းပုံးထားသွားရင် မခက်ပါလား"

ဗိုလ်ချုပ်မှာ အမျိုးသမီးများရှိနေ၍ ဆဲရေး တိုင်းထွာခြင်းမရှိဘဲ ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်ဟန် ရှိပါသည်။

ဗိုလ်ချုပ်ပြောသည်မှာလည်း မှန်ပါသည်။ အကယ်၍ ပစ်စာသာ မဟုတ်ဘဲ အချိန်ကိုက်ဗုံးသာဆိုပါက ဗိုလ်ချုပ်ရော၊ အခြားရုံးသူ ရုံးသားများ၏ အသက်အန္တရာယ်ပါ ထိခိုက်ဖွယ်ရှိပါသည်။

"ဒါလောက် ပေါ့လျော့တဲ့ ရုံးအဖွဲ့။ ဒီနေ့ မင်းတို့အားလုံး အိမ်မပြန်ရဘူး။ ရုံးမှာပဲ ညစောင့်အိပ်ရမယ်"

ဗိုလ်ချုပ်က ဒေါကြီးမောကြီးပြောပြီး ရုံးခန်းထဲ ပြန်ဝင်သွားပါသည်။

* * *

ပစ်စာသည် မည်သည့်အကြောင်း ရေးသည်၊ တိုင်းပြည်အရေးလော၊ ကိုယ်ရေးကိုယ်တာ ကိစ္စလော၊ ကောင်းသည် ဆိုးသည်ကို ကျွန်တော်တို့ မသိရတော့ပါ။ သို့သော်လည်း "မင်းတို့အားလုံး အိမ်မပြန်ရဘူး။ ရုံးမှာပဲ ညစောင့်အိပ်ရမယ်" ဆိုသော အမိန့်ကြောင့် ကျွန်တော်တို့နှင့် အမျိုးသမီး တပ်ဖွဲ့ခေါင်းဆောင် မစောမြတို့ပါ မျက်နှာငယ်လေးများနှင့် ဒုတိယဝန်ကြီး ဗိုလ်ဇေယျထံသွားပြီး "ဗိုလ်မှူး. . . စစ်ဝန်ကြီးရဲ့ အမိန့်က ကျွန်တော်တို့ ကျွန်မတို့ကော အကျုံးဝင်သလား" ဟု မေးကြရပါတော့သည်။

"ဟော့. . . မင်းတို့က ဌာန တခြားပဲကွ။ ရုံးနေရာ မရှိသေးလို့ ဒီမှာ ခဏနေနေရတာပဲ။ ခုအမိန့်က ရုံးအဖွဲ့ကို ဆိုတာပါ။ မင်းတို့ မပါပါဘူး။ အိမ်ပြန်နိုင်ပါတယ်"

ဒုတိယ စစ်ဝန်ကြီး၏ အမိဟ္ဟာယ်ကောက် ကောင်းမှုကြောင့် ဒေါ်စောမြတို့၊ ကျွန်တော်တို့တစ်တွေ ထိုညက အိမ်ပြန်အိပ်ကြရပါ၏။

ဗိုလ်ကြည်မောင်နှင့် ရုံးအဖွဲ့သားများမှာကား စစ်ဝန်ကြီးစားပွဲပေါ်မှ စာကလေးတစ်စောင်ကြောင့် တစ်ည အိမ်မပြန်လိုက်ကြရပဲ စစ်ဝန်ကြီး ရုံးဝင်းအတွင်းမှ ခြင်များအား တစ်ညစာ သွေးလှူကြရသည်။

ဒီအထဲ အရာခံဗိုလ် တင်မြင့် ဆိုသူမှာ ထိုညက မိန်းမမျက်နှာမြင် ခါနီး ဗိုလ်နာနေ၍ အိမ်က လိုက်လာခေါ်သော်လည်း ထိုစစ်စာကလေး တစ်စောင်ကြောင့်ပင် မီးနေမစောင့်လိုက်ဘဲ ရှိနေတော့သည်တမုံ့။

ပေဖူးလွှာ
၁၉၈၄

# ဆရာသက် ကျောင်းသား သူတောင်းစား

ဗိုလ်ဗကို

ယေးတက္ကသိုလ်. . ၁၉၅၄ ခုနှစ်. . . ။

ကျွန်တော်သည် မြင့်မားလှပသည့် ယေးတက္ကသိုလ် (ဟတ်ကနက်) မျှော်စင်ကြီးကို စာသင်ခန်းအတွင်းမှ ငေးမော၍ ကြည့်နေမိပါသည်။

မျှော်စင်ကြီးသည် ယေးတက္ကသိုလ်နယ်မြေတွင် ထီးထီးကျန်ကျန် ရပ်၍ နေသော တစ်ပင်တိုင် 'နန်းမြင့်မေ' မင်းသမီးကြီးနှင့် တူသည်ဟု ကျွန်တော်ထင် မှတ်မိပါသည်။ အချွန်အတက်၊ အပြောက်အမွမ်း၊ အကော့အကွေးတို့ဖြင့် နန်းဆန်ဆန် လှပနေပါသည်။ ရှုမငြီးသော ဤမျှော်စင်ကြီးကို မြင်လေတိုင်း စစ်ကြီးအတွင်းက ပျက်စီးသွားခဲ့ရသော ရတနာပုံ ရွှေနန်းတွင်းမှ နန်းမြင့်မျှော်စင်ကြီးကို တသသ တရေးရေး တွေးမြင်နေမိပါသည်။

မျှော်စင်ကြီး၏ အောက်ခြေ ယေးတက္ကသိုလ် နယ်မြေတစ်ဝိုက်တွင် ထည်ဝါခဲ့ညားသည့် စာသင်တိုက်ကြီးများ တွေ့ရပါသည်။ ထိုစာသင်တိုက်ကြီးများသည် တစ်ပင်တိုင် 'နန်းမြင့်မေ' မင်းသမီးကြီးအား ဝပ်တွား

ခစားနေကြသော ရွှေနန်းတွင်း အပျိုတော်ကြီးများနှင့် အလားသဏ္ဍာန် တူလှသည်ဟု ကျွန်တော် ထင်မြင်မိပါသည်။

ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. . . ။

မျှော်စင်မှ နာရီကြီးသည် ပတ်ဝန်းကျင် တစ်ခိုတွင် ပဲ့တင်ထပ်သွားအောင် လေးချက်တိတိ မြည်ဟီးလိုက်သည်။ နာရီသံနှင့်အတူ မျှော်စင်ကြီး၌ ချိတ်ဆွဲထားသော ခေါင်းလောင်းကြီးငယ်များမှ သာယာချိုအေးသော အသံစုံ ထွက်ပေါ်လာသည်။

ကျွန်တော်၏ စိတ်ဝိညာဉ်သည် ခေါင်းလောင်းသံများနှင့် အတူ လေဟာပြင်သို့ လွင့်စဉ်သွားသည်။

ခံ့ညားထည်ဝါသော ယေးတက္ကသိုလ် နယ်မြေ ပညာတော်သင် ဘဝမှ တစ်ကြိမ်က ဝဲစားခဲ့သော မန္တလေး၊ ဒေါင်းရိုးရပ် ဆရာသက်ကြီး ကျောင်းသား. . သူတောင်းစား ဘဝသို့ ပြန်လည် ရောက်ရှိသွားပါတော့၏။

မြူနီစီပယ်ကျောင်းသား အကောင်းစား. . . ဆရာသက် ကျောင်းသား သူတောင်းစား- ဝါးဟားဟား. . . ဝါးဟားဟား. . . ။

ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. . .

* * *

ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. . .

ကျွန်တော်တို့၏ အခမဲ့ မြန်မာကျောင်းဆရာကြီးသည် ခေါင်းလောင်း မတီးနိုင်ပါ။ တီးရန်လည်း ခေါင်းလောင်းမဝယ်နိုင်ပါ။ ထို့ကြောင့် မန္တလေးမြို့ စိန်ပန်းရပ်ရှိ သံရည်ကျိုစက်အနီးတွင် စုပုံ၍ ပစ်ထားသော သံပုံချိုင့်မှ သံပိုက်လုံးအပြတ်ကြီးတစ်ခုကို ယူ၍ ကျောင်းသုံး 'ခေါင်းလောင်း' အဖြစ် သံတုတ်နှင့် တီးရပါသည်။

နေ့လည် ကျောင်းဆင်းချိန်အဖြစ် သံပိုက်လုံး တီးလိုက်သည်တွင် ကျွန်တော်တို့ ကျောင်းသား လေးငါးဆယ်ဦးခန့်သည် ဝမ်းမြောက် ဝမ်းသာဖြင့် မြေခင်းနှီးကြောဖျာကြမ်း အစုတ်များပေါ်၌ ထိုင်၍ ဆရာကြီးအား ဦးသုံးကြိမ် ချကြရပါသည်။

ဟောင်းနွမ်းယိုင်နဲ့သော စားပွဲအိုကလေးတွင် ရပ်နေသော ကျွန်တော်တို့၏ ဆရာကြီးကို ကြည့်ပါ၊ အနီးသို့ တိုးကပ်ကြည့်တော်မူပါ။

ကျွန်တော်တို့၏ ဆရာကြီးကို အရပ်က 'ဆရာသက်ကြီး' ဟု ရိုသေလေးမြတ်စွာ ခေါ်ကြပါသည်။ ဆရာကြီးသည် အိုမင်းရင့်ရော်ရှာပါပြီ။ အသက် ၇၀ တွင်းသို့ ရောက်ပြီဖြစ်၍ ကိုယ်ကိုင်းနေရှာပြီ။ ဆေးမင်ရည် စုတ်ထိုးထားသည့် အင်းကွက်များ ပြည့်နှက်နေသည့် ဖြူဆွတ်သော အသားအရေတို့သည် အပြင်းပြင်း တွဲရရွဲကျနေပြီ။ နံရိုးတို့သည်လည်း အပြိုင်းပြိုင်း ထနေပါပြီ။ ဇရာထောင်းခံနေရသော ဆရာကြီး၏ ခေါင်းတုံးဦးပြည်း အောက်ခြေရှိ နားသယ်ပါးသယ်တွင် ဆွတ်ဆွတ်ဖြူသော ဆံပင်ရှည်များ အကွေးလိုက်၊ အကွင်းလိုက် ပေါက်နေပါသည်။ ဆရာကြီးသည် နေ့ညမဟူ အင်္ကျီမဝတ်နိုင်ပါ။ ပိတ်ကလားနံ နံ့ငယ်ပိုင်းကလေးကိုသာ ဝတ်ပါသည်။

ဆရာကြီးနည်းတူ ဆရာကြီး၏ မြေစိုက်ကျောင်းအိုကလေးသည်လည်း ဇရာထောင်းသဖြင့် ဟောင်းနွမ်း ယိုယွင်းနေပါသည်။ ဝါးထရံအမိုးသည် ကျိုးတိုးကျဲတဲနှင့် နေမလုံ မိုးမလုံ ဖြစ်နေပါသည်။ မြေစိုက်မျောတိုင်ကလေးများသည် ကျွန်တော်တို့၏ ကြေးညှော်လိမ်းကပ်မှုကြောင့် ညစ်ပုပ်မည်းနက်၍ နေပါသည်။ နံရံကာ ကျူထရံတို့သည် ကျွန်တော်တို့ လက်ချက်ဖြင့် ဖွာလန်ကြ၍ နေပါသည်။ ကျွန်တော်တို့ ထိုင်ရသော မြေခင်းကမ္ဗလာ နှီးကြမ်းဖျာတို့သည်လည်း စုတ်ချာ၍နေပါသည်၊ ဈေးပိုင်းကျ၍ လူစည်ကားသော မန္တလေးမြို့ ဒေါင်းရိုးရပ်လည်းဖြစ်ပြန်၊ ကျွန်တော်တို့ ကျောင်းရှေ့တွင် 'ရွှေတံချောင်း' ခေါ် မြို့လယ်ကောင် ဖြတ်စီးသည့် မြောင်းပုပ်နှင့် မျဉ်းပြိုင်ယှဉ်၍ ပြေးနေသော ဖုန်တထောင်းထောင်းနှင့်

လှည်းလမ်းလည်း ရှိနေပြန်ရာ ကျွန်တော်တို့၏ မြေစိုက်ကျောင်းကလေးသည် ဖုန်အထပ်ထပ် လိမ်းကပ်၍ ညစ်ပတ်ပေရေ နေပါတော့သည်။

ဆရာကြီးကို ဝတ်ချကန်တော့ပြီးသည့် တစ်ပြိုင်နက် ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားအားလုံး အပြင်သို့ တဆူတညံကြီး ထွက်ကြပါသည်။ မုန့်စားဆင်းချိန်ဖြစ်သော်လည်း ကျွန်တော်တို့ကျောင်းတွင် မုန့်ပဲသရေစာဆိုင်မရှိပါ။ ကျွန်တော်တို့ဆရာသက်ကြီး ကျောင်းသားများအနက်တွင် မုန့်ပဲသရေစာဝယ်စားရန် အိမ်မှ မုန့်ဖိုးပေးနိုင်သူလည်း မရှိပါ။ အားလုံးလိုလိုပင် လူဆင်းရဲသားသမီးများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ ကျောင်း၌ နေလျှင် ကျောင်းလခ မပေးရပါ။ တစ်လလျှင် တစ်ပဲတစ်မူးလောက်သာ မိဘများက စေတနာအလျောက် 'ရေဖိုး' ထည့်ကြရပါသည်။ ဤမျှနှင့် ကျွန်တော်တို့ကျောင်းအား အထင်မသေးစေလိုပါ၊ ပညာရည်တွင် ကျွန်တော်တို့ အနီးအနားရှိ အစိုးရအထောက် အပံ့ခံဟု ဟိုခေတ်က ခေါ်ဆိုသော မြူနီစပယ်ကျောင်းနှင့် တန်းတူလိုက် ပါသည်။ အထူးသဖြင့် ဆရာကြီး၏ အသင်အပြ ထူးချွန်မှု၊ ကြိမ်လုံးစကြော ထိရောက်စူးရှမှုတို့ကြောင့် မြန်မာစာ၊ ပါဠိ၊ ဂဏန်းသင်္ချာနှင့် အထွေထွေ ဗဟုသုတဆိုလျှင် ကျွန်တော်တို့က သာချင်သလိုလိုရှိသည်ဟု လူကြီးများ အကဲဖြတ်ကြပါသည်။

ကျွန်တော်တို့ တစ်တွေကို ရှုပါ။

ကျွန်တော်တို့ ဆရာသက်ကြီး ကျောင်းသားများသည် 'ကျောမွဲ' ကလေးများ ဖြစ်ကြပါသည်။ ယောက်ျားကလေးတွေဆိုလျှင် ဗိုလ်ကေ မထားနိုင်ပါ။ ခေါင်းတုံးကလေးတွေက ပြောင်ပြောင် ဖြစ်နေကြပါသည်။ ဆံပင်ကို ဘယ်ဆတ္တာသည် ဘယ်ကုလားထံမှ ပိုက်ဆံပေး၍ မရိတ်နိုင်ပါ။ ကျွန်တော်တို့၏ ဆရာကြီးကပင် ဘုန်းကြီးများစွန့်သည့် တောင်ပံကားဂျာမနီလုပ် အကောင်းစား သင်တုန်းဓားဖြင့် ရိတ်ပေးပါသည်။ မိန်းကလေးတွေ ဆိုပြန်လျှင်လည်း ရောင်ပေစူးကလေးတွေနှင့် ဖြစ်ကြပါသည်။

သို့ပေမယ့်. . သူတို့ခမျာများ၏ ရောင်ပေစူးသည် အုန်းဆီနှင့် ဖူးစာ မဆုံကြရသဖြင့် ပြောင်းဖူးမွေးကဲ့သို့ နီကြန်ကြန်နှင့် ဖွာဆန်ကြနေပါ၏။

ကျွန်တော်တို့ အနီးသို့ ကပ်လာလျှင် နှစ်လုံးပေါက် ဝတ်သဖြင့် ကြေးဖုန် အလိမ်းလိမ်းကပ်၍ အဖာအထေး အထပ်ထပ်ဖြင့် ညစ်ပတ်ပေရေနေသော ဖျင်ကြမ်း၊ သို့မဟုတ် ချည်ထည်အဝတ်အစား ဝတ်ရုံ၍ထားသော ကျွန်တော်များ၏ ညှီဟောက်သည့် ကိုယ်ရနံ့ကို အဝေးမှပင် တထောင်းထောင်း ရနိုင်ပါသည်။

ကျွန်တော်တို့အားလုံးအနက် နေ့လယ်ကျောင်းဆင်းချိန်တွင် မြူနီစီပယ်ကျောင်းသားများကဲ့သို့ ကိုယ်စီကိုယ်င မုန့်ဝယ်စားနိုင်သူ တစ်ဦးတလေမျှ မရှိပါ။ အိမ်က ထွက်ကတည်းက ထမင်းကြမ်းကို မန္တလေးစားတော်ပဲပြုတ်နှင့် အဝ 'လွေး'ခဲ့ရသူများ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ကျောမွဲကျောင်းအိုကလေးတွင် မုန့်ဆိုင် မရှိခြင်း ဖြစ်ပါ၏။

နေ့လယ် မုန့်စားဆင်းချိန်ဆိုလျှင် ကျွန်တော်တို့သည် တစ်မိက်ခန့် ဖုတ်ကမွလာခင်းထားသည့် ရွှေတံချောင်း တာရိုးလှည်းလမ်းကြောင်းပေါ်တွင် ကစားသူက ကစား. . .။ မန်ကျည်းပင်တက်၍ မန်ကျည်းသီးခူးစားသူက စား၊ လှည်းလမ်းပေါ်တွင် မသာချလာသည်နှင့် ကြုံလျှင် မသာတွင်ကြသည့် ပိုက်ဆံကို အလုအယက် ကောက်သူက ကောက်၊ အကမ်းအလှမ်းပါသည့် မျက်နှာကြီး မသာဆိုလျှင် 'ရွာဟိုင်း' သင်္ချိုင်းအထိ လိုက်၍ သုသာန်တွင် သရဏဂုံတင်အပြီး တိုက်သော ရေခဲနှင့် ဘိလပ်ရည်ကို အဝအပြဲ သောက်သုံးသူက သောက်သုံးကြနှင့် တပျော်တပါးကြီး ဖြစ်နေကြပါသည်။

တစ်ခါတစ်ရံ၌မူ ကျွန်တော်တို့သည် ခဲတစ်ပစ်လောက်နေရာတွင် ရှိသည့် မြူနီစီပယ် ကျောင်းဘက်သို့ မုန့်စားဆင်းချိန်တွင် သွား၍ တိုဟူး၊ လက်သုပ်စုံ၊ ငှက်ပျောသီး၊ မာလကာသီး၊ ဆီးသီး၊ ရှောက်ချိုသီး အစရှိသော မုန့်ပဲသရေစာများရောင်းသည့် ခေါင်းရွက်ဗျပ်ထိုး ဆိုင်ကလေး

များအနီးတွင် ရစ်ဝဲနေတတ်ကြပါသည်။ တပျော်တပါးကြီး စားသောက်နေကြသော မြူနီစီပယ် ကျောင်းသားများကို ကြည့်မျှော်၍ သွားရည်ကျမိကြပါသည်။

"ဟော့. . . မြူနီစီပယ် ကျောင်းသား အကောင်းစား. . . ဆရာသက် ကျောင်းသား သူတောင်းစား . . ဟား. . ဟား. . ဟား. . "

သူတို့ စားသောက်ရာနေရာတွင် မျက်နှာငယ်များဖြင့် ရစ်ဝဲနေကြသည့် ကျွန်တော်တို့အား မြူနီစီပယ် ကျောင်းတော်ကြီးသားများသည် သူတောင်းစားဟု လှောင်လေ့ရှိကြပါသည်။ မှန်ပါသည်. . . သူတို့နှင့်စာလျှင် ကျွန်တော်တို့သည် သူတောင်းစားများ ဖြစ်ကြပါသည်။ ဝဲစားများဖြစ်ကြပါသည်။

မြူနီစီပယ် ကျောင်းတော်သူ ကျောင်းတော်သားများကို ကြည့်လိုက်လျှင် သူတို့ မိဘများ တတ်နိုင်၍ ဝတ်ကောင်းစားလှကလေးများ သပ်သပ်ရပ်ရပ် ကြော့ကြော့မော့မော့ ဝတ်ဆင်ထားသည်ကို တွေ့ရပါသည်။ အထူးတတ်နိုင်သည့် မိဘကမူ သူတို့ သားသမီးကို ဒေါ်လာပြားဆွဲကြိုးများပင် ဆင်ပေးထားသည်ကို တွေ့ရပါသည်။ သူတို့ လက်တွင်လှပသည့် လွယ်အိတ်ကလေးများ တွေ့ရပါသည်။ သူတို့ လွယ်အိတ်တွင်ကျောင်းစာအုပ်ကလေးများ တွေ့ရပါသည်။

ကျွန်တော်တို့ ဆရာသက်ကျောင်းသား ကျောမွဲများမှာမူ သူတို့နှင့် စာလိုက်လျှင် ဘဝချင်း မိုးနှင့်မြေလို ကွာခြားနေသည်ဟု ကျွန်တော်တို့ ထင်မိပါသည်။ အမှန်မှာတော့ ကျွန်တော်သည် လောက လူ့ဘောင်တွင် ပတ်ဝန်းကျင် အခြေအနေအရ ဝဲစားနေသည့်ဘဝ၏ ကျောမွဲများဟူ၍ပင် ကဗျာဆန်ဆန် ဆိုကြပါစို့. . .။

* * *

**နေရီရီစာအုပ်တိုက်**

မန္တလေးမြို့ သီရိဟောမာ ဒေါင်းရိုးယိုင်တန်းရပ်နေ အဖ ပွဲစားကြီး ဦးသန့်. . အမိ ပွဲကတော်ကြီး ဒေါ်ဝင့်၊ သားဖြစ်သူ ဆရာသက်ကျောင်းသား . . . သူတောင်းစား. . . ဝါး. . . ဟား. . . ဟား. . . ။

ကျွန်တော် သိတတ်သည့်အရွယ် ဆရာသက် ကျောင်းသို့ ရောက်သည့် အချိန်တွင် ကျွန်တော်၏ ချစ်လှစွာသော ကျေးဇူးရှင် မိဘနှစ်ဦး သည် 'ချွတ်ခြုံကျ' ဆင်းရဲခဲ့ကြပြီ။

ကျွန်တော် နှစ်ခါလည်း သုံးခါလည်သား ဘဝကဆိုလျှင် ကျွန်တော်၏ဖခင် ဒေါင်းရိုးရပ်နေ ပွဲစားကြီး ဦးသန့်သည် လူချမ်းသာ တစ်ဦး ဖြစ်ပါသည်။ အမှန်မှာ ပွဲစားကြီး ဦးသန့်သည် မိမိပွဲရုံသို့ တောမိတ်များ လာရောက် ရောင်းချသည့် ပဲ၊ စပါး၊ နှမ်း၊ ကြက်သွန်၊ အာလူးစသည့် ကုန်ခြောက်ကုန်စိုတို့ကို မြန်မာ၊ ကုလား၊ တရုတ်ကုန်သည်ကြီးများထံ စပ်ဟပ် ရောင်းပေး၍ ရသော 'ပွဲခ' ကလေးဖြင့် စားသောက်နေရသော သာမန်ပွဲစား မဟုတ်ပါ။ မိမိကိုယ်တိုင် ကုန်ဝယ်၍ လှောင်ကာ ဈေးတက်သည့်အချိန်မှ မိမိကြိုက်ဈေးဖြင့် ရောင်းသော ကုန်သည်ပွဲစားကြီး တစ်ဦး ဖြစ်ပါ၏။

ကျွန်တော်၏ မိခင် ပွဲကတော်ကြီး ဒေါ်ဝင့် ဆိုပြန်လျှင်လည်း ထိုအချိန်က ရှစ်ရတီ-ကိုးရတီခန့်ရှိ 'ဇာရဲ' စိန်နားကပ်ကြီး တဝင်းဝင်းနှင့် အလွန်သဘောကောင်းသည့် ပွဲကတော်ကြီး. .'. ကျွန်တော် ဆိုပြန်လျှင်လည်း လည်ပင်းတွင် ရွှေဒေါ်လာပြားကြီးတွေ တဝင်းဝင်းနှင့် တချီတည်းချီ၊ တပိုက်တည်း ပိုက်နေကြသည့် အဘွား၊ အဒေါ်၊ ဦးလေး၊ သားချင်း၊ အိမ်ခိုင်း၊ အိမ်စေတို့ လက်ပေါ်မှ မဆင်း. . . စတိုင်တင်း၍ နေပါသည်။

ကျွန်တော်သိတတ်သည့်အရွယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကံတရားမှန်တိုင်းသည် ဆိုင်းမဆင့်ဘဲ ဝုန်းခနဲနေအောင် ကျွန်တော်၏ မိဘများပေါ်သို့ ကျလာပါသည်။

ပထမကမ္ဘာစစ်ပြီး ခေတ်တွင် ပဲဖြူကလေး နှိပ်စက်သဖြင့်

မြန်မာ-ကုလား တရုတ်သူဌေး ကုန်သည်ကြီးများ ကျွမ်းပြန်၍ 'ဒေဝါလီ' ခံကြရသည်။ အမြတ်ကြီး မျှော်ကိုး၍ ပဲဖြူကလေး 'တင်း' ၁၀၀ လျှင် ၁,၀၀၀ိ ဈေးဖြင့် တင်း ၄,၀၀၀-၅,၀၀၀ လှောင်ခဲ့ကြသည့်အနက် ပဲဖြူကလေးဈေး ဇောက်ထိုးကျဆင်းသော အချိန်တွင် တင်း ၁၀၀လျှင် ၈၅ိ ဈေးဖြင့် တင်း ၁၀၀ လျှင် ငွေ ၉၀ိ ကျော် ရှုံးကြသည်။ တင်း ၁,၀၀၀ လျှင် ငွေ ၉,၀၀ိ/၊ တင်း ၄-၅,၀၀၀ ဆိုလျှင် ငွေ ၃၀,၀၀၀ ကျော် ၄၀,၀၀၀ ရှုံးကြပါသည်။ ငိုသောသူ ငိုကြ၊ ရူးသောသူ ရူးကြ၊ ဒေဝါလီခံသောသူ ခံကြ၊ သတ်သေသောသူ သေကြနှင့် ကုန်သည်ပွဲစားလောကသည် ပြာပုံသို့ ဝမ်းလျားမှောက်၍ ကျပါလေတော့သည်။

ဟိန်းနေသော ကျွန်တော်တို့ အိမ်ကြီးကို ချစ်တီး ပိုင်လေပြီ။ ဟိန်းနေသော ကျွန်တော်တို့၏ ဂိုဒေါင်ကြီးကို တရုတ် သိမ်းလေပြီ။ ကျွန်တော်တို့အား ကြွေးရှင်များ ပတ်ပတ်လည် ဝိုင်းရံလေပြီ။ မျက်ရည်စက်လက်ကျနေရှာသော ကျွန်တော့်မိခင်ကြီး 'ဇာရံ' နားကပ်ကြီး တဝင်းဝင်းသည် သူတစ်ပါးလက်သို့ ရောက်ရလေပြီ။ ကျွန်တော့်လည်၌ ချိတ်ဆွဲထားသော ဒေါ်လာပြားတို့ကိုလည်း ကြွေးရှင်များ ဖြုတ်ယူကြလေပြီ. . ။

ဤမျှနှင့် မပြီးသေးပါ။ 'ရတနာရှိရာ ရတနာစု' ဟူသော စကားပုံကို ပြောင်ချော်ချော် လုပ်ဘိသကဲ့သို့ ကံတရားသည် ရတနာ မရှိသော ကျွန်တော်၏ မိဘနှစ်ပါးထံ ရတနာများ ဆက်တိုက် ပို့ပါတော့သည်။ ထိုရတနာများကား ကျွန်တော်၏ ညီနှစ်ဦးနှင့် နှမငယ်သုံးဦး၊ ပေါင်းငါးဦးသော နောက်တိုး ရင်သွေးရတနာများပင် ဖြစ်ကြပါသည်။

ကျွန်တော်တို့ ဆရာသက်ကြီးကျောင်းသို့ ရောက်သောအခါ မိဘနှစ်ပါးသည် သားသမီးတစ်လှေကြီးဖြင့် ကြီးစွာသော စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခခံစားနေကြရပါပြီ။ အိမ်တွင် ထမင်းနပ်မှန် စားရသည် ဆိုရုံမျှ ဆန်ရှိတော့သည်။ သားသမီးများ ဆိုပြန်လျှင်လည်း အဝတ် တစ်

ထည် ကိုယ်တစ်ခုသာ ရှိကြသည်။ ဗုဒ္ဓဘာသာတို့၏ မင်္ဂလာတရား ဖြစ်သည့် သားသမီးများကို ရှင်ပြုနားသပေးရန် ကိစ္စဆိုလျှင် အိပ်မက်ပင် မမက်ဝံ့သော အခြေအနေသို့ ရောက်ရှိနေရလေပြီ။

ကျွန်တော်တို့သည် အရပ်ထဲတွင် မျက်နှာငယ်ကလေးများဖြင့် သွားလာနေကြရသည်။ မြူနီစီပယ် အထောက်အပံ့ခံ မူလတန်းကျောင်းသို့ပင် လူချင်းတူတူ သူချင်းမျှမျှ မသွားနိုင်ကြပါ။ ကျေးဇူးရှင် ဆရာသက်ကြီး၏ 'မေတ္တာရိပ်မြုံ' ကျောင်းသို့ သွားကြရသည်။ ပညာကိုသာ အပတ်တကုတ် မြိန်ရည်ရှက်ရည် လွေးကြရသည်။

ကျွန်တော့်အဖို့ ကြီးစွာသော ဘဝသင်ခန်းစာများ တစ်ကွက်ပြီး တစ်ကွက် တစ်ခန်းပြီး တစ်ခန်း ရလာပါသည်။

ကျောင်းမှ ပြန်၍ အိမ်ရောက်လျှင် မိခင်ကြီးကို ကူညီသော အားဖြင့် ထမင်းဝင်၍ ချက်ရပါသည်။ 'ဥမမယ် စာမမြောက်' ဖြစ်နေသော ညီငယ်နှမငယ်များကို ထိန်းသိမ်းရပြန်သည်။ သူတစ်ပါးသားသမီးများလို ဝတ်ကောင်းစားလှ ဝတ်ဆင်မပေးနိုင်၍ လည်းကောင်း၊ မုန့်ပဲသရေစာ ကလေးမှ ဝဝလင်လင် မကျွေးနိုင်၍ လည်းကောင်း၊ သူတစ်ပါးအိမ်တွင် ရှင်ပြုနားသမင်္ဂလာပြု၍ ဗြောသံကြားရသည့်အခါတိုင်း မိမိသားသမီးများကို ထိုက်သင့်သော မင်္ဂလာ မပေးနိုင်သဖြင့် လည်းကောင်း၊ ကျိတ်၍ ကျိတ်၍သာ မျက်ရည်ကျနေရရှာသော မိခင်ကြီးကိုလည်း ဖခင်ကြီးနှင့် အတူ ချော့မော့နှစ်သိမ့်ရပါသည်။

အထူးသဖြင့် ကျွန်တော်၏ဖခင်သည် အလွန်သတ္တိရှိသည့် ယောကျ်ားကောင်းတစ်ဦးဟု ဆိုချင်ပါသည်။ မည်မျှပင် ဆင်းရဲနေစေကာမူ မိမိအင်္ဂတော်ခံ၍ သားသမီးများကို ကျွေးသည်။ စိတ်ဓာတ်မလျော့ဘဲ သားသမီးများ၏ အနာဂတ်ကို ဖန်တီးပြုပြင်ပေးသည်။ သားသမီးများ၏ ဒဏ်ကို ရင်စည်း၍ ခံသည်။

မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသူရိယ၏ ဘုန်းတော်ကြီး

ကျောင်းထွက်ဖြစ်သော ကျွန်တော်၏ ဖခင်ကြီးသည် အင်္ဂလိပ်စာကို ကြား ဖူးနားဝရှိရုံမျှသာ တတ်ပါသည်။ ကျွန်တော့်အား ဆရာသက် ကျောင်း နေစဉ်ကပင် ဈေးချိုတော် ကုန်စုံဆိုင်များ၌ ကုန်ထုတ်ရန် အသုံးပြုသည့် အင်္ဂလိပ် သတင်းစာ အဟောင်းကြီးများပေး၍ စာဖတ်ချင် လာအောင် သွေးထိုးပေးသည်။ သူသိသော ဗဟုသုတ မှန်သမျှကို ကျစ်လျစ်သိပ် သည်းစွာ ကျွန်တော့်ခေါင်းထဲသို့ ထည့်ပေးသည်။ ဘဝအကြောင်း ဆိုးကောင်းမှန်သမျှ သိရအောင် လက်တွေ့ဆရာအဖြစ် ပြပေးသည်။

သို့နှင့်ပင် ကျွန်တော်သည် ကျေးဇူးရှင် ဖခင်ကြီး၏ အဖိုးမဖြတ် သော အသိဉာဏ်ပေးမှု၊ ကျေးဇူးရှင် ဆရာသက်ကြီး၏ အဖိုးမပြတ်သော ပညာပေးမှုနှင့် ကျေးဇူးရှင် လောကဓံတရား၏ သင်ပြမှုတို့ကြောင့် မှောင် မိုက်နေသည့် ဘဝချောက်တွင်းမှ အလင်းရောင်ရှိရာ မြေပြင်လောကသို့ တစ်စတစ်စ တက်ရောက်လာနိုင်ခြင်း ဖြစ်ပါသည်။

မကြာမီ ကျွန်တော်သည် အစိုးရ စကောလားရှစ် အထောက် အပံ့ဖြင့် အင်္ဂလိပ်ကျောင်းသို့ ရောက်ပါသည်။ ကျွန်တော်၏ မိဘနှစ်ပါး သည် အင်္ဂလိပ်ကျောင်းသို့ သားသမီးများ ရောက်အောင် ကြီးလှစွာသော ဒုက္ခ အတန်တန်ခံ၍ ပို့ကြရှာသည်။ ယုတ်စွအဆုံး ငွေ ၁ဝိ ကို တစ်နေ့ လျှင် ၁ဝ ပြားတိုးဖြင့် 'မဆုံ့ရင်ကန်' နေ့ပြန်တိုးချေး၍ သားသမီးများကို ပညာပေးရှာကြပါသည်။

သို့မို့ကြောင့်လည်း တွေးမိလေတိုင်း၊ ငေးမိလေတိုင်း ကျွန်တော် တို့အား လူတစ်လုံး သူတစ်လုံး ဘဝရောက်အောင် ရင်စည်း၍ ဒုက္ခခံခဲ့ကြ သော မိဘနှစ်ပါး၏ ကျေးဇူးဂုဏ် အနန္တကို သတိရ ဦးညွှတ်၍ နေမိခြင်း ဖြစ်ပါသည်။

"ငါ့သားတော့ ဘိလပ်ပညာတော်သင် လွှတ်ရမဟေ့"

ကျွန်တော်၏ ဖခင်ကြီးသည် ဂုံနီအိတ်ခင်း 'ကားဘောင်' ကလေးပေါ်၌ ဝမ်းလျားမှောက်၍ စာအံနေသည့် ကျွန်တော်ကို ကြည့်၍

အားပေးလေ့ရှိပါသည်။

အမှန်မှာ ကျွန်တော်၏ ဖခင်ကြီးသည် ကျွန်တော့်အား ကျီစယ်နေခြင်းသာ ဖြစ်ပါသည်။ မန္တလေး ဝေါဟာရအရဆိုလျှင် ပြက်လုံးထုတ်နေခြင်းသာ ဖြစ်ပါသည်။

ကျွန်တော့်အား ဘီလပ်သို့ ပညာတော်သင် ပို့ရန် အဘယ်လျှင် ဖခင်ကြီး အိပ်မက် မက်ဝံ့ပါမည်နည်း။

ထိုစဉ်ကဆိုလျှင် ထိတ်ထိတ်ကြဲ ချမ်းသာသော လူကုံထံ သူဌေးသူကြွယ်ကြီးများနှင့် ထိတ်ထိတ်ကြဲ အရာရှိကြီးများသာလျှင် သူတို့၏ သားသမီးများကို ဘီလပ်သို့ ပညာတော်သင် ပို့နိုင်စွမ်းပါသည်။

ကျွန်တော့်အဖို့ရာဆိုလျှင် ထိုစဉ်က ဘီလပ်ပညာတော်သင် ဘဝသည် အိပ်မက်မက်ဖွယ် ကောင်းသော စိတ်ကူးယဉ် ဘဝသာလျှင် ဖြစ်ပါသည်။ ကျွန်တော်၏ မိဘနှစ်ပါးသည် သားသမီးများအား ဘီလပ်သို့ ပို့ရန်ထားဘိဦး၊ အကြွေးတွေ ဗရပွေနှင့် အနိုင်နိုင် စားနေရသည်။ အစိုးရအရာရှိ ဆိုပြန်လျှင်လည်း ကျွန်တော်တို့ ဆွေမျိုးသားချင်းများအနက်တွင် အရာရှိထားဘိဦး၊ စာရေးကြီးထားဘိဦး. . .၊ ရုံးစောင့်ဒရဝမ်မျှပင် မရှိ။

မည်သို့ပင်ဖြစ်စေ၊ 'ပညာတော်သင်' ဟူသော မျှော်မှန်းချက် အိပ်မက်ကို ဖခင်ကြီးသည် ကျွန်တော်၏ ဦးခေါင်းတွင်းသို့ ရိုက်သွင်းခဲ့ချေပြီ။

ထိုနေ့မှစ၍ ဝဲစားသော ဘဝကဏ္ဍ၏ အဏ္ဏဝါပြင်ကျယ်တွင် ကမ်းမမြင်လမ်းမမြင် ငွတ်ကူးခတ်၍နေသော ကျွန်တော်၏ မျက်မှောက်၌ 'ပညာတော်သင်' ဟူသော ပန်းတိုင်ကလေးသည် အထင်းသား ပေါ်နေပါတော့သည်။

ဆရာသက်ကြီး၏ ကျောင်းမှ မန္တလေးမြို့ (အက်စ်ပီဂျီ) ခေါ် အလယ်တန်း 'သံတဲ' ကျောင်း၊ ထိုမှတစ်ဆင့် ဝတ်စလီ အထက်တန်း ကျောင်းရောက်၍ ၁၉၃၆ ခုနှစ်တွင် ကွယ်လွန်သူ နိုင်ငံရေးခေါင်းဆောင်

သခင်ဗဟိန်း (ရဲဘော်ဗဟိန်း)နှင့် တွေ့ဆုံ၍ သပိတ်မှောက်ကျောင်းသား တစ်ဦးအဖြစ် ၁၀ တန်းကို ကောင်းစွာ အောင်မြင်ပါတော့သည်။ ထိုအချိန်တွင် 'ပညာတော်သင်'ဟူသော ပန်းတိုင်ကလေးသည် ကျွန်တော့် အဖို့ အိပ်မက်မဟုတ်တော့ဘဲ ကြိုးစားလျှင် ဆွတ်ခူးရယူနိုင်သည့် အခြေသို့ ရောက်လာပါတော့သည်။

ကျွန်တော်၏ ဘဝသည် ကြေကွဲစရာများသာမက ထင်တိုင်း မဖြစ်၊ မထင်တိုင်းဖြစ်သောဘဝ အကျိုးပေးများနှင့်လည်း ပြည့်နှက် နေပါသည်။

၁၀ တန်းအောင်သောအခါတွင် အတိဒုက္ခရောက်နေသော မိဘနှစ်ပါးနှင့် ညီငယ်၊ နှမငယ်များကို လုပ်ကျွေးပြုစုချင်သဖြင့် အလုပ် ရှာပါသည်။ အလုပ်ရရန် အလွန်ခက်ခဲနေသော အချိန်ကြီးတွင် ကျွန်တော် နေခဲ့သော ကျောင်း၊ ကျွန်တော် သပိတ်မှောက်ခဲ့သော ကျောင်း ၏ မျက်နှာဖြူ ဆရာကြီးက ကျောင်းတွင် စာရေးအဖြစ် ဝင်လုပ်ရန် အလွယ်တကူ အလုပ်ပေးပါသည်။

ကျွန်တော် မိုးမဆုံး မြေမဆုံး ဝမ်းသာသွားပါသည်။ မိဘနှစ်ပါး အား ချွေးနဲ့စာဖြင့် လုပ်ကျွေးအံ့ဟု လက်ခမောင်းခတ်၍ ကြည်နူးနေမိပါ တော့သည်။

သို့ပေမယ့် ကျွန်တော် စာရေးမဖြစ်ပါ. . ဖခင်ကြီး၏ ခေါင်းမာ သော ရည်ရွယ်ချက်၊ သခင်ဗဟိန်း၏ ဆွဲဆောင်မှုနှင့် ဟိုအချိန်က မန္တလေး ဥပစာကောလိပ် ကထိက၊ ယခုရန်ကုန်တက္ကသိုလ် ပါမောက္ခ ဆရာကြီး ဦးအောင်သန်း၏ ကြင်နာသော ကြည့်ရှုစောင့်ရှောက်မှုတို့ ကြောင့် မန္တလေး ဥပစာကောလိပ်၊ ထိုမှတစ်ဆင့် ရန်ကုန်တက္ကသိုလ် ဂုဏ်ထူးတန်းအထိ ရောက်သွားပြန်ပါသည်။ ထိုအချိန်တွင် 'ပညာတော် သင်' ရည်ရွယ်ချက်သည် ကျွန်တော့်အဖို့ ကြိုးစားလျှင် အောင်မြင် နိုင်သည့်အခြေသို့ နီးကပ်ဆိုက်ရောက်လာပါသည်။

၁၉၄၀ ပြည့်နှစ်၊ ဒုတိယနှစ်၊ ပါဠိဂုဏ်ထူးတန်းအပြီးတွင် ကွယ်လွန်သူ ပါမောက္ခ ဆရာကာစင်သည် ကျွန်တော် တစ်သက်လုံး အာသာငမ်းငမ်း မျှော်မှန်းကြိုးပမ်းလာသည့် 'ပညာတော်သင်' အောင်ပန်းကို လက်ဆုပ်လက်ကိုင် ဆွဲငင်၍ ပြပါတော့သည်။

"ဘိလပ်ကို ပညာတော်သင် လွှတ်ထားတဲ့ မောင်တက်ထွန်းတော့ ပြန်လာနိုင်မယ် မထင်ဘူး. . မင်းပညာတော်သင် သွားမလား. . ပြန်လာရင် ဆရာ့ဌာနမှာ လုပ်မလား. . "

ကျွန်တော်၏ ရင်တွင် ဒိုင်းကနဲ မြည်သွားသည်ဟု ထင်မှတ်လိုက်ပါသည်။

"ဟုတ်. . ဟုတ်. . ဟုတ်ကဲ့ဆရာ. . ကျွန်တော် သွားချင်ပါတယ်. . "

ရွှေကိုင်းမျက်မှန် တဝင်းဝင်းနှင့် ခန့်ညားရင့်ကျက်သည့် ပါမောက္ခ ဆရာသည် ကျေနပ်စွာ ပြုံးပါသည်။

"အေး. . ဒါပဲ. . နောက်ဆုံးနှစ်မှာ အကောင်းဆုံး အောင် အောင် အစွမ်းကုန်ကြိုးစား. . သွားတော့. . "

ကျွန်တော်သည် ထိုညတွင် လုံးဝအိပ်မပျော်ပါ။ ဆရာသက်ကြီး၏ ဝဲစားကျောင်းသား ဘဝမှစ၍ မက်ခဲ့သော အိပ်မက်သည် တကယ်ဖြစ်ရန် အလားအလာရှိ၍ နေချေပြီ။ ကျွန်တော့်အား ကျီစယ်ခဲ့သည့် ဖခင်ကြီးသည် မည်မျှ ဝမ်းသာရှာလေမည်နည်း. . ငါ၏ ဘဝသည် မည်သို့ ဖြစ်မည်နည်း. . မည်နည်း. . မည်နည်း. . မည်နည်း. . ။

ပညာတော်သင်အဖြစ် ဘိလပ်သွား၍ အပြန်တွင် ရန်ကုန်တက္ကသိုလ်၌ ဆရာလုပ်လိုသော ကျွန်တော်သည် ပညာတော်သင်လည်း ဖြစ်ခွင့်မရပါ၊ ဆရာလည်း ဖြစ်ခွင့်မရပါ။

ဘီအေဂုဏ်ထူးဘွဲ့ကို ပထမအဆင့်မှ အောင်မြင်ရရှိပြီးနောက် မကြာမီတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပါသည်။ အခြေအနေအရ ကျွန်တော်

စစ်တပ်ထဲ ရောက်သွားပါသည်။ ၁၉၅၂ ခုနှစ်အထိ မြန်မာ့ တပ်မတော်တွင် အမှုထမ်းပါသည်။ ဘယ်နံရောအခါမှ ပညာတော်သင် အဖြစ်သွားရလိမ့်မည် မဟုတ်ဟု စိတ်တုံးတုံးချလိုက်ပါသည်။ ဘယ်သောအခါမှ ဆရာဖြစ်တော့မည် မဟုတ်ဟု စိတ်တုံးတုံးချထားပါသည်။ ကျွန်တော်၏ ဘဝသည် ပုစွန်ဆိတ် ခုန်သကဲ့သို့ ဟိုခုန်သည်ခုန် ဖြစ်တော့မည် မဟုတ်ဟူ၍လည်း တစ်ထစ်ချ ယုံကြည်ပါသည်။

ကျွန်တော် ယုံကြည်သလို မဟုတ်ပါ။ ကျွန်တော်၏ ဘဝသည် ပုစွန်ဆိတ်ခုန် ခုန်ပြန်ပါသည်။

တပ်မတော်မှ ထွက်ခွင့်ယူသော ၁၉၅၂ ခုနှစ်၌ပင် စာပေဗိမာန်သို့ ရောက်ပြန်သည်။ မမျှော်လင့်ခဲ့သော စာပေနယ်သို့ ရောက်ပါသည်။ မမျှော်လင့်သော သက်ကြီးတက္ကသိုလ် ကထိက ဆရာဘဝ ရောက်ပြန်သည်။ မမျှော်လင့်သော ရုပ်ရှင်နယ်သို့ ရောက်ပြန်သည်။

နောက်ဆုံးတွင် မမျှော်လင့်ဆုံးဖြစ်သော ယေးလ်တက္ကသိုလ် ပညာသင် ဘဝသို့. . . ရောက်ခဲ့ရချေပြီ. . . ဆန်းကြယ်စွတကား. . . ။ ကျွန်တော်၏ စိတ်ဝိညာဉ်သည် ယေးလ်တက္ကသိုလ်နယ်မြေသို့ ပြန်လည် သက်ဆင်းလာသည်။

*   *   *

ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. . .

ယေးလ်တက္ကသိုလ် မျှော်စင်ကြီးမှ ခေါင်းလောင်းသံသာများကား မြည်တုန်းမြည်ဆဲ. . . ။

ရှမဝ
၁၉၆၀၊ ဖေဖော်ဝါရီ

# ဂျပန်ခေတ် ဆေးရုံကြီး

ကျော်အောင်

ဂျပန်ခေတ်ဆေးရုံကြီးဆိုသည်မှာ ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်သို့ ဂျပန်ဝင်လာပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်သားများအတွက် ထူထောင်သည့် ရန်ကုန်မြို့ ဘီအိုင်အေ ဆေးရုံကြီး ဖြစ်သည်။ ဘီဒီအေ ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်ခေတ်နှင့် ဂျပန် ပေးသော လွတ်လပ်ရေးခေတ်တို့တွင် ပြည်သူ့ဆေးရုံကြီး အဖြစ်လည်း အသိအမှတ်ပြုကြသည့် ဆေးရုံကြီး ဖြစ်သည်။ ယင်းအကြောင်းကို မှတ်တမ်းတင်သူမှာ ဒေါက်တာမြင့်ဆွေ ဖြစ်သည်။ သူ၏ မှတ်တမ်းမှာ 'မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ်' ဖြစ်ပြီး ၁၉၆၇ ခုနှစ် အမျိုးသားစာပေဆုပေးပွဲတွင် စာပဒေသာ ဒုတိယဆု ရသည့်စာအုပ် ဖြစ်လေသည်။

၁၉၄၂ ခု နှစ်ဦးပိုင်းတွင် မြန်မာပြည်သို့ ဂျပန် ဝင်သည်။ ပြည်သူ့ဆေးရုံကြီးနှင့် မင်္ဂလာဒုံ စစ်ဆေးရုံတို့ကို ဂျပန်စစ်တပ်က သိမ်းသည်။ ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော် တပ်သားများ တိုက်ပွဲတွင် ထိခိုက် ဒဏ်ရာရသည်။ ခြေပြတ် လက်ပြတ် ဖြစ်ကြရသည်။ တပ်မတော်သားရော အရပ်သားတို့ပါ ဗုံးဒဏ် ခံကြရသည်။ ရွှေတောင်တိုက်ပွဲတွင် ဒဏ်ရာရသူများအတွက် ဆေးရုံလိုသည်။ စစ်မဖြစ်မီက

ရန်ကုန်မြို့တွင် ဆေးခန်းဖွင့်နေသော ဂျပန်ဆရာဝန် ဆူဇူကီး (အမှန်က ဂျပန်သူလျှို)သည် ဆရာဝန်ကြီး ဦးဘသန်းအား ဆေးရုံတစ်ခု ဖွင့်ရန် တိုက်တွန်းသည်။ အဆောက်အအုံရှာကြရာ စစ်ဖြစ်ခါနီး အင်္ဂလိပ်အစိုးရက စစ်ဆေးရုံအဖြစ် သိမ်းပိုက်ထားသော အဆောက်အအုံကို တွေ့သည်။ ယင်းမှာ ဂေါ်ရာကုန်းအနီးရှိ ဒိုင်အိုစီဇင် မိန်းကလေးကျောင်း ဖြစ်လေသည်။ ယင်းကို အင်္ဂလိပ်စစ်တပ်၏ အရေးပေါ်ဆေးရုံအဖြစ် အသုံးပြုဖူးသည်။ ဤတွင် ဆရာကြီး ဦးဘသန်းသည် ဆေးရုံ ထူထောင်ရေးအတွက် တပည့်ကျော် ကိုကျော့မောင်၏ အကူအညီကို ရသည်။ ကိုကျော့မောင်သည် အင်္ဂလိပ်ခေတ်က ရန်ကုန်ဆေးရုံကြီးတွင် ဦးဘသန်း၏ တပည့် ဖြစ်ခဲ့ဖူးသည်။

ဦးဘသန်းကား စစ်ဖြစ်၍ အင်္ဂလိပ်အစိုးရ ထွက်ပြေးသည့်အခါ အိန္ဒိယသို့ လိုက်ပါ၍ မသွား။ ထိုအချိန်က ဘွဲ့ရဆရာဝန်များ၊ အထူးကု ဆရာဝန်များသည် စစ်ပြေးအစိုးရနှင့်အတူ အိန္ဒိယသို့ ထွက်ပြေးကြသည်။ ဆေးကျောင်းသားအချို့လည်း ပါသည်။ နောင် အင်္ဂလိပ် အစိုးရ ပြန်ဝင်လာသည့်အခါ ဘာကြောင့် အိန္ဒိယသို့ မလိုက်ပါရသလဲဟု ဦးဘသန်းအား အင်္ဂလိပ်အစိုးရပိုင်းက အပြစ်တင်ထားသည်။ ဂျပန်နှင့် ပေါင်းသူ ဟူ၍ပင် စွပ်စွဲရှုတ်ချခံရသည်။ ဦးဘသန်းသည် အက်ဖ်အာရ်စီအက်စ် ခွဲစိတ်ပါရဂူဘွဲ့ကို အီဒင်ဘာရာ တက္ကသိုလ်မှ ရသည်။ စစ်မဖြစ်မီက နိုင်ငံခြားသားများသာ ထိုဘွဲ့မျိုးရသည်။ ဆရာဝန်ဆိုလျှင် မြန်မာမရှိ။ အင်္ဂလိပ်၊ အင်္ဂလိပ်ကပြား၊ ကုလားတို့သာ ဆေးလောက၌ ကြီးစိုးသည်။

သို့နှင့် ဘီအိုင်အေ ဆေးရုံကြီးကို ဂေါ်ရာကုန်းထိပ်၌ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အတွင်းလူနာခန်းကို ဆရာဦးဘသန်းသည် တပည့် ကိုကျော့မောင် အကူအညီဖြင့် တာဝန်ယူ ဆောင်ရွက်သည်။ အိုပီဒီ ခေါ် အပြင်လူနာခန်းကို ဆရာဝန် ဦးကိုကိုကြီးက မနက်ပိုင်းတစ်ချိန်၊ ညနေပိုင်းတစ်ချိန် လာရောက်ကူညီသည်။

ထိုအချိန်တွင် ဒေါက်တာမြင့်ဆွေသည် စစ်ပြေးနေရာမှ ရန်ကုန်သို့ ပြန်ရောက်လာပြီး ဦးဘသန်းနှင့် ဆက်သွယ်မိခြင်း ဖြစ်သည်။ ဒေါက်တာမြင့်ဆွေမှာ စစ်မဖြစ်မီက ဆေးကျောင်းသားဖြစ်ပြီး ၁၉၄၂ ခု၊ ပြေတွင် သင်တန်းပြီးဆုံးသော်လည်း စာမေးပွဲ မဖြေလိုက်ရသူ ဖြစ်သည်။ သူ့လို ပညာတစ်ပိုင်းတစ်စနှင့် ဆေးကျောင်းသားများရှိပြီး သူတို့သည် ဆရာဘသန်း၏ ဆေးရုံကြီးတွင် လာရောက် ကူညီကြသည်။ ယင်းတို့မှာ ဗိုလ်လှသမိန် ခေါ် ဗိုလ်လှဟန် (နောင်အခါ ကျန်းမာရေးဝန်ကြီး)၊ ဗိုလ်ကျော်ခင်နှင့် ကိုစံမြင့်တို့ ဖြစ်သည်။

သူတို့နှင့်အတူ သူနာပြုဆရာမများအဖြစ် ဒေါ်ခင်ကြည် (နောင် ဗိုလ်ချုပ်အောင်ဆန်း ဇနီး)၊ ဒေါ်ခင်ကြီး (နောင် သခင်သန်းထွန်း ဇနီး)၊ မတင်ထွေး (နောင် ဒေါက်တာမြင့်ဆွေ ဇနီး)၊ မကယ်လီ (နောင် မင်္ဂလာဒုံ စစ်ဆေးရုံ ဗိုလ်မှူးကြီး မောင်မောင်သန်း ဇနီး) တို့ ရောက်လာကြသည်။ ဒေါ်ခင်ကြည်နှင့် ဒေါ်ခင်ကြီးတို့မှာ ညီအစ်မ ဖြစ်ပြီး မူလက ချာချီလမ်းတွင် နေရာမှ ဆေးရုံကြီးသို့ ပြောင်းရွှေ့လာပြီး ဆေးရုံအိပ် ဆေးရုံစား နေကြသည်။ နေ့စဉ် စားရသည့် အစားအစာများမှာ ဘဲဥ ချဉ်ရည်၊ ငါးခြောက်ကြော်၊ ငါးခြောက်ဟင်းနှင့် ပဲဟင်းတို့သာ ဖြစ်သည်။ လက်မှတ်ရ ဆရာမဆို၍ ဒေါ်ခင်ကြည်နှင့် မော်လမြိုင် အယ်လင်မစ်ချယ် ဆေးရုံမှ ရောက်လာသည့် မကယ်လီတို့သာ ရှိသည်။ မတင်ထွေးမှာ သူနာပြုသင်တန်း နောက်ဆုံးနှစ်တွင် စစ်ဖြစ်သည်နှင့် လက်မှတ်မရသေး။ ဒေါ်ခင်ကြီးကား သူနာပြုဆရာမများကို အုပ်ချုပ်သည့် ဂေဟာမှူး အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

ဘီအိုင်အေ ဆေးရုံကြီးခေတ် ပြီးဆုံးလျှင် ဘီဒီအေ ဆေးရုံကြီး အဖြစ် ဆက်လက် ဖွင့်လှစ်သည်။ ထိုအချိန်တွင် ဆရာမများအဖြစ် မရင်နု (နောင် မင်္ဂလာဒုံ စစ်ဆေးရုံတွင် ဗိုလ်မှူး)၊ မခင်စီ (မင်္ဂလာဒုံ စစ်ဆေးရုံတွင် ဗိုလ်မှူး)၊ မချစ်စီ (သူနာပြုသင်တန်းပြ ဆရာမကြီး)၊ မမြ

(မင်္ဂလာဒုံ စစ်ဆေးရုံ ဗိုလ်ကြီး)နှင့် မခင်ညွန့်တို့က ဆောင်ရွက်လေသည်။

ဆေးစပ်ဆရာများမှာ ကိုငွေတင်၊ ကိုသိန်းညွန့်၊ ကိုသိန်းမောင်၊ ကိုထွန်းလူနှင့် ကိုတင်မောင်တို့ ဖြစ်ကြပြီး သူတို့သည် ရန်ကုန် ဆေးရုံကြီးမှ အမှုထမ်းဟောင်းများ ဖြစ်ကြသည်။ လူနာထမ်းစင်မသူ မောင်မောင်နှင့် သန်းထွန်း၊ စာရေးအဖြစ် ကိုဘမူ (မူလ ဆေးရုံကြီး အမှုထမ်း)၊ ဆာဂျင် အဖြစ် ကိုကျော့မောင်နှင့် ကိုထွန်းစိန်တို့က ဆောင်ရွက်ကြသည်။ ဒုတိယနှစ် ဆေးကျောင်းသားဖြစ်သည့် ကိုညွန့်သွင် (ကွယ်လွန်) ကလည်း ဝင်ရောက်ကူညီသည်။

ဘီဒီအေခေတ်တွင် နောက်ထပ် အားဖြည့်ရောက်လာသည့် ဆရာဝန်များမှာ ဦးသန်းအောင် (နောင်တွင် အဆုတ်ပါရဂူ)၊ ဦးရန်ရှင်း၊ ဒေါ်ရင်မေ၊ ဦးကြည်ပေါ်၊ ဦးမောင်မောင်သန်း၊ ဒေါက်တာစီတောရင်း၊ နော်စောခင်၊ ဒေါ်ခင်ကြည်နှင့် ဒေါ်ပု (ဆရာဝန်သင်တန်း ပြီးဆုံးမည့် ဆဲဆဲ)၊ ဒေါက်တာချန်တိတ် (မျက်စိ)၊ ဦးအေး (၂)၊ ဒေါက်တာလှရွှေ (ဗိုလ်လက်ျာ၏ ညီ၊ ၁၃၀၀ ပြည့် ကျောင်းသား သပိတ် ခေါင်းဆောင် အာဇာနည်ရှင် ကိုလှရွှေ) တို့ ဖြစ်သည်။

ဆေးရုံဖွင့်စတွင် ဆရာဦးဘသန်းမှာ ခွဲစိတ်ဘက်တွင်ရော ဆေးဝါးကုသရေးဘက်တို့တွင်ပါ တာဝန်ယူရသည်။ နောင်အခါ မိုးကုတ်မှ ပြန်ရောက်လာသူ သမားတော်ကြီး ဒေါက်တာဆင်းက ဆေးဝါးဘက်တွင် တာဝန်ယူ ဆောင်ရွက်သည်။

သန့်ရှင်းရေးဘက်တွင် ဆေးရုံကြီးမှ လက်ဟောင်း အမှုထမ်းများ ဖြစ်သည့် ဆဗားနား၊ ပိုလို၊ သာရာဝတီ၊ ချိုးနီးယား၊ အာဆီယားနှင့် နာစီ မလူးတို့က ကူညီဆောင်ရွက်သည်။

လူနာများမှာ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက် ကြိုးပမ်းခဲ့ကြ သည့် ရဲဘော်များ ဖြစ်သည်။ ယူနီဖောင်း မပြည့်စုံ၊ ဘဝခရီး ကြမ်းတမ်း သဖြင့် လူနာများမှာ ညစ်ပတ်ပေရေ စုတ်ပြတ်နေကြသည်။ ထမင်း

ကောင်း၊ ဟင်းကောင်း မစားရ။ ဗီတာမင် မပြည့်ဝသော အစားအစာများသာ စားရသူများ ဖြစ်သည်။

ထိုခေတ်က အနာရောဂါများ၊ အဖျားရောဂါများကို နှိမ်နင်းနိုင်သော ဆေးစွမ်းကောင်းများ မပေါ်သေး။ အများအားဖြင့် ဂျပန်စစ်တပ်နှင့် ပါလာသည့် Nepolion ထိုးဆေး၊ နယ်ချဲ့ခေတ်က ကျန်ရစ်ခဲ့သော Prontosil Rubrum ဂျာမနီ ထိုးဆေးနှင့် Album ခေါ် ဂျာမနီ စားဆေးတို့အပြင် M & B 693 နှင့် 760 ဆေးပြားများကို အသုံးပြုရသည်။ ယင်းတို့မှာ အနာဝင်သော ရောဂါများကို နှိမ်နင်းပေသည်။

ထို့ပြင် ကြံဖန်၍ အသုံးပြုရသည့် ဆေးဝါးများ၊ အာဟာရများကို တတ်နိုင်သမျှ သုံးစွဲရသည်။ ဝမ်းကိုက်ရောဂါအတွက် Emetin ထိုးဆေး မရှိသလောက် ဖြစ်လာသည့်အခါ ပြင်ပဈေးများတွင် ဆေးဈေးမှာ ကြောက်ခမန်းလိလိ တက်လာသည်။ ထိုအခါ ပဲခူးဘက်တွင် ပေါက်သော လက်ထုပ်ကြီးပင်များ၏ အခေါက်များကို မှာယူပြီး မြန်မာ့နည်းအတိုင်း သုံးခွက်တစ်ခွက်တင် ကျို၍ တိုက်ရသည်။ တစ်ဖန် နို့ဆေး Milk Injection ထိုးရန် လိုအပ်သည့် လူနာများကို ဒေါ်ခင်ကြီး ကျွေးထားသော နွားနို့အိုးထဲမှ နွားနို့စစ်စစ်ယူပြီး ထိုးပေးရသည်။ အမျိုးသမီးများတွင် သားအိမ်ကြောရောင်သည့် ရောဂါများကို နို့ဆေးက များစွာ အကျိုးပြုသည်။ ဂျပန်ချွေးတပ် အဆွဲခံရပြီး ဖက်ခွက်နာ ပေါက်ကာ မလှုပ်နိုင်၊ မရှားနိုင် ဖြစ်နေသူတို့ကို ဂျပန်က ဆေးရုံကြီးသို့ လာပို့သည်။ ထိုဖက်ခွက်နာမှာ လက်ဖက်ရည်ပန်းကန်ပြားခန့် ရှိသည့် အနာများ ဖြစ်သည်။ ပဋိဇီဝဆေးစွမ်းကောင်းများဖြစ်သည့် ပင်နီဆီလင်နှင့် အော်ရီယိုမိုင်စင်တို့ မပေါ်သေး။ ဆေးရုံကြီးတွင် အပုပ်နံ့ဖြေသည့် ယူဆော (Eusol) ဆေးရည်နှင့်သာ ဆေးကြော သုတ်သင်ပေးရသည်။ လူတွင်ရှိသော ခုခံကာကွယ်နိုင်အားက ထိုဖက်ခွက်နာများကို ပျောက်ကင်းအောင် ပြုလုပ်သွားသည်။ Eusol ဆိုသည်မှာ Edinburgh University Solution ၏ အတိုကောက်

နာမည် ဖြစ်သည်။

တစ်ဖန် ထိုးဆေးတွင် စပ်သည့် ပေါင်းခံရေ ရှားပါးလာသည့် အခါ ခွဲစိတ်ခန်းတွင် အသုံးပြုသော ကိရိယာများ၊ ခွက်များ၊ ဇန်းများကို ပြုတ်သော ရေနွေးအိုးကြီးအဖုံးတွင် ကပ်နေသည့် ရေနွေးငွေ့ကလေးများ တစ်စက်စီ ပြန်ကျလာသည်ကို ပုလင်းလေးများဖြင့် စုယူကာ အသုံးပြုရသည်။ ဤသည်မှာ ဒေါက်တာမောင်မောင်သန်း၏ စိတ်ကူးဉာဏ်ဖြင့် အခက်အခဲ ဖြေရှင်းနည်းတစ်ခု ဖြစ်လေသည်။

ဒေါက်တာဆင်း၏ ဆေးဝါးကုဌာနတွင် liver extract စသည့် ထိုးဆေးများ ရှားပါးလာသည့်အခါ အမဲသည်း၊ ဝက်သည်းနှင့် ဆိတ်သည်းတို့ကို ပြုတ်ပြီး သွေးအားနည်းသော လူမမာများကို ကျွေးရသည်။ အရိုးကျိုး လူနာများအတွက် ပီအိုပီ ဆေးပတ်တီးများ မရှိသလောက် ရှားပါးလာသည့်အခါ ထင်းရှူးပြားများဖြင့် ကျပ်စည်းပေးရသည်။

ရွှေတောင်တိုက်ပွဲမှ ဒဏ်ရာရသူများ ရောက်လာကြသည်။ ယင်းတို့အနက် ဗိုလ်ကြီးခင်မောင်လတ်၏ ဒဏ်ရာကို ယူဆော ထည့်ပြီး ကုသရာ တဖြည်းဖြည်း အသားနု တက်လာသည်။ ထို့နောက် yellow lotion ခေါ် ဆေးဝါရည်ထည့်ရာ ကပ်နေသဖြင့် ငါးကြီးဆီ ရှာရသည်။ ငါးကြီးဆီ (Cod liver oil) နှင့် ရောထည့်မှ အသားနုတက်မြန်ပြီး အနာ ကျက်လွယ်သည်။

သေနတ်မှန်၍ ဝှေးစေ့တစ်လုံး ဒဏ်ရာရသော ရဲဘော်လူနာအား ထိုဝှေးစေ့ကို ဖြတ်ပစ်ရသည်။ သို့သော် အနာမှ သွေးများ သွန်ထွက်နေသဖြင့် ပိတ်ပါးစများ ဖိပြီး အုပ်ပေးမှ သွေးတိတ်သွားသည်။ ဝှေးစေ့ကို ပတ်တီးလုံအောင်စည်းသည့် အတတ်ကို ဒေါက်တာမြင့်ဆွေသည် ဆေးရုံကြီးမှ သန့်ရှင်းရေးအလုပ်သမား ဆဗားနားထံမှ လက်ထပ်သင်ကြားခဲ့လေသည်။

တစ်ညတွင် မာတ်မီးများ ပျက်သွားသဖြင့် ဆေးရုံတစ်ခုလုံး

မှောင်မည်းသွားသည်။ ထိုစဉ် ဓားခုတ်ခံရသော လူနာတစ်ယောက် ရောက်လာသည်။ ဖယောင်းတိုင်အားကိုးဖြင့် လူနာကို ဒေါက်တာမြင့်ဆွေ စစ်ဆေးကြည့်ရှုရသည်။ ခေါင်းတွင် ဓားဒဏ်ရာ အချက် ၂၀ ရှိ သည်။ အချို့မှာ ၆ လက်မ၊ အချို့မှာ ၄ လက်မ၊ အချို့မှာ ၂ လက်မခန့် ရှိ သည်။ ယင်းတို့ကို ချုပ်ပေးမှ ဖြစ်မည်။ အနာချုပ်မည့်အပ်ကို ကာဘော် လစ်အက်ဆစ်တွင် ဖြစ်စေ၊ လိုက်ဇောတွင် ဖြစ်စေ ၅ မိနစ်ခန့် စိမ်ထားရ မည်။ သို့သော် စိမ်စရာ ဆေးများ မရှိ။ ထို့ပြင် သွေးကြောဖမ်း ညှပ်နှင့် အသားအရေ ဆွဲဖမ်းသော ညှပ်တို့ကို ရေနွေးဖြင့် ပြုတ်ပြီးမှ အသုံးပြုရမည် ဖြစ်သည်။ မီးပျက်နေသဖြင့် ရေနွေးမရနိုင်။ သို့ဖြစ်ရာ တင်ချာရည်တွင် အနာချုပ်သည့်အခါ အသုံးပြုမည့် ကိရိယာတို့ကို စိမ်ရသည်။ အရက်ပြန် အနည်းငယ်ရှိသဖြင့် ပိတ်ကျဲစဖြင့်စိမ်ကာ လူနာ၏ သွေးစများကို ဆေးကြောပေးသည်။ လူနာက သေပါပြီဗျ ဟု အော်သည်။ "ခင်ဗျားက အရမ်းလုပ်တာပဲ။ ခံရတဲ့လူကို ထောက်ညှာပါဦး။ ခင်ဗျား အသားဆိုရင် ဒီလိုလုပ်မလား။ ခင်ဗျား ကိုယ်ချင်းစာတရား မရှိဘူး" ဟု လူနာက ဒေါက်တာမြင့်ဆွေအား အပြစ်တင်သည်။ လူနာအား ဖျောင်းဖျပြီး ဖယောင်းတိုင်မီးဖြင့် အနာများကို ချုပ်ရသည်။ ဖယောင်းတိုင် မီးပြသူမှာ အိပ်ငိုက်လာရာ ဖယောင်းစက်များ လူနာခေါင်းပေါ် ကျသည်။ လူနာက "အတော် အသုံးမကျတဲ့ လူတွေ။ အပ်နဲ့ထိုးလို့ နာရတဲ့အထဲ ဖယောင်း စက် ချလိုက်သေးတယ်။ ဒါကြောင့် ခင်ဗျားတို့ ဆေးရုံတွေဆိုရင် လူတွေ ကြောက်ပြီး မလာချင်ကြတာ" ဟု အော်ဟစ် ဆူပူသည်။ ဤသို့လည်း ဒေါက်တာမြင့်ဆွေတို့ ကုသရသည်။

တစ်ညတွင် ဗိုလ်လက်ျာ၏ ကားမောင်းသူ မီးလောင်ဒဏ်ရာများ ဖြင့် ဆေးရုံသို့ ရောက်လာသည်။ ဗိုလ်လက်ျာကိုယ်တိုင် ပွေ့ယူလာခြင်း ဖြစ်သည်။ ဆေးရုံတွင် မော်ဖီယား မရှိ။ ရှိသည့်ဆေးမှာ အကြောထဲကို သွင်းကြရသည့် Sodium Evipan ဖြစ်သည်။ မတတ်နိုင်။ လူနာ

သက်သာအောင် ထိုးဆေးထိုးပေးပြီး ဆရာကြီး ဦးဘသန်းအား ခေါ်ခိုင်းရသည်။ ထို့နောက် ဆေးဝါရည်ကို ငါးကြီးဆီနှင့်ရောပြီး အနာကို ဆေးထည့်ပေးရသည်။ ၁၅ ရက်ခန့်ရှိလျှင် ရောဂါ ပျောက်ကင်းသွားသည်။

ဒေါက်တာမြင့်ဆွေက အုန်းရည်အာနိသင်ဖြင့် ရောဂါအချို့ ပျောက်ကင်းအောင် ကုနိုင်ပုံကို ဖော်ပြထားသည်။ ရှေးအခါက ကာလဝမ်း သွားသူကို အုန်းရည် လှိုင်လှိုင်တိုက်၍ ကုခဲ့ဖူးသည်။ သွေးအန်သူ အချို့ကို လည်း အုန်းရည်တိုက်ခြင်းဖြင့် သက်သာရာ ရခဲ့သည်။ ယင်းမှာ ဒေါက်တာမြင့်ဆွေ၏ ဖခင် ဆရာဝန်ဦးစံကြူ (မန္တလေး)၏ ကုထုံး ဖြစ် သည်။ မီးလောင်ခံရသူကို ရှေးမြန်မာတို့က ငှက်ပျောရွက် ခင်းပြီး သိပ်ပေး ကာ အုန်းရည်တိုက်၍ ကုသခဲ့သည်။

ဂျပန်ခေတ် ဆေးရုံကြီးမှာ အနားယူစခန်းတစ်ခုလည်း ဖြစ် သည်။ အလံပြဘုရားလမ်း အင်္ဂလိပ်စစ်တပ်ဖြစ်သည့် ဂေါ်ရာကုန်းထိပ် တွင် တည်ရှိပြီး ပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြည်သည်။ စုစုပေါင်း သုံးထပ် ရှိသည်။ အောက်ဆုံးထပ်တွင် အိုပီဒီနှင့် ခွဲစိတ်ကုအခန်းများ တည်ရှိပြီး အလယ်ထပ်တွင် ဆေးဝါးကုသခန်းများ တည်ရှိသည်။

ဂျပန်ခေတ် နိုင်ငံရေးခေါင်းဆောင် ခပ်များများသည် ထိုဆေးရုံ ကြီးသို့ တက်ရောက် ကုသခံဖူးကြသည်။ ပထမဆုံး ရောက်လာသူ မှာ ဗိုလ်လက်ျာ ဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ မေလကုန်ခါနီးတွင် အားအင် ကုန်ခန်းသည့်အတွက် အနားယူရန် ဆေးရုံကြီးသို့ ရောက်လာသည်။ ဒေါက်တာမြင့်ဆွေနှင့် ဗိုလ်လှသမိန်တို့ တာဝန်ယူ စောင့်ရှောက်ရသည်။

ဗိုလ်လက်ျာ နာလန်ထစ ပြုလာပြီး နောက်တစ်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း အသည်းအသန် ဖျားနေသဖြင့် ဆရာကြီး ဦးဘသန်းအား လာ ခေါ် ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုအချိန်က အလံပြဘုရားလမ်း တိုက်ကလေးတစ်ခုတွင် နေသည်။ ဆရာ ဦးဘသန်းသည် ဒေါ်ခင်ကြည် နှင့် အတူ လိုက်သွားပြီး ကြည့်ရှုသည်။ အဖျားမှာ ၁၀၃ ဒီဂရီအထိ

ပြင်းထန်သည်။ ပထမ ဆရာမ မတင်ထွေးကို ကြည့်ရှု စောင့်ရှောက်ရန် ပို့ထားသည်။ သို့သော် နောက်တစ်နေ့တွင် ဗိုလ်ချုပ်အား ဆေးရုံသို့ တင်သည်။ ဆေးရုံရောက်ပြီး ရက်အနည်းငယ်ကြာလျှင် သက်သာသည်။ သို့သော် အားအင်ပြည့်တင်းရန် လိုသဖြင့် ဆေးရုံမှ ဆင်းခွင့်မပေးသေးဘဲ အားရှိရန် ကြက်ဥ၊ နွားနို့ စသည့် အာဟာရများ တိုက်ကျွေးသည်။ ဗိုလ်ချုပ်သည် အလွန်မျက်နှာတည်သဖြင့် အခြား ဆရာမလေးများ မပြုစုရဲ။ ဒေါ်ခင်ကြည်တစ်ယောက်သာ ပြုစုခွင့်ရသည်။ ထိုအခါ မျက်နှာထားတည်ရာမှ ပြုံးချိုလာသည်။ တစ်ညတွင် ဒေါက်တာမြင့်ဆွေဆီသို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်လာပြီး "လာဗျာ ဆရာမ မခင်ကြည်တို့ဆီ အလည်သွားရအောင် တယောလေး ယူခဲ့ပါ" ဟု ခေါ်သည်။ ဒေါက်တာမြင့်ဆွေသည် အားလပ်လျှင် သီချင်းဆိုပြီး တယောထိုးကာ အပျင်းဖြေလေ့ရှိသည်။ ရောက်လျှင် ဆရာမဒေါ်ခင်ကြည်က ဧည့်ခံသည်။

ဗိုလ်ချုပ်က "ဆရာမ ကျွန်တော်တို့တစ်တွေဟာ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတဲ့ ခရီးတစ်လျှောက်မှာ ဆရာမတို့လို ကြင်နာယုယစွာ ပြုစုခြင်းကို တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရပါဘူး။ ဒီဆေးရုံရောက်မှ အခုလို ပြုစုယုယတဲ့ ဆရာမတို့နှင့် တွေ့တော့ စိတ်ထဲမှာ ချမ်းမြေ့ကြည်နူး မိတယ်ဗျာ။ ကိုင်း ဆရာမ သီချင်းတစ်ပုဒ်လောက် ဆိုစမ်းပါ။ ဒေါက်တာမြင့်ဆွေ တယောကိုင်ဗျာ" ဟု ခိုင်းသည်။ အတင်းဆိုခိုင်းသဖြင့် ဒေါ်ခင်ကြည်က မေရှင် ဆိုခဲ့သော 'မယ်ခုမျှော်' သီချင်းကို ဆိုသည်။ ဒေါက်တာမြင့်ဆွေက တယော လိုက်ထိုးရသည်။ "သိပ်ကောင်းတာပဲ။ တစ်ခေါက်ထပ်ပြီး ဆိုပြပါဦး" ဟု ထပ်ခိုင်းသဖြင့် ထပ်၍ ဆိုရသည်။

တစ်နေ့တွင် ဗိုလ်ချုပ်သည် ရွှေပေါက်ပင် ဦးဘသိန်းနှင့်အတူ ဒေါက်တာမြင့်ဆွေ အခန်းသို့ ရောက်လာပြီး "ဗျို့ ဒေါက်တာမြင့်ဆွေ၊

လာဗျာ မိန်းမသွားတောင်းမလို့ လိုက်ခဲ့စမ်းပါ" ခေါ်သည်။ ဒေါ်ခင်ကြည်၏ အခန်းဝရောက်လျှင် ဗိုလ်ချုပ်က "မိန်းမ တောင်းရအောင် လာတယ်" ဟု အော်ပြောသည်။ ဒေါ်ခင်ကြည်က အခန်းထဲ ဝင်ပုန်းနေသည်။ အတင်းခေါ်၍ ထွက်လာသည့်အခါ "ကျွန်တော်လာတာ တခြားမဟုတ်ပါဘူး။ မိန်းမတောင်းရအောင် လာတာ" ဟု ထပ်၍ ပြောသည်။ ဒေါ်ခင်ကြီးက ပြုံးနေသည်။ ဒေါ်ခင်ကြည် ခမျာ ခေါင်းမဖော်ဘဲ ရှက်ပြုံးပြုံးနေရှာသည်။ ဤသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ မိန်းမပိုးနည်း ဖြစ်သည်။ ထိုနေ့မှစ၍ ဗိုလ်ချုပ်လာလျှင် ဒေါ်ခင်ကြည် ပုန်းနေသည်။ မကြာမီပင် ဗိုလ်ချုပ်ဆေးရုံမှ ဆင်းသွားပြီး အတန်ကြာ အဆက်အသွယ် ပြတ်သွားသည်။ တစ်ညနေတွင် ဗိုလ်ချုပ်က ဒေါ်ခင်ကြည်အား ညစာ ထမင်းစားရန် ဖိတ်သည်။ ဒေါ်ခင်ကြည်နှင့်အတူ ဆရာမ မမြ ပါသွားသည်။ ထိုညက ဗိုလ်ချုပ်က လက်ထပ်ခွင့်ပန်သည်။ ဒေါ်ခင်ကြည်က မငြင်းသာတော့ဘဲ လက်ခံလိုက်ရသည်။

၁၉၄၂ ခု၊ စက်တင်ဘာ ၆ ရက်နေ့၊ နေ့လယ် ၂ နာရီတွင် ဆေးရုံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲကျင်းပသည်။ ဆရာဦးဘသန်းက 'သက်ဝေ' သီချင်းဖြင့် သီဆို ချီးမြှင့်သည်။

သီချင်းသံဆုံးလျှင် စစ်ဝတ်စုံဝတ်လျက် ဂျပန်စစ်ဦးထုပ်ဆောင်းထားသည့် သတို့သား ဗိုလ်ချုပ်အောင်ဆန်းသည် သတို့သမီးဒေါ်ခင်ကြည်နှင့် ယှဉ်တွဲကာ အပျိုရံ လူပျိုရံများ ခြံရံလျက် အခန်းဝတွင် ပေါ်လာသည်။ အခန်းဝတွင် ရပ်လာသည့် သတို့သားနှင့် သတို့သမီးတို့အား အခန်းထဲသို့ မဝင်မီ ဆေးရုံမှ ကိုကျော့မောင်နှင့် အခြားတစ်ယောက်တို့က အပေါက်ဝမှ ဆီးကာ ရွှေကြိုးတားကြသည်။ ဖြစ်ပျက်ပုံမှာ လျင်မြန်လွန်းလှသည်။ တိုင်းပြည် လွတ်လပ်ရေးအတွက် အစဉ်တစိုက် အာရုံပြုပြီး

အခြားဘာကိုမျှ စိတ်မဝင်စားခဲ့သည့် ဗိုလ်ချုပ်၊ လောကဝတ် ထုံးတမ်းများကို လုံးဝ ဂရုမစိုက်ခဲ့သည့် ဗိုလ်ချုပ်၊ တိုင်းပြည် လွတ်လပ်ရေးကလွဲပြီး အခြားသော အမှုကိစ္စများကို အာရုံမပြုနိုင်ခဲ့သည့် ဗိုလ်ချုပ်သည် သူ့ရှေ့တွင် တားလာသည့် ရွှေကြိုးကို ညာလက်ဖြင့် ဆောင့်ဆွဲ ယူလိုက်ကာ ဘေးသို့ လွှင့်ပစ်လိုက်သည်။ ဗိုလ်ချုပ်အပြုအမူကို အားလုံး အံ့အားသင့်ပြီး ကြည့်နေမိကြသော်လည်း ဗိုလ်ချုပ်မှာကား ဘာမျှ မဖြစ်သလိုပင် သတို့သမီး၏ လက်ကိုဆွဲ ပြီး တည်ကြည်သော မျက်နှာပေးနှင့် ဣန္ဒြေရရ ခြေလှမ်းမှန်မှန်နှင့်ပင် စင်မြင့်ဆီသို့ ဆက်လက် လျှောက်သွားကာ နေရာယူသည်။

ဂျပန်ခေတ် ဆေးရုံကြီးသို့ တက်ရောက်ကုသကြသည့် နိုင်ငံရေးခေါင်းဆောင်၊ စစ်ဘက်ခေါင်းဆောင် အတော်များသည်။

ဗိုလ်ချုပ်အောင်ဆန်း ဆေးရုံတက်ပြီး နာလန်ထူစအချိန်တွင် ဦးကျော်ငြိမ်း သွေးအားနည်းရောဂါဖြင့် ဆေးရုံကြီးသို့ ရောက်လာသည်။ ဦးကျော်ငြိမ်းသည် ဗိုလ်လက်ျာနှင့် တစ်ခန်းတည်းနေပြီး ဗိုလ်ချုပ်မှာမူ တစ်ဦးတည်း အခြားအခန်းမှာ နေသည်။ ဦးကျော်ငြိမ်းသည် ပျော်ပျော်နေတတ်သည်။ အစသန်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်ကို စသည်။ ဗိုလ်ချုပ်မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။ ထိုအခါ ဦးကျော်ငြိမ်းသည် ဟားတိုက် ရယ်နေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဆေးရုံမှ ဆင်းပြီးနောက် မကြာမီမှာပင် ဗိုလ်နေဝင်းသည် အူအတက်ရောင်သည့်ရောဂါဖြင့် မခံမရပ်နိုင် ဖြစ်ကာ ဆေးရုံသို့ ရောက်လာသည်။ ဆရာကြီး ဦးဘသန်းနှင့် ဒေါက်တာမြင့်ဆွေတို့က ခွဲစိတ်ပေးရသည်။ ဗိုလ်နေဝင်း သတိပြန်ရလာချိန်တွင် ခိုက်ခိုက်တုန်အောင် ချမ်းတက်လာသည်။ ဆရာကြီး ဦးဘသန်းက "ဟဲ့ ဘေးကလူတွေ ဘရန်ဒီတိုက်စမ်း မြန်မြန်" ဟု အော်ပြောသည်။ သူနာပြုဆရာမ

သည် မေ့ဆေးခွက်ကို ဘေးသို့ ကမန်းကတန်းချပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာသာရှိသော ဘရန်ဒီကို တိုက်သည်။ မလုံလောက်သဖြင့် ပတ်တီးများ ကမန်းကတန်းစည်းပေးပြီး အဝတ်ထူများ၊ စောင်ထူထူများ ထွေးပတ်ပြီး ဓာတ်မီးများဖြင့် အပူပေးလိုက်မှ နွေးလာကာ ခိုက်ခိုက် တုန်ခြင်း ရပ်သွားသည်။

ဗိုလ်မှူးစိန်မှန်သည် ဂေါ်ရာကုန်း ဘီအိုင်အေ တပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် တာဝန်ကျနေသည်။ တစ်နေ့တွင် "ဆရာ လုပ်ပါ ဦး။ ချက်ချင်း လိုက်ခဲ့ပါ။ ကျွန်တော်တို့ ဗိုလ်မှူးစိန်မှန် အလူးအလဲ ဖြစ်နေပါတယ်။ တစ်ကိုယ်လုံး အငြိမ်မနေနိုင်ဘဲ လူးလှိမ့်နေရပါတယ်" ဟု လာ၍ ခေါ်သည်။ ဝမ်းချုပ်ခြင်းပင် ဖြစ်သည်။ ဒေါက်တာမြင့်ဆွေက ဆပ်ပြာရည်ဖြင့် ဝမ်းချုပေးလိုက်မှ သက်သာရာ ရသွားသည်။

ကွယ်လွန်သူ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြသည် လည်း လိပ်ခေါင်းရောဂါဖြင့် ဆေးရုံကြီးသို့ တက်ရောက် ကုသခဲ့သည်။

ဂျပန်ခေတ်က စိုက်ပျိုးရေးဝန်ကြီး ဖြစ်ခဲ့သည့် သခင်သန်းထွန်း သည် အဖျားရောဂါဖြင့် အားအင် ဆုတ်ယုတ်ပြီး ဆေးရုံကြီးသို့ ရောက်လာ သည်။ လပေါင်းများစွာ အဖျားတက်လိုက်၊ ကျလိုက်နှင့် နေခဲ့ရသဖြင့် သွေးအားမှာလည်း တဖြည်းဖြည်း နည်းလာသည်။ ဆေးဝါး ရှားပါးချိန် ဖြစ်၍ ငှက်ဖျားအတွက် ကွီနိုင်ဆေးရည်ဖြင့် လည်းကောင်း၊ Bagnon Strong ထိုးဆေးဖြင့် လည်းကောင်း ကုသပေးနေရသည့်အချိန် ဖြစ်သည်။ သခင်သန်းထွန်းသည် အဖျားရောဂါ ကင်းသွားပြီးနောက် ဒေါ်ခင်ကြီးနှင့် အကြောင်းဆက် ပေါင်းဖက်မိကြလေသည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုလည်း ဘီအိုင်အေ ဆေးရုံကြီးတွင် တက်ရောက်ကုသဖူးသည်။ အစောင့်ရဲဘော် မရှိခိုက် မြန်မာရေလည်သော ဂျပန်တစ်ဦး (ဂိုမိုးဒါး)သည် အပေါ်ထပ်သို့ တက်လာပြီး ဦးနုကို တွေ့ရန် ကြိုးစားသည်။ ဒေါက်တာမြင့်ဆွေက အတင်းတားသဖြင့် ဒေါသအမျက်

ခြောင်းခြောင်းထွက်ကာ မကျေမနပ်ဖြစ်ပြီး ဆရာကြီး ဦးဘသန်းအား တိုင်ကြားသည်။

တစ်ဖန် ဗိုလ်စကြာ၊ သခင်ဖေတင့်၊ သခင်တင်ထွန်း စသူတို့လည်း ဆေးရုံတက်ကာ အနားယူဖူးကြသည်။ ထိုအထဲတွင် သခင်ကျော်စိန်သည် သေနတ်ဒဏ်ရာဖြင့် ဆေးရုံသို့ ရောက်လာသည်။ သူက "ကျွန်တော် ပက်လက်ကုလားထိုင်မှာ အိပ်နေတာ လူတစ်ယောက် လှေကားက တက်လာပြီး ခြောက်လုံးပြူးနှင့် ပစ်သွားတယ်။ ခွဲဖို့လိုရင် မြန်မြန် လုပ်ပေးပါ။ သင့်တော်တာတွေ အကုန်လုပ်ပါ" ဟု ဆိုသည်။ ဒေါက်တာမြင့်ဆွေက ဆရာကြီးဦးဘသန်းကို အခေါ် လွှတ်ရသည်။ ထိုစဉ် မော်ဖီးယား ထိုးပေးထားသည်။ ဆရာကြီးရောက်လာပြီး အနာကို တင်ချာဘင်ဇိုင်းနှင့် စည်းပေးသည်။ ထို့နောက် ခွဲစိတ်ခန်းနားက အခန်းမှာ ထားသည်။ နေ့စဉ် မှန်မှန် ကယ်လဆီယမ် ဂလူကိုနိတ် ထိုးပေးသည်။ မခွဲစိတ်ရဘဲနှင့် ပျောက်ကင်းသွားသည်။ လက်ဝဲဘက်ရင်အုံ အဆုတ်ထဲတွင်ကား ခြောက်လုံးပြူး ကျည်ဆန် ရှိနေလေသည်။ နောင်အခါ သခင်ကျော်စိန်သည် ရွှေမန်းသူ မိမိကြီးနှင့် နီးစပ်ကာ လက်ထပ်သွားသည်။

တစ်နေ့တွင် မြေနီကုန်း၌ ဂျပန်ပြန် ဗိုလ်ဖုန်းမြင့်ကို လူတစ်ယောက်က ရိုက်သွားသဖြင့် သတိမေ့နေရာ ဗိုလ်နေဝင်းက ခေါ်လာသည်။ ဦးနှောက်ခွံ ခွဲစိတ်ပြီး ဦးနှောက်သားထဲ စူးနေသော ကြေမွနေသည့် ဦးခွံသားများကို ဖယ်ရှားပေးလိုက်ခြင်းအားဖြင့် သုံးရက်အကြာတွင် သတိပြန်ရလာကာ သုံးပတ်အကြာတွင် ကျန်းမာလာပြီး ဆေးရုံမှ ဆင်းသွားသည်။ ဤခွဲစိတ်ခြင်းကို ဆရာကြီး ဦးဘသန်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဆရာမ ဒေါ်ခင်ကြည် လက်ထပ်သွားပြီးနောက်ပိုင်း ဆေးရုံကြီးတွင် ကျန်ရစ်ခဲ့သည့် ဆရာမများမှာ မကယ်လီ၊ မတင်ထွေး၊ မမြ၊ မခင်ညွန့်၊ မရင်နု၊ မခင်စီ၊ မချစ်စီ တို့ဖြစ်ပြီး နောက်ထပ် ရောက်လာသည့်

ဆရာမများမှာ မထွေးမေ၊ မထွေးတင်၊ မတင်ရွှေ၊ မသန်းစိန်၊ မေမေစု၊ ရီရီဝင်း၊ အယ်နီရွှေဒွန်း၊ ကြည်ကြည်၊ မထွေးစီ၊ မသန်းဆင့်၊ မကြင်ယုံ၊ မိမိကြီး၊ ခင်ခင်ရွှေ၊ မရှာလီ၊ မသန်းမွှေး၊ ဂျူနို၊ မခင်ညွန့်လေး၊ မမေကျင်နှင့် မတင်ကြည်တို့ ဖြစ်သည်။

တပျော်တပါး နေထိုင်ကြသော်လည်း ဂျပန်ရန်နှင့် ဗုံးအန္တရာယ်ကို ကြောက်နေကြရသည်။ ဆေးရုံနှင့်နီးသည့် ရွှေပေါက်ပင် ဦးဘသိန်းအိမ်ရှိ ရေစက်သို့ ကိုယ်လုံးတီး ရေချိုးလာသည့် ဂျပန်များကို ဆရာမများမှာ မျက်နှာလွှဲနေကြရသည်။ ညနေ လမ်းလျှောက်ထွက်သည့် ဆရာမများနောက်သို့ ဂျပန်စစ်သားများ လိုက်ပြီး "ဗမာ မိန်းမ လှတယ်" ဟု ပြောတတ်သည်။ ဂျပန်စစ်သားများမှာ ဝတ်လစ်စလစ် လမ်းလျှောက်နေတတ်ကြသည်။

ရန်ကုန်မြို့ကြီး ပြန်လည် စည်ကားလာချိန်တွင် မြို့လယ်ရှိ ဆူးလေဘုရားလမ်း ပလေဒီယံရုံကြီး၌ ဖိုးစိန်ဇာတ်ပွဲ ကပြသည်။ ပွဲကြည့်ချင်စိတ် ပြင်းထန်နေသော ဒေါ်ခင်ကြီးသည် အကြံအဖန် လုပ်သည်။ ဆရာကြီး ဦးဘသန်းက ဆရာမများအား အပြင်ထွက် လည်ပတ်ခွင့်မပြု။ သို့ဖြစ်ရာ တစ်ညတွင် ဒေါ်ခင်ကြီး အခန်းသို့ ည ၈ နာရီအချိန် ကော်ဖီသောက်ရန် လာသည့် ဆရာကြီး ဦးဘသန်းအား အိပ်ဆေးနှစ်လုံး ကော်ဖီထဲ ထည့်တိုက်သည်။ ၁၀ မိနစ်ခန့် ရှိလျှင် ဆရာကြီး အိပ်ချင်သည်ဟု ဆိုကာ ပြန်သွားသည်။ ထိုအခါတွင်မှ ဒေါ်ခင်ကြီး အမှူးပြုသော ဆရာမတစ်သိုက်နှင့် ဒေါ်ခင်ကြီး အစ်ကို ကိုသိန်းလှ၊ ဗိုလ်လွင်၊ ဗိုလ်လှသမိန်၊ ဗိုလ်လရောင်၊ ကိုစံမြင့်နှင့် ဒေါက်တာမြင့်ဆွေတို့ ပွဲကြည့်သွားကြသည်။ မနက် ၅ နာရီတွင် ပြန်လာကြပြီး ခါတိုင်းလို ဆေးရုံအလုပ်ဆင်းကြသည်။ ဤသို့လည်း ပျော်စရာ ရှာကြရသည်။

ဆရာဦးဘသန်းသည် ဆရာဝန် ဆရာမများအတွက် ဂီတပွဲ တစ်ခု ပြုလုပ်ပေးသည်။ စန္ဒယားတီးမည့်သူများမှာ အေဝမ်းခင်မောင်နှင့်

ဒေါ်ခင်မေသန်း (ဆရာကြီး၏ သမီး ကစ်တီဘသန်း၊ နောင်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ ဇနီး)တို့ ဖြစ်သည်။ ဒေါက်တာမြင့်ဆွေက တယော ထိုးရသည်။ ဆရာမ ဘူဒိစီရာ ခေါ် မခင်စီနှင့် ဒေါက်တာမြင့်ဆွေတို့ စုံတွဲ သီချင်းဆိုကြသည်။ "သော်တာယုန်စန္ဒီ ထိန်လင်းတော့သည် ဘုံကြိုး ပြတ်တဲ့ မိုးနတ်မဒ္ဒီ သဒ္ဓါက ပိုသည် ဆရာမကိုပဲ စွဲလမ်းချစ်မိသည်" ဆို သည့် သီချင်းသံကြားလျှင် အားလုံး ရယ်မောကာ လက်ခုပ်သံများ ဆူညံသွားသည်။

ဤသို့ ပျော်ရွှင်နေစဉ် လေကြောင်းရန် အချက်ပေး ဥသြသံ ကြားရသည်။ မီးမှိတ်ကာ လွတ်ရာသို့ ပုန်းအောင်းကြရသည်။ လေယာဉ်ပျံသံ တဝီဝီ၊ ဗုံးချသံ တဒိုင်းဒိုင်း၊ အမြောက်ပစ်သံ တဒိန်းဒိန်း ဆူညံသွားသည်။ ခဏကြာလျှင် သူနာတင်ကားများ၊ ကိုယ်ပိုင်ကားများ၊ မြင်းလှည်းများဖြင့် မြို့ထဲမှ အလံပြဘုရားလမ်းတစ်လျှောက် တက်လာကြ ပြီး လူနာများ ဆေးရုံကြီးသို့ ရောက်လာကြသည်။ လက်ကျိုး၊ ခြေကျိုး၊ ကြေမွနေသော ခြေထောက်များ၊ ပေါင်များ၊ ဒဏ်ရာများမှ တဝေါဝေါ ထွက်နေသည့် သွေးများဖြင့် အိုပီဒီ ကြမ်းပြင်တွင် သွေးပင်လယ် ဝေနေ သည်။ "အမယ်လေး" အော်သံ၊ "ရေငတ်တယ်" ဟူသော ရေတောင်းသံတို့ ကြားရသည်။ ဆရာဝန်၊ ဆရာမများသည် တတ်နိုင်သမျှ သွေးတိတ်အောင် လုပ်ပေးရသည်။ ခွဲစိတ်စရာ ရှိသည်တို့ကို ခွဲစိတ်ရသည်။ အရိုးများကို လွှဖြင့် ဖြတ်ပေးရသည်။ ဒေါက်တာမြင့်ဆွေကမူ ထိတ်လန့်သွားကာ သွေးအားနည်းသည့်သူကို ဆေးဝါးမရှိသဖြင့် အုန်းစိမ်းရည် လေးငါးလုံး တိုက်ကျွေးလေ့ရှိသည်။

၁၉၄၄ ခု နောက်ပိုင်း တစ်ချိန်တွင်မူ ဆေးရုံကြီးပေါ်သို့ ဗုံး တည့်တည့်ကျသည်။ အဆောက်အအုံကြီးတစ်ခုလုံး သွက်သွက်ခါ သွား သည်။ ဗုံးဒဏ်ကြောင့် အုတ်ကြွပ်မိုးများ စုတ်ပြတ် ကွဲပြဲသွားသည်။

ဆရာဝန်၊ ဆရာမ တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိ။ သို့သော်လည်း ထိုအချိန်က အိန္ဒိယသို့ ချီတက် တိုက်ခိုက်ရန် ရောက်ရှိနေသော အိန္ဒိယ လွတ်လပ်ရေးတပ်မတော်ကြီးမှ စစ်သား အတော်များများ ထိခိုက်ဒဏ်ရာရကြသည်။ ခွဲစိတ်ကုဆရာဝန်များ အလုပ်များရသည်။ ဆေးဝါးများလည်း ကုန်ခန်းလာသည်။ ထိုအခါ စစ္စတာ ဒေါ်အမာသည် ရေနွေးနှင့် သကြားကိုဖျော်ကာ လူမမာများကို ပူပူနွေးနွေး လိုက်လံတိုက်ကျွေးသည်။ ပုံးထိသူများ သေပြီထင်သဖြင့် ရင်ခွဲရုံသို့ ပို့သည့်အထဲတွင် ဘုန်းတော်ကြီးတစ်ပါး မေ့မြောကာ ပါသွားသည်။ မနက်တွင် ရင်ခွဲရုံထဲ၌ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ကြရသည်။

၁၉၄၂ ခု၊ နိုဝင်ဘာ ၁ ရက်နေ့တွင် ဘီဒီအေ ဆေးရုံကြီးမှ ပြည်သူ့ဆေးရုံကြီးအသွင်သို့ ပြောင်းလဲလိုက်သည်။

ထိုအချိန်တွင် ပြည်သူ့ဆေးရုံကြီးသို့ ကာနယ်မင်းစိန်၏ ဇနီးဒေါက်တာဒေါ်ရင်မေ ရောက်လာသည်။ သူ၏ လက်ထောက်အဖြစ် ဒေါက်တာဦးကြည်ပေါက ဆောင်ရွက်သည်။ နောင်အခါ နော်စောခင်၊ ဒေါ်ပု၊ ဒေါ်ခင်ကြည်တို့ ဝိုင်းဝန်းကူညီကြသည်။ ဆေးရုံကြီးအလယ်ထပ် အနောက်ဘက်အစွန်၌ မီးယပ်နှင့် သားဖွားဌာနကို ဖွင့်လှစ်ခဲ့သည်။ အောက်ဆုံးထပ် ခွဲစိတ်ခန်း၏ အပေါ်တည့်တည့်တွင် သားဖွားခန်း ဖွင့်လှစ်ခဲ့သည်။ သားဖွားခန်းဖွင့်စ မှောင်နှင့် မည်းမည်း ညတစ်ညတွင် တင်ပဆုံရိုး ကွင်းကျဉ်းပြီး ကလေးမမွေးနိုင်ဘဲ မိခင်ဝမ်းထဲတွင် သေနေပြီဖြစ်သော ကလေးကို အပြင်သို့ထုတ်ရန် အရေးကြုံလာသည်။ ဒေါ်ရင်မေမှာ ကာဝတ်ဂျီကုန်းတွင် နေသည်။ သူ့ကို ဒရဝမ်နှင့် အခေါ်လွှတ်ရသည်။ ဒေါ်ရင်မေမှာ မီးဖွားပြီးစ သွေးနု သားနုနှင့် မှန်အိမ်လေးဆွဲကာ လိုက်လာပြီး "သမီး အားမငယ်နှင့် အမေသက်သာအောင် လုပ်ပေးမယ်။ ဆေးငွေ့လေးကို ရှူလိုက်ပါ၊ သက်သာသွားမယ်" ဟု သာယာညင်းပျောင်းစွာ ပြော

ဆိုပြီး မေ့ဆေးပေးလိုက်သည်။ ထို့နောက် မိခင်ဝမ်းတွင်း သေနေပြီ ဖြစ်သော သန္ဓေသားကို တစ်စစီ လှီးဖြတ်ထုတ်ကာ ဝေဒနာရှင်၏ အသက်ကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။

တစ်ညတွင် ဖယောင်းတိုင်မီးရောင် မှိတ်တုတ် မှိတ်တုတ်လေး အောက်၌ မီးမဖွားနိုင်သည့် လူနာကို ဦးကြည်ပေါ်သည် ညှပ်ဖြင့် ဆွဲကာ ခဲယဉ်းစွာ မွေးဖွားပေးရသည်။ ထိုစဉ် လေကြောင်းအန္တရာယ် ရှိလာသည်။ ဗုံးများ တဝုန်းဝုန်းချသည်။ အမြောက်များ တဒိုင်းဒိုင်း ပစ်သည်။ သန္ဓေသား ထွက်လာချိန်တွင် ဖယောင်းတိုင်မီး ငြိမ်းသွားသည်။ မှောင်မည်းမည်း ထဲမှာပင် ဦးကြည်ပေါ်သည် ကျန်နေသေးသည့် ကလေး၏ အချင်းကို အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့သည်။

ထိုသားဖွားနှင့် မီးယပ်ရောဂါကု ဌာနကြီးကို ဘီအိုင်အေ ဆေးရုံကြီးတွင် ကြာရှည်စွာ မထားနိုင်။ တစ်နေ့တခြား လူနာများလာသဖြင့် ဒေါ်ရင်မေ၏ သားဖွားဌာနသည် ဗျိုင်းရေအိုးစင်လမ်းသို့ ရွှေ့ပြောင်းရသည်။

ပြည်သူ့ဆေးရုံကြီးခေတ်တွင် စည်ကားလာသည်။ အတွင်းလူနာ ၂၀၀ ကျော် ရှိလာသည်။ ထိုအခါ ဆရာဦးဘသန်းက ဆေးရုံအုပ်ကြီး အဖြစ် ဆောင်ရွက်နေသည်။ အခြား ဆရာဝန်များနှင့် တိုင်ပင်ကာ ဆေးသင်တန်းဖွင့်ရန် စီစဉ်သည်။ တက္ကသိုလ်လည်း ဖွင့်လှစ်နေပြီ ဖြစ်ရာ ဆေးတက္ကသိုလ်ကို ယူနီဗာစီတီ လက်အောက်တွင် ပြန်လည် ဖွင့်လှစ်မည် ဖြစ်သည်။ သို့သော် အမ်ဘီဘီအက်စ်ဘွဲ့ကား မပေးနိုင်။ နိုင်ငံတော် ဆေးပညာ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ယင်းက အယ်အက်စ်အမ်ဘီ (LSMB) ဘွဲ့ပေးရန် ထောက်ခံသည်။ အင်္ဂလိပ်ခေတ်က သင်တန်းပြီးသော်လည်း စာမေးပွဲ မဖြေလိုက်ရသူတို့အား LMP ဘွဲ့ပေးရန် စာမေးပွဲ စစ်ဆေးသည်။ ဒေါက်တာစံမြင့်နှင့် ဒေါက်တာမြင့်ဆွေတို့ စာမေးပွဲ ဖြေရသော်လည်း

ဗိုလ်လှသမိန်နှင့် ဗိုလ်လွင်တို့မှာ စစ်ရေးကိစ္စများကြောင့် စာမေးပွဲ မဖြေရပေ။

ထို့နောက် ဆရာမ သင်တန်းဖွင့်ရန် စီစဉ်သည်။ အင်္ဂလိပ်ခေတ်က ဆရာမကြီးများဖြစ်သည့် ဒေါ်မိမိကြီး (သခင်ကျော်စိန် ဇနီး)၊ ဒေါ်တင်နုနှင့် ဒေါ်တင်ထွေးတို့က သင်ကြားပေးသည်။ ဤသင်တန်းများကား ဗုံးကြဲသည့်အကြား၊ လေကြောင်းရန်အကြားမှ ခက်ခက်ခဲခဲ ပေးခဲ့ရသည့် သင်တန်းများ ဖြစ်လေသည်။

ထိုခေတ်က ဆေးရုံကြီးတွင် လုပ်အားပေးကြသော ဆေးသင်တန်းအောင် ဆရာဝန်ကလေးများမှာ ဦးရော်နီလွင်၊ ဒေါ်နှင်းရီ၊ ဦးအောင်သန်း (သွား)၊ ဒေါ်ပိုပို၊ ဦးသံဒုတ်၊ ဦးတောင်ကြီး၊ ဦးခင်မောင်ဝင်း၊ ဗိုလ်ကြီးလှမြင့် (ဒေါက်တာမြင့်ဆွေ၏ ညီ)၊ ဗိုလ်ကြီးဆင်ဖိုး၊ ဒေါ်ပု၊ ဒေါ်ခင်ကြည်၊ စီတောရင်း၊ နော်စောခင်တို့ ဖြစ်ကြလေသည်။

စစ်ပြီး၍ အင်္ဂလိပ်တို့ ပြန်ဝင်လာသည့်အခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြန်လည် ပြောင်းရွှေ့ကြရသည်။

ဂျပန်ခေတ် ဆေးရုံကြီးကို လည်ပတ်အောင် လှုပ်ရှားပေးသူမှာ ဆရာကြီးဦးဘသန်း ဖြစ်သည်။ သူ့ကျေးဇူးကြောင့် ဘီအိုင်အေ ရဲဘော်များ၊ ဘီဒီအေ ရဲဘော်များ၊ ပြည်သူအများအပြား ဆေးဝါးကုသခွင့် ရခဲ့ခြင်း ဖြစ်လေသည်။ သူ့ကို အင်္ဂလိပ်အစိုးရက ငြိုငြင်သည်။ ဂျပန်လူ ဟု ထင်သည်။

ဆေးရုံကြီးအကြောင်း မှတ်တမ်းတင်သူမှာ မန္တလေးမြို့ ဆရာဝန် ဦးစံကြူး၏သား ဒေါက်တာမြင့်ဆွေ ဖြစ်သည်။ သူ့ကျေးဇူးကြောင့် ဂျပန်ခေတ် ကျန်းမာရေးကဏ္ဍသည် မတိမ်မြုပ်ရခြင်း ဖြစ်သည်။

ဒေါက်တာမြင့်ဆွေသည် အဖြစ်အပျက်များကို ဝတ္ထုသဖွယ် စိတ်ဝင်စားအောင် စီကာပတ်ကုံး ရေးတတ်သည်။ ဝတ္ထုအတတ်ပညာကို တတ်ထားသလား အောက်မေ့ရသည်။ သူ သရုပ်ဖော်ကောင်းသဖြင့် မျက်စိရှေ့တွင် တကယ် လှုပ်ရှားနေကြပုံ ထင်မြင်လာသည်။ လူ့သဘာဝ လူ့သ

ဘော မနောတို့ကိုလည်း ပေါ်လွင်အောင် ရေးခြယ်နိုင်စွမ်း ရှိလေသည်။

မှတ်မိသေးတယ် ဂျပန်ခေတ် ဆေးရုံကြီးဝယ်ကား စာအုပ်စင်တွင် ရှိထိုက်သော စာအုပ်တစ်အုပ် ဖြစ်ပေသတည်း။

နွယ်နီမဂ္ဂဇင်း

# ဘာတွေကို ဘာသာပြန်နေကြသလဲ

မောင်နေဝင်း

လောလောဆယ် စာပေလောကအကြောင်းကို စကားစပ်မိလို့ ပြောကြမယ်ဆိုယင် ဘာသာပြန် စာအုပ်များအကြောင်းကိုပါ ထည့်ပြောမှ ပြည့်စုံပါလိမ့်မယ်။

မျက်မှောက်ကာလမှာ ထွက်နေကြတဲ့ စာအုပ်များအနက် ဘာသာပြန် စာအုပ် အမျိုးအစားက တော်တော်များပါတယ်။ ဘာသာပြန် စာအုပ်တွေထွက်တဲ့ အရေအတွက် များသလောက် ဘာသာပြန် စာပေဖတ်တဲ့ ပရိသတ်ကလည်း မနည်းလှဘူးဆိုတာ ပထမဦးစွာ သတိပြုသင့်ပါတယ်။

မြန်မာစာဖတ် ပရိသတ်ဟာ ဘာသာပြန် စာပေတွေကို တော်တော် ကြိုက်နှစ်သက်ပုံ ရပါတယ်။ ဒါဟာ ကောင်းသော အလားအလာပါပဲ။ ဘာသာပြန်စာပေဆိုတာဟာ နိုင်ငံခြားက အသိအမြင် ဗဟုသုတကို မြန်မာ့လောကထဲ ရောက်အောင် ပို့ဆောင်ပေးခြင်းပဲ မဟုတ်လား။ မြန်မာတွေက နိုင်ငံရပ်ခြားကို သိရမယ်။ နိုင်ငံရပ်ခြားရဲ့ ကောင်းသော အရာတွေနဲ့ မကောင်းသော အရာတွေကို ခွဲခြားသိမြင်ဖို့လိုမယ်။ နိုင်ငံရပ်ခြားက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအကျင်းတွေကို တီးမိခေါက်မိဖို့ လိုအပ်ပါမယ်။ အထူးသဖြင့် ယခုလို ဆက်သွယ်ရေး ပြိုဟ်တု

ခေတ်၊ အသံထက်မြန်တဲ့ ဂျက်လေယာဉ်ခေတ်၊ ကွန်ပြူတာနဲ့ အီလက်ထရောနစ် ခေတ်မျိုးမှာ အသိပညာ ကူးလူးဆက်ဆံမှုတွေ လျှင်မြန်လွန်းနေလေ တော့ ဘာသာပြန်လုပ်ငန်းဟာ ပိုပြီး အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေရမှာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။

အဲဒီ အမြင်အရ ဘာသာပြန် စာပေလောကကို တစေ့တစောင်းကြည့်မိလိုက်တဲ့အခါကျတော့ အလွန် စိတ်ပျက်ဝမ်းနည်းစရာ ကောင်းတဲ့ အခြေအနေမျိုးကို တွေ့ရပါတယ်။

ဒါ့ကြောင့် "ဘာတွေကိုဘာသာပြန်နေကြသလဲ" ဆိုတဲ့ မေးခွန်းခေါင်းထဲမှာ ပေါ်လာပါတယ်။

စင်စစ်အားဖြင့် ဘာသာပြန်လုပ်ငန်းဟာ မြင့်မြတ်ပါတယ်။ သာသနာပြု လုပ်ငန်းမျိုးလို့တောင် ဂုဏ်ပြုခေါ်ဆိုနိုင်တဲ့ လုပ်ငန်းမျိုးဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့၊ ဘာသာပြန်ဆိုခြင်း လုပ်ငန်းဟာ သိပါစေ၊ တတ်ပါစေ၊ နားလည်ပါစေ ဆိုတဲ့ စေတနာမျိုး ရာနှုန်းပြည့်ပါဝင်အပ်တဲ့ လုပ်ငန်းမျိုး ဖြစ်နေလို့ပါပဲ။ ဒီလိုစေတနာမျိုးမှ မပါဘူးဆိုရင်တော့ ဘာသာပြန်လုပ်ငန်းဟာ လူဆိုးလူမိုက် ဝါဒဖြန့်ချိရေး၊ အပြာရုပ်ရှင်ဖြန့်ချိရေး၊ ဘိန်း ဆေးခြောက် ဖြန့်ချိရေး လုပ်ငန်းမျိုးနဲ့ တစ်တန်းတစ်စားတည်း ဖြစ်နေမှာ စိုးလို့ပါ။

မြန်မာနိုင်ငံရဲ့ သမိုင်းဆိုင်ရာ အခြေအနေအရ နိုင်ငံခြားဘာသာရပ် တတ်ကျွမ်းသူဦးရေ အလွန်နည်းပါတယ်။ မြန်မာနိုင်ငံ လူဦးရေ စုစုပေါင်း ရဲ့ ၈၅ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသနေ တောင်သူလယ်သမား လယ်ယာလုပ်သားများ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အင်္ဂလိပ်ကျွန်ဖြစ်ခဲ့ရလေတော့ အင်္ဂလိပ်စာဟာ တွင်ကျယ်ခဲ့ပါတယ်။ အင်္ဂလိပ်စာ တတ်မှ လူရာဝင်တယ်ဆိုတဲ့ အတွေးအခေါ် မျိုးတွေတောင် ပေါ်ပေါက်ခဲ့ပါတယ်။ အခု ပညာရေးစနစ်သစ်ပြောင်းတဲ့ အချိန်အထိ အင်္ဂလိပ်စာဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါသေးတယ်။

**နေရီရီစာအုပ်တိုက်**

တစ်ဖက်မှာ ခေတ်မီတိုးတက်စိတ်၊ အမြင်ကျယ်စိတ်တွေ ကိန်းဝပ်လာပြန်တာက တစ်ကြောင်း၊ အလုပ်အကိုင် အဆက်အသွယ်၊ ရာထူး ဌာနန္တရ တိုးတက်ရာ တိုးတက်ကြောင်း လိုအပ်ချက်အရ တစ်ကြောင်း၊ ဘာသာပြန်စာပေတွေကို အဖတ်များကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါဟာ ကောင်းသော အလားအလာ၊ ကောင်းသော အသွင်လက္ခဏာလို့ ပြောရမှာပါပဲ။

သို့သော် ဒီကောင်းသော အလားအလာနဲ့ ကောင်းသော အသွင်လက္ခဏာတွေကို ဘာသာပြန် စာပေလောကဟာ မှန်မှန်ကန်ကန် လက်ခံပါသလား၊ ယင်းတို့ကို ဘာသာပြန်စာပေလောကက မှန်မှန်ကန်ကန် တုံ့ပြန်ပါသလား၊ ဒါဟာ မေးထိုက်တဲ့ မေးခွန်းပဲ။ လောလောဆယ် တစ်အုပ်ပြီးတစ်အုပ် ထွက်နေတဲ့ ဘာသာပြန်စာအုပ်တွေဟာ ဘယ်လိုစာအုပ်တွေလဲ၊ နိုင်ငံရပ်ခြား (အထူးသဖြင့် အနောက်အရင်းရှင် နိုင်ငံများ) က ခေါင်းဆောင်ကြီးတွေအကြောင်း၊ သူတို့ရဲ့ အတ္ထုပ္ပတ္တိတွေ လှိုင်လှိုင်ကြီး ထွက်ပါတယ်။ (ဘာသာပြန် တစ်မျိုး၊ ပြုစုတာတစ်ဖုံ) ဒီပုဂ္ဂိုလ်တွေဟာ ဘယ်လူတန်းစားကို ကိုယ်စားပြုပြီး၊ ဘယ်လူတန်းစားတွေအတွက် အလုပ်အကျွေးပြုကြသလဲ။ ဘယ်လူတန်းစားတွေရဲ့ 'သူရဲကောင်း' လဲ ဆိုတဲ့ သဘော သကန်ကိုတော့ ခွြင်းချန်ထားဖို့၊ သိုဝှက်ထားဖို့ မကောင်းပါဘူး။ ဘယ့်လောက်ကြီးကျယ် ထင်ရှားတဲ့ ပုဂ္ဂိုလ် ဖြစ်စေကာမူ မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ် မဟုတ်ဘူး။ အကြင် ထူးချွန် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ အကြင် လူ့အဖွဲ့အစည်းရဲ့ တိုက်ပွဲ၊ လူတန်းစား တိုက်ပွဲအတွင်း သူ ကိုယ်စားပြုရာ လူတန်းစားက မွေးထုတ် လိုက်ခြင်းမျှသာ ဖြစ်တယ်ဆိုတဲ့ ပရမတ္ထ သစ္စာတရားကို ဘယ်တော့မှ မမေ့စကောင်းပါဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့ ခေတ်ကာလအတွင်းက အများတကာ့အများ ပြည်သူလူထုကြီးရဲ့ အခန်းကဏ္ဍကို ခြွင်းချန်ထားလို့ မရပါဘူး။

ကမ္ဘာတစ်ခုလုံးနဲ့ပြောပြော၊ သက်ဆိုင်ရာ နိုင်ငံနဲ့ပြောပြော လက်တစ်ဆုပ်စာသာရှိတဲ့ အရင်းရှင်၊ ဓနရှင်၊ နယ်ချဲ့လူတန်းစားရဲ့ အကျိုး

အမြတ်အတွက် မိုက်မိုက်ကန်းကန်း အလုပ်လုပ်သွားတဲ့ ထင်ရှားသော ပုဂ္ဂိုလ်တွေ ရှိသလို၊ ကမ္ဘာနဲ့ ပြောပြော၊ သက်ဆိုင်ရာ နိုင်ငံနဲ့ ပြောပြော အများစုကြီးဖြစ်တဲ့ ဆင်းရဲသား ကြောမွဲတွေ၊ ပစ္စည်းမဲ့ လူတန်းစားတွေ အတွက် ဘာကိုမှ မက်မောခြင်းမရှိ၊ စွန့်လွှတ်ခြင်း မှန်သမျှနဲ့ အလုပ်လုပ် သွားတဲ့ ထင်ရှားသော ပုဂ္ဂိုလ်တွေလည်း ရှိပါသေးတယ်။ ဒီလို အများစုကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေအကြောင်း ဘာသာပြန်တာပဲ ဖြစ်ဖြစ်၊ ပြုစုတာပဲ ဖြစ်ဖြစ်၊ မှီးတာပဲ ဖြစ်ဖြစ် ရေးကြဖို့သင့်ပါတယ်။

ဘာသာပြန်ဝတ္ထုတွေကိုလည်း ဒီအတိုင်းပဲ ပြောရမှာပဲ။ ဘာ့ကြောင့် လဲ၊ ယနေ့ထွက်နေတဲ့ ဘာသာပြန်ဝတ္ထုတွေကို စာဖတ်သူ၊ စာချစ်သူ တစ်ဦးတစ်ယောက်အနေနဲ့ အားမလိုအားမရ ဖြစ်နေမိတာကြောင့်ပါပဲ။ အများအားဖြင့် အင်္ဂလိပ်ဘာသာကနေ မြန်မာဘာသာ ပြန်ဆိုနေကြတာ ကြောင့် ဒီလို အားမလို အားမရဖြစ်စရာ အကြောင်းအချက် ပိုမို ခိုင်လုံ လာပါတယ်။ ကမ္ဘာ့ဝတ္ထုလောကမှာ အင်္ဂလိပ် ဘာသာနဲ့ ထွက်တဲ့ဝတ္ထု ရာနှုန်း များစွာ ရှိကြောင်း အားလုံးသိကြပြီးပါပဲ။

တိတိလင်းလင်းနဲ့ တဲ့တိုးပြောရရင်တော့ လောလောဆယ် ထွက်နေ တဲ့ ဘာသာပြန်ဝတ္ထု အများစုဟာ အပျော်ဖတ် စာပေအဆင့်မှာပဲရှိတဲ့ ဝတ္ထုတွေပါပဲ။ အပျော်ဖတ် စာပေအဆင့်မှာတောင် ရှိမှရှိပါရဲ့လားလို့ သံသယဝင်မိလောက်အောင် အဆင့်နိမ့်တဲ့ ဝတ္ထုမျိုးတွေလည်း တစ်ခါတစ် ရံ ပါပါတယ်။ အပျော်ဖတ် စာပေအဆင့်ထက်မြင့်ပြီး သက်ဆိုင်ရာ နိုင်ငံ၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်ကို ထင်ဟပ်ဖော်ပြတဲ့ ဝတ္ထုတွေ တစ်ပုံတစ်ခေါင်းကြီး ရှိပါတယ်။ အင်္ဂလိပ်လို မဖတ်နိုင်ကြတဲ့ မြန်မာ စာဖတ်ပရိသတ်အတွက် တကယ်လည်း သိသင့် သိထိုက်တာ၊ လေ့လာလည်း လေ့လာထိုက်တာမျိုး ဝတ္ထုတွေ ဒုနဲ့ဒေး ရှိပါတယ်။

အပျော်ဖတ်စာပေ၊ အပျင်းပြေစာပေ ဆိုတာဟာ အဆိပ်အတောက်

မဟုတ်ဘူး၊ ဒါ့ကြောင့် ဖတ်လိုက ဖတ်နိုင်တယ်၊ ဖတ်ချင်လို့လည်း ဖတ်နေကြတာပဲဆိုပြီး စောဒက တက်နိုင်ပါတယ်။

သို့သော် ဒီလို အပေါ်ယံကြည့်က စောဒက မျိုးလောက်နဲ့ အပြော ကျယ်လှတဲ့ စာပေလောကမှာ မလုံလောက်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး အခြေခံတောင့်တင်း ခိုင်မာပြီး ပြည်သူလူထု အများစုရဲ့ အတွေးအခေါ် ဆိုင်ရာ ညီညွတ်မှု တည်ဆောက်ခဲ့၊ တည်ဆောက်ဆဲ နိုင်ငံတွေမှာ ဒီလို စောဒကမျိုးကို လက်မခံနိုင်ကြပါဘူး။ အများပြည်သူတွေရဲ့ စာစိတ်ပေ စိတ် မြင့်မားရေး၊ အသိပညာ အဆင့် မြင့်မားရေးအတွက် ယခုမှ အရှိန် အဟုန်ယူနေရတဲ့ မြန်မာနိုင်ငံမှာဆိုယင် ဒီစောဒကမျိုးအပေါ် အများကြီး သံသယပွားသင့်ကြပါတယ်။ စောကြော သင့်ကြပါတယ်။

ဘာသာပြန်စာပေ အပါအဝင် စာပေဟူသမျှဟာ အစွမ်းထက်မြက် သော လက်နက်ဖြစ်ကြောင်း အားလုံးက ဝန်ခံကြပါတယ်။

ဒီလိုအစွမ်းထက်မြက်လှတဲ့ လက်နက်ကို ဘယ်လို သုံးစွဲနေကြ သလဲ။ ဘာ ဦးတည်ချက်အတွက် သုံးစွဲနေကြသလဲ။ ဘာကို အကျိုးပြုဖို့ သုံးစွဲနေကြသလဲ ဆိုတာကို ရိုးတရိပ်မျှ ဖြစ်စေ၊ စဉ်းစားဆင်ခြင်သုံးသပ်နိုင် ကြစေလိုသော စေတနာနဲ့ ဘာတွေကို ဘာသာပြန်နေကြသလဲလို့ မေး လိုက်ရတာပါပဲ။

မိုးဝေ
၁၉၄၅၊ မတ်

# သူ့ကို သူက ဤသို့ မြင်သည်

အောင်လင်း

မောင်ကြည်လင်အား အောင်လင်းက ဤသို့ မြင်သည်။

'လူသည် နိုင်ငံရေးသတ္တဝါ သို့မဟုတ်လျှင် လူ့ဆက်ဆံရေးသတ္တဝါ ဖြစ်ရမည်။'

၁၉၄၈ နှစ်အတွင်းထုတ် တာရာမဂ္ဂဇင်း၌ 'ခေတ်နောက်ပြန်ဆွဲနေသော စာရေးဆရာများ' ဆောင်းပါးသည် စာပေနယ်၌ အတော်ပင် လှုပ်ရှားစေခဲ့သည်။ ထိုဆောင်းပါးမှာ ပြည်သူလူထုအား စော်ကားသော စာရေးဆရာ မနရှင် စာရေးဆရာများကို အကြမ်းဖျင်း ဝေဖန်လိုက်သော ဆောင်းပါးဖြစ်သည်။ အမှန်အားဖြင့် ၎င်းဆောင်းပါးကို ပြန်လည်ချေပသော ဆောင်းပါးများ ထွက်လိမ့်မည်ဟု အစဦးက အတော်ပင် မျှော်လင့်မိခဲ့သည်။ သို့သော် အတိုက် အခံဆောင်းပါးများကို ထင်သလောက် မတွေ့ခဲ့ရချေ။ ဂျာနယ်ကျော်နှင့် တာရာမဂ္ဂဇင်းမှ အတိုက်အခံ ဆောင်းပါးများကို ဖိတ်ခေါ်သည့်နောက် အတိုက်အခံဘက်မှ မောင်ကြည်လင်၏ ဆောင်းပါးကို ဂျာနယ်ကျော်တွင် ဖတ်ရသည်။ ထိုစဉ်ကစ၍ မောင်ကြည်လင်သည် မိမိယုံကြည်သော ဝါဒတစ်ရပ် ကို စွဲကိုင်ကာ စာပေနယ်တွင်းသို့

ရိုးသားပွင့်လင်းစွာ ဝင်ရောက်လာခဲ့သည်။

၁၉၄၉ ခုနှစ်မှစ၍ မောင်ကြည်လင်သည် တာရာမဂ္ဂဇင်း၌ ပြည်သူ့စာပေ ဆောင်းပါးနှင့် အခြားဝတ္ထုများကို အပတ်စဉ် ရေးသားလာခဲ့သည်။

ထိုအခါက တက်တိုးသည် ပဒေသာမဂ္ဂဇင်းမှ နေ၍ ဒဂုန်တာရာအား အကဲခတ် စာတမ်းတစ်စောင် ရေးသားဝေဖန်လိုက်ပြန်သည်။ ၎င်းဆောင်းပါးကို မောင်ကြည်လင်က ဒဂုန်တာရာဘက်မှနေ၍ တက်တိုးအား ပြန်လည် ချေပလိုက်ပြန်သည်။ ထိုအခါကစ၍ မောင်ကြည်လင်သည် စာပေနယ်၌ အတော်အတန် ထင်ရှားလာခဲ့သည်။ သူ၏ စာပေသဘောထားကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ စာပေနယ်က သူ့အား စိတ်ဝင်စားစ ပြုလာသည်။ မောင်ကြည်လင်ဆိုသည့် သဏ္ဌာန်ကို အသိအမှတ် ပြုရသည်။ စာပေနယ်က သူ့အား တက္ကသိုလ်မှ ပြည်သူ့စာပေကို လိုလားသူတစ်ယောက် ဟု စွဲမှတ်ကြလေသည်။

ထို့နောက် ဩဂုတ်လ ပဒေသာမဂ္ဂဇင်းတွင် ဒဂုန်တာရာ၏ စာပေကို ဝေဖန်သော ကျွန်တော်၏ (သရုပ်ဖျက်စာပေဆောင်းပါး)နှင့် ပတ်သက်၍ မောင်ကြည်လင်သည် ဒဂုန်တာရာဘက်မှနေ၍ ချေပရေးသား ပြန်သည်။ ၎င်းချေပချက်ကိုပင် မောင်နန်းဝေက တစ်ဖန် မောင်ကြည်လင်အား ပြန်လည်ချေပ ရေးသားပြန်သည်။ မောင်နန်းဝေ၏ အလိုအရ မောင်ကြည်လင်သည် တာရာ၏ ပုဂ္ဂိုလ်စွဲနောက်လိုက်အဖြစ်နှင့် ကာကွယ်သည်ဟု ဆိုလေသည်။ မည်သို့ပင်ရှိစေ မောင်ကြည်လင်၏ ဝါဒသည် မှားသည် မှန်သည်ဖြစ်စေ စာပေလောက၌ မောင်ကြည်လင်သည် ထောင့်တစ်ထောင့်မှ ရိုးသားသော ယုံကြည်ချက်နှင့် ပေါ်ပေါက်လာခဲ့သည်။

'ဘဝနှင့် စာပေသည် အပြန်အလှန် ဆက်စပ်၍ အမှီသဟဲပြုကြသည်' ဟု ပြည်သူ့စာပေ၏ မီးရှူးတန်ဆောင်ဖြစ်သော ဂေါ်ကီက ဆိုခဲ့သည်။ ထို့ကြောင့် မောင်ကြည်လင်၏ စာပေကိုသာ တွေ့မြင်ကြရုံနှင့်

မောင်ကြည်လင်၏ သဏ္ဌာန်ကို ဆုံးဖြတ်ရန် မလုံလောက်သေးချေ။ မောင်ကြည်လင်၏ ဘဝကိုလည်း လေ့လာရန် လိုအပ်ပေသေးသည်။

မောင်ကြည်လင်သည် ပခုက္ကူဒိစကြိတ်၊ ရေစကြိုမြို့ ဇာတိဖြစ်သည်။ ပခုက္ကူမြို့ ဝယ်စလီကျောင်း၌ ကျောင်းနေဘက် အဖြစ်နှင့် သူ့အား သိကျွမ်းခဲ့သည်။ ထိုစဉ်အခါကတည်းကပင် မောင်ကြည်လင်သည် ဂျာနယ်ကျော်မှ နေ၍ စာတိုစာစများကို လက်တည့်စမ်းစပြုနေပြီ။ ထိုအချိန်အခါက သူ၏ သဏ္ဌာန်ကို ကျွန်တော်သည် သတိမထားမိခဲ့ပါ။ အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်ကြသေးသဖြင့် ကလေးပေါင်းသာ ဟေးလားဝါးလားဖြင့် ပေါင်းသင်းခဲ့ရသည်။ ဘယ်သူက ဘယ်သဏ္ဌာန် ဘယ်သဘောစသည်ဖြင့် ဝေဖန်ရမှန်း မသိသေးချေ။

ထို့နောက် ဂျပန်ဝင်စနှစ်တွင် သူနှင့် ကျွန်တော် မတွေ့ရတော့ချေ။ ကျွန်တော်လည်း စစ်ပြေးဘဝနှင့် ပခုက္ကူ ဒိစကြိတ်၊ မြိုင်မြို့သို့ ရွှေ့ပြောင်းခဲ့ရပါသည်။ ၁၉၄၃ ခုနှစ်တွင် ကျွန်တော်သည် ဂျပန်တော်လှန်ရေးအတွက် စည်းရုံးရေးလုပ်ငန်းကို လျှို့ဝှက်စွာ စတင်လုပ်ကိုင်နေရသည်။ ဂျပန် တော်လှန်ရေး ကလပ်စည်းထဲသို့ ကျွန်တော့်အား စတင်စည်းရုံးသိမ်းသွင်းသူမှာ ကွယ်လွန်သူ အလံနီခေါင်းဆောင် ကိုမော်တင် ပင် ဖြစ်သည်။ ကျွန်တော်သည် ဂျပန်တော်လှန်ရေး ကိစ္စများနှင့် ပတ်သက်၍ ကိုမော်တင်နှင့် ရေစကြိုတွင် တွေ့ဆုံဆွေးနွေးရသည်။ ထိုအခါကလည်း ကိုကြည်လင်သည် မန္တလေးသို့ ပါတီကိစ္စနှင့် သွားနေခိုက် ကြုံကြိုက်နေသဖြင့် မတွေ့ခဲ့ရချေ။ နောက်ဆုံး ကွန်မြူနစ်ပါတီ တပ်သားများ ဆွေးနွေးပွဲတစ်ခုတွင် သူ့အား တွေ့ရသည်။ ကျွန်တော်သည် မိတ်ဆွေ သူငယ်ချင်းဟောင်း တစ်ယောက်အား ယခုကဲ့သို့ တူညီသော ယုံကြည်ချက်လမ်းစဉ်တစ်ခုအောက်၌ တွေ့ရှိရသဖြင့် အထူးပင် အားတက်ဝမ်းသာမိသည်။ စကား ပြောပုံဆိုပုံ အမူအရာ၊ လူဟန်အားလုံးပင် ပြောင်းလွဲနေသည်ကို တွေ့ရသည်။ ဘဝလည်း ပြောင်းလဲနေပါသည်။ သာမန် ကျောင်းသား

ဘ၀မှ တော်လှန်ရေး ကွန်မြူနစ်ခေါင်းဆောင်ဘ၀. . . ။

"တော်လှန်ရေးသည် ခေတ်သစ်တစ်ခုအား ကိုယ်ဝန်ဆောင်ထားသော ခေတ်ဟောင်းမှ မွေးဖွားရန် လက်သည်ဖြစ်သည်" ဤသို့သော တော်လှန်ရေးဆောင်ပုဒ်များကို သူ့နှုတ်မှ လှိုင်လှိုင်ရွတ်သံကို ကြားရသည်။ ထိုအခါမှစ၍ သူနှင့် ပါတီလုပ်ငန်းများကို တွဲဖက်၍ လုပ်ကိုင်ရသည်။ ကျွန်တော်သည် ဘော်လ်ရှီဗစ် မှန်ပြောင်းကိုတပ်၍ သူ၏ သဏ္ဌာန်ကို ကြည့်ရှုသည်။ သူသည် စကားပြောရာ၌ တစ်ဖက်သား နားထောင်သူတို့ ညွတ်လာအောင် ဆွဲဆောင် နိုင်သောသတ္တိ ရှိသည်။ လုပ်ရေးကိုင်ရေး၌ တက်ကြွဖျတ်လတ်သည်။ အလုပ်တစ်ခုကို ဖြစ်သည့် နည်းနှင့် ရှာကြံ၍ လုပ်တတ်လေ့ရှိသည်။ အမျိုးသမီး စည်းရုံးရေး တာဝန်ခံ အမာကို မြင်နယ် အမျိုးသမီး စည်းရုံးရေးအတွက် တာဝန်အရ ကျွန်တော်နှင့် ထည့်လိုက်ချန် ဆွေးနွေးပွဲတွင် တောင်းဆိုသည်။ ထိုအခါ ကိုအောင်သူ (သခင်သန်းထွန်း ကွန်မြူနစ်ပါတီ)က "ဟောဗျာ လမ်းမှာ စစ်သားတွေ ဓားပြတွေနဲ့ ရဲဘော်မ တွေသွားဖို့ မကောင်းပါဘူး" ဟု ကန့်ကွက်သည်။ ကိုအောင်သူမှာ လုပ်ငန်း တစ်ခုကို မပြတ်မသား မပြီးမပြတ် ဖြစ်အောင် စဉ်းစားလေ့ရှိသည်။ ကျွန်တော့် တောင်းဆိုချက်မှာ ပျက်ရမလိုလို ဖြစ်နေစဉ်၊ ကိုကြည်လင်က ဝင်၍ "တော်လှန်ရေး လုပ်နေ ကြတာပဲ၊ ဒီစစ်သား ဓားပြကြောက်နေရင် အိမ်ပြန်ပြီး ဘာမှမလုပ်ဘဲ အိမ်တွင်းပုန်း လုပ်နေဖို့ပဲ ရှိတယ်။ တာဝန်အရ လိုအပ်ရင် သွားရမှာပေါ့ဗျ" ကိုကြည်လင်က ဤသို့ ဘုတောလိုက်ပြီး ကျွန်တော်၏ အဆိုကို အတည်ပြုကြသည်။ ဆွေးနွေးခန်းများ၌ ဘယ်သူကပင် ရှေ့ဆောင်၍ ဆွေးနွေးနေသည် ဖြစ်စေ သူ ရောက်လာလျှင် သူ့ အသံကပင် ဆွေးနွေးခန်း၌ လွှမ်းမိုးနေတတ်သည်။

ဂျပန်ပြေးပြီး အင်္ဂလိပ်အစိုးရ ပြန်ရောက်လာသည့် အခါတွင် ခေတ်ပျက်စဉ်က ပညာတစ်ဝက် တစ်ပျက်နှင့် ကျန်ရစ်ခဲ့သူ ကျွန်တော်တို့ လူငယ်နိုင်ငံရေး သမားများအဖို့ ပြဿနာတစ်ရပ် ပေါ်လာသည်။ နိုင်ငံ

ရေးကိုပဲ ဆက်လုပ်မလား၊ ကျောင်းကိုပဲ ပြန်နေမလား။ မိဘများက "ပညာစုံအောင်သင်ပြီးမှ ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြပေါ့" ဆိုသည့် ဘိန်းငွေ့မျိုးကို တိုက်ကြသည်။ ထိုအခါက ကိုကြည်လင်သည် ဒီဂရီ တစ်ခုရပြီးမှ နိုင်ငံရေးလုပ်လျှင် တိုင်းပြည်အတွက် ပို၍ အကျိုးရှိမည်ဟု ထင်မြင်ခဲ့သည်။ ကျောင်း ဆက်နေရင်း မက်စ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ကို ထုံးလိုချေ ရေလိုနှောက်နိုင်အောင် လေ့လာမည်။ ကျောင်းထွက်သောအခါ ပစ္စည်းမဲ့ တော်လှန်ရေးလုပ်ငန်းများကို ပြန်လုပ်မည်။ ဤသို့သော မျှော်မှန်းခက်ဖြင့် သူ မယုံကြည်သော ဓနရှင် ပညာရေးကို ဆက်လက် သင်ကြားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်သို့ ရောက်ခဲ့သည်။ ရောက်သည့်နှစ်၌ပင် တက္ကသိုလ် အမှုဆောင်ရွေးပွဲတွင် အလံနီ ကွန်မြူနစ် ပါတီ ကိုယ်စားလှယ်အဖြစ်နှင့် ယှဉ်ပြိုင်အရွေးခံလေသည်။

"အလံနီ ကြည်လင် ဝါဒကြိုက်မှ မဲပေး"

မောင်ကြည်လင်၏ ပိုစတာများကို တက္ကသိုလ်နယ်မြေအတွင်း၌ အနှံ့အပြား တွေ့မြင်ရသည်။ သူ၏ ဝါဒမှာ ယုံကြည်ချက်ကို ပွင့်လင်း ရိုးသားစွာ ကျောင်းသားထုအား ထုတ်ဖော်၍ ခေါင်းဆောင်မှုကို ယူရန် ဖြစ်သည်။ သို့သော် သာယာမှုနှင့် ပကာသန ရေယဉ်တွင် နစ်မြောနေ သော တက္ကသိုလ်လောကတွင် သူ၏ တော်မှန်သော ခေါင်းဆောင်မှုသည် ရှုံးနိမ့်ခဲ့ရ၏။

တက္ကသိုလ်တွင် အလံနီ မောင်ကြည်လင်အဖြစ် လူသိများခဲ့သည်။ ဝါဒကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မောင်ကြည်လင် အဖြစ် နှင့် သူ့အား ချစ်ခင်ယုံကြည်ကြသည်။ ကျောင်းတွင် သတ္တဗေဒ၊ ဓာတုဗေဒ၊ သင်္ချာဘာသာများကို လေ့လာဆည်းပူးသည်။ ၁၉၄၈ ခုနှစ် တွင်ဥပစာ သိပ္ပံတန်းကို အောင်မြင်သည်။ ဥပစာ စာမေးပွဲအောင်ပြီးသည့် နောက် သူသည် နဂိုဝါသနာအရင်းဖြစ်သည့် ဝိဇ္ဇာတန်းသို့ (Arts) ပြောင်းလဲ၍ လေ့လာသင်ယူပြန်သည်။ ဝိဇ္ဇာတန်းတွင် သူသည် ဒဿနိက၊ အင်္ဂလိပ်

စာပေ၊ မြန်မာစာ စသည်တို့ကို သင်ယူသည်။ ထိုအချိန်မှစ၍ စာကိုရေးသည်။ သူသည် စာပေဖြင့် ပြည်သူတို့၏ ဘဝကို ဖော်ပြရန် ဆန္ဒရှိသည်။ သူရေးသော ဝတ္ထုတိုထဲမှ ရွှေပိုင်းအဦးလောက်တွင် ရေးသော ဝတ္ထုများမှာ အောက်တန်းအလွှာကို သရုပ်ဖော်သည်။ 'အပေါင်ဆိုင် - ခင်စိန်' တို့မှစ၍ တဖြည်းဖြည်း ဘဝနှင့် ဝေးကွာလာခဲ့သည်။ သူ၏ဝတ္ထု 'ကိုလွမ်းဝေ'သည် သရုပ်ဖော်စာပေမှ အပြင်သို့ ခုန်ထွက်လိုက်သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

စာပေသဘောထား အယူအဆအရ သူနှင့် ကျွန်တော်တွင် ကွဲလွဲချက်ကလေးများ ရှိသည်။ အခြေခံသဘောထား၌ကား တူညီသည်။ ဒဂုန်တာရာအား သရုပ်ပျက် စာပေဟု ဝေဖန်လိုက်သော ဆောင်းပါး ထွက်ပြီးနောက် သူနှင့် ကျွန်တော် တွေ့ကြသည်။ သူကပင် စ၍ "ဆောင်းပါးကတော့ ရေးတာ မိမိရရ ရှိပါတယ်၊ ဒါပေမဲ့ ကိုယ့်ကို အချောင်ဆော်တာတော့ ဆိုးတယ်"ဟု ပြောသဖြင့် ကျွန်တော်သည် ပြုံး၍ နေလိုက်သည်။ ဒဂုန်တာရာအား သူမြင်သလို ကျွန်တော် မမြင်ပါ။ သူက ပြည်သူ့စာပေ သမားအဖြစ် ထင်ထားသည်။ ကျွန်တော်က တိုးတက်သော စာပေသမား တစ်ဦးအဖြစ်သာ မြင်သည်။ တိုးတက်သော စာရေးဆရာဆိုသည်မှာ ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်မြဲ ဖြစ်သည်။ မဟာဆွေတို့လည်း တစ်ခါက တိုးတက်သော စာရေးဆရာ တစ်ယောက် ဖြစ်သည်။ သို့သော် နောက်ဆုံး အချိန်၌ ကိုကြည်လင်နှင့် ကျွန်တော်သည် အမြင်ချင်း ကိုက်ညီလာပါသည်။ ဒဂုန်တာရာသည် တံလျှပ်ရောင်တို့ဖြင့် လက်နေသည်။ ထို အရောင်များ ပျောက်ကွယ်သွားမှ သူ၏ ပကတိ အရောင်သည် ပေါ်လာချေမည်။ ပကတိအရောင်ဆိုသည်မှာ ပြည်သူတို့အတွက် သစ္စာရှိသော စာပေကို ဆိုလိုပါသည်။ ကိုကြည်လင်၌လည်း တံလျှပ်ရောင်ကလေးများ ခပ်ဖျော့ဖျော့ ရှိသေးသည်။ ထိုအရောင်ကလေးသည် အချိန်တန်လျှင် မှေးမှိန်ပျောက်ကွယ်သွားချေမည်။

၁၉၄၉၊ ဖေဖော်ဝါရီလလောက်တွင် ကျောင်းပိတ်သဖြင့် ကျွန်တော်

တို့ အားလုံးသည် ပခုက္ကူသို့ ပြန်ခဲ့ကြသည်။ ထိုစဉ်အခါက နိုင်ငံရေး အခြေအနေ ပြင်းထန်နေသည်။ ထိုအခါ ကျွန်တော်တို့မြို့၌ ရဲဘော်ဖြူနှင့် တပ်နီတို့ အုပ်ချုပ်လျက်ရှိသည်။ မကြာမီပင် အလံနီနှင့် ရဲဘော်ဖြူ တပ်နီ တို့ တိုက်ခိုက် ကြလေသည်။ 'ရဲဘော်ဖြူနှင့် တပ်နီအစိုးရ' က ကျွန်တော် တို့ တက္ကသိုလ်ကျောင်းသား မက်စ်ဝါဒသမားတစ်စုအား 'အလံနီ' အခါပေး များ ဟု အထင်ရှိကာ ဖမ်းလေသည်။

ကိုကြည်လင်မှာ ဒီမိုကရေစီ ထောင်ထဲတွင် တစ်လကျော်မျှ နေခဲ့ရ သည်။ နောက် ကျောင်းသားများက အာမခံသဖြင့် လွတ်လိုက်တော့သည်။ ကိုကြည်လင်သည် ပခုက္ကူ၌ ပြင်းထန်သော နိုင်ငံရေး မုန်တိုင်းဒဏ်ကို မခံနိုင်သဖြင့် ရန်ကုန်သို့ ပြန်၍ လစ်ခဲ့ရသည်။ ပြာဖုံးနေသော နိုင်ငံရေး စိတ်ဓာတ်ကလေး ပြန်၍ နိုးလာသည့် ကိုကြည်လင်သည် တက္ကသိုလ် သမဂ္ဂ အမှုဆောင် ရွေးကောက်ပွဲတွင် လက်ဝဲညီညွတ်ရေး တပ်ပေါင်းစု ကိုယ်စားလှယ်အဖြစ် တစ်ဖန် အရွေးခံရပြန်သည်။ တက္ကသိုလ်တွင် ဆိုရှယ်ပွဲများနှင့် ဂေါ်သမားများ ခေတ်စားနေခိုက် ကိုကြည်လင်တို့လို နိုင်ငံရေး ကျောင်းသားများသည် ခေါင်းဆောင်မှု ရှုံးနိမ့်ရပြန်သည်။

ခုအခါ၌ သူသည် ကျောင်းစာကို မှန်မှန်ကျက်ရင်း ဝတ္ထုဆောင်းပါး များကို ရေးသားကာ ခပ်အေးအေးပင် နေတော့သည်။

၁၉၄၉ ခု၊ အောက်တိုဘာလလောက်ကပင် သူသည် ကျောင်းနေ ဘက် မိန်းမပျိုတစ်ယောက်နှင့် လက်ထပ်လိုက်သည်။ သူ၏ လက်ထပ် နည်းမှာ ရှင်းလင်းရိုးသားသည်။ အပြန်အလှန် တူညီသော အချစ်ကို အခြေခံကာ နှစ်ဦးသဘောတူ ရုံး၌ ပဋိညာဉ်ပြုလက်မှတ် ထိုးလိုက်ခြင်း ဖြစ်သည်။ လက်ထပ်ပြီးနောက် သူပြောသော စကားများကို အမှတ်ရမိ၏။ "လူအို ဘဝဟာ ထောင်ကျနေတဲ့ လူလိုပဲ၊ ဘာမှ မလွတ်လပ်တော့ဘူး၊ ကိုယ်ဖြင့် အခု စိတ်ရှိသလောက် လူမပါတော့ဘူး" အိမ်ထောင်ရှင်တို့ ထမ်းဆောင်ရမည်ဖြစ်သော စီးပွားရေးတာဝန်ကို သူမြင်သည်။ ထိုတာဝန်

က သူ၏ မျှော်မှန်း ယုံကြည်ချက်တို့ကို လက်တွေ့ဘဝတွင် မရောက်နိုင်အောင် တားဆီးလိုက်သည်။ တစ်ခါတစ်ခါ သူသည် စာကြည့်ရင်း ပြောသည်။

"အင်း. . . မမလေးထဘီဖိုး ကြိုးစားသာကြည့်ပေတော့ မောင်ရေ"

ကျွန်တော်သည် ထိုအခါများတွင် ပြုံးမိသည်။ ဘီအေအောင်လျှင် မကွစ်ဝါဒကို ပိုမိုနက်နဲစွာ လေ့လာနိုင်မည်ဟု မျှော်မှန်းခဲ့သော မောင်ကြည်လင်သည် ယခု မမလေးထဘီဖိုးအတွက် စာကြည့်နေရသည်။ ကိုယ်တွေ့ထဲမှာ သူ လိုချင်သော တော်လှန်ရေးပညာများ မပါရှိချေ။ မမလေး ထဘီဖိုးအတွက် လခရရန် လက်မှတ်သာ တက္ကသိုလ်က ပေးနိုင်သည်။ လူ့လောကအတွက် လိုအပ်သော လူတို့ လေ့လာအပ်သော ပညာသစ်များကို မပေးနိုင်စွမ်းချေ။

သို့သော် မည်သို့ရှိစေ မောင်ကြည်လင်သည် တိုးတက်သော ဘက်မှ ရှိသည့် လူငယ်တစ်ဦး ဖြစ်သည်။ ခုအချိန်၌ သူ့အသက်သည် ၂၅ နှစ်အောက်ပင် ရှိသေးသည်။ ခုနေအခါ သူ့ရာဇဝင်မှာ မပြည့်စုံသေးချေ။ အနာဂတ်ကာလ၏ အဖြူခံရာဇဝင် ကားချပ်ပေါ်တွင် သူ့အရိပ်သဏ္ဌာန်ကို ဒို့ထက်ထင်ရှား ပြတ်သားစွာ တွေ့မြင်ရပေလိမ့်မည်။ ယခုအခါ မောင်ကြည်လင်သည် ခေတ်ဟောင်းအတွင်းမှ ခေတ်သစ်တစ်ခုကို မျှော်မှန်းနေသော လူ့ဆက်ဆံရေး သတ္တဝါတစ်ဦး ဖြစ်ပေသည်။

ပဒေသာ
၁၉၅၀၊ မတ်

# ဆရာပီမိုးနင်းနှင့် ယနေ့စာရေးဆရာများ

စိုးမင်း (လျှပ်စစ်)

(၁)

ဆရာပီမိုးနင်းသည် သူ့ခေတ်သူ့အခါက စာဖတ်ပရိသတ်များရော၊ ယနေ့ခေတ် ယနေ့အခါမှ စာဖတ်ပရိသတ်များပါ စာပေဩဇာလွှမ်းမိုးခြင်း ပြုနိုင်သည့် စာပေဖခင်ကြီးတစ်ဦး ဖြစ်ပေသည်။

ဆရာပီမိုးနင်း၏ ခေတ်မတိုင်မီက 'ဘာဏုရာဇာ၊ နေစကြာလည်း၊ ဆည်းဈာရိုးရီ တိမ်နီတိမ်ဝါ၊ တိမ်မိလ္လာ တိမ်မကန်း၊ တိမ်မရန်း တိမ်စူကာ' စသည့် ညနေဆည်းဈာချိန်အတွက် ဟိမဝန္တာ ချီးမွမ်းခန်းတမျှ တဖွဲ့ဖွဲ့တန္ဒဲ့နွဲ့ ရေးသားသီကုံးကြရာမှ 'နေဝင်စအချိန် ဖြစ်သည်။ မိုးသည် သည်းသည်း ကြီးရွာနေ၏။ မောင်ယောနှင့် မောင်ပေါသည် ညီအကိုတော်၏။ မယ်လှ ထက် မယ်ခက ချော၏' ဟူ၍ တိုတိုနှင့် လိုရင်း ရှင်းရှင်းရေးသားခဲ့သည်။ (ဆရာသခင်ရေး ကျွန်တော့်ဆရာ ပီမိုးနင်းတွင်-ရှု) ထို့ကြောင့် ဆရာ၏စာ ကို လူတန်းစားမရွေး ဖတ်ရှုနိုင်ခဲ့ကြသည်။ သဘောလည်း ကျခဲ့ကြသည်။ လက်လည်း ခံခဲ့ကြသည်။

သည်အထဲ၌ ဘဝတူ စာပေသမားများ၏ အထင်ကြီးခံရခြင်းမှာ ဆရာပီမိုးနင်း၏ အရည်အသွေး မည်၍မည်မျှ တောက်ပြောင်ကြောင်း ပြောပြသည့်နှယ် ရှိပေတော့သည်။ အဘယ့်ကြောင့် ဤသို့အမွှမ်းတင်

ရပါသနည်းဆိုသော် စာရေးသူကိုယ်တိုင်လည်း စိတ်တေလေလွင့်နေရာမှ အားမာန်တက်သည့် စိတ်ဆန္ဒမျိုး ဖြစ်ပေါ်အောင် ဆရာပီမိုးနင်း၏ စာတွေက နှိုးဆွပေးခဲ့ဖူးပါသည်။ စာရေးသူကား သာမန်လူ။ သာမန်လူမှာ မူးကို မြစ်ထင်တတ်သည်။ အသေးအဖွဲ့ကို အကြီးအမား မှတ်ထင်တတ်သည်။ သို့သော် ဆရာပီမိုးနင်း၏ စာတွေတော်တော်များများ လေ့လာဖတ်ရှု ကြည့်မိသောအခါ တကယ်စာပေသမားတွေက ရှေ့ဦးခန်းနေရာပေးထားလျက်ရှိကြောင်း ဖတ်ရှုရပါသည်။ စာရေးသူ ကြည်ညိုသောသူ အများသူသူငါငါပါ အကြည်ညိုခံရလျှင် အထူးပင် ဝမ်းသာမဆုံးဖြစ်မိလေတော့၏။

(၂)

စကားပြေအရေးအသားတွင် နာမည်ကြီးသော သိပ္ပံမောင်ဝသည် ဆရာပီမိုးနင်း၏ အရေးအသားကို အကြိုက်ဆုံးဖြစ်ကြောင်း သိရှိရသည်။ သိပ္ပံမောင်ဝသည် လူထုဦးလှနှင့် အလ္လာပ သလ္လာပ ပြောရင်း. . .

"ဆရာပီမိုးနင်းလိုလူတော့ မြန်မာပြည်မှာ မရှိသေးပါဘူး။ စာရေးဆရာတွေထဲမှာ အဆင်းလည်း အဆင်းရဲဆုံး။ အတော်လည်း အတော်ဆုံး၊ စာရေးလည်း အများဆုံးပဲ" ဟု ပြောကြောင်း ဖတ်ရဖူးပါသည်။

မကြာသေးမီက ကွယ်လွန်သွားသည့် စာရေးဆရာ ဦးသိန်းဖေမြင့်ကား သူ၏ 'သပိတ်မှောက်ကျောင်းသား' ပထမတွဲ၌ တက္ကသိုလ် နှစ်ကြီးနိုင်ငံရေးကျောင်းသား ကိုညိုထွန်းနှင့် ယခုမှ တက္ကသိုလ်လာနေသည့် မယ်သစ်လွင်၊ မသောင်းရီတို့ စာပေအကြောင်း ဆွေးနွေးကြရာဝယ် မြန်မာပြည်တွင် စာရေးဆရာ ပီသသည့်သူ ဆရာပီမိုးနင်းတစ်ဦးသာ ရှိကြောင်း ဖော်ပြခဲ့၏။

ယနေ့ဝတ္ထု စာရေးဆရာများထဲတွင် စာရေးသူနှစ်ခြိုက်သည့် ဆရာဦးရန်အောင်သည်လည်း ဆရာပီမိုးနင်းကို အကြည်ညိုကြီး ကြည်ညိုပြီး

သကာလ ရန်ကုန်သို့ စာရေးဆရာလုပ်ရန် ဆင်းခိုက် ဆရာပီမိုးနင်းနှင့် သွားတွေ့၏။

"ကျွန်တော် ရန်ကုန်မှာနေပြီး စာလည်းရေးမယ်။ တခြားတစ်ခုခု လည်း လုပ်ပါ့မယ်ခင်ဗျာ" ဟု ဆရာပီမိုးနင်းအား ပြောပြရာ. . .

"ဘာအလုပ် လုပ်မယ်ကြံသလဲ" ဟု ပြန်၍ မေး၏။

"စာပေနဲ့ မကင်းတဲ့အလုပ်ပေါ့ခင်ဗျာ။ စာပုံနှိပ်တိုက်တစ်ခုခုမှာ အလုပ်ရရင် ကောင်းမှာပါပဲ"

"အင်္ဂလိပ်စာကော တတ်သလား"

"သိပ်တော့ မတတ်ပါဘူး။ အလွတ်သင်ပြီး အလွတ်ဝင်ဖြေခဲ့လို့ အစိုးစစ် ၇ တန်းတော့ အောင်ခဲ့ပါတယ်"

"ဒီလောက်တတ်ရင် အလုပ်လုပ်လို့ ဖြစ်ပါတယ်။ ၇ တန်းအောင် ရုံနဲ့ တချို့မြို့အုပ်တောင် လုပ်နေကြသေးတာပဲ" ဟု ဆရာပီမိုးနင်းက အားပေးစကား ပြောကာ သူ့စားပွဲပေါ်မှ စာရွက်ဖိုင်တွဲကြီးတစ်ခုကို ထုတ်ပြပါလေတော့သည်။

"အဲဒီစာ ဖတ်ကြည့်စမ်းပါဦး"

ကျွန်တော်က စာများကိုဖတ်ကြည့်လိုက်ရာ 'မြန်မာစာမှ ဟုတ်ပါ လေရဲ့လား' ဟု ရုတ်တရက် တွေးမိလိုက်သည်။ မနည်းကြိုးစား ဖတ်ကြည့်သောအခါတွင်မှ အဓိပ္ပာယ် သဲကွဲအောင် ဖတ်နိုင်လာသည်။

"ဖတ်နိုင်ရဲ့ မဟုတ်လား" ဟု ပီမိုးနင်းက မေး၏။

"ဟုတ်ကဲ့၊ ဖတ်နိုင်ပါတယ်ဆရာ" ဟု ပြောကာ ကျွန်တော်က အသံထွက်အောင် ဖတ်ပြရသည်။

ဆရာပီမိုးနင်းသည် ဝမ်းမြောက်သည့်မျက်နှာထားဖြင့် "ဒီစာတွေကို ဖတ်နိုင်ရင် အလုပ်မရှားပါဘူး။ ကိုင်းလာ ဆရာနဲ့လိုက်ခဲ့" ဟုဆိုကာ စာမူကိုယူ ထွက်လာခဲ့ကြသည်။

ဆူးလေဘုရားလမ်း မြန်မာကျက်သရေ စာပုံနှိပ်တိုက် (ယခု

သံတော်ဆင့် အဆောက်အဦ)ကို ရောက်ခဲ့ကြ၏။ တိုက်ရှင် ဒေါ်မြမေနှင့် တွေ့ရာ ဆရာပီမိုးနင်းက . . .

"မမြမေ. . . ကျုပ် စာအုပ်ကို ရိုက်ပေးပေတော့။ ဟောဒီသူငယ်က ပရူ ပြင်လိမ့်မယ်။ သူ့ကို စာပြင်ဆရာခန့်ဗျာ"

"လခက ဘယ်လောက်ပေးရမှာလဲ ဆရာ" ဟု ဒေါ်မြမေက ဆရာပီမိုးနင်းကို မေး၏။

"၅၀ လောက်တော့ ပေးမှပေါ့။ ဒီအလုပ်က လူတိုင်း မလုပ်တတ်ဘူး။ ကျုပ်လက်ရေးကို ဖတ်နိုင်တဲ့လူက အရှားသားပဲ"

ဒေါ်မြမေက မငြင်းဆန်ဘဲ ကျွန်တော့်ကို စာပြင်ဆရာ ခန့်ပါသည်။ ဆရာပီမိုးနင်း၏ စာအုပ်မှစ၍ မြန်မာကျက်သရေပုံနှိပ်တိုက်တွင် ရိုက်သမျှစာအုပ်များကို ကျွန်တော် ပရူပြင်၍ ပေးရ၏။

ဤကား ဆရာပီမိုးနင်းနှင့် ဆရာဦးရန်အောင်တို့ ပထမဆုံးအကြိမ် တွေ့ခန်းပင်တည်း။

"စာပေဆိုတာ စာကို ရေးတာ မဟုတ်ဘူး။ စိတ်ကို ရေးတာ။ ဒီတော့ စာရေးရင် စိတ်ဝင်စားဖွယ်ဖြစ်အောင် အသက်ပါအောင် ရေးရတယ်။ အသောကမင်းတရားကြီးအကြောင်းကို ပျင်းရိငြီးငွေ့ဖွယ်ကောင်းအောင် ရေးထားရင် ဂုဏ်မြောက်တဲ့ စာပေမဖြစ်လို့ ဘယ်သူမှ မဖတ်ချင်ဘူး။ မိန်းမကြီးတစ်ယောက် ငရုတ်သီးထောင်းနေတဲ့ အကြောင်းကို ဖြစ်ပေမဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးနိုင်ရင် ဂုဏ်မြောက်တဲ့စာပေ ဖြစ်လာတယ်။ စာရေးရာမှာ အတွေးအခေါ်နဲ့ အရေးအသားက အရေးကြီးတယ်။ အကြောင်းအရာကိုက အင်မတန် ထူးခြားဆန်းကြယ်နေရင် ဘယ်သူပဲ ရေးရေး၊ ဘယ်လိုပဲ ရေးရေး၊ စာတစ်ပုဒ်တော့ ဖြစ်တာပေါ့။ သူ ငါကစ သိတဲ့၊ ဘာမျှမထူးခြားတဲ့ အကြောင်းအရာကို စိတ်ဝင်စားဖွယ် ဖြစ်အောင် ရေးနိုင်မှ စာရေးကောင်းလို့ ခေါ်နိုင်တယ်" ဟု စာပေရေးရာနှင့် ပတ်သက်သည့် မှတ်သားစရာများကို မကြာခဏ ပြောခဲ့ဖူးကြောင်း ဆရာဦးရန်အောင်

၏ 'ကျွန်တော်သိသော ဆရာပီမိုးနင်း' ဆောင်းပါးတွင် ဖော်ပြထားပါသည်။

(၃)

ဆရာပီမိုးနင်း၏ စာတွေမှာ စက်နှင့် လှည့်ထုတ်သကဲ့သို့ များစွာ ရေးနိုင်ခဲ့ပါသည်။ သူ့ခေတ် သူ့အခါမှ စာရေးအများဆုံး (၃) ဦးထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ စာရေးသူအနေဖြင့် ဆရာပီမိုးနင်း၏ ဝတ္ထုများထက် တက်ကျမ်းကလေးတွေကို ပို၍ သဘောကျ နှစ်ခြိုက်မိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကမူ ၁၉၃၃ ခုနှစ်အတွင်း မြန်မာစာပေ၌ ဝတ္ထုရေးသားရာတွင် စံမတူ ရှားပါဘိကြောင်း ရေးသားထားသည်ကို တွေ့လာရပြန်ပါသည်။ '၁၉၃၃ ခု အရေးအသားသည် တိုးတက်သည်ဟူ၍ မယ်မယ်ရရပြစရာမရှိ။ သို့ရာတွင် ဆုတ်ယုတ်၍ကား မသွားပေ။ သူရိယမဂ္ဂဇင်းကို မှန်မှန်ဖတ်သောသူသည် မြန်မာဝတ္ထု အရေးအသား ဆုတ်ယုတ်ခြင်းမရှိကြောင်းကို တွေ့ရပေလိမ့်မည်။ အချို့သော ဝတ္ထုကလေးများမှာ အထူးကောင်းမွန်လှပေသည်။ မြန်မာ့ဝတ္ထုတို ကောင်းများကို စုဆောင်း၍ ပုံနှိပ်လျှင် ဝတ္ထုအရေးအသားတွင် ပီမိုးနင်းရေးသားသော 'သဲမြည့်ာ' ဝတ္ထုအဆင့်အတန်းကိုမီသော ဝတ္ထု မပေါ်ပေါက်ချေဟု ဝေဖန်ခဲ့သည်။

ဆရာပီမိုးနင်းကား 'လူသာသေမျိုး ဖြစ်သည်။ နာမည်သေမျိုး မဟုတ်' ဆိုသကဲ့သို့ ယနေ့တိုင်အောင် နာမည်ကျန်ရစ်လျှက် ရှိနေပေပြီတကား။

(၄)

အင်္ဂလိပ်ခေတ် ပဲရောက်ရုပ်ရှင်ပိုင်ရှင် ဦးဆန်နီသည် 'လမ်းညွှန်ဂျာနယ်' အမည်ဖြင့် (၇) ရက်တစ်ကြိမ် ဂျာနယ်တစ်စောင်ကို ထုတ်ဝေခဲ့သည်။ ထိုစဉ်တွင် ဦးဆန်နီသည် သခင်ါအား ဂျာနယ်အတွက် ဝတ္ထုတိုမှ

စ၍ လုံးချင်းဝတ္ထုများ၊ ကြီးပွားရေးစာအုပ်များ ရေးခိုင်းခဲ့ရာ "ကျွန်တော်တို့က စာရေးစာဖတ်နုသေးလို့ ဆရာပီမိုးနင်းတို့လို ကျမ်းစာအုပ်တွေကို မရေးတတ်သေးပါဘူး ဆရာ။ ရေးဖို့လည်း အချိန်မရောက်သေးပါဘူး" ဟု ပြန်ပြောခဲ့ပေသည်။

"အေးကွ။ ဆရာပီမိုးနင်းတို့များ ဘာစာပဲ ရေးခိုင်းရေးခိုင်း အလွတ်ကျက်ထားသလိုပဲ။ တစ်ခါတည်းကို ဒေါက်ဒေါက်ပြေး ရေးချတာပဲ။ စဉ်းစားနေတယ်လို့ကို မရှိဘူး။ "ဆရာဘယ့်နှယ် မြန်လှချေလား။ အလွတ်များ ကျက်ထားသလိုပဲ" လို့ ပြောတော့ တစ်ချက်ပြုံးပြီး "ဖတ်ထားတဲ့စာတွေက များတယ်။ ဘာရေးရမလဲလို့ ပထမတစ်ချက်ပဲ စဉ်းစားလိုက်ပြီး အစပေါ်တာနဲ့ ခေါင်းထဲက သူ့အလိုလို ပေါ်လာကုန်တာပဲလို့" ပြောတယ်ကွ" ဟု ဦးဆန်နီက ပြောဖူးသည်။

တစ်နေ့တွင် တိုးတက်ရေးမဂ္ဂဇင်းအယ်ဒီတာ ဦးစိန်က စာရေးဆရာများကို သစ်ပင်ရိပ်ပေါသော ခြံတစ်ခြံသို့ ထမင်းဖိတ်၍ ကျွေးလေသည်။ ထိုပွဲ၌ ဆရာလွန်းနှင့် ဆရာပီမိုးနင်းတို့သည် ယှဉ်ထိုင်မိလျက်သား ဖြစ်လေသည်။ ဆရာလွန်းလည်း ကွမ်းဝါးရာက ဆရာပီမိုးနင်းကို ကြည့်၍. .

"ကိုယ့်လူမလဲ အရက်ဆီတွေလား၊ အမွှဲဆီတွေလား တက်နေလို့ ထင်ပါ့။ ဝလိုက်တာဖီးလို့။ တစ်နေ့တခြား ဝနေပါပကော" ဟု ပြောလေသည်။ ထိုအခါ ဆရာပီမိုးနင်းက ပြန်ဖြေလိုက်သည်မှာ ". . . မွဲတာတော့ မပြောနဲ့ ဆရာ။ လူများတွေ ဘယ်လိုလုပ် ချမ်းသာကြပါ့မလဲဆိုတာ အချိန်ရှိတိုင်း စဉ်းစား၊ စဉ်းစားရတိုင်း ရေးနေလို့ ကိုယ်တိုင်ချမ်းသာအောင် လုပ်ဖို့ စဉ်းစားချိန်လည်း မရှိဘူး။ လုပ်ချိန်လည်း မရှိဘူး" ဟူ၍ ဖြစ်လေ သည်။ (တိုက်စိုးရေး ပီမိုးနင်း အတ္ထုပ္ပတ္တိတွင်-ရှု)

(၅)

ဆရာပီမိုးနင်း နှစ် (၉၀) ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် 'ဆရာပီမိုးနင်း၏ ဘဝနှင့်စာပေ' စာအုပ်၌ ဆရာမြသန်းတင့်က 'ပီမိုးနင်း ဒဏ္ဍာရီ' ကို ရေးသားပါသည်။ ၎င်းမှ ကောက်နုတ်ဖော်ရသော် ဆရာပီမိုးနင်း၏ ဘဝ ပို၍ ပီပြင်လာမည်ဟု ယူဆမိပါသည်။

၁၉၀၄ ခုနှစ် နောက်တစ်ပိုက်တွင် ထင်ထင်ရှားရှား မြန်မာဝတ္ထုရေးဆရာဆို၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဦးလတ်နှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပီမိုးနင်းတို့လောက်သာ ရှိသည်။ ဤအချိန် ဝတ္ထုအရေးအများဆုံးမှာ ပီမိုးနင်းဖြစ်၏။ ပီမိုးနင်းသည် ခေတ်ပေါ် မြန်မာဝတ္ထုခေတ်ကို စခဲ့သူမျှမက နောက်လူတို့အပေါ်တွင် ဩဇာကြီးသည့် စာရေးဆရာလည်း ဖြစ်သည်။ ထို့ကြောင့် ခေတ်ပေါ် မြန်မာဝတ္ထုကို ယခုခေတ်ပုံစံသို့ ရောက်အောင် မျိုးစေ့ချပေးခဲ့သူသည် ပီမိုးနင်းဖြစ်သည်ဟု ဆိုချင်သည်။

'မောင်ရင်မောင်-မမယ်မ' သည် ပထမဆုံး ခေတ်ပေါ် မြန်မာဝတ္ထုဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် သူ့ဩဇာသည် ပြောပလောက်အောင်မရှိ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ 'မှာတော်ပုံ' ဝတ္ထုသည် အရေးကြီးသော ဝတ္ထုကြီးတစ်ပုဒ် ဖြစ်သည်မှာ မှန်၏။ သို့ရာတွင် ဆရာကြီးသည် ခေတ်ပေါ်ဝတ္ထုဆို၍ ဤတစ်ပုဒ်သာ ရေးသည်။ ထို့ကြောင့် ဆရာကြီးသည် ဝတ္ထုရေးဆရာအဖြစ် သိပ်မထင်ရှား။ ဦးလတ်၏ 'စပယ်ပင်၊ ရွှေပြည်စိုး၊ သုံးဘုံ' စသည့် ဝတ္ထုများသည်လည်း ဖတ်၍ ကောင်းသည်။ သို့ရာတွင် ပီမိုးနင်းလောက် အရေအတွက် မများ။ ပီမိုးနင်းလောက် မဆွဲဆောင်၊ လယ်တီပဏ္ဍိတဦးမောင်ကြီးလည်း ဝတ္ထုအများအပြား ရေးသည်။ သို့ရာတွင် သူ့အရေးအသားက ဖွဲ့လွန်းသည်။ တီတာလွန်းသည် ကြွယ်လွန်းသည်။ သူ့ခေတ်နှင့်သူ ဆန်းသော်လည်း တိုတိုရှင်းရှင်းကြိုက်သော ယနေ့ခေတ်တွင် ဦးမောင်ကြီး၏ အရေးအသားသည် နောက်ကျ ကျန်ရစ်ခဲ့သည်။

**နေရီရီစာအုပ်တိုက်**

ပီမိုးနင်း၏ အရေးအသားက ယနေ့အထိ ခေတ်မီသည်။ ဖွဲ့နွဲ့ရေး သည့် ထိုခေတ်တွင် ပီမိုးနင်း၏ အရေးအသားသည် ရိုးလွန်းသည်ဟု ထင်ရသော်လည်း ထိုအရိုးသည် နောင်တွင် အဆန်းဖြစ်လာသည်။ အသစ် အဆန်းတွေ ဝတ်ကြသည့် မိန်းမပျိုများထဲ၌ ရိုးရိုးဝတ်ထားသည့် မိန်းမ ပျို၏ အဆင်အပြင်သည် နောက်ကျသယောင်ယောင် ထင်ရသော်လည်း အသစ်အဆန်းတွေများ၍ ဟုန်လာသောအခါ သူ့ရိုးရိုး အဆင်အပြင် သည် အဆန်းဖြစ်သကဲ့သို့ပင် ဖြစ်သည်. . . ဟူ၍သာတည်း။

(၆)

ဆရာပီမိုးနင်းမှာ မည်၍မည်မျှ ကျော်ကြားသည့်စာရေးဆရာ ဖြစ် ပါသော်လည်း ငတ်ငတ်ပြတ်ပြတ် ရင်ဆိုင်တွေ့ကြုံခဲ့ရပါသည်။ သို့စေကာ မူ စာရေးခြင်းကိုတော့ သံယောဇဉ်တွယ်တာသည်။ အဘယ်မျှထိ ဝါသနာ ကြီးပုံကို ကြည့်ကြပါစို့။

တစ်နေ့သ၌ ကြီးပွားရေး ဦးလှ၊ ဦးခင်မောင်သောင်းနှင့် ဆရာ တက်တိုးတို့သည် ဆရာပီမိုးနင်းထံ အလည်သွားကြ၏။ ဦးလှက "ဆရာ ဟိုစာရေးဆရာ အစည်းအဝေးပွဲတုန်းက ဆရာပြောလိုက်တာ အဘိုးကြီး တွေ ကြိုက်မလားမသိဘူး" ဟု စလိုက်ရာ ဆရာကြီးက "ကြိုက်ကောင်း ပါရဲ့" ဟုဆိုကာ နောက်အနည်းငယ်ကြာမှ ပြောသည်မှာ "မောင်တို့ တတွေ သူများကို ကယ်ဖို့ချည်း စာတွေရေး၊ ပေါ်ပြူလာ လုပ်မနေကြနဲ့ဦး။ ကိုယ့်ကိုယ်ကိုယ်လည်း ကယ်ကြဦးနော်။ ကိုယ့်မှာရှိတဲ့ အကြံကောင်းများရှိ ရင် လူကြီးတွေရဲ့ အနှိမ်ခံရမှာကို မကြောက်ဘဲ ရဲရဲကြီး ဖော်ထုတ်ကြပေ တော့။ တစ်ခုခုကို ဖွင့်ချစရာရှိရင် ကိုယ့်အချင်းချင်း တိုင်ပင်ပြီး ဖွင့်ချရင် ကောင်းတယ်။ ဒီတော့မှ အဘိုးကြီးတွေက နှိမ်ပေမဲ့ ကိုယ့်မှာ ထောက်ခံ မယ့်သူတွေ အဆင်သင့်ရှိမှာ။ နောက်ဆုံးကျတော့ မောင်တို့က နိုင်မှာပေါ့။ ဦးလေးတို့တော့ ကြီးပြီ။ သချိုင်းနဲ့ နီးနေပြီ" ဟု ပြောရင်း လေသံပျောက်

၍ အနည်းငယ်ရပ်တန့်သွားပြန်လေ၏။ နောက်မှတစ်ဖန် လေသံရင်းနှင့် “ဘဝတွေအများကြီး ရှိသေးတာပဲ။ ဦးလေးတော့ ဒီဘဝဆင်းရဲတာ ဝမ်းမနည်းဘူး” ပြောရင်း ပြုံး၍ လာပြန်လေ၏။

အပြုံးမပျက်သေးခင်ပင် “ဦးလေးတော့ နောက်ဘဝလည်း စာရေးဆရာ ဖြစ်ဦးမယ်ထင်တယ်” ဟု ပြောကြောင်း ဆရာတက်တိုး၏ ‘ဆရာပီမိုးနင်းနှင့် တွေ့စဉ်က’ ဆောင်းပါးတွင် ဖော်ပြထား၏။

ဆရာပီမိုးနင်းကား ကွယ်လွန်လေပြီ။ ဆရာ့စာများကား ရှင်သန်ဆဲ။ ဆရာကြဲခဲ့သော မျိုးစေ့များမှ ဖွံ့ထွားသောအပင်များ ရှင်သန်ကာ သီးပွင့်ဝေဆာလျက် မျိုးစေ့သစ်များ ကြဲဖြန့်လျက်ပင်တည်း။

မိုးဝေ
၁၉၇၉၊ ဇွန်

# ဝေဒနာက ဖတ်ကြားခြင်း

**နေသွေးနီ**

ငါ့အစ်ကို။

ငါ့မှာ နေရောင်ပြင်းပြင်းတွေ ဝိုင်းရံ ထိုးဟပ်ခြင်း ခံနေရတဲ့အခါ အစ်ကိုဟာ အရိပ်တစ်ခု ဖြစ်နေခဲ့တယ်။

ငါ့မှာ မိုးပေါက်အလုံးကြီးကြီးတွေ၊ ထိခိုက် ရုတ်ပုတ်ခြင်း ခံနေရတဲ့ အခါ အစ်ကိုဟာ စလူရွက်လေး ဖြစ်နေခဲ့တယ်။

ငါ့မှာ ဆောင်းနှင်းခဲတွေ အဆုပ်လိုက် အဆုပ်လိုက် တအားပစ် ပေါက်ခြင်းခံရပြီး ရိုးတွင်းချဉ်ဆီတွေ အအေးပတ်နေတဲ့အခါ အစ်ကိုဟာ မီးဖိုကလေး ဖြစ်နေခဲ့တယ်။

ငါ့ကို ကူညီခြင်း၊ ရှိုင်းပင်းခြင်း၊ နှစ်သက်ခြင်း၊ ခင်မင်ခြင်း၊ ပွင့်လင်း ခြင်း၊ ဖြောင့်စင်းခြင်း၊ အကောင်းဆုံးအဖြူရောင်ကို ပေးစွမ်းသူ ငါ့အစ်ကို။

ငါ့ကို မသနားတော့ဘူးနော်။ မြေအပြင်ပေါ်မှာ ကျူတိုင်တစ် ချောင်းလို ဝီခေါ်အောင် ရပ်နေရတော့မယ့် ငါ့ဘဝကို အစ်ကို မစဉ်းစားခဲ့ ဘူးနော်။

အစ်ကိုရယ် . . . တို့ အစ်ကိုရယ် . . . ။

နေရီရီစာအုပ်တိုက်

မျက်နှာလွှဲသွားခဲ့တယ်။ ဘယ်တော့မှ မကြည့်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကြီး ယတိပြတ် လုပ်ဆောင်ပြီး ငါ့ကို အစ်ကို ကျောခိုင်းသွားတယ်။ အေးမြခြင်း၊ အစ်ကို့အတွက်တော့လေ . . . ငြိမ်းချမ်းခြင်းရှိတဲ့ မြေဝတ်ကျင်းကလေးထဲ အစ်ကို သွားအိပ်တော့တယ်။

မေ့ပါ၊ ပစ်ပါ၊ ပျောက်သွားပါ။

x x x

ငါ့မှာ ရှုံးသားခြင်း တစ်ခုရှိနေတာ အစ်ကိုပေါ့။

ငါ့မှာ ပွင့်လင်းခြင်း တစ်ခုရခဲ့တာ အစ်ကိုပေါ့။

ငါ့မှာ ဖြောင့်စင်းခြင်းတစ်ခုရခဲ့တာ အစ်ကိုပေါ့။

ငါ့မှာ အနုပညာသီလ၊ အနုပညာဓမ္မ၊ အနုပညာသမာဓိ၊ အနုပညာ ကမ္မဋ္ဌာန်း ပွားများရခြင်းဟာ အစ်ကိုပေါ့။ အကျင့်ကို လျှို့ဝှက်သိပ်သည်းစွာ ပြုကျင့်ခြင်းကို ကာမကဲ့သို့ တပ်မက်သောလူနဲ့ အစ်ကိုဟာ မြေကြီးနဲ့ မိုးလို ဖြစ်ခဲ့ပါတယ်။

အစ်ကို့အနား ဗေဒကျမ်း ဖုံးပေါလအော ဒဿနအမြင်တွေ၊ အမြင်တရားကို စစ်ထုတ်ပေးတဲ့ ပန်းပုရုပ်တွေ အစ်ကို ပြန်ဆေးသုတ်ပြီး ကိုယ်ကျိုး ရှာခဲ့ရင်၊ အစ်ကိုအသက်လည်း ရှည်မယ်၊ အရောင်လည်း ပြောင် မယ်။ ပြိုးပြိုးပြက်ပြက် လက်မယ်။ မလုပ်ဘူး။ 'တကယ်ဆို ကမ္ဘာမှာ ထည်ဝါတဲ့ အဆိုအမိန့် အပြောအပြော ကောင်းတဲ့ ပညာရှင်များရဲ့ ရုပ်ပုံကို ထုစား၊ ခွဲစားရင် ငါ့အစ်ကို အသက်တစ်ရာတောင် ရှည်မလား မသိ။ အများကြိုက် ဝေါဟာရတွေ အပြွတ်လိုက် အခိုင်လိုက် သုံးပြတတ်ရဲ့။ ဒါပေမယ့် ငါ့အစ်ကိုက တယ်ရိုး၊ တယ်အ။ ခေတ်သုံးစကား လှိုင်လှိုင်လ မပြောတော့ . . . ငါ့အစ်ကိုရဲ့ ဒုက္ခဟာ တောင်ပုံရာပုံ ဖြစ်ခဲ့ရခြင်းပေါ့။

အင်းလေ . . . သဗ္ဗေသတ္တာ ကမ္မသကာ။ ဒါပေါ့ . . . ဒါပေါ့။

* * *

ငါ့အစ်ကိုရဲ့ ရိုးသားမှုဟာ တောင်ကြားနေ လယ်သမားနဲ့ တယ်တူယုံပါတယ်။ အရင်က ငါ့အစ်ကိုနဲ့ ငါ ဘယ်တော့မှ မျက်နှာချင်းပြုံးလို့ မဖြစ်လိုက် ဖြစ်လိုက်၊ ငါ့အကိုပေါ် ငါက မည်းခနဲ ကွက်ခနဲမြင်လိုက်၊ အဲဒါတွေ ငါ့အစ်ကိုက ရေဆေးချမြဲ။ ပြီး. . . ငါ့ကို သည်းခံခြင်းအပွေ့အဖက်တွေနဲ့ ငါ့ရင်ထဲက ဒေါသနဂါးအမောက်ကို လက်နဲ့ပွတ်သတ် ချော့မြဲ။ ဒါပေါ့။ ငါ့အစ်ကိုဟာ ယောဂီတဦးနဲ့ သိပ်တူတယ်လို့။ တချို့က အစ်ကိုရေ. . . ကြက်ဥအကာတွေ။ အစ်ကိုက အနှစ် အနှစ်. . .။

ငါသိခဲ့တယ်။ တစ်နှစ်ကျော်က. . . ပေါ့။

ငါနဲ့ အစ်ကိုနဲ့ တွေ့တိုင်း ငါ့အစ်ကိုက ငါ့ဖို့တဲ့ ဒဿနအမြင် စာအုပ်ကလေး တစ်အုပ်နှစ်အုပ်။ ဘယ်သူမှ လက်ဖျားနဲ့ အတို့မခံဘဲ ပေးတယ်။

"ညီငယ် မလာတော့ တစ်ခါတစ်ခါ အားငယ်ရတယ်"

"ညီငယ်က စကားပြောရင် တုံးခနဲ တိခနဲ ပြောတာတွေ မြင်နေကြားနေရရင် အားရှိတယ်"

"ဟုတ်ပါပြီဗျာ။ ညီငယ်က ဆေးလိပ်မသောက်နဲ့ဆို မသောက်ပါဘူး"

"အေးလေ. . . ငယ်စဉ်က ငါလည်း မှားတာပါ။ ခုတော့ ညီငယ် ငါ့ကို အတုံးလိုက် အတစ်လိုက် ပိဿာလေးနဲ့ ဘေးပစ်သလို ပြောတာတွေနားထောင်ရတော့. . . လောကမှာ ဘာလုပ်လုပ် မေတ္တာရယ်၊ ဖြူစင်ခြင်းရယ်၊ ရာခိုင်နှုန်းအပြည့်ရှိအောင် လုပ်သွားမယ်။ ဒါ လူဖြစ်ရကျိုး အမြတ်ပဲထင်တယ်"

"ညီငယ်နဲ့ လူတိုင်းနဲ့ မတည့်တာဟာ ညီငယ်ကို ငါ့လို နားမလည်ကြဘူး။ ညီငယ်ကလည်း ခက်တယ်။ ဟန်ဆောင်နေတာမျိုးဆို ချက်ချင်းကောက်ခါငင်ခါပြောတော့ မခံနိုင်ဘူး"

"ပြေးကြည့်မှ ညီငယ်ရေ. . .၊ လူနည်းနည်းလေး ရှိတယ်။ တချို့

လည်း ခွဲသွားကြ၊ ခွာသွားကြ၊ တချို့လည်း ဟန်ဆက်မဆောင်နိုင်ကြတော့ဘူး။ ညီငယ် အမြဲ လာလာတွေ့နေတော့ စိတ်ထဲ ဝမ်းသာရတယ်။ အားဆေးတစ်ခုပေါ့"

ငါ့အစ်ကိုရဲ့ အသံချိုချိုဟာ ငါ့နားထဲ စမ်းရေလို အေးစိမ့် စီးဝင်လာမြဲ။ ငါ့အစ်ကိုက ငါ့ကို ကြည့်နေ၊ ပြုံးနေတာ ကြာပွင့်တစ်ပွင့်နဲ့ တယ်တူတာယ်။

ငါက ရင်ထဲ အကောက်အလိမ်တွေ၊ စိတ်တီကောင်တွေ မထားတတ်ဘူး။ ငါ့ရင်ထဲမှာ မြွေပေါက်က အမြဲခွေနေတတ်တယ်။ မီးခဲတွေကလည်း အမြဲ ရှိနေတတ်တယ်။ ငါ့မျက်စိက ငါ့အနားမှာ။ သတ္တဝါဝေနေယျကို ချွတ်ဖို့ပြောပြီး မိန်းမအတွက် အက္ခရာတွေ၊ ကားချပ် လှလှတွေ တကုပ်ကုပ်ရေးဆွဲပြီး လက်သိပ်ထိုး လျှို့ဝှက်ရှေ့ခဲ၊ မြေကြီးထဲက ထွက်တဲ့ အရောင်လက်တဲ့ ခဲလုံးတွေ ကျွန်းသေတ္တာထဲ စုနေတဲ့ လူတွေနဲ့ ချက်ချင်း တွေ့၊ ငါက သူ့ကို မစင်လို၊ ခွေးသေကောင်လို ရွံ့မုန်းသွားတတ်တယ်။

အဲဒီလူကို ငါက စစ်ထိုးတယ်။ မုန်းတယ်။

ငါက ဟန်ရော၊ မာန်ရော၊ အသံရော၊ ရုပ်အလှူပ်အရှားရော၊ အပြုအမူအားလုံးဟာ ပြင်းထန်ပြီး ဘီလူးတစ်ကောင် ဖြစ်နေတတ်တယ်။

ငါ့အစ်ကိုက လူတွေမှာ အသံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ မျက်နှာအမျိုးမျိုးတွေ။ သူ့မှာလည်း တစ်ခါတလေ အညစ်အကြေးတွေ တင်နေမှာပေါ့တဲ့။ သည်းခံခြင်းပရိတ်ကို ရွတ်နေဖို့ ငါ့ကို ပြောတယ်။ နားချတယ်။ အင်း. . . ငါ့အစ်ကိုကတော့ ဘယ်သူနဲ့မဆို သစ်တပင်လို ငြိမ်ပြီး နေတတ်တဲ့ လူကိုး။

ငါ့ကို အမှားတွေ၊ အတ္တတွေ၊ ဒေါသ၊ လှံ၊ ဓား၊ ဒိုင်းတွေ လွှင့်ပစ်ဖို့ ငါ့ကို တရားချရဲ့။ ပထမ၊ ဒုတိယ၊ တတိယ။

ငါ့နားနဲ့ နာခဲ့ပါတယ်။ ခေါင်းနဲ့ နာခဲ့ပါတယ်။

အော်. . . ခု ငါ့ကို ဘယ်သူ နားချမှာလည်း အစ်ကို။ ဘယ်သူက

ငါ့အနားမှာ ငါ့ရဲ့ ရိုးဖြောင့်ခြင်း၊ ပွင့်လင်းခြင်း၊ စိတ်ထန်းခေါက်ဖာ မှောက်ပြခြင်းကို သည်းခံ စောင့်ကြည့်ကြမှာလဲ ဟင်. . .။

ငါ့ကို မသနားဘူး။ အစ်ကို ပစ်သွားတော့တယ်။

ငါ့အစ်ကိုကြောင့် ငါ ကျန်းမာခဲ့ရတာပါ။

ငါ့အစ်ကိုကြောင့် ငါ မြေကြီး ကြည့်တတ်တာပါ။

ငါ့အစ်ကိုကြောင့် ငါမြင်ရတဲ့ မျက်စိနှစ်ကွင်း အလင်းရခဲ့တာပါ။

အစ်ကိုက ဘယ်ခရီးမဆို သွားတတ်တယ်။

ငါက အလင်းရပေမဲ့ အစ်ကိုနဲ့ မလိုက်ချင်တာတွေ အပုံကြီး။ အစ်ကိုက အဟိံသတရားကို ရှုတယ်။ ဝိမုတ္တိကို မရမနေ ရှာတယ်။ ဝေဿန္တရာမင်းကြီးနှလုံးကို ဆင်မြန်းတယ်။ ဝိဓူရရဲ့ အသည်းကို ဆင်မြန်းတယ်။ လောကကို သုံးကြိမ်သုံးခါ သတ္တဝါများ ကျန်းမာခြင်း၊ ချမ်းသာခြင်း စိတ်များ လွှတ်ပေးဖို့ တောင်းဆိုတယ်။

ဓားကိုင်သူကော၊ ပန်းကိုင်သူကော၊ လေးကင်းပြသူကော၊ ဘယ်သူမဆို လောကကောင်းခြင်း၊ စိမ်းလန်းခြင်း၊ နုပျိုခြင်းအကျိုးပြု လုပ်ရပ်တွေ ဆောင်ရွက်ဖို့ လက်ကမ်းခေါ်တယ်။

ပြီးတော့ ငါ့အစ်ကိုက ဖန်တီးတတ်တဲ့၊ တီထွင်တတ်တဲ့ အတတ်ပညာတွေနဲ့ အက္ခရာပန်းကုံးတွေ သီကုံးပြီး လူတိုင်းလူတိုင်း လည်မှာ ဆင်မြန်းပေးတယ်။ နေကို ကြည့်တတ်သော၊ လကို ကြည့်တတ်သော၊ မြေကို ရှုတတ်သော အမြင်များရစေရန် ဆင်မြန်းပေးခြင်းပေပဲ။

အဲဒီပန်းကုံးတွေဟာ ခနအတွက် အစ်ကို လိုက်မရောင်းဘူး။ အစ်ကို့ အရပ်မြင့်ဖို့အတွက် အစ်ကို လိုက်မရောင်းဘူး။ အစ်ကို့ အိမ်ကလေး ဝင်းဝင်းဝါဝါ အရောင်တောက်ဖို့အတွက် အစ်ကို မရောင်းဘူး။ အစ်ကို့ ညှော်ခန်းဆောင်ထဲ ရသာစုံ နတ်သုဒ္ဓါမျိုး စားစရာတွေ ရောက်လာဖို့အတွက် အစ်ကို လည်မရောင်းဘူး။

အဲဒီ သီလ၊ အဲဒီ ကျင့်စဉ်၊ အဲဒီ တရားဟာ အစ်ကို့မှာ စိပ်ပုတီး

တစ်ကုံးပါပဲ။

ငါက ဒီအကြောင်းတရားတွေ မြင်ပြီး တစ်စတစ်စ ခင်မင်ခြင်း စိတ်ကလေး လှုပ်ခါမိရခဲ့တာပဲပေါ့။

* * *

နေပူထဲက ငါလိုသူလို အများတွေလို၊ လူတွေအတွက် အစ်ကိုက စလူရွက်တွေ လိုက်ဝေငှချင်ပါရဲ့။ အင်း. . . လူသားတစ်ဦးရဲ့ ပခုံးပေါ်မှာ ကျွဲပေါက်လို ပခုံးထနေတာ မြင်ရင်၊ ငါ့အစ်ကို သက်ပြင်းကြီး ချလိုက်ပြန်တယ်။ လူသားတစ်ယောက်ရဲ့ ဝမ်းဗိုက်မှာ ဟောက်ပက်ကြီး ဝဖောင်းမနေရင် အစ်ကိုက သစ်ဥသစ်ဖုတွေ ပေးလိုက်ချင်တယ်။ မိခင်မြတ်တစ်ဦးရဲ့ နို့ချို ခန်းခြောက်နေတာမြင်ရင် ငိုနေတဲ့ ကလေးကိုပွေ့ပြီး အစ်ကို ချော့လိုက်ချင်တယ်။

မြို့ပြဈေးတစ်ခု။ အင်ကြင်းတောက ချေသမင် ဒရယ်တွေလို လူတွေ ပြေးလွှားနေတာ မြင်နေရင် ဒုက္ခခံစားရခြင်း၊ ဝဋ်ဆင်းရဲဖြစ်ခြင်း မျိုး ထင်ပြီး အစ်ကိုက မေတ္တာသုတ် ရွတ်ဖတ်တော့တယ်။ ဒုက္ခ၊ ဝဋ်၊ ဝမ်း နည်းခြင်း၊ ကြေကွဲခြင်း၊ နာကြည်းခြင်း၊ ဆွေးမြေ့ခြင်း အရာအားလုံး ကပ် ဆိုက်ခြင်းခံရတဲ့ ဤလူ့ဘုံဘီးထဲက လူတွေအားလုံး ပခုံးပေါ်တင်ပြီး အစ်ကိုက နိဗ္ဗာန်ကလေးတစ်ခုရှိရာ ခေါ်သွားဖို့ ကြိုးစားတယ်။

ဗုဒ္ဓတရားကဲ့သို့ အေးမြခြင်း၊ ဖြူစင်ခြင်း၊ မြင့်မြတ်ခြင်းတရားကို ပွားစီးဖို့ အစ်ကို အားထုတ်ခြင်းမျိုးလား။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆီဆုံဟာ မရပ်ဘူး။

အဲဒီ ဆီဆုံကြီးလည်အောင် ရုန်းနေရတဲ့ လူတွေ အကျွတ်တရား ရအောင် ငါ့အစ်ကို တရားကို ရှုတော့တယ်။ ဒဿနတွေ ပွားတော့တယ်။

လူဟာ ကောင်းကင်လို လွတ်လပ်ခြင်း၊

အရုဏ်ဦးလို တောက်ပခြင်း၊

လေလို သန့်ရှင်းခြင်း၊ မြေကဲ့ဘို့ သည်းခံခြင်း၊

နေရောင်ကဲ့သို့ တောက်ပခြင်း၊

နေကဲ့သို့ လှခြင်း၊

လကဲ့သို့ အေးမြခြင်း။

ခံစားထိုက်သော ခံစားမှုအားလုံးရလေမှ မနုဿတ္တ၊ လူဖြစ်ရခြင်းသည် မြတ်ပေတယ်လို့ အဆိုအမိန့်တစ်ခု ငါ့ကို ပေးတယ်။

အဲဒီတရား တစ်စိတ်လောက်ရတော့ မေတ္တာရေအိုးထဲထည့်ပြီး စကြ ဝဠာအနှံ့ သူ လိုက်ဝေငှမတဲ့။

အစ်ကိုက ငါ့ခေါ်တယ်။ ငါက ခေါင်းခါတယ်။ လည်ခါတယ်။

လူတိုင်းဟာ ဝမ်းစာကျီ ဆောက်ကြတယ်။ မယားရယ်၊ သားရယ်၊ သမီးရယ်၊ မီးဖိုချောင်ထဲ ပျော်ပျော်ပါးပါး ဟင်းလျာစုံ လက်ဆုံစားဖို့ သံပတ်စက်ရုပ် ဖြစ်ကြရတယ်။ နေရဲ့ ပူခြင်း၊ မိုးရဲ့ ချမ်းခြင်း၊ မီးရဲ့ ဟပ်ခြင်း၊ ဒေါသရဲ့ လှိုင်းသံ၊ မာန်ဖိခြင်း ဂယက်သံ၊ သည်းခံခြင်း အရောင်၊ ရက်စက်ခြင်း အပြုတွေကြားမှာ လူဟာ တောင်ဘက်ရောက်လိုက်၊ မြောက်ဘက်ရောက်လိုက် လိမ့်လိမ့်နေတယ်။

ငါ့အစ်ကိုက ဒီဒုက္ခဘုံ၊ သခ်ိဳရဘုံ၊ သံသရာဝဲကြီးထဲ နစ်လိုက်ပေါ်လိုက် လူတွေကြည့်ပြီး တစ်ခါထဲ လူတွေဟာ သစ်ပင်စိမ်းလေးတွေ ဖြစ်နေရင် ကောင်းမယ်။ နိဗ္ဗာန်ခရီးသွားတွေ ဖြစ်နေရင် ကောင်းမယ်။ တရောင်ထဲ အဆင်မျိုး ဝတ်နိုင်ကြရင် ကောင်းမယ်။

ငါ့အစ်ကိုက စိတ်ကူးဉာဏ် ကျယ်ပေ့။

ဒီဘဝ တစ်ခါဆုံကြတဲ့အခါ သူက အများအတွက်၊ သူ့ဒဿနတွေ ဖြန့်ဝေငှမယ်တဲ့။ သူ့ကိုယ်ဟာ သူ့အတွက်ထက် အများအသုံးချရုပ် ဖြစ်ရမယ်တဲ့။ အဲဒီကတည်းက ငါ့အစ်ကိုဟာ သူ့တရားသူ ကျင့်ပြီး၊ သူ့ဓမ္မ သူ ရွတ်တယ်။

ကိုယ်ဟာ ကြုံလှီသွားတယ်။ ရုပ်ဟာ အိုမင်း ရင့်ရော်သွားတယ်။

မျက်နှာဟာ သစ်ရွက်ခြောက် ဖြစ်သွားတယ်။ ခန္ဓာဟာ အရွက်မရှိတဲ့ အပင် ဖြစ်သွားတယ်။ အသံဟာ တိမ်သွားတယ်။

သာဓု. . . သာဓု. . . ။

* * *

ဒါပေမဲ့ ငါနဲ့တွေ့တိုင်း ငါ့အစ်ကိုဟာ စပယ်ပန်း၊ ကြာပန်း၊ လပြည့်ည၊ သောကြာကြယ်၊ အရုဏ်ဦး။

မာန၊ ဒေါသ၊ လောဘ၊ မောဟတွေ ခဝါချပြီးတဲ့ ငါ့အစ်ကိုဟာ မိုးသောက်တစ်ခုလို လှနေတော့တယ်။

ငါ့ကို သူ တရားစီးဖြန်းခိုင်းတယ်။ သူ့ဓမ္မ ရွတ်ခိုင်းတယ်။

ငါလို အတ္တကြီးမားတဲ့ သတ္တဝါဟာ သူ့ဓမ္မကို နားကကြားရပေမဲ့ အသံထွက် ရွတ်မရဘူး။ သူ့ခရီးစဉ်အတိုင်း ငါက မလိုက်နိုင်ဘူး။ ဒါပေမဲ့ ငါ့အစ်ကိုက ကိစ္စမရှိတဲ့။ လူမှာ လူကို ချစ်တတ်ခြင်း တရားရလျှင် တော်ပြီ။

ငါ့အစ်ကို အကျင့်၊ ငါ့အစ်ကို တရား၊ ငါ့အစ်ကို သီလမျိုး ငါက မကျင့်နိုင်။ အဝိဇ္ဇာ တဏှာတုံးကြီး ဖြစ်နေတဲ့ငါ။ မောဟအင်္ကျီကို နေ့စဉ် ဝတ်ထားတဲ့ ငါ။

ငါ့အစ်ကိုက ပွင့်လင်းမှု၊ ဖြောင့်စင်းမှု ရှိတာလည်း သီလလို ဖြူစင်ခြင်းပါပဲ။

မြေကို မညာခြင်း၊ '၃၁' ဘုံသားတွေကို ချစ်ခြင်း၊ တရားကို နှလုံးထဲထည့်ခြင်း၊ မေတ္တာကို ပေးကမ်းခြင်း၊ ကိုယ့်အတတ်ပညာနဲ့ ကိုယ့်အရောင် ထွက်အောင် မလုပ်ခြင်း၊ လောက လှပစေခြင်း၊ စိမ်းလန်းစေခြင်းအတွက် ပြုချင်တဲ့စိတ်ရှိတဲ့ စိတ်ကလေးနဲ့ အသက်ရှင်နေရင် လူဖြူတစ်ယောက်ပေပဲတဲ့။

ငါ လူဖြူ ဖြစ်နိုင်သလား။

တရားရတဲ့ ငါ့အစ်ကို။ ဖြူစင်တဲ့ ငါ့အစ်ကို။ အေးငြိမ်းတဲ့ ငါ့အစ်ကို။

ငါ့အစ်ကိုရဲ့ သီလ၊ ဓမ္မ၊ ကျင့်စဉ်၊ ဖြူစင်မှုမျိုးတွေ ငါ့ကိုယ်မှာ မြဲဖို့

ငါနည်းနာတွေ ရှာဖွေဆဲမှာ ငါ့အစ်ကို လက်တွဲဖြုတ်ပြီး ခရီးရှည် ထွက်သွားတယ်။ ပျောက်သွားတယ်။ မေ့ထားခဲ့တယ်။

ငါ့အစ်ကို လေထဲ ရောက်သွားတယ်။ မြေထဲမှာ အိပ်ပျော်သွားတယ်။

ငါ့အစ်ကို ငါနဲ့ မျက်နှာချင်းဆိုင်ပြီး လောဘငြိမ်းခြင်း အကျိုးပြုလုပ်ငန်း တရားပွားစီးဖို့ ကူညီဆဲမှာ ဘယ်တော့မှ မပြန်လာတော့တဲ့ ခရီးအဆုံးတစ်ခုဆီ ရက်ရှည်လများ ထွက်သွားတော့တယ်။

ငါ့အစ်ကိုရဲ့ သည်းခံမှုမျိုး၊ ကျိုးနွံမှုမျိုး ငါ့ရှေ့မှာ ဘယ်သူ အစစ်ပြနိုင်မလဲ။ အတုတွေ ငါ မမြင်ချင်ဘူး။ အယောင်ဆောင်တွေ ငါ့ဆီ မလာစေချင်ဘူး။ ငါ့အစ်ကိုရဲ့ ရိုးသားခြင်း၊ အူဖြောင့်ခြင်း၊ စိတ်တည်ခြင်း၊ တည်ငြိမ်ခြင်း၊ သည်းခံခြင်း၊ ကူညီခြင်းမျိုးတွေ ငါ့ရှေ့ အတုတွေ လာလာလုပ်ပြရင် ငါငိုရာက ရယ်မိမှာပါ အစ်ကို။

အစ်ကို ခရီးအဆုံး ထွက်သွားတဲ့နေ့က ငါ တစ်ယောက်တည်းပါပဲ။ အထီးတည်းပါပဲ။

ငါ့ ဝမ်းနည်းမှုဟာ ငလျင်လေးကြိမ် ရင်ထဲ လှုပ်တယ်။

ကြေကွဲရမှုမိုးဟာ လေးကြိမ် ခြိမ်းတယ်။

ပူဆွေးရမှု မုန်တိုင်းဟာ ငါ့ရင်ထဲ မွှေနှောက် တိုက်ခတ်သွားတယ်။

ငါ့နောက်ဆုံး ငါ့အစ်ကို ကောင်းရာ ခရီးရောက်ဖို့ ဆုတောင်းဝတ်ပြုခြင်းကို ငါ နှစ်နှစ်ခြိုက်ခြိုက် ရွတ်ဖတ်နေစဉ်မှာ ငါ့အစ်ကိုကို ချစ်တဲ့၊ သနားတဲ့၊ ခင်မင်တဲ့၊ စွဲလမ်းတဲ့ မျက်ရည်တွေဟာ နှလုံးသားမှာ လျှံတက်လာတယ်။ မျက်လုံးအိမ်ထဲ ပြည့်တက်လာတယ်။ ချုပ်တည်းတဲ့စိတ်ရှင်းတဲ့ ပဝါနဲ့ ငါ ရှင်းပါရဲ့။ မျက်ရည်တွေဟာ ဒီရေအလားပါပဲ ငါ့အစ်ကို။

ငါ့အစ်ကို မရှိတော့ဘူး။ သွားပြီ။ ပြန်မလာတော့ဘူး။

ငါ ဘယ်သူနဲ့ ပြုံးရမလဲ။ ငါ ဘယ်သူနဲ့ သီလစောင့်ရမလဲ။

ငါ ဘယ်သူနဲ့ ဓမ္မရှာရမလဲ။ ငါ ဘယ်သူနဲ့ တရားကျင့်ရမလဲ။

ငါ ဖြေပါ့မယ်။ ငါ ဖြေပါ့မယ်။

သွားပါ။ သွားပါ။

အစ်ကိုမရှိတော့ပေမဲ့ ငါ့အစ်ကို ငါ့အနား ရှိနေတယ်လို့ ငါ ယူဆမယ်။

သင့် ရိုးသားမှုတွေ ငါ့ရင်ထဲ ထည့်ထားမယ်။

သင့် ဖြောင့်စင်းမှုတွေ နှလုံးထဲ ဝှက်ထားမယ်။

သင့် ကိုယ်ကျိုးစွန့်မှုတွေ ငါ မြတ်နိုးမယ်။

သင့် အနုပညာသီလ အကျင့်တွေ ငါ ကျင့်နေမယ်။

ငါ့အစ်ကိုဟာ ငါ့မျက်စိထဲ၊ ငါ့နှလုံးထဲ၊ ငါ့ရင်ထဲ၊ ငါ့အသည်းထဲ၊ ငါ့စိတ်ထဲ၊ ငါ့မေတ္တာထဲ၊ ငါ့တရားထဲ၊ ငါ့ဓမ္မထဲ အမြဲရှိနေဖို့ ငါ အာရုံ ယူမယ်။ သမာဓိကို ပွားမယ်။

ငါ. . . သည်ကောင်းမှု ဓမ္မတရား၊ သမာဓိပွားပြီး ကမ္မဋ္ဌာန်းထိုင်ခြင်းဟာ လောကကို ချစ်ရာ၊ လူသတ္တဝါများကို ကြင်နာရာ၊ အနုပညာ သီလတရား ထိန်းရာ ရောက်မှာပဲ။ ဒါဆို ငါ လူဖြစ်ပါပြီ အစ်ကို။ ငါ ပျော်ပါပြီ၊ ဝမ်းသာပါပြီ။ ငါ့မျက်လုံး မြင်လျက်က မြင်ပါပြီ။

ငါ့ နားကြားလျက်က ကြားပါပြီ။

ငါ့အစ်ကို။

ငါ မှားမိသမျှ၊ လွန်မိသမျှ၊ မိုက်မိသမျှ၊ ဆိုးမိသမျှ ခွင့်လွှတ်သည်း ခံနိုင်စွမ်း အားကောင်းသော ငါ့အကို။

ခရီးအဆုံးမှာ ကောင်းသော ရောက်ခြင်း ရောက်ပါစေ။

ငါ့အစို သီလ၊ တရား၊ ဓမ္မများ ငါ့ဦးခေါင်းထဲ ကိန်းအောင်းပါစေ။ ငါ့မေတ္တာတရားကို ပွားမယ်။ သီလကို ရှာနေတော့မယ်။

လူ့အမြင်၊ လူ့အကြည့်၊ လူ့အသိများ၊ ပေးစွမ်းနိုင်ခဲ့သော ငါ့အစ်ကို။ ငါ လူမိုက် ဖြစ်မှားမိသမျှ၊ ငါ့ လက်ကြာပဒုံ ပင့်မြှောက်ကာ ငါ ကန်တော့ လိုက်ပါတယ်။ ငါ သီလလုံပ့ါမယ်၊ ငါ တရားလုံပ့ါမယ် ငါ့အစ်ကို။

ငါ့မှာ တစ်ယောက်တည်းပါ။ ငါပဲ ရှိတော့တယ်။

**(အစ်ကို ဗန်းမော်တင်အောင်သို့)** **ရှမဝ၊ ၁၉၇၉၊ ဇန်နဝါရီ**

**နေရီရီစာအုပ်တိုက်**

# ပြောင်းလဲလာသော
# ကျွန်တော့်အတွေးအခေါ်များ

**သန်းအောင်နိုင်**

ကျွန်တော် ငယ်ငယ်က မိဘ ဘိုးဘွားများနှင့်အတူ ကော့ကရိတ်မြို့ အလယ်ရွာရပ်တွင် နေခဲ့သည်။ ရှမ်းကုန်းရပ် မူလတန်းကျောင်းမှ မူလတန်း အဆင့်ကို အောင်ခဲ့ပြီး ကော့ကရိတ်တန်းမြင့် ကျောင်းတွင် ၅ တန်းသွား နေသည်။ တန်းမြင့်ကျောင်းသာဆိုသည် ဝါးတဲရှည်ကြီး နှစ်ဆောင်သာရှိ သည်။ ကျောင်းသွားကျောင်းပြန် လယ်ကွင်းများကို ဖြတ်သွားရ၊ ဒေါနတောင် တန်းကြီးကို တွေ့မြင်ရတော့ စိတ်မှာ ကြည်နူးလှသည်။ ကျွန်တော့် ဇာတိ မြေကို ကျွန်တော် ချစ်မြတ်နိုးမိသည်။ ထိုနှစ်က ကျွန်တော် ၅ တန်း စာမေးပွဲ ကျသည်။ အင်္ဂလိပ်ဘာသာ မဖြေနိုင်၍ ကျသည်။ ၅ တန်းမှ အင်္ဂလိပ်စာ စသင်ရသော ကျွန်တော့်မှာ မေးခွန်းကို မဖတ်တတ်၍ ဖြေနိုင်တာတွေ ရှိသော်လည်း အပုဒ်စေ့ မဖြေခဲ့၍ ကျရခြင်း ဖြစ်သည်။ အောင်စာရင်းမှာ မိမိနာမည်မတွေ့သောနေ့က မအိပ်နိုင်၊ မစားနိုင် ဖြစ်ခဲ့ရသည်။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံးအကြိမ် စိတ်မကောင်းဖြစ်ရသော နေ့ပါ။

ကျွန်တော့်အမေက ကျွန်တော့်ကို ချောင်းတောင်အလယ်တန်း ကျောင်းသို့ ပြောင်းရွှေ့ထားလိုက်သည်။ ထန်းပင်ကုန်းရပ်ကွက်တွင်ရှိ၍

ထန်းပင်ကုန်းကျောင်းဟုလည်း ခေါ်သည်။ မိုးတွင်းကာလတွင် ကော့ကရိတ်မြို့လယ်ကို ဖြတ်စီးသွားသော ချောင်းတံတားပေါ်မှ ဖြတ်သွားရပြီး၊ ဆောင်းနှင့် နွေဦးရာသီတွင် ချောင်းရေနည်း၍ ချောင်းကလေးကိုဖြတ်ပြီး ကျောင်းသွားရသည်။ ကျောင်းသွားတိုင်း ဒေါ်နတောင်တန်းကြီးကို တွေ့နေရသည်။ ထန်းပင်ကုန်း ကျောင်းဆရာကြီးက ဦးကျော့ဂိုက်။ ကျွန်တော် ၅ တန်း သုံးလခန့်တက်ပြီးသောအခါ ဆရာကြီးက ၆ တန်း တင်ပေးသည်။ ကျွန်တော် မတက်ပါ။ ၅ တန်းမှာပဲ ဆက်နေသည်။ ၅ တန်းမှ ၇ တန်းအထိ အတူနေခဲ့သည့် သူငယ်ချင်းများထဲက ဝင်းကြီးရပ်မှ အုန်းရွှေ၊ အောင်သိန်း၊ မစိန်မြိုင်၊ မစိန်တတ်၊ မကျင်ငွေ၊ ထန်းပင်ကုန်းရပ်မှ ကြာခဲ၊ ပဲဒီ၊ ဂျိုက်၊ မပန်းကြည်၊ ချောင်းတောင်ရပ်မှ အမြ၊ ချစ်ထွေး၊ အဇင်းက လှမောင်၊ သက်န်းညီနောင်က လှငွေတို့ကို ယခု စာရေးနေစဉ်မှာပင် အမှတ် ရ နေသေးသည်။

ဆရာကြီး ဦးကျော့ဂိုက်က ဖာပွန်မြို့သို့ အထက်တန်း ကျောင်းအုပ်အဖြစ် ရာထူးတိုးပြီး ပြောင်းရွှေ့သွားသည်။ ဆရာဦးတာမိုးက ကျောင်းအုပ်ဖြစ်လာသည်။ ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝမှာ ကရင်ပြည်နယ်ရ၍ ကရင်ဒုံးယိမ်း ကခဲ့ရသေးသည်။ ကင်းထောက်လုလင် အဖွဲ့ထဲလည်း ဝင်သည်။ ကျွန်တော်တို့၏ ပထမကင်းထောက်ဆရာမှာ ဆရာဦးစောထွန်းဝင်းဖြစ်သည်။ အဲဒီကတည်းက လူမှုဝန်ထမ်း ပရဟိတစိတ်ကလေး ကျွန်တော့်ရင်ထဲ ကိန်းအောင်းလာခဲ့သည်။ ကျွန်တော်ရယ်၊ ကိုလှမောင်ရယ်၊ မပန်းကြည်ရယ် ၇ တန်း စကောလားရှစ်စာမေးပွဲ ဝင်ဖြေရသည်။ ကျွန်တော်က စကောလားရှစ် စာမေးပွဲအောင်သည်။ ကိုလှမောင်က ရိုးရိုးပဲ အောင်သည်။ မပန်းကြည်က စာမေးပွဲကျသည်။ မပန်းကြည်အတွက် စိတ်မကောင်းဖြစ်ရ၍ ကျွန်တော် စကောလားရှစ်စာမေးပွဲအောင်တာကို ဝမ်းမသာနိုင်ပါ။ ကျွန်တော့် ဘဝမှာ သူငယ်ချင်းတစ်ယောက်အတွက် ပထမအကြိမ် စိတ်မကောင်းဖြစ်ရသောနေ့ပါ။

၇ တန်းအောင်တော့ အထက်တန်းကျောင်းကို လာတက်ရသည်။ ယခင် မိမိနေခဲ့သော တဲတန်းရှည်ကြီးမဟုတ်တော့ပါ။ သုံးသိန်းတန် အင်္ဂလိပ်အကွရာ E ပုံသဏ္ဌာန်နှစ်ထပ်တိုက်ကျောင်း ဖြစ်နေပြီ။ တဲကျောင်းတုန်းက ကျောင်းအုပ်ဆရာကြီးက ဦးတင် (မြန်မာ) ဖြစ်သည်။ အင်္ဂလိပ်စာသင်သည့် အထက်တန်းပြ ကုလားဆရာကြီး ဦးတင်လည်း ရှိသေး၍ ဆရာကြီးကို မြန်မာဟု ထည့်ခေါ်သည်။ ယခု ကျွန်တော် ၈ တန်း ပြန်တက်တော့ ကျောင်းအုပ်ဆရာမကြီးက ဒေါ်လှရင် ဖြစ်သည်။ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်း ဖြေသည့် ၁၉၆၀-၆၁ ခုနှစ်က ကော့ကရိတ်၊ မော်လမြိုင်နှင့် ရန်ကုန်မှ ကော့ကရိတ်မြို့သား ကျောင်းသူ ကျောင်းသား ၁၈ ယောက် အောင်မြင်ခဲ့သည်။ ယခင်နှစ်များက ကော့ကရိတ် အထက်တန်း ကျောင်းမှ တက္ကသိုလ် ဝင်တန်းကို နှစ်ယောက်၊ အများဆုံး သုံးယောက်သာ အောင်သည်။ ကျွန်တော်တို့နှစ်ကျမှ ဆယ်ယောက်ကျော် အောင်သည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် ကင်းထောက်လုလင်အဖွဲ့ ဆက်ဝင်သည်။ ကင်းထောက်ဆရာမှာ ဆရာဦးစံဝ ဖြစ်သည်။ ကင်းထောက် လုလင် သင်တန်းတက်ရသည်။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး တက်ရသော သင်တန်းဖြစ်သည်။ အလုပ်တစ်ခု တစ်ကျပ်။ ခိုင်းချင်တာ ခိုင်းဆိုပြီး မြို့ထဲရွာထဲ ရန်ပုံငွေရှာခဲ့တာကိုလည်း မှတ်မိနေသေးသည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝက အကောက်ခွန်ဝန်ထမ်းများ၊ လူဝင်မှု ကြီးကြပ်ရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝတ်စုံဝတ်ပြီး အလုပ်လုပ်နေကြ သည်ကို သိပ်သဘောကျသည်။ မြန်မာပြည်အနှံ့ တာဝန်ထမ်းဆောင်ရ သည်ကိုလည်း သဘောကျသည်။ ငါကြီးလာရင် အကောက်ခွန်ဝန်ထမ်း၊ ဒါမှမဟုတ် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း လုပ်မည်ဟု စိတ်ကူးမိသည်။ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး ကျွန်တော် တွေးမိသော အတွေးတစ်ခု ဖြစ်သည်။

၁၉၆၁ ခုနှစ်၊ ဇွန်လမှာ ကျွန်တော် မော်လမြိုင်ကောလိပ်ကို

စတက်သည်။ ဥပစာကောလိပ် ဖြစ်သည်။ ဥပစာ (က)တန်းနှင့် ဥပစာ (ခ) တန်းသာ ရှိသည်။ ကျောင်းအုပ်ကြီးက ဆရာကြီးဦးတိုးအောင် ခေတ်စမ်း စာရေးဆရာ (ကုသ) ဖြစ်သည်။ အစားအသောက်၊ ပစ္စည်းပစ္စယတွေက လည်း ဈေးပေါ၊ ပျော်ပွဲရွှင်ပွဲတွေကလည်း စုံလင်လှသည်။ မော်လမြိုင် ရောက်ခါစ အမေနှင့် အိမ်ကို လွမ်းပေမဲ့ နောက်တော့ ပျော်သွားသည်။ ကျွန်တော်တို့ တက်သည့်နှစ်က တောင်ပိုင်းက မော်လမြိုင်ကောလိပ်မှာ ကျောင်းသားက ၈၀၀ လောက်သာ ရှိသည်။ အားလုံးလိုလို မျက်မှန်းတမ်း မိနေကြသည်။ အားကစားလုပ်သူက လုပ်၊ မိန်းမပိုးသူက ပိုး၊ ဘာသာရပ် အသင်းများ၊ မြို့နယ်အသင်းများ လှုပ်ရှားသူက လှုပ်ရှား၊ ကျောင်းသား လှုပ်ရှားမှု လုပ်သူက လုပ်နှင့် ပျော်စရာကြီး ဖြစ်သည်။ ကျွန်တော်လည်း ကော့ကရိတ်မြို့နယ်အသင်း၊ ကော့ကရိတ်ခရိုင်အသင်းတို့တွင် ပြန်ကြား ရေးမှူး တာဝန်ယူရသည်။

မှတ်မှတ်ရရ ကျွန်တော်တို့ ကောလိပ်ကျောင်းသားဘဝမှာ ကျောင်းသားလှုပ်ရှားမှုများ၊ ရွေးကောက်ပွဲများ လုပ်ခဲ့သည်။ ပထမနှစ်မှာ ကိုခင်မောင်လွင်(မော်လမြိုင်)က ဥက္ကဋ္ဌ၊ ကိုကြည်မြင့်(သထုံ)က အတွင်းရေးမှူး ဖြစ်သည်။ ဒုတိယနှစ်တွင် ကိုကြည်မြင့်က ဥက္ကဋ္ဌ၊ ကိုဇော်ဝင်း(တောင်တွင်းကြီး) က အတွင်းရေးမှူး ဖြစ်သည်။ မော်လမြိုင်ဒီဂရီကောလိပ်လည်း ဖြစ်ခဲ့ သည်။ ဥပစာတန်းအောင်ပြီး မော်လမြိုင်ဒီဂရီကောလိပ်မှာပဲ ဝိဇ္ဇာတန်း ဆက်တက်သည်။

၁၉၆၂ ခုနှစ်၊ မတ်လ၊ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ တက်လာသည်။ သမ္မတကနေဒီ ဒါးလက်စ်မြို့မှာ လုပ်ကြံခံရလို့ စိတ် မကောင်းဖြစ်တာ မပျောက်သေးမီ ကျွန်တော်တို့တစ်တွေ ထောင်ထဲ ရောက်သွားသည်။ ၁၉၆၄ ခုနှစ် အလုပ်သမားနေ့ တစ်ပြည်လုံး ထောင်ခါ သည့်အချိန်ကျမှ ကျွန်တော်တို့ ဒုတိယတန်းခေါင်းဆောင်များ ပြန်လွတ် လာသည်။ ပထမတန်း ခေါင်းဆောင်များက လေး၊ ငါးနှစ်ကြာမှ ပြန်လွတ်

လာသည်။ ၁၉၆၄ ခုနှစ် ရွှေဂွန်းအထက်တန်းကျောင်းမှာ ကျွန်တော် ကျောင်းဆရာ သွားလုပ်သည်။ ၁၉၆၅ ခုနှစ်မှာ ကော့ကရိတ် အထက်တန်း ကျောင်းမှာ လုပ်အားပေး ကျောင်းဆရာ လုပ်သည်။

ကျောင်းပြန်တက်ခွင့်ရ၍ ရန်ကုန်သို့ လာခဲ့သည်။ စနစ်သစ် ပညာရေး စနေပြီ။ ပထဝီဝင်ဘာသာ အဓိကနှင့် ပထမနှစ်တက်ရမည်ဟု ဆိုသည်။ ကျွန်တော်သည် ၁၉၆၃ ခုနှစ်ကတည်းက ဝိဇ္ဇာ (က)တန်း ရောက်နေပြီဖြစ်ရာ စနစ်သစ်ပညာရေးကို မသင်တော့ဘဲ စနစ်ဟောင်း ရှိရာ လုပ်သားများ ကောလိပ်၌ ဝိဇ္ဇာ (က)တန်း ပြန်တက်ခွင့်ရသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဦးကျော် ဖြစ်သည်။ ဗိုလ်တထောင် အထက (၆) မှာ ကျောင်း ဆရာဝင်လုပ်ရင်း ညနေဘက်လုပ်သားများ ကောလိပ်တက်သည်။ ၁၉၆၁ ခုနှစ်ကတည်းက တက္ကသိုလ် စတက်တာ ၇ နှစ်ကြာမှ ဝိဇ္ဇာဘွဲ့ရသည်။ တစ်နှစ်မှ၊ တစ်တန်းမှ မကျခဲ့ဘဲ အပြင် ရောက်သွားသောကြောင့် ယခုလို ကြာခဲ့ရခြင်း ဖြစ်သည်။ ကျောင်းဆရာ လုပ်တာ လေး ငါးနှစ်ကြာလာတော့ ငါ ကျောင်းဆရာပဲ လုပ်တော့မယ်။ ကျောင်းဆရာလုပ်ရင်း စာရေးမယ် ဟု ကောလိပ်ကျောင်းသား ဘဝတွင် အတွေးအခေါ် ပြောင်းသွားပြန်သည်။ စာသင်ရသည့် အလုပ်ကို ကျွန်တော် နှစ်ခြိုက်သည်။

ကျွန်တော် ဗိုလ်တထောင် အထက (၆) မှာ ကျောင်းဆရာ လုပ်နေစဉ် ကျောင်းအုပ်ကြီးမှာ ဗိုလ်ကြီးဘဟိန်း ဖြစ်သည်။ ထိုစဉ်က ကျွန်တော် ၃၇ လမ်း၊ အလယ်ဘလောက်မှ၊ မော်လမြိုင်ကောလိပ်မှ ပထမဝီဝင် ဆရာမ ဒေါ်သန်းမြ ယောကျ်ား ဦးလှအေး(ပြည်ထဲရေးဌာန၊ အတွင်းဝန်ကလေး)နှင့် အတူနေသည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် လေထီးရဲဘော်သုံးကျိပ်ဝင် ဖြစ်သည့် သခင်လှကွန်း(လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ နိုင်ငံခြားသတင်း အယ်ဒီတာ)၊ စာရေးဆရာ စံတင့် (ရှမ်းပြည်)တို့နှင့် အိမ်နီးနားချင်း ဖြစ်သည်။ သူတို့နှစ်ဦးနှင့် သတင်းစာ

တိုက်များသို့ လိုက်လိုက်သွားသည်။ ကျွန်တော့်ကို သတင်းစာလောကထဲ ပို့ပေးသူကတော့ ဆရာစံတင့်(ရှမ်းပြည်)၊ လက်ခံသူကတော့ ဆရာဦးကြည်ညွန့်(ချစ်ကြည်ရေး ကြည်ညွန့်)၊ ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ၊ ၁၁ ရက်နေ့တွင် ကျွန်တော် မြန်မာ့အလင်းတွင် အလုပ်စဝင်သည်။ ညဘက် တွဲလုပ်ရသည့် သူကတော့ ဆရာဦးသန်းညွန့်(မြန်မာ့အလင်းသန်းညွန့်)တို့ ဖြစ်သည်။ ထိုစဉ်က နေ့စားလုပ်ခ ၃ ကျပ် ၁၅ ပြား ခေတ် ဖြစ်သည်။ ကျွန်တော်သည် လခမယူဘဲ ဝါသနာအလျောက် အခမဲ့ ဝင်လုပ်ခဲ့သည်။ ညဘက် အလုပ်ဆင်းရသည်။

ကျောင်းဆရာလုပ်သက် ၄ နှစ်ကျော်ကျော်ရှိ၍ တရားဝင် ကူးပြောင်းခွင့် လျှောက်ခဲ့ရာ ပညာရေး အထူးအရာရှိ ဗိုလ်မှူးညွန့်မောင်က ခံဝန်ချက် ၅ နှစ် မပြည့်သေး၍ ဆိုကာ ကန့်ကွက်သည်။ မြန်မာ့အလင်း အယ်ဒီတာချုပ် ဆရာဦးစိုးမောင် (သာဂရ ငစိုး)က ကူညီသည်။ ပညာရေး အတွင်းဝန် ဒေါက်တာညီညီကို ပြောပေးသည်။ ဒေါက်တာညီညီက ခွင့်ပြုသည်။ ဒီလိုနှင့် ကျွန်တော် ကျောင်းဆရာဘဝမှ အစိုးရလခစား သတင်းစာသမား ဖြစ်လာသည်။ မြန်မာ့အလင်းနှင့် ဟံသာဝတီသတင်းစာတိုက်များကို ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်နေ့တွင် ပြည်သူပိုင်သိမ်းခဲ့သည်။ ကျွန်တော် တစ်သက်လုံး သတင်းစာဆရာ၊ စာရေးဆရာပဲ လုပ်တော့မည်ဟု အတွေးအခေါ် ပြောင်းသွားပြန်သည်။

၁၉၆၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၁ ရက်နေ့မှာ မော်လမြိုင်က ကျောင်းဆရာမ ဒေါ်တင်တင်မြနှင့် အိမ်ထောင်ကျသည်။ သား တစ်ယောက်၊ သမီး ငါးယောက် ထွန်းကားသည်။ တစ်နေရာတည်း အတည်တကျ နေတော့မည် ဟု ဆုံးဖြတ်လိုက်သည်။ မြန်မာ့အလင်း သတင်းစာတိုက်တွင် အယ်ဒီတာချုပ် ဖြစ်ရေးသည် ကျွန်တော်၏ အန္တိမရည်ရွယ်ချက် ဖြစ်သည်။ တတ်နိုင်သလောက် အမှားအယွင်း မရှိအောင် နေထိုင်ခဲ့သည်။ သို့သော်လည်း ၁၉၈၈ ခုနှစ်မှာ ပင်စင်

ပေးခဲ့ရသည်။ ကျွန်တော့်မှာ နေစရာထိုင်စရာလည်း မရှိ အလုပ်ကလည်း မရှိ၊ ဇနီးသည်က အထက်တန်းပြကျောင်းဆရာမှ လခလေး ငါးရာ ရသည်။ သားသမီး ခြောက်ယောက်အနက် အငယ်ဆုံးက နို့စို့၊ အကြီး ငါးယောက်က ကောလိပ်ကျောင်းသား၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူများ ဖြစ်သည်။ ကျွန်တော် စိတ်ဓာတ်မကျခဲ့ပါ။

ရန်ကုန်မြို့မှာ ကော့ကရိတ်မြို့နယ်အသင်းဖွဲ့ကတည်းက ကျွန်တော် ပါလာခဲ့ရာ အတွင်းရေးမှူး ၁၅ နှစ်၊ ဥက္ကဋ္ဌ ၁၀ နှစ်နှင့် ယခု နာယက တာဝန်ကို ယူထားပါသည်။ အယုတ်အလတ် အမြတ်မရွေး၊ ကြီးငယ်မရွေး၊ သူစိမ်း၊ သူကျက် ကျွန်တော်တို့ ဇနီးမောင်နှံ လူတွေ အများကြီးကို ကူညီခဲ့သည်။ ယခု ကျွန်တော်တို့မိသားစု ဒုက္ခရောက် နေပြီ။ မိမိတို့ကူညီထားသည့် လူများဆီက အကူအညီမရဘဲ မိမိတို့ဟာ ဒီလိုစိတ်ဓာတ်ရှိသည့် လူတွေပါ လားလို့သိသည့် သူများထံမှ အကူအညီ ရခဲ့သည်။

ကျွန်တော်တို့ ပင်စင်စားတွေစုပြီး မိုးဂျာနယ်ထုတ်သည်။ မိုးဂျာ နယ် ရပ်သွားသည့်အခါ နံနက်ခင်းဂျာနယ်တွင် ခေတ္တခဏ ဝင်လုပ်သည်။ ရန့်သစ်မဂ္ဂဇင်းမှာ လုပ်သည်။ ရန့်သစ်မဂ္ဂဇင်းက လစဉ်ပုံမှန် မထွက်။ သုံးလမှ တစ်စောင်လောက် ထွက်သည်။ တက်လမ်းဂျာနယ်ကိုပဲ ဝိုင်းကူလုပ် ပေးခဲ့ရသည်။ ထို့နောက် မြန်မာ့တိုင်း(မ်)ဂျာနယ်၊ မြန်မာဘာသာဖြင့် စတင်ထုတ်ဝေသည့်အခါ ကျွန်တော့်ကို ခေါ်သည်။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလကတည်းက မြန်မာတိုင်း(မ်)ကို ရောက်ခဲ့သည်။ ကျွန်တော့် ကလေးတွေလည်း ဘွဲ့ရ အလုပ်အကိုင်တွေနှင့် ဖြစ်ကုန်ပြီ။ ကျွန်တော်လည်း အသက်ကြီးလာပြီ။ ဆရာတင်မောင်မြင့် ဘာသာပြန် သည့် 'အမတ ရှာပုံတော်' စာအုပ်ကို ဖတ်ပြီးနောက် ကျွန်တော့်အသက် ကို ကျွန်တော် ၈၀ အထိနေဖို့ ဆုံးဖြတ်လိုက်သည်။ ပရဟိတ လူမှုဝန် ထမ်း အလုပ်များ လုပ်ရင်းနှင့် မိမိဘဝကို ကုန်လွန်စေမည်။ ကျွန်တော်

ချစ်သော ဒေါ်န တောင်တန်း မိဘမဲ့ကလေး ဂေဟာဆိုတာကို ထူထောင်ပြီး အဲဒီ ကလေးတွေ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မြေတောင်မြှောက်ပေးမည်။ သူတို့အတွက်ရော တိုင်းပြည်အတွက်ပါ အကျိုးရှိပြီး လူတော်လူကောင်းလေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးမည်ဟု ယခု ကျွန်တော့်အသက် ၆၄ နှစ် အရွယ်မှာ ကျွန်တော့်အတွေးအခေါ်တွေလည်း ပြောင်းလဲသွားပါ သည်။ အခြေအနေ၊ အချိန်အခါ အသက်အရွယ်ကို လိုက်ပြီး လူများသည် အတွေးအခေါ် ပြောင်းလဲတတ်ကြပါကလား ဆိုတာ ကျွန်တော့်ကိုယ်တွေ့ သိရပြီ ဖြစ်သည်။

၂၆၊ ၉၊ ၀၉

# ယနေ့ ကျော်ဆွေနှင့် ဆရာအောင်လင်း၏ စကားဥပမာ

အောင်နိုင်သူ

ဒါရိုက်တာမင်းသား ယနေ့ ကျော်ဆွေ (မော်နီ) သည် ဦးတင်ဖေ (စာရေးဆရာအောင်လင်း) အား လာရောက် ခေါ်ဆောင်သွားသည်။

ဒါရိုက်တာ မင်းသားကျော်ဆွေ မောင်းနှင်လာသော မီးခိုးရောင် မာစီးဒီးကားကလေးသည် ကမ္ဘာအေး၊ သီရိမင်္ဂလာလမ်းရှိ ခြံနှင့်ဝင်းနှင့် တစ်ထပ်တိုက်ကလေး၏ ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။ ကားပေါ်က ဆင်းခဲ့ကာ အိမ်ထဲသို့ဝင်ပြီး ဧည့်ခန်းရှိ နှစ်ယောက်ထိုင် ဆိုဖာဆက်တီတွင် ထိုင်လိုက်ကြသည်။

မကြာမီပင် အဆင်သင့် ပြင်ထားသော ရုပ်ရှင်ပြစက်မှ ကျော်ဆွေနှင့် ခင်ယုမေတို့ သရုပ်ဆောင်ထားကြသော ဇာတ်ဝင်ခန်း တချို့ကို ပြသသည်။

ဒါရိုက်တာ မင်းသားကျော်ဆွေက ဇာတ်ဝင်ခန်းများကို ပြသပြီးနောက် ဆရာအောင်လင်းနှင့် စကားစမြည် ပြောသည်။ ဇာတ်ဝင်ခန်းတွင် သူ လိုချင်သော သီချင်း၏ အကြောင်းအရာ အချက်အလက်များကို

အသေးစိတ် ပြောပြသည်။

ဆရာအောင်လင်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း သူ့တယောပြားလေးကို အသံစမ်းလိုက်၏။

နောက်ထပ် တစ်ဖန် စောစောက ပြသခဲ့သော ဇာတ်ဝင်ခန်းများကို ပြသပြန်သည်။ ဆရာအောင်လင်းသည် ဇာတ်ဝင်ခန်းများကို သေချာစေ့င ကြည့်ရှုနေမိသည်။

သည်ရုပ်ရှင်ဇာတ်ကားမှာ ဆရာအောင်လင်း၏ ဝတ္ထုဇာတ်လမ်း 'မိုး' ဖြစ်သည်။ ရွှေဝယ်သီရိရုပ်ရှင်အတွက် ဒါရိုက်တာ မင်းသားကျော်ဆွေက တာဝန်ယူ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်ကို နောက်ခံပြုလျက် ရှုခင်းရှုကွက် လှပစွာဖြင့် တင်ဆက်ထားသော ကြေကွဲဖွယ် အချစ်ဇာတ်လမ်း ဖြစ်သည်။

ဇာတ်ဝင်ခန်းများကို ကြည့်ရှုပြီးနောက် ထိုအထဲမှ ဇာတ်ဝင်ခန်းနှစ်ခန်းအတွက် ဆရာအောင်လင်းက သီချင်းနှစ်ပုဒ် ရေးပေးရန် ဖြစ်သည်။

ဆရာအောင်လင်းသည် တယောကလေး ထိုးလိုက်၊ သီချင်းစာသားများကို ချရေးလိုက်ဖြင့် အချိန်တစ်နာရီခန့် ကြာသောအခါ သီချင်းနှစ်ပုဒ်စလုံး ပြီးဆုံးသွားသည်။

သီချင်းနှစ်ပုဒ်စလုံးကို တစ်ပုဒ်ချင်း ဆရာအောင်လင်းက တယောထိုး၍ ကိုယ်တိုင်ဆိုပြသည်။

ဒါရိုက်တာ မင်းသားကျော်ဆွေက တလေးတစား ဂရုတစိုက်သောတဆင်သော်လည်း သီချင်းနှစ်ပုဒ်စလုံးကို နှစ်သက်ဟန်မတူ။

"အားတော့ နာပါရဲ့ဗျာ။ ကျွန်တော် ကိုတင်ဖေရဲ့ သီချင်းနှစ်ပုဒ်စလုံး သုံးဖြစ်မယ် မထင်ဘူး။ သိပ်အားမရလို့ပါ။ စိတ်မရှိနဲ့နော်" ဟု မဝံ့မရဲ ဆိုရှာသည်။

"ရပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီမှာ ဝတ္ထုရေးရမယ့်အချိန်တွေ

ပေးလိုက်ရတယ်။ အချိန်ဟာ တန်ဖိုးရှိသလို အနုပညာဟာလည်း တန်ဖိုးဖြတ်လို့ မရဘူး။ ကျွန်တော် ဖန်ဆင်းတဲ့ သီချင်းနှစ်ပုဒ်ကတော့ အလဟဿဖြစ်ရပြီ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ။ ကိုတင်ဖေ့မှာ အနုပညာစွမ်းပကားတွေ အများကြီး ရှိပါသေးတယ်။ ဖန်တီးရေးဖွဲ့ သီဆိုတီးခတ်နိုင်တဲ့ အနုပညာအသည်းနှလုံးနဲ့လူမို့ ကျွန်တော် လေးစားပါတယ်" ဟု ဆိုသည်။

ဆရာအောင်လင်းက ပြုံး၍ "ကျေးဇူးတင်ပါတယ်. . . ကိုမော်နီ" ဟု ပြောကာ သီချင်းစာရွက်ကိုခေါက်၍ အိတ်ကပ်ထဲထည့်သည်။ တယောကိုပါ သိမ်းလိုက်သည်။

"ပြန်တော့မလို့လား။ နေပါဦးဗျာ. . . ကျွန်တော် ဝီစကီနဲ့ ဧည့်ခံပါရစေ"

"နေပါစေ။ ကျွန်တော့် လုံးချင်းတစ်ပုဒ် ဒီနေ့ည အဆုံးသတ်စရာ ရှိလို့"

"ဪ. . . ဪ. . . ဒါဖြင့် သွားကြရအောင်"

"ကိုမော်နီ. . . သီချင်းရေးခလေး ချီးမြှင့်ပါဦး"

"ကိုတင်ဖေ့သီချင်း သုံးမှ မသုံးတာ။ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ သီချင်းကို အသုံးမပြုရင် ပိုက်ဆံမပေးရဘူးလေ။ အဲဒါ ထုံးစံပဲ"

"အဲဒီထုံးစံက တစ်ဖက်အနုပညာရှင်ကို နစ်နာစေတယ်။ ဒီမယ် ကိုမော်နီ. . . ကျွန်တော်တို့ဟာ အနုပညာသမား၊ အနုပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေကြသူပါ။ ကျွန်တော် ရင်နဲ့ရင်းခဲ့ရတဲ့ စောစောက သီချင်းနှစ်ပုဒ်ဟာ ပရိသတ်ကို တင်ပြခွင့် မရတော့ဘူး။ အဲဒါ ရှုံးတာပဲ ကိုမော်နီ။ ကျွန်တော် ငွေမက်လို့ ခင်ဗျားဆီက သီချင်းရေးခ တောင်းနေတာ မဟုတ်ပါဘူး။ ငွေဆိုတာ အနုပညာနဲ့ ယှဉ်လိုက်ရင် ဘာမှ တန်ဖိုးမရှိတဲ့ စက္ကူစုတ်သာသာပါဗျာ"

ဆရာအောင်လင်း၏ ရင်ဖွင့်သံကို ဒါရိုက်တာ မင်းသားကျော်ဆွေ

ခံစားနားလည်လိုက်ရသည်။

"အနုပညာသည်ချင်း ကျွန်တော် ကိုယ်ချင်းစာပါတယ် ကိုတင်ဖေ။ ထုံးစံမို့ ကျွန်တော် ပြောမိတာ။ ကိုတင်ဖေ ပြောတာကို ကျွန်တော် လက်ခံပါတယ်။ ဘယ်လောက် ချီးမြှင့်ရမလဲ"

"တစ်ပုဒ် ၅၀၀ ဆိုတော့ . . . နှစ်ပုဒ် . . . ၁,၀၀၀။ ကျေးဇူးတင်ပါတယ် . . . ကိုမော်နီ"

X X X

မီးခိုးရောင် မာစီးဒီးကားကလေးကို မောင်းနှင်လာခဲ့ရာ တိရစ္ဆာန်ဥယျာဉ်အနီးသို့ ချဉ်းနင်းဝင်ရောက်စပြုပြီ။ ဖ. ဆ. ပ. လ တိုက်များသို့ အရောက် လမ်းဘေးတစ်နေရာ ကုက္ကိုပင်ကြီးအောက်တွင် သူဝယ်စားနေကျ ဗယာကြော်ဆိုင်ကလေးကို ဆရာအောင်လင်း တွေ့လိုက်ရသည်။

"ဟိုမှာတွေ့လား ကိုမော်နီ"

တစ်လမ်းလုံး နှစ်ဦးသား နှုတ်ဆိတ်နေကြရာမှ ဆရာအောင်လင်းက စတင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဘယ်မှာလဲဗျ . . . ကိုတင်ဖေ။ ဘာတွေ့ရမှာတုန်း"

"ဗယာကြော်ကုလားလေးလေ။ ဗယာကြော်·ကြော်နေတာ"

ဆရာအောင်လင်းက လက်ညှိုးညွှန်ကာ ပြောလိုက်သည်။

ဒါရိုက်တာ မင်းသားကျော်ဆွေက ဆရာအောင်လင်း ညွှန်ရာသို့ ကားကို အရှိန်လျှော့မောင်းရင်း မျက်လုံးတစ်ချက် ဝေ့၍ ကြည့်လိုက်သည်။

"ကိုတင်ဖေ စားချင်လို့လား။ ကျွန်တော် ကားရပ်ပေးမယ်လေ"

"မဟုတ်ပါဘူး။ ကျွန်တော် ဥပမာတစ်ခု ပြောချင်လို့ပါ။ အဲဒီ ဗယာကြော်ကုလားလေးဆီက ကျွန်တော်တို့ ဗယာကြော်ဝယ်စားကြတယ် ဆိုပါစို့။ စားပြီး မင်းဗယာကြော် မကောင်းဘူး၊ မကြိုက်ဘူးဆိုပြီး

ပိုက်ဆံမပေးလို့ ရမလား"

"ဘယ်ရမလဲဗျ"

"ကျွန်တော်တို့ဟာ ဗယာကြော် ကြော်ရောင်းနေကြတာ မဟုတ်ပါဘူး။ အနုပညာနဲ့ ကောင်းရောင်း ကောင်းဝယ် ပြုနေကြတာပါ"

ဆရာအောင်လင်း၏ စကားဥပမာကို ဒါရိုက်တာ မင်းသားကျော်ဆွေ သဘောကျသွားသည်လားမသိ။ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်၏။

ထိုအပြုံးမှာ ရုပ်ရှင်သရုပ်ဆောင် အနုပညာသည်တစ်ဦး၏ နှစ်လိုဖွယ်ရာ အပြုံး။ ရုပ်ရှင်တွင် သရုပ်ဆောင်ခဲ့သော အပြုံးမျိုး မဟုတ်။ အပြုံး အတုမဟုတ်။ တကယ့်အပြုံး စစ်စစ်သာ ဖြစ်ပေလိမ့်မည်။

ဖြူတီမက်စ်
၂၀၀၇၊ ဇွန်

# တစ်ခါတုန်းက ရွှေမန်းမေ

ဆောင်းဝင်းလတ်

မြန်မာ့စာနယ်ဇင်းလောက၌ မဂ္ဂဇင်းဂျာနယ်များစွာ စီစဉ် ထုတ်ဝေနေကြသည်။ ဆက်လက်၍လည်း ထွက်ပေါ်လာကြဦးမည့် မဂ္ဂဇင်းဂျာနယ်များ ရှိကောင်းရှိပါလိမ့်ဦးမည်။

ခေတ်ကာလအဆက်ဆက် ထွက်ပေါ်ခဲ့သော မဂ္ဂဇင်းဂျာနယ်တချို့တွင် 'ရွှေမန်းမေ' ဟူသော မဂ္ဂဇင်းတစ်စောင်လည်း ရှိခဲ့ဖူးပါသည်။ အယ်ဒီတာမှာ ကွယ်လွန်သူ သတင်းစာဆရာ၊ စာရေးဆရာကြီး စိန်ခင်မောင်ရီဖြစ်ပါ၏။ ၁၉၉၁ သို့မဟုတ် ၁၉၉၂ ခု လောက်က ဖြစ်မည် ထင်ပါ၏။ ထိုစဉ်က မဟေသီမဂ္ဂဇင်းတိုက်တွင် ကျွန်တော် အလုပ်ဝင်လုပ်နေ၏။ တစ်ရက်တွင် ဆရာစိန်ခင်မောင်ရီက တယ်လီဖုန်းလှမ်းဆက်ပြီး ရန်ကုန်မြို့ အရှေ့ပိုင်း၊ ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ တိုက်ခန်းတစ်ခန်းတွင် နေ့စဉ်သူ ရှိနေကြောင်း၊ မဂ္ဂဇင်းအသစ်တစ်စောင်အတွက် အယ်ဒီတာစားပွဲထိုင်ပေးနေရကြောင်းနှင့် မဂ္ဂဇင်းနာမည်မှာ 'ရွှေမန်းမေ' ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော့်ကိုလည်း လာလည်စေချင်ကြောင်း ပြောကာ တိုက်ခန်းတည်နေရာကို ပြောပြပါသည်။ ဆရာ့ အလုပ်ခန်းမှာ မဝေးလှပေ။ မဟေသီမဂ္ဂဇင်းတိုက် တည်ရှိရာ ၄၅ လမ်းနှင့် နီးသဖြင့် ကျွန်တော်

အလုပ်အားသည့် အချိန်ပိုင်းလေးအတွင်း ဆရာ့ထံရောက်သွားပါသည်။

ဆရာက ပထမဆုံး ထုတ်ဝေမည့် 'ရွှေမန်းမေ' မဂ္ဂဇင်း၏ မျက်နှာဖုံးကို ပြပါသည်။ မဂ္ဂဇင်း အဖုံးမှာ ဟိုယခင် ရှုမဝ၊ စန္ဒာမဂ္ဂဇင်းများနှယ်ပင် ပန်းချီကားချပ်အဖုံး ဖြစ်ပါသည်။ နာမည်ကျော်ပန်းချီဆရာကြီး ဦးသောင်းဟန်၏ လေးရောင်ခြယ် လက်ရာကို တွေ့ရကာ၊ ကျွန်တော့်စိတ်အာရုံထဲတွင် မှတ်မိသလောက် မန္တလေးသူ ပျိုဖြူချောတစ်ယောက် ရွှေခြေကျင်းကြီး ဝတ်ထားပြီး စက်ဘီးကလေးကို ခပ်နွဲ့နွဲ့မှီကာ ရပ်နေပုံ ရေးဆွဲထားသည်ဟု ထင်ပါသည်။ နောက်ခံကားမှာလည်း မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင် ဟုထင်ပါသည်။

ဆရာစိန်ခင်မောင်ရီနှင့် ကျွန်တော် ရေကျော်လမ်းမကြီးထိပ်ရှိ မောင်အေးကဖီးသို့သွားကာ လက်ဖက်ရည် သောက်ရင်း စကားစမြည် ပြောဖြစ်ကြပါသည်။ ကျွန်တော် သိသလောက်မှာ စာနယ်ဇင်းများတွင် ဆရာ အယ်ဒီတာ ဝင်မလုပ်တာ ကြာပေပြီ။ ဟိုတုန်းကတော့ ကြေးမုံသတင်းစာတိုက်မှာ ဆရာ အလုပ်လုပ်ခဲ့သည်။ ထို့နောက် နိုင်ငံရေးအရ အထိန်းသိမ်းခံရသည်။ အထိန်းသိမ်းခံရာမှ လွတ်မြောက်လာသောအခါ သက်ဆိုင်ရာသို့ မဂ္ဂဇင်းထုတ်ဝေခွင့်လျှောက်ရာ ထုတ်ဝေခွင့် ရပါသည်။

ဆရာ့မဂ္ဂဇင်းအမည်မှာ 'ဖြူနီညိုပြာ'။ ဆရာပြောပြသမျှ သိရသည်မှာ မဂ္ဂဇင်းထုတ်ဝေရေးအတွက် ငွေပင်ငွေရင်းကို ဆရာ့ဖခင်လည်းဖြစ်၊ စာရေးဆရာလည်း ဖြစ်သော စာရေးဆရာ ပုလိပ်အရာရှိတစ်ဦးက ထုတ်ပေးကြောင်း သိရပါသည်။ ဆရာ့ဖခင်တွင် ပုံနှိပ်စက်လည်း ရှိတော့ မဂ္ဂဇင်းအတွက် အဆင်ပြေပါ၏။ 'ဖြူနီညိုပြာ' မဂ္ဂဇင်းမှာ ကနဦးစထွက်ထွက် ချင်း တစ်ကျပ်တန် မဂ္ဂဇင်းဖြစ်ပြီး တာဝန်ခံ အယ်ဒီတာမှာ ကွယ်လွန်သူ ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေ ဖြစ်ပါသည်။ အယ်ဒီတာများမှာ မုံရွာစောလွင်နှင့် ဦးကိုကိုလေး(ထွန်းသစ်) ဟူသည့် ဆရာနှစ်ယောက်ပင် ဖြစ်ပါ၏။ စာဖောင်နည်းနည်းနှင့် တစ်ကျပ်တန် မဂ္ဂဇင်း

အဖြစ် လေးအုပ်မြောက် ထုတ်ဝေပြီးသောအခါ ကွယ်လွန်သူ စာရေးဆရာဝင်းဦး၏ အကြံပေးချက်ကြောင့် နှစ်ကျပ်တန် စာဖောင်များများနှင့် မဂ္ဂဇင်းကြီး အဖြစ် ပြောင်းထုတ်ခဲ့သလို မဂ္ဂဇင်းကိုလည်း ဆရာဝင်းဦးက သူပိုင် စန္ဒာစာအုပ်တိုက်မှပင် တာဝန်ယူကာ ဖြန့်ချိပေးပါသည်။

ထိုစဉ်က ဆရာဝင်းဦး၏ စန္ဒာရုပ်စုံမဂ္ဂဇင်းကြီးမှာ စောင်ရေ တစ်သောင်းကျော် ပုံနှိပ်ရသည်အထိ အောင်မြင်နေပြီး ဆရာစိန်ခင်မောင်ရီ ဦးစီးထုတ်ဝေနေသည့် 'ဖြူနီညိုပြာ'မဂ္ဂဇင်းမှာလည်း စောင်ရေ တရိပ်ရိပ် တက်လာကာ သောင်းဂဏန်းကျော်လာပါသည်။ 'ဖြူနီညိုပြာ'မဂ္ဂဇင်းကို စန္ဒာမဂ္ဂဇင်းလိုပင် အောင်မြင်စေရန်အတွက် အဖက်ဖက်မှ ကူညီအားပေးခဲ့သော ဆရာဝင်းဦးက 'ဖြူနီညိုပြာ' မဂ္ဂဇင်းအတွက် အခန်းဆက် ဝတ္ထုရှည်ကြီး 'ဖြူနှင့်နီ' ကို ရေးပေးပြန်သောအခါ စာဖတ်ပရိသတ်များ အားပေးခြင်းခံရပြီး 'ဖြူနီညိုပြာ'မှာ စောင်ရေကောင်းလာပါသည်။ ကျွန်တော်တို့ လူငယ်ဘဝ လစဉ် စောင့်ဖတ်ရသော မဂ္ဂဇင်းကြီးများတွင် ဖြူနီညိုပြာလည်း ပါဝင်လာပါသည်။ တစ်နှစ်ခန့် ကြာသောအခါ 'ဖြူနီညိုပြာ'ကို ဆရာခင်မောင်ရီတို့ မိသားစုက ကိုယ်တိုင် ဖြန့်ချိပြီး စာဖတ်ပရိသတ်များအား စာရေးဆရာဝင်းဦး၏ 'အချစ်ပုံပြင်ဟောင်း'ဝတ္ထုကို ဖတ်ရှုကာ စန္ဒာရုပ်ရှင်မှ ရုပ်ရှင်ရိုက်ဖို့ ဇာတ်ညွှန်းရေးသားပေးပို့ကြရန်၊ ဇာတ်ညွှန်းပြိုင်ပွဲပါ ထည့်သွင်းခဲ့သဖြင့် ဖြူနီညိုပြာကို ပိုပြီး လူတွေ စိတ်ဝင်စားလာပါသည်။ ဤသို့ဖြင့် ဖြူနီညိုပြာမဂ္ဂဇင်း အရှိန်အဟုန် ပြင်းပြင်းနှင့် စာနယ်ဇင်းလောကထဲတွင် ခိုင်မြဲတော့မည့်ဆဲဆဲ. . . ထိုခေတ် ထိုအခါက သက်ဆိုင်ရာမှ မဂ္ဂဇင်းစာစောင် အရေအတွက် တော်တော်များများကို ထုတ်ဝေခွင့် ရပ်ဆိုင်းလိုက်ပြန်ရာ ကံအကြောင်း မကောင်းလှစွာဖြင့် ဆရာစိန်ခင်မောင်ရီ၏ ဖြူနီညိုပြာမဂ္ဂဇင်းလည်း ပါသွားခဲ့ရှာပါသည်။ဆရာဝင်းဦး၏ စန္ဒာမှာမူ ဆက်လက်ထုတ်ဝေခွင့် ရခဲ့ပါသည်။ ဤသို့ဖြင့် ဆရာစိန်ခင်မောင်ရီမှာ အယ်ဒီတာ စားပွဲမထိုင်ဖြစ်တော့ဘဲ စာရေးခြင်း၊

စာဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း အလုပ်ကိုသာ လုပ်ရရှာပြန်ပါသည်။ ဆရာက ရုံတင်သော မြန်မာရုပ်ရှင်ဇာတ်ကားသစ်များကို ကြည့်ပြီး ရုပ်ရှင်ဝေဖန်ရေး ဆောင်းပါးတွေ ရေးပါသည်။ ကျွန်တော် မဟေသီမဂ္ဂဇင်းမှာ အယ်ဒီတာ ဝင်လုပ်နေစဉ် ဆရာ့ထံမှ လစဉ် စာမူရ၍ ကျေးဇူးတင် ဝမ်းသာခဲ့ရပါသည်။

ရန်ကုန်ဆင်ခြေဖုံး ကမာရွတ်ဘူတာရုံကလေး မှတစ်ဆင့် မြို့ပတ်လော်ကယ်ရထားစီးကာ ရန်ကုန်မြို့ထဲမှာ ရုပ်ရှင်လာလာကြည့်ရသော ဆရာ့တာဝန်က မသေးလှပါ။ "ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ ခင်ဗျား" ဆောင်းပါးစာမူများကို ဆရာ လာပို့သည့်အခါ မဟေသီမဂ္ဂဇင်းတိုက်မှာ ဆရာနှင့် ကျွန်တော် အမြဲဆုံရတတ်ပါသည်။ ပြုံးပြုံးရွှင်ရွှင်နှင့် သူ့လက်ကြားမှာ အစီခံမပါသော ခပေါင်းစီးကရက်လေးကို အငွေ့တလူလူနှင့် ညှပ်ထားတတ်ပါသည်။ ဆရာ စာရေးလျှင် စာရွက်အဖြူ အပိုင်းအစ သေးသေးရှည်ရှည်လေးတွေနှင့် ရေးတတ်သလို ဆရာ့စာမူကို ပရုဖ်ဖတ်လျှင် မျက်စိရှင်ရှင်ထားပြီး ဆရာ့လက်ရေး သေးသေး မျှင်မျှင်လေးတွေကို ဂရုထားကာ ကြည့်ဖတ်ရပါသည်။

ဆရာစိန်ခင်မောင်ရီမှာ ဝါရင့် သမ္မာရင့် သတင်းစာဆရာ ဖြစ်သောကြောင့် သူ ဘာစာရေးရေး ဖတ်၍ အလွန် အရသာရှိပါသည်။ ပင်ကိုရေး ဆောင်းပါးများ၊ ရုပ်ရှင်ဝေဖန်ရေး ဆောင်းပါးများ၊ ဘာသာပြန်ဝတ္ထုများ မှအစ ဆရာလက်ရာကောင်းများ ချည်းသာပင်။

ဆရာကား မဂ္ဂဇင်း အယ်ဒီတာ စားပွဲနှင့် သိပ်ပြီး ဓာတ်တည့်ဟန်မတူပါ။ ဆရာ တာဝန်ယူ ဆောင်ရွက်မည့် ရွှေမန်းမေမဂ္ဂဇင်းမှာလည်း သက်တမ်း မရှည်ကြာခဲ့ပါ။ ဆရာကား စာရေးဆရာဘဝဖြင့် ကွယ်လွန်ချိန်အထိ စာများများ ရေးသားသွားကာ အမျိုးသားစာပေဆုလည်း ရရှိခဲ့ပါသည်။ ဆရာ မကွယ်လွန်မီကနှင့် ဆရာ ကွယ်လွန်သည့်နေ့အထိ ဆရာ့အိမ်သို့ မကြာခဏ ကျွန်တော် ရောက်ခဲ့ဖူးပါသည်။ ရိုးစင်းဖြူစင်

တည်ငြိမ်သော မိသားစု အိမ်ကလေးထဲတွင် အမှတ်ထင်ထင်ပင် ဆရာ့ပုံတူပန်းချီကားတစ်ချပ် ချိတ်ဆွဲထားတာ မြင်ခဲ့ရဖူးပါသည်။ ရေးဆွဲသူပန်းချီဆရာ၏ အမည်ကို 'ကြည်လွင်' ဟု ပန်းချီကားပေါ်မှာ လက်မှတ်ရေးထိုးထားပါသည်။ အခြားသူ မဟုတ်ပါ။ ယနေ့ စာနယ်ဇင်းလောကတွင် လူသိထင်ရှား ကာတွန်းများ ရေးဆွဲနေသော ကာတွန်း အနုပညာရှင်ဆရာ ကာတွန်းငွေကြည်ပင် ဖြစ်ပါသည်။ သူ့အမည်ရင်းမှာ ဦးကြည်လွင်။ ငယ်နုစဉ်က ဆရာ့ပန်းချီလက်ရာတစ်ချပ်ပါ။ ယခုကာလကား မြန်မာရုပ်ရှင်ဇာတ်ကားကြီးများ အရေအတွက် နည်းပါးသွားကာ ဗီဒီယို၊ ဒီဗီဒီဇာတ်ကားများ အရှိန်အဟုန် ကောင်းနေပြန်သည်ဟု ထင်မိ၏။

ဆရာစိန်ခင်မောင်ရီသာ သက်ရှိထင်ရှား ရှိခဲ့ပါလျှင် ရုပ်ရှင်ဝေဖန်ရေး ဆောင်းပါး၊ ဗီဒီယိုဇာတ်ကား၊ ဒီဗီဒီဇာတ်ကား ဝေဖန်ရေးဆောင်းပါးများကို လက်မလည်အောင် ရေးသားနေရပေဦးတော့မည်ဟု လွမ်းစိတ် ဝေမိပါ၏။

၅၊ ၁၀၊ ၂၀၀၉

# နေရာ

ခင်စောတင့်

လူတိုင်းအတွက် နေရာလေးတစ်ခုတော့ ရှိကြပါတယ်။ မိသားစု အတွင်းမှာဆိုရင် အဖေ့နေရာ၊ အမေ့နေရာ၊ အစ်ကိုကြီး၊ အစ်မကြီးနေရာ၊ ကလေးများရဲ့နေရာ ဆိုတာ ရှိကြရာမှာ အဖေက ထိပ်ဆုံးမှာ နေရာယူပြီး အမေက ဒုတိယနေရာမှာ ရှိကြမြဲပါပဲ။ သူ့နေရာနဲ့ သူ ဂုဏ်သိက္ခာ ရှိပြီး ဦးစားပေး ခံကြရပါတယ်။

နိုင်ငံတော် ဌာနတွေမှာလည်း ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး စသည်တို့ အသီးသီး နေရာ ရရှိကြပါတယ်။ စီးပွားရေး ကုမ္ပဏီတွေဆိုရင်လည်း ဒါရိုက်တာ၊ မန်နေဂျာ စသည်ဖြင့် အဆင့် အသီးသီးမှာ နေရာရှိကြပါတယ်။

ကျွန်မကတော့ အမေ ဖြစ်တဲ့အတွက် အမေ့နေရာ အကြောင်းကို တွေးကြည့်မိပါတယ်။ "မိဘတွေက သားသမီးတွေအတွက် အမြဲ ထိပ်ဆုံး မှာ ရှိနေနိုင်ပါ့မလား" ဆိုတဲ့ မေးခွန်းကို မေးကြည့်ပါတယ်။ သားသမီးတွေ အတွက် အဖေ ဆိုတာကတော့ ထိပ်ဆုံးမှာ ရှိပြီး ဦးစားပေး ရိုသေလေးစား ခံရသူပါပဲ။ ကျွန်မရဲ့ မိသားစုမှာလည်း အဖေ့ကို သားသမီးများက စားပွဲ ထိပ်မှာ ထိုင်စေပြီး၊ အဖေ့နေရာလို့ သတ်မှတ်ထားပြီး စားဦးစားဖျားလေး

တွေ ကျွေးကြပါတယ်။ အဖေ ကွယ်လွန်သွားတော့ အမေ ဖြစ်တဲ့ ကျွန်မ ကို စားပွဲထိပ်မှာ ထိုင်စေပြီး ပြုစုကြပါတယ်။ အိမ်ထောင်အသီးသီးကျ ကုန်ပေမဲ့ စားဦးစားဖျားလေးတွေ လာပြီး ပို့ကြဆဲပါ။ အတူနေ ချွေးမ ကတော့ စားဝတ်နေရေးသာမက ကျန်းမာရေးကိုပါ ဂရုစိုက်ပေးပါတယ်။

ဒါပေမဲ့ သူတို့မှာ သူတို့ရဲ့ ဇနီးမယား၊ သမီးသားတွေ ရှိလာပြီ ဖြစ်လို့ ဦးစားပေးကြမှာ ဖြစ်ပါတယ်။ မိဘကို ထိပ်ဆုံးနေရာမှာ မထားနိုင် တော့တာကို မိဘတွေက နားလည်ပေးရမှာပါပဲ။ နေရာဆိုတာကတော့ အမြဲ မရှိနိုင်ပါဘူး။ ရွှေ့တန်တာရွှေ့ပြီး နောက်ဆုတ်ပေးတန်တာပေးရမှာ က မိဘတွေရဲ့ တာဝန်ပါပဲ။ ကျွန်မကတော့ နောက်နားမှာပဲ သက်သောင့် သက်သာလေးနေပြီး သူတို့ကို ကူညီစရာရှိရင် ကူညီမှာပါပဲ။ သားသမီးတွေ က အမေအပေါ်မှာ ဝတ္တရားမပျက်ကြတဲ့အတွက် ကျေးဇူးတင်မိပါတယ်။

တစ်နေ့ဆီက၊ နယ်မှာရှိတဲ့ မိတ်ဆွေတစ်ယောက်က ဖုန်းဆက်ပြီး ရင်ဖွင့်လာပါတယ်။ "ကျွန်မသားက သင်္ဘောဆင်းလာတာတောင် ချက်ချင်း ဖုန်းဆက်ဖော်မရဘူး။ ဆက်တော့လည်း ရုံးကိစ္စတွေ ရှိသေးလို့ အချိန် မရှိဘူးတဲ့။ မင်းအဖေရဲ့နှစ်လည် ရှိတယ်၊ အမေတို့ အလှူလုပ်မလို့ လို့ပဲ ကမန်းကတန်း ပြောလိုက်ရတယ်။ နောက်တော့ ငွေပို့လိုက်တယ်၊ လူတော့ ရောက်မလာဘူး။ ကျွန်မကတော့ သူ့အတွက် အိပ်ရာလေးပြင်ပြီး ကားသံ ကြားတိုင်း ထွက်ကြည့်ရတာလေ၊ အလှူနေ့ ရေစက်ချနေတဲ့အချိန်အထိ မျှော်နေသေးတယ်။ အရင်က အဖေအမေကို ပြုစုနေကျ သားက မိန်းမ ရသွားလို့ အမေကို နေရာ မပေးနိုင်တော့ဘူးထင်တယ်။ ငွေက လူထက် အရေးကြီးလို့လား" လို့ ပြောပါတယ်။ ကျွန်မက "အမေ အတွက်က ပထမ နေရာယူချင်သေးတာလား၊ ဒုတိယ၊ တတိယတောင် ရှိပဲ့မလား စဉ်းစားကြည့်ပါဦး" လို့ ပြောတော့မှ "အင်း. . . ဟုတ်ပါရဲ့" လို့ ရယ်မောပြောရင်း သဘောပေါက် လက်ခံသွားပါတယ်။

သားရဟန်းက နှစ်စဉ်လို အမေရိကန်ရှိ ရွှေပါရမီကျောင်းဆီကို

ကြွလေ့ရှိပါတယ်။ "ဟိုကျရင် အကျိုးအကြောင်းလေး ဖုန်းဆက်ပါနော်" လို့ ပြောတော့ "အင်း. . . အလှည့်ကျ ဆက်တာပေါ့" လို့ မိန့်ပါတယ်။ ကျွန်မလည်း "အော်. . . အလှည့်ကျတဲ့လား။ ဦးဇင်းမှာ ဒကာ၊ ဒကာမ တွေ အများကြီး၊ ငါလို ရဟန်းမယ်တော်ကြီးကတော့ တန်းစီလိုက်ရင် နောက်ဆုံးက များလား" လို့ အားငယ်သွားမိပါတယ်။ ဖုန်းတော့ ဆက်ရှာ ပါတယ်။ ဒါပေမဲ့ ရှေ့မှာ အလှည့်ကျတဲ့သူ ဘယ်လောက်ရှိသလဲ မစဉ်းစား ချင်တော့ပါဘူး။ ဒီနှစ်မှာတော့ ခြေထောက်တွေက အသုံးမပြုနိုင်သေးခင် တစ်ပါးတည်း ကြွသွားရလို့ စိတ်ပူပန်နေတာကို သိလို့ ရောက်ရောက်ချင်းပဲ ဖုန်းဆက်ပါတယ်။ ခြေထောက် ခွဲစိတ်ရတော့လည်း ခွဲပြီးတဲ့ညမှာပဲ ဖုန်း ဆက်တော့ ဝမ်းသာရပါတယ်။ "အော်. . . သားဦးဇင်းရဲ့ အလှည့်ကျ ဇယားထဲမှာ ငါက ရှေ့ကို ရောက်နေသေးတာပဲ" လို့ နေရာလေးအတွက် ပီတိ ဖြစ်ရပါတယ်။ အော်. . . နေရာ၊ နေရာ။ မိဘတွေက သားသမီးတွေ ရဲ့ ဘဝထဲမှာ နေရာလေးတစ်နေရာ ရချင်ရှာကြတာကို သားသမီးတွေ၊ နားလည်ပေးကြရင် မိဘတွေ စိတ်ချမ်းသာကြမှာကို တွေးကြည့်မိပါတယ်။

ဖတ်ဖူးတာလေး မျှဝေပေးလိုက်ပါရစေ. . .

အသက်အရွယ် ကြီးနေပြီဖြစ်တဲ့ မုဆိုးမ အမျိုးသမီးကြီးသုံးယောက် က သူတို့ သေဆုံးပြီးနောက် *သူတို့ရဲ့အရိုးပြာတွေ ထားချင်တဲ့နေရာတွေကို* ဆွေးနွေးတိုင်ပင်နေကြပါတယ်။

ပထမအမျိုးသမီးကြီးက "ငါကတော့ မြို့လယ်က ပန်းခြံထဲမှာ ကြဲချ ထားချင်တယ်။ ငါနဲ့ ငါ့ချစ်သူက နွေရာသီ ညဦးပိုင်းတွေမှာ ပန်းခြံထဲမှာ *လက်တွဲလျှောက်နေကျလေ၊ ဘယ်သူမှ မမြင်တဲ့အခါ အနမ်းလေးတွေ ခိုးနမ်းကြတာပေါ့*။ လွမ်းစရာကောင်းလိုက်တာနော်" လို့ ပြောပါတယ်။

ဒုတိယတစ်ယောက်ကတော့ "ငါကတော့ ကပွဲခန်းမကြီးထဲမှာ ပြာတွေကို မြှုပ်ထားချင်တယ်။ ငါနဲ့ ငါ့ချစ်သူက တစ်ညလုံး က ကြတာ လေ၊ တစ်ညမှာ နောက်ဆုံး က အပြီးမှာ ငါ့ကို လက်ထပ်ခွင့်တောင်းပြီး

လက်ထပ်ခဲ့ကြတာ နှစ် ၅၀ တိုင်အောင်ပဲ" လို့ ပြောပါတယ်။

နောက်ဆုံး တစ်ယောက်ကတော့ "ကုန်တိုက်ကြီးရဲ့ ကားရပ်နားရာ နေရာမှာ ငါရဲ့ ပြာတွေကိုနေရာယူပြီး ထားချင်တယ်။ ဒါမှ ငါ့သမီးက တစ်ပတ် တစ်ပတ် ဈေးဝယ်လာတိုင်း ငါ့ကို သတိတရ လာတွေ့မှာလေ" တဲ့။

လူ့ဘဝက သေလွန်ပြီးနောက်မှာတောင် နေရာလေးတွေ ရချင်နေကြသေးတာပါလား။ စာဖတ်သူတို့ကကော ဘယ်လို နေရာလေးတွေ ဘဝမှာ ရယူလိုပါသလဲ?

Loneliness and the feeling of being uncared for and unwanted are the greatest poverty. ( Mother Teresa)

"အထီးကျန် ဖြစ်ခြင်းနှင့် ဂရုစိုက်မခံရခြင်း၊ အလိုမရှိခြင်းတို့ကြောင့် ဖြစ်ရသော ခံစားမှုက အကြီးမားဆုံးသော ဆင်းရဲခြင်း ဖြစ်သည်"

(မာသာထရီဇာ)

လက်ထပ်ခဲ့ကြတာ နှစ် ၅၀ တိုင်အောင်ပဲ" လို့ ပြောပါတယ်။

နောက်ဆုံး တစ်ယောက်ကတော့ "ကုန်တိုက်ကြီးရဲ့ ကားရပ်နားရာနေရာမှာ ငါရဲ့ ပြာတွေကိုနေရာယူပြီး ထားချင်တယ်။ ဒါမှ ငါ့သမီးက တစ်ပတ် တစ်ပတ် ဈေးဝယ်လာတိုင်း ငါ့ကို သတိတရ လာတွေ့မှာလေ" တဲ့။

လူ့ဘဝက သေလွန်ပြီးနောက်မှာတောင် နေရာလေးတွေ ရချင်နေကြသေးတာပါလား။ စာဖတ်သူတို့ကကော ဘယ်လို နေရာလေးတွေ ဘဝမှာ ရယူလိုပါသလဲ?

Loneliness and the feeling of being uncared for and unwanted are the greatest poverty. ( Mother Teresa)

"အထီးကျန် ဖြစ်ခြင်းနှင့် ဂရုစိုက်မခံရခြင်း၊ အလိုမရှိခြင်းတို့ကြောင့် ဖြစ်ရသော ခံစားမှုက အကြီးမားဆုံးသော ဆင်းရဲခြင်း ဖြစ်သည်"

**(မာသာထရီဇာ)**



## ကျွန်မ၏ချစ်သူများ

**ခင်ရည်ဝင်း**

ကျွန်မ စာဖတ်ဝါသနာ ပါလာရန်နှင့် စာပေမြတ်နိုးလာစေရန် မျိုးစေ့ချပေးခဲ့သူမှာ တခြားသူ မဟုတ်ပါ။ ကျွန်မ ချစ်ခင်လေးစားရပါသော ဦးလေးစိန်ပင် ဖြစ်ပါသည်။

ကျွန်မ အသက် ၁၁ နှစ် အရွယ်တွင် ရန်ကုန်မြို့၊ ချိဖ်လမ်း (မနော်ဟာရီလမ်း)ရှိ ဦးလေးစိန်နှင့် ဒေါ်တင်ကြည် အိမ်သို့ ကျွန်မတို့ မိသားစု သုံးဦး ရောက်ရှိခဲ့ပါသည်။

မြောင်းမြခရိုင်၊ ဝါးခယ်မအပိုင် သရက်တောကျေးရွာတွင် ဂျပန်များ အဆုတ်၊ အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်ချိန်၊ စပ်ကူးမပ်ကူး ကာလ၊ တိုင်းပြည် မငြိမ်မသက် ဖြစ်နေချိန် ကျေးရွာများ၌ လူဆိုး၊ သူခိုး ဓားပြများ သောင်းကျန်းနေသော ကာလ ဖြစ်သည်။

ဓားပြများမှာ တစ်ဦးချင်းသာမက ရွာလုံးကျွတ် ဝင်ရောက် တိုက်ခိုက်တတ်ရာ ကျွန်မတို့ သရက်တောရွာကလေးမှာ မကြာခဏ ဓားပြ အတိုက်ခံရလေသည်။ အုပ်ချုပ်သူများနှင့် အလှမ်းဝေးနေသော (ကျုံမငေးတွင်သာ ရဲတပ်ဖွဲ့များရှိသည်)ကျွန်မတို့ရွာမှာ လူဆိုးဓားပြများ စိမ်ပြေနပြေ

ရွာလုံးကျွတ် ဝင်စီးခြင်း ခံရလေသည်။ ထိုသတင်းများကို ကြားသော ရန်ကုန်မှ အမေ့ညီမ တစ်ဝမ်းကွဲ ဖြစ်သူ ဒေါ်တင်ကြည်က အမေ့အား ကလေးနှစ်ယောက်ဖြစ်သော ကျွန်မတို့ ညီအစ်မနှစ်ယောက်ကိုပါ ခေါ်၍ ပြောင်းလာရန် စာရေးလိုက်ပါသည်။ အဒေါ်ဖြစ်သူတွင်လည်း အသက် ၇၀ ကျော် မိခင်ကြီး ဒေါ်မယ်ကျင်(ကျွန်မတို့အခေါ် ကျင်ကျင်)အားလည်း အမေက ပြုစုပေးရန် လိုလားနေပါသည်။ ဒေါ်ဒေါ်ကြည်နှင့် ဦးလေးစိန်တို့ တွင်မူ သမီးမိန်းကလေး မရှိဘဲ သားယောကျာ်းလေး နှစ်ယောက်သာ ရှိသောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ ရန်ကုန်ရှိ မနော်ဟာရီလမ်းသို့ ရောက်ပြီး မကြာမီမှာပင် ဂျပန်က အမေရိကန်ကို လက်နက်ချလိုက်ရာ ရန်ကုန်တွင် တပ်စွဲလျက် ရှိသော အင်္ဂလိပ်လေတပ်မှာ ဝမ်းသာခြင်း အထိမ်းအမှတ် အဖြစ် ရန်ကုန် မြို့ ကောင်းကင်ပေါ်တွင် လေယာဉ်ပျံလေးများ ကျွမ်းထိုး ပျံသန်းပြနေ သည်ကို တွေ့ရပါသည်။

ဦးလေးစိန်တို့ နေထိုင်ရာ မနော်ဟာရီလမ်း အနောက်ဘက်ရှိ ဟယ်လ်ပင်လမ်း(ပြည်ထောင်စုရိပ်သာလမ်း)တွင် အင်္ဂလိပ်စစ်တပ်များ နေရာချထားလေရာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ တရစပ် မောင်းသွားသံများ ကြားနေရလေသည်။ အသံသာ ကြားရပြီး ဆိုင်ကယ်နှင့် လူကို မတွေ့ရလိုက်ရအောင် လျှင်မြန်စွာ မောင်းနှင်သွားသော မော်တော် ဆိုင်ကယ်များ လမ်းဆုံလမ်းခွတွင် တိုက်မိကြ၍ မကြာခဏ လူသေသော သတင်းကို ကြားရပါသည်။

ကျွန်မမှာ တောမှ ရောက်ခါစဖြစ်၍ ပတ်ဝန်းကျင်ရှိ မြင်ကွင်းများ မှာ ကျွန်မအဖို့ မြင်မြင်သမျှသည် အသစ်အဆန်း ဖြစ်နေပါသည်။

စစ်ပြီးကာလ ဖြစ်သည့် အားလျော်စွာ ဦးလေးစိန်နှင့် ဒေါ်ဒေါ်ကြည် တို့၏ ခြံကျယ်ကြီးထဲမှ နှစ်ထပ်တိုက်ခံအိမ်ကြီးတွင် ဧည့်သည်ပေါင်းစုံ ဝင်ထွက်သွားလာ တည်းခိုနေကြသည်။ ကျွန်မတို့ သားအမိတစ်တွေ

ရွာလုံးကျွတ် ဝင်စီးခြင်း ခံရလေသည်။ ထိုသတင်းများကို ကြားသော ရန်ကုန်မှ အမေ့ညီမ တစ်ဝမ်းကွဲ ဖြစ်သူ ဒေါ်တင်ကြည်က အမေ့အား ကလေးနှစ်ယောက်ဖြစ်သော ကျွန်မတို့ ညီအစ်မနှစ်ယောက်ကိုပါ ခေါ်၍ ပြောင်းလာရန် စာရေးလိုက်ပါသည်။ အဒေါ်ဖြစ်သူတွင်လည်း အသက် ၇၀ ကျော် မိခင်ကြီး ဒေါ်မယ်ကျင်(ကျွန်မတို့အခေါ် ကျင်ကျင်)အားလည်း အမေက ပြုစုပေးရန် လိုလားနေပါသည်။ ဒေါ်ဒေါ်ကြည်နှင့် ဦးလေးစိန်တို့ တွင်မူ သမီးမိန်းကလေး မရှိဘဲ သားယောက်ျားလေး နှစ်ယောက်သာ ရှိသောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ ရန်ကုန်ရှိ မနော်ဟရီလမ်းသို့ ရောက်ပြီး မကြာမီမှာပင် ဂျပန်က အမေရိကန်ကို လက်နက်ချလိုက်ရာ ရန်ကုန်တွင် တပ်စွဲလျက် ရှိသော အင်္ဂလိပ်လေတပ်မှာ ဝမ်းသာခြင်း အထိမ်းအမှတ် အဖြစ် ရန်ကုန်မြို့ ကောင်းကင်ပေါ်တွင် လေယာဉ်ပျံလေးများ ကျွမ်းထိုး ပျံသန်းပြနေသည်ကို တွေ့ရပါသည်။

ဦးလေးစိန်တို့ နေထိုင်ရာ မနော်ဟရီလမ်း အနောက်ဘက်ရှိ ဟယ်လ်ပင်လမ်း(ပြည်ထောင်စုရိပ်သာလမ်း)တွင် အင်္ဂလိပ်စစ်တပ်များ နေရာချထားလေရာ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ တရစပ် မောင်းသွားသံများ ကြားနေရလေသည်။ အသံသာ ကြားရပြီး ဆိုင်ကယ်နှင့် လူကို မတွေ့ရလိုက်ရအောင် လျှင်မြန်စွာ မောင်းနှင်သွားသော မော်တော်ဆိုင်ကယ်များ လမ်းဆုံလမ်းခွတွင် တိုက်မိကြ၍ မကြာခဏ လူသေသော သတင်းကို ကြားရပါသည်။

ကျွန်မမှာ တောမှ ရောက်ခါစဖြစ်၍ ပတ်ဝန်းကျင်ရှိ မြင်ကွင်းများမှာ ကျွန်မအဖို့ မြင်မြင်သမျှသည် အသစ်အဆန်း ဖြစ်နေပါသည်။

စစ်ပြီးကာလ ဖြစ်သည့် အားလျော်စွာ ဦးလေးစိန်နှင့် ဒေါ်ဒေါ်ကြည်တို့၏ ခြံကျယ်ကြီးထဲမှ နှစ်ထပ်တိုက်ခံအိမ်ကြီးတွင် ဧည့်သည်ပေါင်းစုံ ဝင်ထွက်သွားလာ တည်းခိုနေကြသည်။ ကျွန်မတို့ သားအမိတစ်တွေ





ရောက်ရှိသွားချိန်၌ ဦးလေးစိန်၏ တူမ ဒေါ်ရီရီ(အင်္ဂလိပ် မက်သဒစ်ကျောင်းအုပ် ဆရာမ)၊ ခင်ပွန်း ဦးစံရင်(လယ်ဝန်အငြိမ်းစား လေဖြတ်ထားသူ)နှင့် သားလေးယောက်တို့ မိသားစု ရောက်ရှိနေထိုင်လျက်ရှိသည်။

ဦးလေးစိန်မှာ အသားဖြူဖြူ၊ အရပ်ပျပ်ပျပ်၊ နဖူးကျယ်ကျယ်၊ မေးရိုးကားကား၊ မေးစေ့တွင် ကြီးမားသော မှဲ့တစ်လုံး ရှိလေသည်။ မော်တော်ဆိုင်ကယ် မှောက်စဉ်က ဒဏ်ရာရရှိခဲ့သဖြင့် ညာခြေတစ်ဖက် အနည်းငယ် နိမ့်နေသည်။

အသက်ငယ်ရွယ်စဉ်ကပင် မြစ်ဝကျွန်းပေါ်၊ မြောင်းမြမြို့မှ ရန်ကုန်သို့ ရောက်လာပြီး ပွဲရုံစာရေးလေးဘဝမှ ကြိုးစားလုပ်ကိုင်လာရာ ဆန်ကုန်သည်လောကတွင် နာမည်ကျော်ကြား လူသိများသည်ထိ ဖြစ်လာလေသည်။

ခံ့ညားသော ဥပမိရုပ်နှင့် တည်ကြည်ရိုးဖြောင့်သော စိတ်သဘောထားရှိသည့်ပြင် လူတကာနှင့် ဆက်ဆံရာတွင် လိမ္မာပါးနပ် ကျွမ်းကျင်စွာ ပြောဆိုတတ်သည်။ ဤကဲ့သို့သော ဆန်ကုန်သည်ကြီး ဖြစ်သည့်အားလျော်စွာ အရာရှိ အရာခံများ၊ လူကုံထံကြီးများသည် ဦးလေးစိန်၏ အိမ်သို့ မကြာခဏ ဆိုသလို လာရောက်၍ စကားစမြည် ပြောလေ့ရှိကြပါသည်။

ဦးလေးစိန်မှာ တက္ကသိုလ်မှ၊ မည်သည့်ဘွဲ့မှ မရရှိခဲ့သော်လည်း လုပ်ရည်ကိုင်ရည်ရှိ၍ လုပ်ငန်းကျွမ်းကျင် တတ်မြောက်သူ ဖြစ်ခြင်းကြောင့် ထိုကာလ ခေတ်ကောင်းချိန်မှာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့တိုင်အောင် ဆန်များ တင်ပို့ရောင်းချနေခဲ့သူလည်း ဖြစ်သည်။ ဖက်စပ်ကော်ပိုရေးရှင်းများ ဖွဲ့စည်းတည်ထောင်သော ခေတ်အခါတွင် ဖက်စပ်(၅)၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့လေသည်။

ဦးလေးစိန်တို့ အိမ်ကြီးတွင် ကျွန်မတို့ထက် အရင်ဦးစွာ ရောက်ရှိနေသော အခြားသူများမှာ ဒေါ်မြင့်မြင့်နှင့် သူ့ညီမ ဒေါ်ခင်ထား အပြင် သူတို့ မွေးစားထားသူ အကြွေဆိုသော မိန်းကလေးလည်း ရှိလေသည်။

ညီအစ်မ နှစ်ဦးလုံးမှာ အပျိုကြီးများ ဖြစ်ကြသည်။ ဂျပန်ခေတ် ဒေါ်ဒေါ်ကြည်တို့ ရန်နိုင်ဈေး(ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး)တွင် အထည်ဆိုင်ထွက်စဉ်က သိကျွမ်းခင်မင်လာခဲ့သော မိန်းမသားများ ဖြစ်သောကြောင့် ဒေါ်ဒေါ်ကြည်က သူတို့နှင့် အတူနေရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ဒေါ်မြင့်မြင့်နှင့် ဒေါ်ခင်ထားမှာ ပညာတတ် ဆွေကြီးမျိုးကြီးမှ မွေးဖွားလာကြသူများဖြစ်သည်။ မိဘများ မရှိကြတော့ဘဲ သူတို့ အစ်ကိုတစ်ဝမ်းကွဲ တော်သော ဦးကြည်မှာ နောင်တွင် သမ္မတအိမ်တော်၌ အိမ်တော်ဝန် ဖြစ်လာခဲ့ပါသည်။

ကျွန်မတို့ အခေါ် မမမြင့်(ဒေါ်မြင့်မြင့်)မှာ အိမ်တွင်းအုပ်ချုပ်ရေးဘက်တွင် ကျွမ်းကျင်လိမ္မာသူ ဖြစ်၍ ဒေါ်ဒေါ်ကြည်တို့ အိမ်၏ များပြားလှသော ဧည့်သည်များ စားရေးသောက်ရေး ကျွေးမွေးရေးများကို စီစဉ်ညွှန်ကြား လုပ်ကိုင်ရပေသည်။ မမထား(ဒေါ်ခင်ထား)မှာ အပြင် လုပ်ငန်းဆောင်တာ လုပ်စရာ ကိစ္စများကို ဒေါ်ဒေါ်ကြည်နှင့် သွားလာ လုပ်ကိုင်ရလေသည်။ သူတို့ ညီအစ်မ နှစ်ယောက်လုံးမှာ အင်္ဂလိပ်စာ ပညာတတ်များဖြစ်၍ ယောကျ်ားများကဲ့သို့ ရဲရဲဝံ့ဝံ့ ပြောဆိုဆက်ဆံနိုင်သည်။

အနယ်နယ် အရပ်ရပ်မှ မကြာခဏလာရောက် တည်းခိုတတ်သူများမှာ ရွှေကျင်မှ ဦးစိန်(ကုန်သည်)မိသားစု၊ ဦးလှတင်(ယခု ကုန်သွယ်ရေးမှ အနားယူကာ အကြံပေးဆောင်ရွက်နေသူ)၊ ပျော်ဘွယ် ဦးမြ မိသားစု၊ ကျောက်ကြီး ဦးလှစိန် မိသားစု(ရုပ်ရှင်မင်းသမီး တင်တင်နွဲ့၏ ယောက္ခမ)တို့ဖြစ်ကြသည်။ ထို့အပြင် မကြာမကြာ လာရောက်လည်ပတ်တတ်သော ဦးနုနှင့် ဒေါ်မြရီ ,မိသားစုတို့မှာ ဦးလေးစိန်နှင့် ဒေါ်ဒေါ်ကြည်တို့၏ အရင်းနှီးဆုံး မိတ်ဆွေများ ဖြစ်ကြပါသည်။

ထိုအိမ်တွင် ညစာစားပွဲများ၊ နေ့လယ်စာစားပွဲများအပြင် အမျိုးသမီးကြီးများ၏ အစည်းအဝေးပွဲကြီးများလည်း ရှိတတ်သေးသည်။ ထိုအမျိုးသမီး အစည်းအဝေးသို့ ငွေစာရင်းမင်းကြီးကတော်၊ ဆာမြဘူးကတော်၊

ဒေါက်တာချန်တိတ်ကတော်၊ ဦးဘဝင်းကတော်၊ ဝတ်လုံတော်ရ ဦးချန်ထွန်းကတော်၊ ဒေါ်ခင်ရွှေ(ပညာရေး)၊ စာရေးဆရာမကြီး ဒေါ်ဒဂုန် ခင်ခင်လေး တို့အပြင် ကျွန်မ နာမည်များကို မမှတ်မိတော့သူ အများအပြား တက်ရောက်ကြပါသည်။ အစည်းအဝေး ရှိသောနေ့တွင် ဧည့်သည်များအား ကျွေးမွေးရန် အိမ်ရှိလူကုန် မအားကြရပါ။ ကျွန်မလို ကလေးပင်လျှင် တောက်တို မယ်ရ ဝင်ရောက် ကူညီရသေးတော့သည်။

အိမ်တွင် ယောက်ျားလေးများ ရှိကြစေကာမူ၊ ကျွန်မမှာလည်း အရွယ်ငယ်ပင် ငယ်ငြားသော်လည်း၊ ၎င်းတို့နှင့် တပူးတွဲတွဲ ဆော့ကစားခြင်း မပြုစေရပါ။ ဦးလေးစိန်ကား စည်းကမ်းအလွန် ကြီးပါသည်။ ကျွန်မ နေ့ခင်းဘက် အားလျှင် စာဖတ်ရပါသည်။ သူ အလုပ်မသွားမီ သူ၏ စာဖတ်ခန်းထဲမှ စာအုပ် သုံး လေးအုပ် နေ့စဉ်ထုတ်ပေးခဲ့သဖြင့် အိမ်ကြီး၏ အလယ်ခန်းရှိ ကြိမ်ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ယင်းစာအုပ်များကို လှန်လှောကြည့်မိရာ ဗိုလ်အေးမောင်၊ ဒဂုန်ရွှေမျှားတို့ ဘာသာပြန်ထားသော စာအုပ်အထူကြီးများ ဖြစ်နေပါသည်။ ထိုစာအုပ်များကို ကျွန်မ စဖတ်စဉ်က နားမလည်ပါ။ နိုင်ငံခြားအမည် အခေါ်အဝေါ်များကို ခက်ခဲလှစွာ ဖတ်ရလေသည်။ ယခင် ကျွန်မ တောတွင်နေစဉ်က အင်္ဂလိပ် မြန်မာ ၄ တန်း သာ နေခဲ့ရ၍ စာကောင်းစွာ ဖတ်တတ်သော်လည်း ဤကဲ့သို့သော ဘာသာပြန် ဝတ္ထုကြီးများပါ အကြောင်းအရာများကိုမူကား မရင်းနှီး မကျွမ်းဝင်သဖြင့် အတော်ပင် မှတ်သား ဖတ်ရှုရပါသည်။ ဤစာများကို မဖတ်လျှင် မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ဦးလေးစိန်က သူခိုင်းတာ လုပ်မှ ကြိုက်သဖြင့် သူ ငြိုငြင်မည်စိုး၍ ဖြစ်ပါသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးလေးရက် ကျွန်မ စာအုပ်များကို ဂရုတစိုက် ဇွဲရှိရှိနှင့် ဖတ်ပါသည်။ မှတ်ပါသည်။ ရက်အတန်ကြာလာသောအခါ စာထဲမှ အကြောင်းအရာများကို ကျွန်မ စိတ်ဝင်စားလာပါသည်။ ခက်ခဲသော အင်္ဂလိပ်နာမည်များကိုလည်း တဖြည်းဖြည်း မှတ်သားလာနိုင်ခဲ့သည်။

စာအုပ်ထဲမှ စွန့်စားခန်းများ၊ ထိတ်လန့်စရာများကို တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာခဲ့ပါသည်။

ရက်ကြာလာသောအခါ ကျွန်မ စာဖတ်ရသည်ကို စွဲလမ်းလာခဲ့သည်။ ဦးလေးစိန် ထုတ်ပေးသော ဘာသာပြန်များဖြစ်သည့် 'ကင်းဆော် လမွန်မိုင်း၊ ပင်မြင့်မာလာ' နှင့် အခြားဘာသာပြန်စာအုပ်များ (မမှတ်မိတော့ပါ) အပြင် ဒဂုန်ခင်ခင်လေး၏ 'ဂုဏ်မြင့်သူ၊ မှော်ဆရာ မှတ်တမ်း'၊ မဟာဆွေ၏ 'တို့မေမေ' စသည့် ဝတ္ထုများကို မဖတ်ရ မနေနိုင်အောင် စွဲလမ်းနှစ်ခြိုက်လာခဲ့ရပါသည်။ အားလပ်သည်နှင့် စာဖတ်ဖို့သာ စိတ်စောနေမိသည်။ လူကြီးများက ခေါ်ခိုင်းလျှင်ပင် စာဖတ်နေသည့်ရျာန် ပျက်သွား၍ သိပ်မကြည်သာချင်ပေ။

နောက် ကျွန်မတို့ သားအမိတစ်တွေ ဦးလေးစိန်တို့အိမ်မှ ဗဟန်း၊ ရေတာရှည်လမ်းသစ်သို့ ပြောင်းရွှေ့လာသည်အထိ ကျွန်မ စာအုပ်များကို စွဲမြဲစွာ ဆက်၍ ဖတ်လာခဲ့ပါသည်။

နောင်တွင် ဖတ်စရာ စာအုပ်များ မရှိလင့်ကစား ဈေးဝယ်ရာ၌ ထုပ်ပေးလိုက်သည့် စက္ကူမှ စာပါအကြောင်းအရာများကိုပင် မဖတ်ရ မနေနိုင် ဖတ်ခဲ့ရလေသည်။ ထိုသို့ စာဖတ်ရသည်ကို လိုလိုလားလား နှစ်သက်စွဲလမ်းလာရခြင်းမှာ တစ်ချိန်က ကျွန်မအား စာဖတ် ဝါသနာပါလာအောင် ပြုစုပျိုးထောင်ပေးခဲ့သော ဦးလေးဦးစိန်၏ ကျေးဇူးများပင် ဖြစ်ပါသည်။

ယင်းကျေးဇူးတရားများကို ပြန်လည် တွေးတောမိလေတိုင်း ကျွန်မ ချစ်ခင် လေးစားရပါသော ဦးလေးစိန်အား ယနေ့တိုင် အမှတ်ရဆဲ ရှိနေပါတော့သည်။

၂၁၊ ၁၂၊ ၀၈

# မျက်မှောက် လူထုဆက်သွယ်ရေး မီဒီယာ

ကြည်လင်အေး

ပရိသတ်အတွက် ပြင်ဆင် တင်ဆက်နေတဲ့ လူထုဆက်သွယ်ရေး မီဒီယာတွေ အမယ် ဘယ်လောက်များနေပြီလဲ ဆိုတာနဲ့ အဲဒီ မီဒီယာ တစ်ခုချင်းစီမှာ ဘယ်လို အစွမ်းသတ္တိ ရှိတယ် ဆိုတာလေးတွေ စဉ်းစားမိနေပါတယ်။

**အင်တာနက် ဝက်ဘ်ဆိုက်**

လက်ရှိမှာတော့ ကမ္ဘာမှာ အမြန်ဆုံး အီလက်ထရွန်းနစ် စာမျက်နှာတွေ ဖြစ်ပါတယ်။ သတင်းဖြစ်ရပ် တစ်ခုခုကို အခုချက်ချင်းဖြစ်၊ ချက်ချင်း သိသွားအောင် တစ်ကမ္ဘာလုံးဆီ ဖြန့်လိုက်နိုင်တဲ့ စွမ်းရည် ရှိပါတယ်။

သူ့ကို ဘယ်လို သုံးနိုင်သလဲဆိုရင်တော့ ဝက်ဘ်ဆိုက်က သတင်းတွေ၊ ဓာတ်ပုံတွေ ဖတ်ဖို့ ကြည့်ဖို့ အင်တာနက်ကွန်ရက်မှာ ချိတ်ဆက်ထားတဲ့ ကွန်ပျူတာက တစ်ဆင့် ကွန်ပျူတာ ဖန်သားပြင်မှာ ဖတ်ကြည့်ရမှာ ဖြစ်ပါတယ်။ ဖန်သားပြင်မှာ မဖတ်ချင်ရင် စာရွက်နဲ့ထုတ်ပြီး ဖတ်နိုင်ပါတယ်။

သတင်းကို ချက်ချင်းပြောနိုင်မှုမှာ အမြန်ဆုံးနဲ့ ခရီးအကွာအဝေး

အကျယ်ပြန့်ဆုံး ဖြစ်ပါတယ်။ ပရိသတ်ကတော့ အင်တာနက်ကွန်ရက်ထဲမှာ ရှိသူတွေ ဖြစ်ရပါမယ်။ ပရိသတ်က ရွေးချယ်ကြည့်မှ ကိုယ်တင်ဆက်တဲ့ သတင်းကို တွေ့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီသတင်း မှတ်တမ်းကို လိုချင်တဲ့အချိန် ထုတ်ကြည့်လို့ ရပါတယ်။ အသံ၊ ပုံ၊ စာသားအားလုံး မြင်ရရပြီး ထုတ်သူလို့ ရပါတယ်။

## ရုပ်မြင်သံကြား ထုတ်လွှင့်မှု

ကမ္ဘာ့ရုပ်/သံ သတင်းဌာနတွေလည်း တော်တော်မြန်ပါတယ်။ သတင်းဖြစ်ရပ် တစ်ခုခု အရေးကြီးရင် ကြီးသလောက် ချက်ချင်းနဲ့ တစ်ကမ္ဘာလုံး ပြန့်အောင် လုပ်နိုင်ကြပါတယ်။ အထက်က ဝက်ဘ်ဆိုက်နဲ့ ကွဲပြားချက်က အဲဒီ သတင်းတွေ ရုပ်/သံရိုက်ပြချက်တွေကို ရုပ်/သံလိုင်းက ထုတ်လွှင့်ချိန်မှာပဲ ကြည့်ခွင့်ရပါတယ်။ သူတို့ ထုတ်လွှင့်ချိန်နဲ့ မကိုက်ရင် မြင်ခွင့်ကြည့်ခွင့် မရှိပါ။ တီဗွီဖန်သားပြင်မှာပဲ ကြည့်ခွင့်ရပါတယ်။ လူအများက စာရွက်နဲ့ ထုတ်ယူသိမ်းထားချင်လို့ မရပါ။

ပရိသတ်က ရုပ်/သံ လိုင်း ထုတ်လွှင့်မှုတွေကို ဖမ်းယူကြည့်ရှုနိုင်တဲ့ နေရာမှာ ရှိနေရပါမယ်။ အသံ၊ ပုံ၊ စာသားတွေ အားလုံး တွေ့မြင်ရပါတယ်။

## ရေဒီယို ထုတ်လွှင့်မှု

ကမ္ဘာတစ်လွှားက ရေဒီယို ထုတ်လွှင့်မှုတွေမှာလည်း အရေးကြီးသတင်းတွေကိုတော့ ချက်ချင်း ထုတ်လွှင့်နေကြတာပဲ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး ဖမ်းယူနိုင်တဲ့ ရေဒီယိုလိုင်းတွေ ရှိပြီး အသံတစ်မျိုးတည်းကိုပဲ တင်ဆက်နိုင်ပါတယ်။ သူလည်းပဲ ရုပ်/သံလိုင်းလိုပဲ သူ ထုတ်လွှင့်ချိန်မှာပဲ ပရိသတ်က သိနိုင်ကြားနိုင်ပါတယ်။ ပရိသတ်က သိချင်တဲ့အချိန်ကို ရွေးချယ်လို့ မရပါ။ ဒေသဆိုင်ရာ FM ရေဒီယိုလိုင်း တွေကတော့ သူတို့

ရေဒီယိုလိုင်း ရောက်ရှိတဲ့ နယ်နိမိတ် အကန့်အသတ် ရှိတယ်။ ဒေသခံ သိဖို့ကောင်းတဲ့ လူမှုရေး၊ စီးပွားရေး၊ ရာသီဥတု သတင်းအချက်အလက် တွေကို အဓိက တင်ဆက်ပေးပါတယ်။ အသံလိုင်း ထုတ်လွှင့်မှုဖြစ်လို့ ဖမ်းယူနားထောင်သူ ပရိသတ်အတွက် ဝန်ကျဉ်းကျဉ်းနဲ့ ရယူနားထောင် နိုင်တယ်။ မော်တော်ကား၊ ရထား အများနဲ့ ဆိုင်တဲ့နေရာတွေမှာ အခမဲ့ ဖွင့်ထားပေးတတ်လို့ ကိုယ်က မရွေးချယ်ဘဲလည်း ကြားနေရတတ်တဲ့ သဘောတော့ ရှိတယ်။

(မြန်မာမှာ ရုပ်/သံ ဖန်သားပြင်ကို လက်ဖက်ရည်ဆိုင်တွေ၊ စား သောက်ဆိုင်တွေနဲ့၊ လူအများနဲ့ ဆိုင်တဲ့ နေရာတွေမှာ ဖွင့်ပေးထားတတ် တယ် ဆိုပေမဲ့ ဘောလုံးပွဲတွေအတွက်ပဲ အဓိက ဖြစ်နေပါသေးတယ်)

**သတင်းတိုပေးဖို့ ဖြန့်ဝေမှု**

လက်ကိုင်မိုဘိုင်းဖုန်းတွေ ပေါ်လာပြီးတဲ့နောက်ပိုင်း ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ မိုဘိုင်းဖုန်းတွေထဲကို သတင်းတို ပေးပို့ဖြန့်ဝေတဲ့ လူထုဆက်သွယ်ရေးစနစ် ထွန်းကားလာပါတယ်။ မိုးလေဝသ သတင်း၊ ကုန်စည်ဈေးနှုန်းသတင်း၊ Breaking News ခေါ်တဲ့ အလန့်တကြား သတင်းတွေကို စကားလုံးနည်းနည်းနဲ့ သတင်းဖြန့်ဝေပေးတာပါ။ သတင်း အချက်အလက် ရယူချင်လို့ ဝယ်ယူထားတဲ့ မိုဘိုင်းဖုန်းပိုင်ရှင်တွေဆီ တိုက်ရိုက်ပေးပို့ရတာဖြစ်လို့ ပရိသတ် အရေအတွက်ကတော့ နည်းပါး တယ်လို့ ပြောလို့ရပါတယ်။ ဒီသတင်း ဖြန့်ဝေမှုစနစ်ဟာလည်း ချက်ချင်းလိုပဲ မြန်ဆန်ပြီး ပရိသတ်က ကိုယ် ကျယ်ကျယ်ပြန့်ပြန့် သိချင် တာတွေကို ပြန်လည် ဆက်သွယ်မေးမြန်းလို့ ရပါတယ်။ မိုဘိုင်းဖုန်း ကိုင် ဆောင်ထားသူတွေမှ ရယူနိုင်တဲ့သတင်း အချက်အလက်တွေ ဖြစ်ပါ တယ်။ ကိုယ့်မိုဘိုင်းဖုန်းထဲမှာ ကိုယ်က ဖျက်ဆီးမပစ်မချင်း သိမ်းထားပြီး သား ရှိနေပါတယ်။ အချိန်မရွေး ပြန်ထုတ်ကြည့်လို့ ရပါတယ်။ ပုံနှိပ်

မီဒီယာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း သတင်း ဖြစ်ပေါ်ချိန်နဲ့ စီစဉ် ပုံနှိပ်ထုတ်လုပ်ချိန် ဆိုပြီး အချိန်ပေးရတာမျိုးရှိလို့ ပုံနှိပ်မီဒီယာတွေ ကတော့ ချက်ချင်း ဆိုတာ မရှိပါ။ အနည်းဆုံး အချိန် ၁ နာရီ၊ ၂ နာရီ လောက်တော့ ကွာခြားပြီးမှ ပရိသတ်ဆီ သတင်း အချက်အလက် အကြောင်းအရာတွေကို ရောက်အောင် ပို့နိုင်ပါတယ်။

ဒါကြောင့် ချက်ချင်း သိဖို့ လိုတဲ့ သတင်းနယ်ပယ်မှာ ပုံနှိပ်မီဒီယာ က ရုပ်/သံလိုင်းတွေ၊ ဝက်ဘ်ဆိုက်တွေ၊ ရေဒီယိုတွေက တင်ဆက်ဖို့ စိတ်မဝင်စားတဲ့ နယ်ပယ်တွေဆီ အကြောင်းအရာ အဖြစ်အပျက် ရှာဖွေ ခြေဆန့် ရေးသား နေကြရတယ်။ ပုံနှိပ်မီဒီယာရဲ့ အားသာချက်ကတော့ အကုန်အကျ အရင်းအနှီး ပစ္စည်းကိရိယာ ဘာမှ မလိုဘဲ အချိန်မရွေး ဖတ်ရှုနိုင်တဲ့ အချက်ပါပဲ။ အထောက်အထား ခိုင်ခိုင်မာမာ အဖြစ်လည်း အလွယ်တကူ ပြသနိုင်ပါတယ်။ ကမ္ဘာမှာတော့ သတင်း လျှင်မြန်မှုမှာ ဝက်ဘ်ဆိုက်၊ ရုပ်/သံနဲ့ ရေဒီယိုတွေ၊ မိုဘိုင်းဖုန်းသတင်းတို့ ပေးပို့မှုတွေကို ပုံနှိပ်မီဒီယာက လုံးဝ နောက်ဆုတ်ပေးလိုက်ရပြီ ဖြစ်ပါတယ်။ ပုံနှိပ်မီဒီယာ က အရုပ်ကို ရုပ်သေပဲ မြင်ရပါတယ်။ အသံမကြားရပါ။ ဘာသာစကား ဖတ်ရှုတတ်ကျွမ်းမှ ဘာတွေ ဖော်ပြထားတယ်ဆိုတာ တိတိကျကျ သိနိုင် ပါတယ်။

အခု ပြောခဲ့တာတွေကို မြန်မာလူထု ဆက်သွယ်ရေးလုပ်ငန်း နယ်ပယ် ထဲ ရှေ့ကြည့်ပြီး ကမ္ဘာ့စံတွေနဲ့ ချိန်ထိုးကြည့်တဲ့အခါ မြန်မာဘာသာ အင်တာနက်ဝက်ဘ်ဆိုက်တွေ ရှိနေတာ တွေ့ရပါတယ်။ မြန်မာ့ရုပ်/သံလိုင်း ရှိပါတယ်။ မြန်မာ့ရေဒီယို စတေရှင်တွေ တော်တော်များများ ရှိပါတယ်။ ပုံနှိပ်မီဒီယာကတော့ အထူးပြောစရာ မရှိ စုံစုံလင်လင် ဝေဝေ ဆာဆာပါ။ မိုဘိုင်းဖုန်းနဲ့ သတင်းတို့ ဝန်ဆောင်မှုတောင်မှ ကုန်ပစ္စည်း ပေါက်ဈေးနဲ့ အားကစားသတင်း နောက်ဆုံးဖြစ်ရပ်တွေ ဝန်ဆောင်မှု ပေးနေတာ မြန်မာမှာ ရှိနေပါပြီ။

**နေရီရီစာအုပ်တိုက်**

စွမ်းဆောင်မှုအနေနဲ့ ကြည့်ရင်ရော။ သတင်းဖြစ်ရပ် တင်ပြမှု အပိုင်းမှာ ရေဒီယိုစတေရှင်တွေက တချို့သော သတင်းကဏ္ဍလေးတွေမှာ လက်ဦးတယ်။ ကျန်ရုပ်/သံလိုင်းတွေကတော့ သတင်းဖြစ်ရပ် အများစုမှာ ပုံနှိပ်မီဒီယာရဲ့ နောက်ကပဲ သွားနေတာပါ။ ဒါပေမဲ့ မြန်မာဟာလည်း လူတွေနေတဲ့ လူ့ရပ်ရွာ လူ့ဝန်းကျင်ဖြစ်လို့ ကမ္ဘာ့စံနှုန်းတွေဆီကိုတော့ အားလုံးအရောက်သွားကြမယ်လို့ပဲ ယူဆထားပါတယ်။ မီဒီယာလုပ်ငန်း စိတ်ဝင်စားသူတွေ၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ချင်ကြသူတွေ အနေနဲ့ အခုလို ဆစ်ဆစ်ပိုင်းပိုင်း သရုပ်ခွဲကြည့်တာမျိုးဟာ အသုံးကျကောင်း ကျနိုင်စရာပါပဲ၊ စဉ်းစားစရာတွေလည်း ပေါ်ကောင်း ပေါ်နိုင်စရာပါပဲ။

* * *

## နေရီရီစာအုပ်တိုက်မှ ထွက်ရှိပြီးသော စာရေးသူစိတ်ကြိုက် စာစဉ်များ

၁။ စာရေးသူစိတ်ကြိုက်နှင့် မုဟုတ်
၂။ ကိုရီးယားဂျင်စင်နှင့် စာရေးသူစိတ်ကြိုက်
၄။ နှစ်သစ်မင်္ဂလာမုန့်ဦးနှင့် စာရေးသူစိတ်ကြိုက်
၅။ ဂဏန်းသင်္ချာခွန်းထောက်ကဗျာနှင့်စာရေးသူစိတ်ကြိုက်
၆။ နူတ်တစ်ရာစာတစ်လုံးနှင့် စာရေးသူစိတ်ကြိုက်
၇။ နံရံကပ်မဏ္ဍိုင်နှင့် စာရေးသူစိတ်ကြိုက်
၈။ အဖိုးတန်ကလောင်တစ်ချောင်းနှင့်စာရေးသူစိတ်ကြိုက်
၉။ သတင်းလောကသံသရာနှင့် စာရေးသူစိတ်ကြိုက်
၁၀။ မင်္ဂလာနှစ်ပတ်လည်နှင့် စာရေးသူစိတ်ကြိုက်
၁၁။ အနုပညာအရသာနှင့် စာရေးသူစိတ်ကြိုက်
၁၂။ စာအုပ်ရောဂါနှင့် စာရေးသူစိတ်ကြိုက်
၁၃။ လွတ်လပ်ရေးကြိုကဗျာများနှင့် စာရေးသူစိတ်ကြိုက်
၁၄။ နေရီရီနှင့်. . . နှင့် စာရေးသူစိတ်ကြိုက်
၁၅။ ပါတော်မူဘုရင်နှစ်ပါးနှင့် စာရေးသူစိတ်ကြိုက်

ယခု . . .

အတ္ထုပ္ပတ္တိ နှင့် စာရေးသူစိတ်ကြိုက်

နေရီရီစာအုပ်တိုက်

မကြာမီ ထွက်မည်

# အပြုံးနှင့် အဝါ

## ဝင်းဇော်[လူထုမိန့်ဝင်း]

## Hidden Flower

## By

## Pearl S. Buck


တတိယအကြိမ်

(စာမူခွင့်ပြုအမှတ်-၅၀၀ ၂၆၇၀၃၁၀)



ဝတ္ထုကို အပျော်ဖတ် စာပေအဖြစ် သဘောထားသော ပုဂ္ဂိုလ်များစွာက ဝတ္ထုနှင့် ဖက်ပြိုင်နေသည့် ရုပ်ရှင်၊ တယ်လီဗေးရှင်း၊ ရေဒီယိုစသည်တို့၏ ဩဇာသည် တစ်နေ့တခြား ပြန့်ကျယ်လာပြီ ဖြစ်သဖြင့် စာဖတ်ချိန် တစ်နေ့တခြား နည်းပါးလာသည့်အလျောက် ဝတ္ထု၏ ဩဇာသည် တစ်နေ့တခြား ကျုံ့၍ ကျုံ့၍သာ လာသည်ဟု ဆိုကြသည်။

**တက်တိုး**

သမိုင်းဆိုသည်မှာ မနုဿလူသားတို့ လျှောက်ခဲ့သော ခရီးလမ်းကြောင်းကို ထုတ်ဖော်ခြင်း ဖြစ်သည်။ မနုဿလူသားဆိုသည်မှာလည်း တစ်နေ့လျှင် ပျမ်းမျှ ၂၈ မိုင်မျှကိုသာ ခြေကျင်လျှောက်နိုင်သည်။ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံတို့ တစ်နာရီလျှင် မိုင်ပေါင်း များစွာပြေးနိုင်သော်လည်း လူ့ခြေထောက်မှာ အလွန်ဆုံး တစ်နာရီ ၅ မိုင်သာ ခရီးပေါက်မည်။ ထိုမျှလောက်သာ ခရီးပေါက်နိုင်သော ခြေကျင်သမားတို့ကို သမိုင်းခရီးတွင်အောင် အပြေးကလေး လျှောက်ရမည်ဟု ကျွန်ုပ်တို့က အမိန့်မပေးနိုင်။ သူ့စံချိန် အတိုင်းသာ သူ သွားလိမ့်မည်။

**မောင်ထင်**

အတွေးအခေါ် အယူအဆတစ်ခုကို တွေးခေါ်ရာ၌ လည်းကောင်း၊ အလုပ်တစ်ခုခုကို လုပ်ကိုင်ရာ၌ လည်းကောင်း၊ ထိုတွေးခေါ်သူ၊ ထိုလုပ်ကိုင်သူသည် အခြားပယောဂ သို့မဟုတ် လှုံ့ဆော်မှု တစ်ခုနှင့် မကင်းတတ်ပေ။ ဂန္ဓီဝါဒ ဖြစ်ပွားပေါ်ပေါက်လာရာတွင်လည်း ထိုဝါဒ ဖြစ်ပေါ်လာအောင် ဂန္ဓီအား လှုံ့ဆော်အားပေးသည့် အရာများ ရှိပေသည်။ အဟိံသာနှင့် သစ္စာကို အခြေခံသည့် ဂန္ဓီဝါဒ ဖြစ်ပေါ်လာအောင် လှုံ့ဆော် အားပေးသည့်အရာများကား ဘာသာတရားများ၊ ဘာသာရေး ကျမ်းဂန်များ၊ ပညာရှင်တို့၏ အရေးအသား အဆိုအမိန့်များ ဖြစ်လေသည်။

**ပါရဂူ**

မြန်မာစာဖတ် ပရိသတ်ဟာ ဘာသာပြန် စာပေတွေကို တော်တော်ကြိုက်နှစ်သက်ပုံ ရပါတယ်။ ဒါဟာ ကောင်းသော အလားအလာပါပဲ။ ဘာသာပြန် စာပေဆိုတာဟာ နိုင်ငံခြားက အသိအမြင် ဗဟုသုတကို မြန်မာ့လောကထဲ ရောက်အောင် ပို့ဆောင်ပေးခြင်းပဲ မဟုတ်လား။ မြန်မာတွေက နိုင်ငံရပ်ခြားကို သိရမယ်။ နိုင်ငံရပ်ခြားရဲ့ ကောင်းသော အရာတွေနဲ့ မကောင်းသော အရာတွေကို ခွဲခြားသိမြင်ဖို့ လိုမယ်။ နိုင်ငံရပ်ခြားက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခင်းအကျင်းတွေကို တီးမိခေါက်မိဖို့ လိုအပ်ပါမယ်။

**မောင်နေဝင်း**

လူတိုင်းဟာ ဝမ်းစာကျီ ဆောက်ကြတယ်။ မယားရယ်၊ သားရယ်၊ သမီးရယ်၊ မီးဖိုချောင်ထဲ ပျော်ပျော်ပါးပါး ဟင်းလျာစုံ လက်ဆုံစားဖို့ သံပတ်စက်ရုပ် ဖြစ်ကြရတယ်။ နေရဲ့ပူခြင်း၊ မိုးရဲ့ချမ်းခြင်း၊ မီးရဲ့ ဟပ်ခြင်း၊ ဒေါသရဲ့ လှိုင်းသံ၊ မာန်ဖီခြင်း ဂယက်သံ၊ သည်းခံခြင်း အရောင်၊ ရက်စက်ခြင်း အပြုတွေကြားမှာ လူဟာ တောင်ဘက် ရောက်လိုက်၊ မြောက်ဘက် ရောက်လိုက် လိမ့်လိမ့်နေတယ်။

**နေဘွေးနီ**